
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# တိက္ကမ

# ကျိန်စာသင့်လူ

www.burmeseclassic.com

www.burmeseclassic.com

# ကျိန်စာသင့်လူ

**စာမူခွင့်ပြုချက်အမှတ်**
၅၀၁၀၉၁၀၇၀၈
**အဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၀၀၈၀၇၀၈
**ထုတ်ဝေသူ**
ဦးလှမိုး (ညဏ်ပွင့်စက်မှု)၊ ဇေယျာမြေစာပေတိုက်၊
မဟာဗန္ဓုလလမ်း၊ တိုက် (၇၂၄)၊ ပ–ထပ်၊ အခန်း (၁၈)
လသာမြို့နယ်၊ ရန်ကုန်မြို့။
**ပုံနှိပ်ခြင်း**
၂၀၀၈ခုနှစ်၊ ဩဂုတ်လ (ပထမအကြိမ်)
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဦးကျော်မိုးစိန်၊ အောင်သာပုံနှိပ်တိုက်
အမှတ်(၁၇၂)၊ (၃၁)လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
**အုပ်ရေ – ၅၀၀၊**
**တန်ဖိုး – ၁၀၀**

BURMESE CLASSIC .com

**စာရေးသူ၏ ရေးသားထုတ်ဝေပြီး စာအုပ်များ**

၁။ ကန္တာရအကျဉ်းစံ
၂။ ဒေါက်တာထင်အောင်ကျော်နှင့်အသူရာသတ်ကွင်း
၃။ မနုရက္ခကျိန်စာ
၄။ ဂမုန်းနက်ကောရီ
၅။ ကျိန်စာသင့်ဝိညာဉ် (ယခုလထုတ်)

**စာရေးသူ၏ ဆက်လက်ထွက်ရှိမည့် စာအုပ်များ**

၁။ ကန္တာရဒေဝီနှင့်စောရသခင်
၂။ ဗန္ဓကာသခင် ကြောင်နက်ရှင်
၃။ အသူရာဒေဝီ
၄။ သူရဲကောင်းတို့နေရာ
၅။ ပိတာလာနန်းတော်မှ အံ့မခန်းကျိန်စာ
၆။ အံ့ပွားအရုပ်တော်ပုံ
၇။ မြွေစိမ်းရှင်သခင်မ

www.burmeseclassic.com

www.burmeseclassic.com

"လူနှင့်လူ့လောကမှာ မြင်ရတဲ့ကံနဲ့ မမြင်ရတဲ့ ကံဆိုတာ ရှိတယ်ဒကာကြီး၊ လူအများစုက ကံ အရှိန်လေးလိမ့်နေလို့ ပြောတိုင်း, လုပ်တိုင်း, ကြံ စည်တိုင်း ဖြစ်မြောက်အောင်မြင်နေတာကို ... တို့က ဘုန်းကံကြီးလို့၊ တို့ရဲ့ဘုန်းမီးဂုဏ်ရှိန် ဘယ် တော့မှမနိမ့်ပါးဘူးလို့ ထင်မှတ်နေကြတယ်၊ မမြင် ရတဲ့ ကံကြမ္မာအလှည့်အပြောင်းနဲ့ ရင်ဆိုင်ရပြီ လည်းဆိုရော အဲဒီလူတွေဟာ ဆောက်တည်ရာ မရလောက်အောင် ခံစားကြပြီး ပရိဒေဝသောက တွေနဲ့ တစ်သက်လုံး ဖြေမဆည်နိုင်ဖြစ်ကြရ တယ်"

(အမည်မသိဘုန်းတော်ကြီး)

"လူတွေဟာ ရွှေငွေရတနာတွေကိုမှ တန်ဖိုးရှိတယ်လို့ ထင်ကြတာ၊ ကိုယ်တို့ အတွက်တော့ ဘယ်လိုလူမျိုးမှ ... အဆုံး စွန်ပြောရရင် လမ်းဘေးမှာ ဘယ်သူမှ စိတ်ဝင်စားမှုမရှိလောက်အောင် ညစ်ထေး ပေရေနေတဲ့ အိုးခြမ်းပဲ့လေး တစ်ခုက လည်း ကိုယ်တို့အတွက် တန်ဖိုးရှိချင် ရှိနေ နိုင်တယ်၊ ဒါမှမဟုတ် ကြေးပြားလေးတစ် ပြား၊ ဒါမှမဟုတ် မှန်ကွဲလေးတစ်ချပ်၊ ဓား လေးတစ်ချောင်း စသဖြင့်လေ ..."

(ကျူရီယိုဆိုင်ရှင် ဦးမိုးထိ)

www.burmeseclassic.com


www.burmeseclassic.com

"စိတ်မရှိပါနဲ့ မစ္စတာချန် . . . ကျုပ် အကြောက်ဆုံးကလည်း ကတိသစ္စာဆိုတဲ့ စကားကို နှုတ်က တဖွဖွပြောဆိုပြီး အကျိုးတူခံစားပါ့မယ်၊ တစ်ယောက်တည်း မစားပါဘူးလို့ အလကားရတဲ့လေနဲ့ တွင်တွင်ပြောကြပြီးတော့ နောင်အခါ အကျိုးအမြတ် ရရှိလာတော့ ပြောခဲ့တဲ့ကတိစကားတွေကို လွယ်လွယ်နဲ့ချိုးဖောက်ကြတာ၊ အဲဒီ ကိုယ်ကျိုးကြည့်စီးပွားရေးသမားတွေပဲလေ"

(ဒေါက်တာထင်အောင်ကျော်)

တကယ့်ပြောင်မြောက်တဲ့ သတ္တိပါပဲ၊ မိုလ်ကြီးလို သူရသတ္တိနဲ့ ပြည့်ဝ သူတစ်ဦးနဲ့ စွန့်စားရမယ်ဆိုရင် . . . ဘယ်လောက်အန္တရာယ်များပါစေ . . . ကျွန်တော် ရဲရဲကြီး လမ်းပြမယ်။

(မုဆိုးကြီး ဦးစိုင်းလုံ)



www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း

"အဲဒီတောင်ကြီးကို မြင်တော့ ခင်ဗျား ဘယ်လို ခံစားသွားရလဲ၊ စကားမပြောနိုင်လောက်အောင် တအံ့တသြ ခံစားသွားရတယ် မဟုတ်လား၊ ကျုပ်နဲ့ ကျုပ်မိတ်ဆွေနှစ်ဦးလည်း အဲဒီတုန်းက အခု ခင်ဗျားအံ့သြနေသလိုမျိုး ဖြစ်သွားကြတာပေါ့ မစ္စတာဝမ်ခိုးပေါင်၊ ကြည့်စမ်းပါဦးလေ...လူအိုကြီးတစ်ဦး ငေးကြည့်နေသလို တကယ့်ကို တုန်လှုပ်ဖို့မကောင်းဘူးလား၊ အင်မတန် လက်ရာမြောက်တဲ့ ပန်းပုဆရာတစ်ယောက်က ဖန်တီးထုလုပ်ထားသလို ဘယ်လောက်များ အသက်ဝင်လှသလဲ၊ သဘာဝတရားရဲ့ဆန်းကြယ်မှုဟာ တစ်ခါတစ်ရံမှာ ကျွန်ုပ်တို့ လူ





သားတွေကို ရူးသွပ်ချောက်ချားစေတတ်တယ်ဆိုတာ ကျုပ် လက်တွေ့သိခဲ့ရတယ်...

ခင်ဗျားကိုလည်း ကျုပ် အားလုံးရှင်းပြခဲ့ပြီးပါပြီ၊ ကျုပ်မိတ်ဆွေတစ်ဦးဟာ အဲဒီတောင်ကြီးရဲ့အရိပ်အောက်မှာပဲ အလွန်ဆိုးဝါးတဲ့ ဘေးဒုက္ခနဲ့ ရင်ဆိုင်ရပြီး အသက်ဆုံးရှုံးခဲ့ရတာပေါ့၊ ခင်ဗျားအကြည့်ကို အဲဒီတောင်ကြီးဆီက မခွာနိုင်အောင်ဖြစ်နေတယ် မဟုတ်လား၊ ကျုပ်တုန်းကလည်း အဲဒီလို ခံစားနေရတယ်၊ တောင်ထိပ်ကနေ တောင်ခြေကို ဖြာဆင်းသလို သွယ်ကျနေတဲ့ တောင်ခါးပန်းတွေ, တောင်စွယ်တောင်ထွတ်တွေဟာ ဆွတ်ဆွတ်ဖြူပြီး ရှည်လျားနေတဲ့ အဘိုးအိုဦးခေါင်းက ဆံနွယ်တွေနဲ့ မတူဘူးလား...

ကြည့်ခါစမှာ ကြောက်ရွံ့သလို ခံစားနေရပေမယ့် ကြည့်နေရင်းမှာပဲ အဲဒီတောင်ကြီးဆီကို အရောက်သွားလိုစိတ်တွေ တဖွားဖွား ခံစားလာရပြီး ကြောက်ရွံ့ခံစားမှုတွေ လွင့်ပျောက်သလို ဖြစ်သွားပြီး ကြည့်နေသူကို ဖိတ်ခေါ်နေသလိုမျိုး ညို့ယူခေါ်ငင်နေသလိုမျိုး ခံစားလာရတယ်။

အခု. . . ကျုပ်တို့ အဲဒီတောင်ကြီးဆီကို အရောက် ခရီးဆက်တော့မယ်၊ အခု ခရီးကစလို့ အစစအရာရာ



www.burmeseclassic.com

www.burmeseclassic.com



သတိရှိကြပေတော့၊ ကျုပ်တို့ဖြတ်သန်းခဲ့တဲ့ ခရီးကြမ်းကြီး ထက် အဆများစွာ သာပြီးဆိုးဝါးတဲ့ ဘေးအန္တရာယ်မျိုး တွေနဲ့ အချိန်မရွေး ရင်ဆိုင်နိုင်တာကြောင့် ကျုပ်တို့ လူစု ကွဲမသွားဖို့ အထူးသတိထားရမယ်”

ဦးစိုင်းလုံသည် ထိုတောင်ကြီးကို မြင်ရသည်နှင့် သူတို့ မည်သို့မည်ပုံ ကြုံတွေ့ခဲ့ရသည်ကို တရုတ်ကုန်သည် ဝမ်ခိုးပေါင်နှင့် လူငယ်မုဆိုး အိုက်စံတို့ကို ပြောပြနေခြင်း ဖြစ်သည်။

အိုက်စံသည် ဦးစိုင်းလုံကဲ့သို့ပင် မုဆိုးအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်သည်။ သို့သော်လည်း သူတို့ဖြတ်သန်းခဲ့သော ဝေးလံခေါင်သီသည့် တောနက် ကြီးများအတွင်း တစ်ကြိမ်တစ်ခါမျှ တောလိုက်ခြင်း အတွေ့ အကြုံ ရှိခဲ့သူမဟုတ်ချေ။

သို့ကြောင့်လည်း ဂင်းလူအိုတောင်ကြီးကို မြင်ရ စဉ်တွင် သူသည် အလွန့်ကို အံ့ဩမှင်တက်ဖြစ်သွားလေ ၏။ ထို့အတူ မုဆိုးကြီး ဦးစိုင်းလုံ၏ ဇွဲသတ္တိကြီးမားခြင်း အပေါ်မှာလည်း လေးစားအားကျမိလေ၏။

ဝမ်ခိုးပေါင်နှင့်အိုက်စံတို့သည် လူအိုတောင်ကြီးကို ကြည့်ရင်း ဦးစိုင်းလုံ ပြောသကဲ့သို့ ခံစားရလေ၏။ ကြည့်





ခါစတွင် တအံ့တဩဖြစ်သွားကြပြီး အကြည့်ကို မခွာနိုင် အောင်ဖြစ်နေလျက်က တဖြည်းဖြည်း ထိုတောင်ကြီးဆီသို့ အရောက်သွားလိုသည့် စိတ်ဆန္ဒများ တဖွားဖွား ဖြစ်ပေါ် ခံစားရသည်။

ဟန်မဆောင်နိုင်လောက်အောင် အမူအယာ ပျက်နေသူမှာ တရုတ်ကုန်သည် ဝမ်ခိုးပေါင် ဖြစ်သည်။ သူက လူအိုတောင်ကြီးကို ကြည့်နေလျက်က အသားများ တဆတ်ဆတ်တုန်သည်အထိ မြူးကြွရွှင်လန်းနေလေ၏။

ထိုသို့ဖြစ်နေလျက်က အောင်ပြီ...ကျုပ်တို့ ရည် ရွယ်ချက်တွေ ပြည့်ဝပြီဟု အားရဝမ်းသာအော်ဟစ်နေပြန် သည်။

သူတို့သည် တစ်ညတာ စခန်းချပြီး နောက်တစ် နေ့မှာပဲ လူအိုတောင်ကြီးဆီသို့ ခရီးဆက်ကြရာ အမြင်မှာ မကွာဝေးဟု ထင်ရသော်လည်း အောက်ခြေရှုပ်ထွေးလွန်း လှသည့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းပြီးသွားရသဖြင့် ညနေစောင်းမှပင် ဂင်းတောင်ကြီးအနီးသို့ ရောက်ရှိလေ၏။

နက်ရှိုင်းသည့် တောနက်ကြီးအတွင်း၌ အမှောင် ၏ ကြီးစိုးမှုမှာ လွန်စွာမြန်ဆန်လှသည်။ တရုတ်ကုန်သည် ဝမ်ခိုးပေါင်မှာ လူအိုတောင်ကြီးကို အနီးကပ်မြင်ရသည်



www.burmeseclassic.com

www.burmeseclassic.com



တွင် စိတ်လှုပ်ရှားနေ၏။ တောင်ကြီးအောက်ခြေ ပေတစ်ရာ အကွာအဝေးဆီမှ လှည့်ပတ်စီးဆင်းနေသော ရေတိမ်စမ်းချောင်းကလေးရှိ၏။

တောရှင်းပြီး တစ်နေကုန်ခရီးဆက်ခဲ့ရသဖြင့် လွန်စွာ ပင်ပန်းနေကြပြီဖြစ်၍ သူတို့သည် ရေတိမ်စမ်းချောင်းကလေး၏ ဤမှာဘက်တွင် တစ်ညတာ စခန်းချရပ်နားပြီး နောက်တစ်နေ့မနက်တွင် လူအိုတောင်ကြီးအတွင်း ဝင်ရောက်ရန် ဆုံးဖြတ်ကြ၏။

ဦးစိုင်းလုံနှင့် အိုက်စံမှာ တောမုဆိုးများဖြစ်၍ စခန်းချမည့်ကိစ္စကို အမှောင်ထု သိပ်သည်းမလာခင် အချိန်လု၍ ဆောင်ရွက်၏။ အတော်အတန်မြင့်မားသည့် ကမ္ဘလာပင်ကြီး၏ ခွဆုံတွင် စခန်းချလေ၏။

သစ်ပင်၏ခြေရင်းနှင့် အရှေ့ဆယ်ပေခန့်ခွာ၍ ထင်းမီးပုံကြီးတစ်ပုံကို ဖိုထားပြီး သူတို့သည် လင့်စင်ပေါ်မှာ အိပ်စက်ကြသည်။ မီးပုံကြီးအတွင်း ဝါးဆစ်ပိတ်များ ထည့်ထားလေရာ တဖျောင်းဖျောင်းအသံများ ထွက်ပေါ်နေတော့သည်။

ထိုသို့ နက်ရှိုင်းသော တောနက်ကြီးများတွင် တောကောင်ကြီးများ ချဉ်းကပ်မလာစေရန် ဟန့်တားသည့်





သဘောဖြင့် ဝါးဆစ်ပိတ်များကို မီးပုံကြီးအတွင်း ထည့်ထားခြင်းဖြစ်သည်။ မီးလောင်သဖြင့်ပေါက်ကွဲသော ဝါးဆစ်ပိတ်များ၏ အသံမှာ (နက်ရှိုင်းသော တောနက်ကြီးအတွင်း၌) ၃၀၃-ရိုင်ဖယ်သေနတ်သံကဲ့သို့ ဟိန်း၍ ကျယ်လောင်လွန်းလှ၏။

အရိုးကွဲမတတ် ချမ်းစိမ့်လွန်းသည့် အအေးဒဏ်ကြောင့် သူတို့သည် ထူထဲသော အဝတ်များကို ဝတ်လျက် စောစီးစွာ အိပ်စက်ကြသည်။ ညဉ့်သန်းခေါင်ကျော်အချိန်တွင် မထင်မှတ်သော အဖြစ်ကြောင့် ဦးစိုင်းလုံနှင့် အိုက်စံတို့မှာ အထိတ်တလန့်ဖြစ်သွားလေ၏။

တရုတ်ကုန်သည် ဝမ်ခိုးပေါင်ကြောင့် ဖြစ်သည်။

"ရတနာတွေ. . .ရတနာတွေ သေတ္တာတွေနဲ့ အများကြီး အများကြီးပဲ၊ ငါ့ရည်မှန်းချက်တွေပြည့်ပြီ၊ တစ်သက် မပြောနဲ့၊ ဆယ်သက်စားမကုန်ဘူး၊ ဒီရတနာတွေနဲ့ စစ်တပ်ကြီးတစ်တပ် တည်ဆောက်မယ်၊ ငါ့ရဲ့ ကေရာဇ်အင်ပါယာကို ထူထောင်ပြီး မြန်မာနိုင်ငံကို ကျူးကျော်သိမ်းပိုက်ရမယ်. . .

"ဟေ့လူတွေ. . .ခင်ဗျားတို့မထိနဲ့၊ ဒီရတနာတွေနဲ့ ခင်ဗျားတို့ ဘာမှမဆိုင်ဘူး၊ ဟား. . ဟား. . ဟား. . ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ အကျိုးအမြတ်နည်းနည်းလေးမြင်တာနဲ့ ကျွန်ခံချင်တဲ့ လူမျိုးတွေ၊ ငါးစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်တဲ့ လူနုံလူအတွေ...

"ခင်ဗျားတို့နဲ့ ထိုက်တန်တာ ဟောဒီ ကျုပ်ရဲ့ သေနတ်ထဲက ကျည်ဆံပဲ၊ ကဲကွာ...ကဲကွာ ...သေပေတော့ ..ဟား..ဟား..ဟား"

ထိုအသံမှာ ထူထပ်စွာကျဆင်းနေသည့် ဆီးနှင်းထုအတွင်း ဟိန်းလျက်ထွက်ပေါ်သွားလေရာ ဦးစိုင်းလုံနှင့် အိုက်စံတို့မှာ ကြားခါစက အထိတ်တလန့်ဖြစ်မိသော်လည်း ရုတ်ခြည်းပင် အခြေအနေကို ကောင်းစွာ သဘောပေါက်သွား၏။

တရုတ်ဝမ်ခိုးပေါင်သည် အိပ်နေရာမှ အိပ်မက်မက်ပြီး ကယောင်ကတမ်း အော်ဟစ်ပြောဆိုနေခြင်းဖြစ်သည်။

အိပ်မက်ဟုဆိုရသော်လည်း သူ၏စကားများက လွန်စွာမခံမရပ်နိုင်စရာ ဖြစ်နေသည်မို့ အိုက်စံက လူငယ်ပီပီ မကျေမနပ်ဖြင့် တောက်ခေါက်လေ၏။ ဦးစိုင်းလုံက ဆိုးဝါးသည့် အခြေအနေမျိုး မဖြစ်စေလို၍ အချိန်မီ တားဆီးသည့်အနေဖြင့် ဝမ်ခိုးပေါင်ကို လှုပ်နှိုးလိုက်ရ၏။





ထိုအခါမှ ဝမ်ခိုးပေါင်လည်း အိပ်မက်မက်ပြီး ကယောင်ကတမ်း အော်ဟစ်နေသည့် မိမိအဖြစ်ကို သိရှိသွားပြီး တောင်းပန်စကား ပြောလေ၏။

နံနက်ပိုင်းသို့ ရောက်ရှိသော်လည်း ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေသဖြင့် သူတို့၏ အစီအစဉ်ကို ဆောင်ရွက်နိုင်ခြင်းမရှိ ဖြစ်နေ၏။ တစ်ဦးနှင့်တစ်ဦး လက်တစ်ကမ်းအကွာမှပင် မြင်နိုင်စွမ်းမရှိသည့် ဆီးနှင်းထုအတွင်း သွားလာရသည်မှာ အဘယ်မျှ အန္တရာယ်ကြီးကြောင်းကို မုဆိုးများဖြစ်သည့် ဦးစိုင်းလုံနှင့် အိုက်စံတို့ အသိဆုံးပင် ဖြစ်သည်။

ဆီးနှင်းများ ကျပါးစပြုသည့် နံနက် ဆယ်နာရီသို့ မရောက်ခင် ဦးစိုင်းလုံက မိမိတို့၏ ရိက္ခာများကို စစ်ဆေးကြည့်ရှုပြီး အမြော်အမြင်ရှိစွာ စကားဆိုလေ၏။

"ကဲ...ကျုပ်တို့အတွက် အခုအချိန်မှာ အရေးအကြီးဆုံးက ရိက္ခာပဲ၊ ဒီလူအိုတောင် လိုဏ်ခေါင်းအတွင်းမှာ ကျုပ်တို့ ဘယ်လောက်ကြာအောင် သွားလာရမှန်း မသိဘူး၊ ကျုပ်တို့ရိက္ခာဟာ နှစ်ရက်စာလောက်ပဲ ရှိတော့တယ်၊ ဒီနေ့တစ်နေ့ကို ဒီနေရာမှာပဲ ကျုပ်တို့ စခန်းချပြီး ရိက္ခာဖြည့်တင်းရမယ်၊ အိုက်စံနဲ့ မစ္စတာဝမ်ခိုးပေါင်နှ



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာပဲ စောင့်နေပြီး လူအိုတောင်ကြီးကို အကဲခတ်လေ့လာကြပါ၊ ဒီဝန်းကျင်တစ်ဝိုက်မှာ တောကောင်တွေ အလွန်ပေါမျှားသလို အန္တရာယ်လည်း အလွန်မျှားတာကြောင့် ရိက္ခာအတွက် တောကောင်ပစ်ခတ်မယ့်တာဝန်ကို ကျုပ်ယူပါ့မယ်"

ဟု ဦးစိုင်းလုံကပြောဆိုပြီး သူ၏ ဒူးလေးနှင့် မြားတံမျှားကို စုစည်းလျက် ကျောတွင်လွယ်လိုက်၏။

လင့်စင်ပေါ်ကဆင်းခါနီးတွင် သူသည် မိမိ မှာကြားသည့်အတိုင်း စောင့်ဆိုင်းနေထိုင်ကြရန်နှင့် ထိုတောင်ကြီးအတွင်း ဝင်ရောက်ရာတွင် လွန်စွာ ဘေးအန္တရာယ်မျှားသည့်အတွက် အားလုံး တစ်စုတစ်စည်းတည်း ဝင်ရောက်မှုဖြစ်မည်ဟု မှာကြားပြောဆိုရလေ၏။

ထိုသို့ပြောဆိုရခြင်းမှာ မစ္စတာဝမ်ခိုးပေါင်၏ စောင့်ဆိုင်းလိုခြင်းရှိဘဲ ဆန္ဒစောနေသည့် အမူအရာကို ရိပ်မိသောကြောင့်ဖြစ်သည်။ သို့ကြောင့်လည်း အိုက်စံကို မိမိတို့၏ ဒေသခံစကားဖြင့် မိမိမရှိစဉ် မစ္စတာဝမ်ခိုးပေါင်က အတင်းအကျပ်တောင်းဆိုလာပါက ၎င်း၏ဆန္ဒကို မလိုက်လျောရန် ထပ်မံပြောဆိုခဲ့လေ၏။

မိမိ၏သားမက်ဖြစ်သူ လူငယ်မုဆိုးလေး အိုက်စံ





သည် သစ္စာရှိသကဲ့သို့ ရဲစွမ်းသတ္တိနှင့် ပြည့်စုံသူဖြစ်သည်။ ထိုခရီးကို စွန့်စားလိုက်ပါလာခြင်းမှာလည်း မိမိအပေါ် မှီခိုအားထားပြုလျက် မျှော်လင့်ချက်ကြီးမားစွာဖြင့် လိုက်ပါလာခြင်း ဖြစ်သည်။

ထိုစဉ်က ရိက္ခာအတွက် မိမိတောပစ်မထွက်ခဲ့ပါက ရိုးသားသည့် လူငယ်မုဆိုးလေး အိုက်စံသည် ဘေးအန္တရာယ်ဆိုးနှင့် ရင်ဆိုင်ရမည်မဟုတ်ဟု ယုံကြည်မိ၏။

ထိုအဖြစ်အတွက် ဦးစိုင်းလုံ ဘယ်လိုမှ မေ့ပျောက်မရလောက်အောင် ယူကျုံးမရ ခံစားခဲ့ရသည်။

သူသည် လင့်စင်ပေါ်ရှိ သူတို့စခန်းမှ မြောက်ဘက်အရပ်သို့ ဦးတည်ထွက်ခဲ့၏။ ထိုအရပ်တွင် ချေဟောက်သံမျှားကို ညကတည်းက ကြားနေရသဖြင့် တောကောင် အလွယ်တကူရရှိနိုင်သည်ကြောင့် ထိုသို့ ရွေးချယ်ထွက်ခွာခဲ့ခြင်း ဖြစ်၏။

သူတွေးထင်သည့်အတိုင်းဖြစ်၏။ အလွန်ခေါင်သည့်တောဖြစ်၍ သစ်ပင်မျိုးစုံ ပေါက်ရောက်ရုံမျှမက သစ်ကြီးဝါးကြီးမျှားမှာလည်း နေပျောက်မထိုးနိုင်လောက်အောင်ပင် အုံ့ဆိုင်းလျက်ရှိ၏။

ဟိုမှသည်သို့ သွားလာနေကြသည့် တောကောင်



www.burmeseclassic.com

www.burmeseclassic.com



အများအပြားကို ဦးစိုင်းလုံတွေ့မြင်နေရ၏။ ဦးစိုင်းလုံသည် ပေါင်းတော ကိုင်းတောများ ထူထပ်စွာရှိနေသည့်နေရာကို ရှောင်ကွင်းလျက် ပေတစ်ရာခန့်မြင့်မားသည့် တောင်တစ်တောင်ကို ဖြတ်ကျော်လေ၏။ သူသည် တောကောင်များကို အလွယ်တကူတွေ့ရှိသော်လည်း ပစ်ခတ်ခြင်းမပြုပေ။

ရိက္ခာအတွက် လုံလောက်စွာရရှိနိုင်မည့် တောကောင်ကြီးမျိုးကိုသာ ပစ်ခတ်လို၏။ တောကောင်များ၏ သဘာဝမှာ အုံသြဖွယ်ဖြစ်၏။ တောမုဆိုးများ၏ အန္တရာယ်မှ လွတ်ကင်းသည့် အရပ်ဒေသဖြစ်၍ ၎င်းတို့ကို သတ်ဖြတ်မည့် မုဆိုးတစ်ဦး အနားသို့ရောက်လာသည်ကိုပင် ကြောက်ရွံ့ဟန်မရှိ ဖြစ်နေကြသည်။

နေ့ဝက်ခရီးမျှ ဖြတ်သန်းခဲ့သော်လည်း မိမိစိတ်ကြိုက် တောကောင်မျိုးမတွေ့သေးသဖြင့် ဦးစိုင်းလုံသည် တစ်မျိုးစဉ်းစားပြန်၏။ စခန်းနှင့်လည်း အတော်ဝေးကွာနေပြီဖြစ်ရာ သူ့အတွက် စိတ်ကြိုက်တောကောင်မျိုး ရွေးချယ်နေပါက အမှောင်ရိပ်မသန်းခင် စခန်းသို့ အရောက်ပြန်နိုင်မည် မဟုတ်ပေ။

သူသည် နေ့လယ်စာကို ကပျာကယာစားလိုက်ပြီး





တောင်၏ ဆင်ခြေလျှောအတိုင်း ထွက်လာခဲ့၏။ သည်တစ်ကြိမ်တော့ တွေ့သည့်တောကောင်ကို အကြီးအငယ်ရွေးမနေဘဲ ပစ်ခတ်တော့မည်ဟု ဆုံးဖြတ်လေ၏။ ကိုက်ရှစ်ရာ အကွာအဝေးတွင် ရေတံခွန်မှ စီးဆင်းလာသည့် ရေစီးသံကို ကြားနေရသည်။ သူသည် အောက်ခြေရှုပ်ထွေးသော ချုံနွယ်များကိုရှင်းလျက် ထိုအသံကို မှန်းဆပြီး တောတိုးဖြတ်သန်းသွားလေရာ သူတွေးထင်သည့်အတိုင်းပင် လွန်စွာရေစီးသန်သည့် စမ်းချောင်းကလေးကို တွေ့ရလေ၏။

သစ်တိုပင်များ ရှားဖြူပင်များနှင့် ရောလျက် ဆီးဖြူပင်များကို တွေ့မြင်လိုက်ရသောကြောင့် သူသည် သားကောင် ပစ်ခတ်ရရှိတော့မည်ဟု မှန်းဆသိရှိလေ၏။

ချေများ၏ ဆီးဖြူသီးဝါးသံကိုပင် ကြားနေရ၏။ ဦးစိုင်းလုံသည် ပစ်ကွင်းရှာပြီး ချေသုံးကောင်အနက် အကြီးဆုံးတစ်ကောင်ကို ရွေးချယ်လေ၏။ ပြီးနောက် ဒူးလေးကို လေးကြိုးတင်ပြီး မြှားတံထည့်လေ၏။ သေချာချိန်ရွယ်ပြီးနောက်...

'ဝှစ်...'

ဟူသော အသံနှင့်အတူ ဘုန်းခနဲအသံ ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ မြားမှန်သွားသည့်ချေမှာ လန့်ပြီး ရှေ့သို့ တစ်ချက်ခုန်လျက် ပုန်းခနဲ လဲကျသွားခြင်းဖြစ်သည်။

သည့်နောက်မှာတော့ အချိန်ဖင့်နွဲ့မနေတော့ဘဲ ပြုဖွယ်ကိစ္စများကို အားချင်းဆောင်ရွက်လေ၏။ ပစ်ခတ်ရရှိသည့်ချေမှာသူမှန်းဆသည်ထက်ပင် အရွယ်ထွားလွန်း၏။ အကောင်လိုက်သယ်ယူရန် မလွယ်သောကြောင့် ထိုနေရာမှာပင် အရေခွံခွာ၍ ခုတ်ထစ်ဖြတ်တောက်လေ၏။

ကျွမ်းဝင်သောကိစ္စဖြစ်၍ အချိန်အနည်းငယ်အတွင်း ပြီးစီးသွားလေရာ သူသည် စခန်းရှိရာသို့ အလျင်အမြန်ပြန်ခဲ့တော့သည်။

စခန်းသို့ရောက်သည်နှင့် သူသည် အမောဆို့သလို ခံစားလိုက်ရပြီး မကျေမနပ် တောက်ခေါက်လိုက်လေ၏။ လင့်စင်ပေါ်တွင်သော်လည်းကောင်း၊ အနီးဝန်းကျင်တွင်သော်လည်းကောင်း တရုတ်ကုန်သည် မစ္စတာဝမ်ခိုးပေါင်နှင့် အိုက်စံကို မတွေ့လိုက်ရသောကြောင့် ဖြစ်သည်။

"တောက်. . . ငါအတန်တန်မှာထားရက်နဲ့ကွာ"

သူသည် မြည်တွန်တောက်တီးလျက်ဆဲဆိုလေ၏။ သယ်ပိုးယူဆောင်ခဲ့သည့် ချေသားများကို ချပြီး လင့်စင်ပေါ်သို့ ကပျာကယာတက်ပြီးနောက် အခြေအနေကို





ကြည့်ရှုရာ သူတွေးထင်သကဲ့သို့ ဖြစ်နေလေပြီ။

သူသည် လွန်စွာစိုးရိမ်ထိတ်လန့်သွားပြီး လူအိုတောင်ကြီးဆီသို့ ကြည့်လိုက်၏။ အချိန်မှာ ညနေစောင်းဖြစ်သည်။

လူအိုတောင်ကြီးသည် ဝိုးတဝါးအမှောင်တွင်း၌ တစ္ဆေတစ်ကောင် ငုတ်တုတ်ထိုင်နေသကဲ့သို့ ချောက်ချားဖွယ် ကောင်းလှ၏။ တရုတ်ကုန်သည် မစ္စတာဝမ်ခိုးပေါင်ထက်စာလျှင် မိမိနှင့် ဆွေနီးမျိုးစပ်တော်သူ အိုက်စံအားအထူးပင်စိုးရိမ်သွားလေရာ အချိန်မဆိုင်းဘဲ ငါးတောင့်ထိုးဓာတ်မီးတစ်လက်ကို ယူပြီး လင့်စင်ပေါ်မှ အလျင်အမြန်ဆင်းလိုက်လေ၏။

လူအိုတောင်ကြီးအနီးသို့ရောက်သည်တွင် ၎င်းတောင်ကြီး၏ များပြားလှသည့် လိုဏ်ခေါင်းအပေါက်များအတွင်း အိပ်တန်းပျံသည့် ကျေးငှက်များ၏ အသံမှာ နားမခံသာလောက်အောင် ညံစီနေတော့သည်။ ရေတိမ်စမ်းချောင်းတစ်ဖက်သို့ ရောက်ရှိသောအခါ ကမ်းနဖူးသဲပြင်ပေါ်တွင် ထင်းထင်းကြီးတွေ့မြင်လိုက်ရသည့် ခြေရာများကို တွေ့ရ၏။

သေချာနေလေပြီ။ ဝမ်ခိုးပေါင်နှင့် အိုက်စံတို့ လူအို



www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီး၏ လိုဏ်ခေါင်းအတွင်း ဝင်ရောက်သွားပြီဖြစ်ကြောင်း သူ ယုံကြည်လိုက်၏။ သူတို့သည် မည်သည့်အချိန်ကစ၍ ဝင်ရောက်သွားလေသလဲ။

အိုက်စံသည် ငယ်စဉ်မှစ၍ မိမိအပေါ် လွန်ဆန်သူ မဟုတ်မှန်း ဦးစိုင်းလုံသိထား၏။ သို့ဆိုလျှင် ထိုကိစ္စမှာ တရုတ်ကုန်သည် မစ္စတာဝမ်ခိုးပေါင်ကြောင့်သာလျှင် အိုက်စံလိုက်ပါသွားခြင်း ဖြစ်မည်ဟု ယုံကြည်မိလေရာ အလိုရမ္မက်ကြီးမားလွန်းသည့် ထိုတရုတ်ကို ရစရာမရှိအောင် ကျိန်ဆဲပစ်လိုက်၏။

အမှောင်ထုမှာ တဖြည်းဖြည်း သိပ်သည်းစပြုလာပြီဖြစ်၍ ဦးစိုင်းလုံသည် တုံ့ဆိုင်းမနေဘဲ သတိဝီရိယကြီးစွာဖြင့် ပါးစပ်ပေါက်နှင့်သဏ္ဌာန်တူသည့် လိုဏ်ခေါင်းပေါက်ကြီးဆီသို့ တဖြည်းဖြည်း ချဉ်းကပ်သွားလေ၏။

လမ်းခရီးမှာ အတော်အတန် မတ်စောက်သဖြင့် ခြေကန်အားသုံး၍ လျှောက်လှမ်းနေရ၏။ တစ်ခါတစ်ရံ ခန္ဓာကိုယ်ကို လေးဘက်တွားလျက် လက်ဖြင့် ထောက်ကန်ပြီး တက်ရသည်။

သူသည် ဓာတ်မီးအလင်းဖြင့် လမ်းကြောင်းရှာရင်း သွားနေလျက်က အိုက်စံ၏အမည်ကို ခေါ်ရန် စိတ်ကူးမိ





၏။ သို့သော်လည်း ရုတ်ချည်းပင် ထိုစိတ်ကူးကို ပယ်ဖျက်လိုက်သည်။ တောတောင်ထူထပ်သည့် အရပ်ဒေသတွင် တစ်ဦး၏အမည်ကို တစ်ဦးက အော်ဟစ်ခေါ်ဝေါ်လိုက်ခြင်းမျိုး ပြုလုပ်ရန်မသင့်ဟု ယုံကြည်ထား၍ဖြစ်သည်။ အထူးသဖြင့် ထိုမိစ္ဆာတောင်ကြီး၏ အရိပ်အောက်တွင် သာ၍ပင် ထိန်းသိမ်းသင့်၏။

သူသည် အစွမ်းကုန် လျှောက်လှမ်းရင်း ကျောပြင်အနှံ့ ထူးခြားစွာ စိမ့်ခနဲ ခံစားလိုက်ရသဖြင့် ခေတ္တရပ်တန့်လိုက်ပြီး တောင်ကြီး၏ နှုတ်ခမ်းဝဆီသို့ စူးစိုက်ကြည့်လိုက်၏။ ထိုစဉ် သူ၏အာရုံ၌ မိမိ၏မိတ်ဆွေ မုဆိုးနှစ်ဦးတို့ ရင်ဆိုင်ခဲ့ကြရသည့် အနိဋ္ဌာရုံမြင်ကွင်းကို ပြန်လည်မြင်ယောင်မိလေရာ သူသည် အိုက်စံအတွက် လွန်စွာစိုးရိမ်သွားလေ၏။

"တောက်...ခွေးမသားတရုတ်၊ မင်းကြောင့် အိုက်စံတစ်ခုခုဖြစ်လို့ကတော့ မင်းရဲ့ ပွယောင်းယောင်း အရေခွံကို သားလှီးဓားနဲ့ခွာပြီး ဝက်သတ်ရုံကို ပို့ပစ်မယ်ကွ"

မစ္စတာဝမ်ခိုးပေါင်၏ အလိုရမ္မက်ပြင်းထန်သည့် မျက်လုံးတွေကို မြင်ယောင်မိသဖြင့် သူသည် အားငယ်ဟန်ရ



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းမောင်းပြောဆိုဧ။ ထိုသို့ဖြစ်ရသည့်အတွက် မိမိကိုယ် မိမိလည်း မကျေမနပ်ဖြစ်မိသည်။

ထိုကိစ္စမှာ သူ၏ပယောဂကြောင့်ဖြစ်သည်။ မစ္စတာဝမ်ခိုးပေါင်သည် ပြည်ကြီးသား တရုတ်လူမျိုး ဖြစ်သော်လည်း လောကဓာတ်ပညာကို မိမိတို့ထက် အဆများစွာ တတ်ကျွမ်းနားလည်သူဖြစ်သည်။ ထို့အပြင် မြန်မာရည်လည်သည့် တရုတ်ကုန်သည်ဖြစ်၍ မြန်မာနိုင်ငံအတွင်း၌ နေရာဒေသမျိုးစုံ လှည့်လည်ကျင်လည်သူဖြစ်၏။

သူသည် ရင်းလူအိုတောင်ကြီးနှင့် ပတ်သက်၍ အထူးစိတ်ဝင်စားသူဖြစ်သလို ဦးစိုင်းလုံတို့မသိသည့် လျှို့ဝှက်ချက်များစွာကိုလည်း သိရှိထားလေ၏။ အချို့သူများက ထိုတောင်ကြီးမှာ လူအများစိတ်ဝင်စားအောင် လှည့်စားပြောဆိုတတ်သည့် ဒဏ္ဍာရီပုံပြင်သဖွယ် ထင်မှတ်ထားကြသော်လည်း မစ္စတာဝမ်ခိုးပေါင်ကတော့ ထိုသို့ထင်မှတ်ခြင်းမရှိပေ။ သူသည် မြန်မာပြည်နယ်စပ်တစ်လျှောက် ကုန်ရောင်းကုန်ဝယ်ဖြင့် သွားလာရင်းဖြင့် ထိုသတင်းကို နှစ်ကာလများစွာ စုံစမ်းလေ့လာနေခဲ့သူ ဖြစ်သည်။





ကံအားလျော်စွာ ဦးစိုင်းလုံနှင့် တွေ့ဆုံမိလေရာ ဦးစိုင်းလုံက မိမိကြုံတွေ့ခဲ့ရသည့် ဖြစ်ပျက်မှုများကို ပြောပြသောအခါ သူသည် အတိုင်းထက်အလွန် ပျော်ရွှင်သွားပြီး ထိုကိစ္စကို လျှို့ဝှက်ဆောင်ရွက်ရန် ကြံစည်လေတော့၏။

ထိုခရီးစဉ်အတွက် ဦးစိုင်းလုံ၏တစ်သက်တွင် ဘယ်တုန်းကမှ ပိုင်ဆိုင်ခြင်းမရှိဖူးသော အခကြေးငွေများ ပေး၍ လမ်းပြအဖြစ် ငှားရမ်းလေ၏။ မိမိသာလျှင် မဟုတ်ဘဲ အိုက်စံကိုလည်း ထိုသို့ပင် အခကြေးငွေ အမြောက်အမြား ပေး၏။ အိုက်စံကို ထိုခရီးစဉ်တွင် လိုက်ပါရန် မိမိကပင် ဦးဆောင်စည်းရုံးခဲ့ခြင်းဖြစ်သည်။

ယခုတော့...

မုဆိုးအသိဖြင့် သူသည် အန္တရာယ်၏ရနံ့ကို ကြိုတင်သိနေသလို ခံစားရ၏။

"ဘုရား...ဘုရား ... အိုက်စံ ဘေးအန္တရာယ် ကျရောက်ခြင်းမရှိဘဲ လိုဏ်ခေါင်းအတွင်းက ပြန်ထွက်လာနိုင်ပါစေ"

သို့သော် သူ၏ဆုတောင်း ပြည့်ဝခြင်းမရှိသည်ကို မိနစ်အနည်းငယ်အတွင်းမှာပဲ ထိတ်လန့်ဖွယ် ကြုံတွေ့ရမတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းဆယ်လှမ်းမျှ ရှေ့ခရီးဆက်ပြီးသည့် အခိုက်အတန့်မှာ ဖြစ်သည်။

ပြင်းထန်သည့် ယမ်းပေါက်ကွဲသံတစ်ချက်သည် လိုဏ်ခေါင်းအတွင်းမှ ဟိန်းလျက် ထွက်ပေါ်လာ၏။

“ဟာ...”

‘ဝေါ...ဝေါ’

လွန်စွာကျယ်လောင်ပြင်းထန်သည့် ယမ်းပေါက်ကွဲသံကြောင့် တောင်ကြီး၏ နေရာအသီးသီးတွင် အိပ်တန်းခိုနေသည့် ငှက်များ အထိတ်တလန့် ပျံသန်းသွားကြသဖြင့် လေပြင်းမုန်တိုင်း တိုက်ခတ်သံကဲ့သို့ ထွက်ပေါ်သွားလေ၏။

ထို့နောက်မှာတော့...

‘ဒိုင်း...ဒိုင်း’

ရိုင်ဖယ်သေနတ်သံ နှစ်ချက်ဆင့်ထွက်ပေါ်လာပြန်၏။ တောင်ကမ်းပါးယံများ၏ ပဲ့တင်မှုကြောင့် ထွက်ပေါ်လာသည့်အသံမှာ မိုင်းဖောက်ခွဲလိုက်သကဲ့သို့ ဟိန်းဟိန်းထလျက် ကျယ်လောင်လွန်းလှ၏။

သေချာသည်။ ဘေးအန္တရာယ်နှင့် မလွဲမသွေ ရင်ဆိုင်နေရလေပြီ။





ထိုအသံကြောင့် ဦးစိုင်းလုံသည် အားကုန်လျှောက်လှမ်း၏။ သေနတ်သံကို ထပ်မံမကြားရသဖြင့် ရုတ်တရက် စဉ်းစားမရဖြစ်သွားသည်။ ထိုစဉ် ဂူဝဆီမှ ဓာတ်မီးရောင်အလင်းကို ဖျတ်ခနဲ မြင်လိုက်ရသဖြင့် အားရကျေနပ်ဖြစ်သွား၏။

ထိုတဒင်္ဂမှာပဲ သူ၏ထင်မြင်မှု လွဲချော်သွားရပြန်၏။ အထိတ်တလန့်အော်ဟစ်လိုက်သည့်အသံကို ကြားလိုက်ရသောကြောင့်ဖြစ်သည်။

“ဆလိုင်းရေ...ဆလိုင်း အန္တရာယ်ကျရောက်နေပြီ၊ ဆလိုင်းရေ...ဆလိုင်း”

“ဝေး...အိုက်စံ ...ငါလာနေပြီ၊ မစိုးရိမ်နဲ့ ...ငါ မင်းတို့ဆီ လာနေပြီ”

“မလာနဲ့ဆလိုင်း ..မလာနဲ့ .. ဆလိုင်းပါ ဒုက္ခရောက်လိမ့်မယ်၊ ကျုပ် ဆလိုင်းဆီကို အရောက်လာမယ်”

ထိုအသံများမှာ ညဥ့်၏ တိတ်ဆိတ်မှုအတွင်း ထိုးဖောက်ထွက်ပေါ်သွားလေ၏။

ဦးစိုင်းလုံသည် အိုက်စံအသံထွက်ပေါ်လာရာဆီသို့ လက်နှိပ်ဓာတ်မီးထိုးလျက် ကြည့်ရှုသော်လည်း လွန်စွာဝေးကွာသဖြင့် သဲကွဲစွာ တွေ့မြင်နိုင်ခြင်းမရှိ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း အိုက်စံ၏ ခါတ်မီးအလင်းရောင်ကိုတော့ ပြိုးခနဲပြက်ခနဲ ဘွားမြင်နေရ၏။ အိုက်စံ၏ခါတ်မီးအလင်းက ဟိုမှသည်သို့ ရွေ့လျားနေလေရာ အန္တရာယ်ကြောင့် ထိတ်လန့်တုန်လှုပ်နေသည့် ခံစားမှုများကို လှစ်ဟနေသကဲ့သို့ ဖြစ်နေတော့သည်။

ဦးစိုင်းလုံသည် ခါတ်မီးအလင်းနှစ်ခု နီးကပ်စေရန် အားကုန်ခရီးဆက်လေ၏။ သူ၏ ခါတ်မီးအလင်းတွင် အိုက်စံ၏ ဝိုးတဝါးပုံရိပ်ကို တဖြည်းဖြည်းတွေ့မြင်လာရသည်တွင် သူသည် အနည်းငယ် စိတ်သက်သာမှုရရှိသွားသော်လည်း မထင်မှတ်သည့်အဖြစ်ကို ထပ်မံတွေ့ရပြန်၏။

"အိုက်စံ. . . အိုက်စံ"

အိုက်စံ ခါတ်မီးရောင်လေးသည် ဝေ့ကာဝိုက်ကာဖြင့် ချာလပတ်လည်ပြီး လိမ့်ဆင်းသွားသည်ကို တွေ့မြင်လိုက်သောကြောင့် ဖြစ်သည်။ ထိုအခြေအနေမှာ အိုက်စံအတွက် အဆိုးဝါးဆုံး ကံတရားပင်ဖြစ်သည်ကို အချိန်အနည်းငယ်အတွင်း ဦးစိုင်းလုံ သိရှိလေတော့၏။

အိုက်စံသည် ခြေချော်လျက်က မိမိအရှိန်ကို မထိန်းနိုင်ဘဲ အနိမ့်ပိုင်းသို့ လိမ့်ဆင်းသွားလေ၏။ သူသည် ခါတ်မီးကို ဆုပ်ကိုင်ထားဆဲရှိ၏။ သို့နှင့် သူသည် လဲကျ





နေရာမှ အားကုန်ရုန်းထလိုက်၏။ သို့သော် သူ၏ကြိုးစားမှုမှာ အချည်းနှီးသာဖြစ်ကြောင်း ထိုအခိုက်အတန့်မှာပဲ သိရှိသွားတော့၏။ သူ၏ခန္ဓာကိုယ် ပေါင်ရင်းပိုင်းမှာ သဲပွက်နွံအတွင်း နစ်မြုပ်နေပြီ ဖြစ်၏။

"ဆလိုင်း. . ဆလိုင်း မလာနဲ့ ဒီအနားကို မလာနဲ့"

ထိုသို့အော်လျက်က ခါတ်မီးအလင်းကို အထက်အောက် မွှေယမ်းပြ၏။ ရှိသမျှအားအင်ဖြင့် ကိုယ်ကို ရုန်းကန်လေရာ ထိုသို့ရုန်းသည်နှင့် ခန္ဓာကိုယ်က နစ်ဝင်သွားပြန်၏။ သို့ဖြစ်နေစဉ် ဦးစိုင်းလုံ၏ ခါတ်မီးအလင်းမှာ မလှမ်းမကမ်းသို့ ရောက်ရှိလာတော့သည်။

ထိုအခါ ဦးစိုင်းလုံလည်း လွန်စွာထိတ်လန့်သွားပြီး

"အိုက်စံ ဖြစ်ရလေကွာ၊ မင်း မလှုပ်နဲ့ ငြိမ်ငြိမ်နေ၊ မင်းကို ငါရအောင်ကယ်မယ်"

ဟု ပြောပြီးသည်နှင့် သူသည် ခါတ်မီးအလင်းဖြင့် အနီးဝန်းကျင်အနေအထားကို ကြည့်ရှုလေ၏။ အိုက်စံကို မြင်ရသည်မှာ လွန်စွာသနားဖွယ်ကောင်းလှသည်။ မျက်ဝန်းလေးက ပြူးကျယ်နေပြီး နှုတ်ခမ်းတွေမှာ ပြာနှမ်းနေ၏။

"ဆလိုင်း. . . မြန်မြန်ပြေးထွက်တော့ ကျုပ်တို့နှစ်ယောက်လုံး အသက်သေဆုံးလို့မဖြစ်ဘူး၊ ဒီမကောင်းဆိုး



www.burmeseclassic.com

www.burmeseclassic.com



ဝါးတောင်ကြီးဟာ ဘယ်သူမှ မလာသင့်တဲ့နေရာပဲ”

“ဝေး...အိုက်စံ..တို့တောင်ပေါ်သားတွေဟာ ဘယ်လောက်သစ္စာရှိသလဲဆိုတာ မင်းသိတယ်မို့လား၊ ငါ မင်းကို ရအောင်ကယ်မယ်”

သူတို့နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦး ထိုသို့ အပြန်အလှန် ပြောဆိုကြလေ၏။ အိုက်စံစကားများအရ တရုတ်ကုန်သည်မှာ ဘေးအန္တရာယ်ဆိုးအတွင်းသို့ ကျရောက်ပြီး အသက်ရှင်ဖွယ်လမ်းစ မမြင်တော့ကြောင်း သိလိုက်ရ၏။

ကြားလိုက်ရသည့် သေနတ်သံမှာ မစ္စတာဝမ်ခိုး ပေါင်ပစ်ခတ်လိုက်ခြင်း ဖြစ်သည်။ ၎င်းလိုဏ်ခေါင်း အတွင်းသို့ သူတို့သည် မနက်ခင်းကတည်းက ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ အိုက်စံက ဦးစိုင်းလုံပြန်မရောက်မချင်း ခရီးမဆက်ရန် အတင်းအကျပ် တားမြစ်သော်လည်း မစ္စတာဝမ်ခိုးပေါင်က ထိုကိစ္စမှာ အရေးမကြီးဟု ပြောဆိုပြီး လူအိုကြီး၏ပါးစပ်နှင့် သဏ္ဍာန်တူသည့် လိုဏ်ခေါင်းပေါက်အတွင်း မိမိတို့နှစ်ဦးတည်း ကြိုတင်ဝင်ရောက် လေ့လာရန်အကြောင်းအမျိုးမျိုးပြလျက် ဆွဲဆောင်စည်းရုံးခဲ့၏။

သူတို့သည် လိုဏ်ဂူကြီးအတွင်း၌ တစ်နေကုန် ဝင်ရောက်သွားလာရာ လွန်စွာထူးဆန်းသည့်အရာများကို





တွေမြင်ခဲ့ရကြောင်း၊ အချိန်လင့်သွားသဖြင့် နောက်တစ်နေ့မှ ဦးစိုင်းလုံနှင့်အတူ ထပ်မံဝင်ရောက်ရန် ပြောဆိုသော်လည်း မစ္စတာဝမ်ခိုးပေါင်က လက်မခံဘဲ မိမိတို့နှစ်ဦးသာလျှင် လိုဏ်ဂူအတွင်း၌ စခန်းချမည်ဟု ဆုံးဖြတ်ကြောင်း၊ လိုဏ်ဂူအတွင်းရရှိသည့် ထူးဆ းသည့်ပစ္စည်းအချို့ကို ထည့်ယူခဲ့ကြောင်း၊ ၎င်း၏အစီအစဉ်အတိုင်း စခန်းချရန် ပြင်ဆင်စဉ် အန္တရာယ်ဆိုးနှင့် ရင်ဆိုင်ရကြောင်း၊ လွန်စွာကြောက်လန့်ဖွယ်ကောင်းသဖြင့် မည်သို့သောသတ္တဝါဖြစ်တာကို ခွဲခြားမသိကြောင်း၊ ဝမ်ခိုးပေါင်က သေနတ်ဖြင့် ပစ်ခတ်သကဲ့သို့ မိမိကလည်း အဆိပ်လူးမြှားဖြင့် ပစ်ခတ်သော်လည်း ထိရောက်မှုမရှိကြောင်း၊ ဝမ်ခိုးပေါင်မှာ ယခုဆိုလျှင် ဘေးအန္တရာယ်ဆိုးဖြင့် သေဆုံးပြီဖြစ်ကြောင်း...

အိုက်စံက သူတို့ရင်ဆိုင်ကြုံတွေ့ခဲ့သမျှကို ပြောပြလေ၏။ သူ၏ခန္ဓာကိုယ်မှာ တဖြည်းဖြည်းနစ်ဝင်လျက်ရှိရာ ဦးစိုင်းလုံမှာ ကယ်တင်နိုင်မည့် နည်းလမ်းကို အပြင်းအထန် ကြံစည်နေရ၏။ ၎င်းတို့နှစ်ဦး ရင်ဆိုင်ခဲ့ရပုံမှာ မိမိ၏မိတ်ဆွေ မုဆိုးနှစ်ဦးတို့ ရင်ဆိုင်ခဲ့ရသည့် ဘေးအန္တရာယ်မျိုးဖြစ်၍ အိုက်စံအတွက် ယူကျုံးမရ ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုက်စံနှင့် ဦးစိုင်းလုံသည် ဆယ်ပေမျှသာ ကွာလှမ်း၏။ သို့သော် ဦးစိုင်းလုံအဖို့ ရှေ့သို့ အနည်းငယ်မျှ တိုး၍မရသည့် အခြေအနေမျိုးဖြစ်သည်။ ရှေ့သို့ အနည်းငယ်မျှပင် တိုးကပ်သွားပါက မိမိလည်း သဲနွံဗွက်အတွင်း ကျရောက်သွားမည်ဖြစ်သည်။ လတ်တလော အရေးတကြီးလိုအပ်နေသည်မှာ သစ်ကိုင်းတစ်ကိုင်းသော်လည်းကောင်း၊ ဝါးလုံးတစ်လုံးသော်လည်းကောင်း ဖြစ်သည်။

သို့သော် ၎င်းတို့ရှိနေသည့် နေရာမှာ တောင်ကတုံးကဲ့သို့ ပြောင်ချောနေသည့် မြေပြင်ဖြစ်၍ ထိုအရာများကို ဘယ်လိုမှ ရရှိနိုင်မည်မဟုတ်ပေ။ မိမိတို့ စခန်းချရာ လင့်စင်သို့ အရောက်သွားနိုင်မှသာ ရရှိနိုင်မည်ဖြစ်လေရာ ထိုသို့သွားရောက်ခုတ်ယူနေပါက အိုက်စံသည် သဲနွံဗွက်အတွင်း အဆုံးတိုင် နစ်မြုပ်သွားပါလိမ့်မည်။

ဦးစိုင်းလုံသည် မွန်းကျပ်ခံစားမှုကို တဒင်္ဂဖြေလျော့လိုက်စဉ်မှာပဲ သူသည် မထင်မှတ်ဘဲ စိတ်ကူးတစ်ခုရရှိလိုက်၏။ စိတ်သည် လွန်စွာဆန်းကြယ်လှပေ၏။ သောကအပူကို ပြင်းစွာခံစားနေရစဉ် အခြေအနေမှန်ကို တွေးခေါ်ကြံစည်နိုင်စွမ်းမရှိဘဲ ၎င်းခံစားမှုက ပိတ်ဆို့ထားတတ်စမြဲပင် ဖြစ်သည်။





သူသည် အိုက်စံလွယ်ထားသည့် ကျောပိုးအိတ်ကို သတိပြုမိလိုက်၏။ သူ၏စိတ်ကူးအတိုင်း အောင်မြင်ပါစေဟု ဆုတောင်းလိုက်ပြီး...

"အိုက်စံ...မင်းကျောမှာလွယ်ထားတဲ့ ကျောပိုးအိတ်ကို ဖြုတ်ပြီး အဲဒီအိတ်ကကြိုးကို ငါ့ဘက်ကို လှမ်းပစ်လိုက်စမ်း၊ သတိဝီရိယနဲ့ လုပ်နော်၊ အိတ်အစွန်းတစ်ဖက်ကို လွတ်မသွားစေနဲ့"

ဟု ပြောဆိုပြီးနောက် သူသည် ကျောတွင်လွယ်ထားသည့် ဒူးလေးကို ဖြုတ်လိုက်၏။

ထိုစိတ်ကူးကို အိုက်စံကလည်း သဘောပေါက်သိရှိသွားသဖြင့် ဦးစိုင်းလုံပြောသည့်အတိုင်း ကျောပိုးအိတ်ကိုဖြုတ်ပြီး ခါးတ်မီးအလင်းဖြင့် ကြိုးကို ဦးစိုင်းလုံနှင့်နီးနိုင်သမျှနီးအောင် ပစ်ပေးလေ၏။

နှစ်ကြိမ်သုံးကြိမ်ခန့် ကြိုးစားသည်တွင် ဦးစိုင်းလုံလိုချင်သည့် အနေအထားမျိုး ဖြစ်သွား၏။ ထိုအခါ ဦးစိုင်းလုံက သူ၏ဒူးလေးကို အရင်းက ဆုပ်ကိုင်ထားပြီး ဒူးလေးထိပ်ပိုင်းက လေးကြိုးချည်နှောင်သည့် ဒေါက်တိုင်ကို ကြိုးကွင်းအတွင်း ဝင်ရောက်ရန် ကြိုးစားလုပ်ဆောင်၏။

ထိုအနေအထားမျိုး ရောက်ရှိစေရန် နှင့်ဦးသား



www.burmeseclassic.com

www.burmeseclassic.com



အဖို့ လွန်စွာကြိုးစားဆောင်ရွက်ရသည်။

ဦးစိုင်းလုံက ခန္ဓာကိုယ်အရှိန်လွန်မသွားစေရန် သူ၏ခြေနှစ်ဖက်ကို ကျောက်တုံးနှစ်ခုကြားတွင် ညှပ်ထောက်ထားပြီး...

"ကဲ...အိုက်စံရေ အိတ်ကို အားကုန်ဆွဲထားဟေ့ ...စိတ်ကိုလျှော့မချနဲ့"

ဟူ၍ ပြောဆိုပြီး ဆွဲယူလေတော့၏။ နှစ်ချီသုံးချီခန့် ဆွဲယူလိုက်သည်နှင့် အိုက်စံ၏ခန္ဓာကိုယ်သည် သိသာစွာ အပေါ်သို့မြောက်ကြွလာလေရာ ဦးစိုင်းလုံလည်း စိတ်အားတက်ကြွစွာဖြင့် ထပ်မံ၍ ဆွဲလေ၏။

ဖွဲဝီရိယကြီးစွာ ဆောင်ရွက်သည့်ကိစ္စမှာ သူမျှော်မှန်းသကဲ့သို့ အထမြောက်အောင်မြင်ခဲ့သည့်အတွက် သူသည် အတိုင်းအဆမဲ့ ကြည်နူးပျော်ရွှင်သွားပါသည်။ သို့သော်လည်း အိုက်စံ၏အခြေအနေမှာ လွန်စွာစိုးရိမ်ဖွယ်ဖြစ်နေတော့သည်။ တစ်ကိုယ်လုံးမှာ သွေးဆုတ်ဖြူရော်လျက်ရှိပြီး အသားအရေများမှာ ဖွာလန်ကျဲမျှ စုတ်ပြတ်လျက်ရှိပြီး သွေးပြည်တို့မှာလည်း ရွံရှာဖွယ် ရွှဲရွှဲစိုနေ၏။ အိုက်စံအား ဂရုတစိုက်ပွေ့ပိုက်ထားစဉ်မှာပဲ လူအိုတောင်ကြီးဆီမှ ထိတ်လန့်ဖွယ် ထွက်ပေါ်လာသောအသံကြီးကို





ကြားလိုက်ရ၏။

အိုက်စံသည် သေလုမျောပါး ခံစားနေလျက်က ထိုအသံကို ကြားလိုက်သဖြင့် ဦးစိုင်းလုံအတွက် စိုးရိမ်သွားပြီး ...

"ဆလိုင်း ... ပြေး ... ပြေး ... အဲဒါ မိစ္ဆာတောင်ကြီးရဲ့ မကောင်းဆိုးဝါးပဲ ... အမြန်ပြေးပါ"

ဟူ၍ ရှိသမျှအားအစွမ်းဖြင့် အော်ဟစ်ပြောလေရာ ဦးစိုင်းလုံလည်း အိုက်စံကိုပွေ့ချီလျက်က မိမိတို့စခန်းချရာ လင့်စင်ရှိရာသို့ အလျင်အမြန် ပြေးထွက်ခဲ့တော့၏။

လူအိုတောင်ကြီးဆီမှ ရုတ်တရက်ထွက်ပေါ်လာသည့် တရှူးရှူး တရှီးရှီးအသံကြီးမှာ လင့်စင်ထိုးထားသည့်စခန်းသို့ ရောက်ရှိသည့်တိုင် ရပ်တန့်ခြင်းမရှိဘဲ ထွက်ပေါ်နေလေ၏။ ဦးစိုင်းလုံသည် လင့်စင်ပေါ်သို့ အိုက်စံကို ခက်ခက်ခဲခဲ တင်ဆောင်ရလေ၏။

လူနာကိုပြုစုခြင်း မပြုနိုင်သေးဘဲ လက်နက်ကို အသင့်ကိုင်ဆောင်လျက် အန္တရာယ်အရိပ်အခြည်ကို စောင့်ကြည့်နေလိုက်သည်။ လူအိုတောင်ကြီးဆီသို့ ကြည့်နေသည့် သူ၏ မျက်ဝန်းတွေက အဆမတန် ပြူးကျယ်သွားလျက် သူသည် အသက်ရှူဖို့ကိုပင် မေ့လျော့သကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပါသည်။

လွန်စွာတောက်ပြောင်သည့် အနီရောင်အလုံးကြီး နှစ်လုံးသည် လူအိုပါးစပ်ပေါက်ရှိရာ လိုဏ်ခေါင်းပေါက်ဝတွင် ရှေ့တိုးနောက်ငင် ရွေ့လျားနေသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ထိုအလုံးကြီး နှစ်လုံးသည် ဖြောင့်တန်းစွာရှိနေပြီး တစ်လုံးနှင့်တစ်လုံး အတန်ငယ်ကွာဝေး၏။

"ဘုရား...ဘုရား ဘယ်လိုသတ္တဝါကြီးပါလိမ့်"

ဦးစိုင်းလုံသည် ၎င်းအနီရောင်အလုံးကြီးနှစ်လုံးကို အတန်ကြာအောင် စူးစိုက်ကြည့်နေစဉ်မှာပဲ အမှောင်၏ သိပ်သည်းမှုအတွင်း၌ တဖြည်းဖြည်းကွယ်ပျောက်သွားလေ၏။ ထိုအတူ ကြောက်မက်ဖွယ် အသံကြီးမှာလည်း တိုးကိတ်သွားတော့သည်။

ထိုစဉ်...

"အိုက်စံ...အိုက်စံ"

သူသည် အထိတ်လန့်ဖြစ်ရလွန်းသည်ကြောင့် ထိုင်ရာကပင် ခုန်ထမိလေ၏။ ခေတ်မီးအလင်းဖြင့် မြင်လိုက်ရသည့် အိုက်စံ၏အခြေအနေမှာ လူဟူ၍ ပြော၍ မရလောက်အောင် ရုပ်ဆင်းအင်္ဂါ ပျက်ယွင်းနေသည်ကို





တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

အသားအရေမှာ အစိမ်းရောင်ဖြစ်နေပြီး သစ်ကိုင်းခြောက်ကဲ့သို့ ရှုံ့တွနေလေ၏။

"အိုက်စံ...အိုက်စံ ... ငါ...ငါ မင်းကို ကယ်ခဲ့တယ်လေကွာ"

သူ၏အသံမှာ ကွဲအက်ဆို့နင့်နေလေ၏။ သို့သော် အိုက်စံမှာတော့ ဘယ်လိုမှ ကြားနိုင်စွမ်း မရှိတော့ပါ။ ညဉ့်၏ အမှောင်ထုအတွင်း၌ မုဆိုးကြီးဦးစိုင်းလုံ၏ ကျိတ်၍ ငိုရှိုက်သံများမှာ ကြေကွဲဖွယ်ကောင်းလှလေ၏။

✣ ✣ ✣

www.burmeseclassic.com

## အခန်း (၁)

### လူပိုက်ဆိုတာ ချိန်နဲ့လား

သူငယ်ချင်း ထင်အောင်ကျော် ...မင်းဟာ ဘယ်လိုလူစားမျိုးဖြစ်တယ်၊ ဘယ်လိုပညာရပ်တွေမှာ အထူးစိတ်ဝင်စားတယ်ဆိုတာကို တက္ကသိုလ်မှာကတည်းက ငါသိထားပါတယ်။ ပြီးတော့ - တော်လှန်ရေးကာလတစ်လျှောက်လုံး ပြောင်မြောက်စွာစွန့်စားဆောင်ရွက်ခဲ့တဲ့ မင်းရဲ့ရဲစွမ်းသတ္တိဟာ အံ့မခန်းချီးကျူးဖွယ် ကောင်းလှပါတယ်။

မင်းရဲ့ ဂုဏ်သတင်းကြီးမြင့်မှုဟာ တို့တစ်မျိုးသားလုံးအတွက် အထူးသဖြင့် လူငယ်လူရွယ်တွေအတွက် အတုယူအားကျဖွယ်၊ ချီးကျူးလေးစားဖွယ် ဖြစ်ရပါတယ်။

မနုဿဗေဒနှင့် လူမျိုးစုသုတေသနပညာရှင်





ဒေါက်တာထင်အောင်ကျော်ဆိုတာ မြန်မာနိုင်ငံမှာသာမက ကမ္ဘာ့ပညာရှင်များကပါ တလေးတစား ချီးကျူးကြတဲ့အထိ ထင်ရှားကျော်ကြားတဲ့အတွက် ကိုယ့်သူငယ်ချင်းအတွက် ဂုဏ်ယူမဆုံး ခံစားရတယ်...

တက္ကသိုလ်မှာတုန်းက အထူးစိတ်ဝင်တစားဖြစ်ရတဲ့အကြောင်းကိစ္စတစ်ခု မထင်မှတ်ဘဲ ပေါ်ပေါက်လာပြီးအဲဒီတုန်းက မင်းနဲ့ကိုယ် ဘယ်လောက်စိတ်လှုပ်ရှားပြီးလေ့လာရှာဖွေခဲ့ကြတယ်ဆိုတာ မင်း အမှတ်ရဦးမှာပေါ့။

အထူးသဖြင့် ကိုယ့်ထက်အရင် မင်းကပိုပြီး တက်ကြွကြွရှိလွန်းတယ်ဆိုတာ ကိုယ်အသိဆုံးပါ။ မင်းရဲ့ဝါသနာ လေ့လာမှု ဇွဲသတ္တိရှိမှုတွေဟာ ကိုယ့်အတွက်တော့ တကယ့်သူရဲကောင်းပါပဲ သူငယ်ချင်း...

တော်လှန်ရေးကာလ ပြီးဆုံးပြီးနောက်ပိုင်း နိုင်ငံရေးနယ်ပယ်နှင့် ကင်းကင်းရှင်းရှင်း နေထိုင်ခဲ့တဲ့ သူငယ်ချင်းဟာ မိမိစိတ်ဝင်စားတဲ့ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းတွေမှာ ဘဝကို အဆုံးတိုင်မြှုပ်နှံထားတယ်ဆိုတာသိရတော့ ကိုယ်အလွန်ပဲ အံ့ဩမိပါတယ်။ မိမိပညာအတွက် ဘယ်လိုအရပ်ဒေသမျိုးဖြစ်ပါစေ အသက်စွန့်သည်အထိ ရဲဝံ့စွန့်စား သွားရောက်နိုင်စွမ်းတာကိုလည်း

www.burmeseclassic.com



ကိုယ်ကြားသိနေပါတယ်. . .

ဒါကြောင့်လည်း အခု ကိုယ်ကြုံတွေ့ရတဲ့ ကိစ္စမှာ သူငယ်ချင်းကို အပြည့်အဝအကူအညီတောင်းရတာပေါ့၊ ယခုစာကိုရရှိတာနဲ့ အချိန်ဖင့်နွှဲမနေဘဲ ကိုယ့်ဆီကို အရောက်လာခဲ့ပါ သူငယ်ချင်း။ ကိုယ်တို့ဆုံတွေ့တဲ့အခါ ကိုယ်ပြောချင်တဲ့အကြောင်းအရာတွေကို ကြားသိတဲ့အခါ ဒီကိစ္စကို သူငယ်ချင်း သဘောပေါက်နားလည်သွားပါလိမ့်မယ်. . .။

ကျွန်ုပ်သည် စာကိုဆက်လက်ဖတ်ရှုခြင်းမပြုတော့ဘဲ စာရွက်ကိုခေါက်ပြီး စာအိတ်အတွင်းသို့ သေသပ်စွာ ထည့်လိုက်ပါသည်။ ၎င်းစာသည် ကျွန်ုပ်ထံသို့ လွန်ခဲ့သည့် နှစ်ပတ်ခန့်ကတည်းက ရောက်ရှိလာခဲ့လေရာ အကြိမ်များစွာ ကျွန်ုပ် ဖတ်ရှုပြီးဖြစ်၏။

အချုပ်ဆိုရသော် ၎င်းစာ ကျွန်ုပ်ထံရောက်ရှိလာစဉ်က ကျွန်ုပ်သည် လွန်စွာစိတ်လှုပ်ရှားမိသည်။ စာတွင်ပါရှိသည့် အကြောင်းအရာများကို သိရစဉ်မှာတော့ ကျွန်ုပ်၏ စိတ်ဝင်စားမှုအာရုံမှာ ထိန်းသိမ်းနိုင်စွမ်းမရှိလောက်အောင် ဖြစ်သွားတော့သည်။

ထိုစာသည် ကျွန်ုပ်နှင့် လွန်စွာခင်မင်ရင်းနှီးသည့်





မိတ်ဆွေ စိုင်းဆဲထူး ရေးသားလိုက်ခြင်းဖြစ်သည်။ စာကို ဖတ်ရှုပြီးစဉ်မှာတော့ ကျွန်ုပ်သည် အခြားသော အရေးကြီး လုပ်ငန်းများကို ရပ်ဆိုင်းကာ စီစဉ်ဆောင်ရွက်ဖွယ်ကိစ္စများကို အားချင်းဆောင်ရွက်ပြီး မြန်မာပြည်မြောက်ပိုင်းသို့ ခရီးထွက်ခွာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်သည် မရပ်မနား ခရီးဆက်ခဲ့သဖြင့် ကျွန်ုပ် မျှော်မှန်းသည့်နေ့ရက်ထက် စောပြီး ၎င်းထံသို့ ရောက်ရှိတော့မည် ဖြစ်သည်။ နေ့လယ်စာ စားသောက်ပြီး မရပ်မနား ခရီးဆက်မည်ဆိုပါက ယနေ့ ညနေစောင်းသည်နှင့် စိုင်းဆဲထူး၏နေအိမ်သို့ ရောက်ရှိမည်ဖြစ်၏။

သို့ ခရီးမဆက်ဘဲ နောက်တစ်နေ့မှ အေးဆေး သက်သာစွာ ခရီးဆက်မည်ဆိုပါကလည်း ကျွန်ုပ်အတွက် ပို၍ပင် အဆင်ပြေ၏။

ကျွန်ုပ်ရောက်ရှိနေသည့် စားသောက်ဆိုင်၏ အနေအထားကို အကဲခတ်ကြည့်လိုက်သည်။ အတော်အတန် ကြီးမားသော စားသောက်ဆိုင်ကြီးဖြစ်သည့် အပြင် ဆိုင်အနောက်ဘက် အစွန်တွင် တန်းလျားသဖွယ် သပ်ရပ်ကောင်းမွန်စွာ ဆောက်လုပ်ထားသည့် အဆောက်အအုံများကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ရောက်ရှိနေသည်မှာ မြို့ဟု သတ်မှတ်ထားသော်ငြား အမှန်မှာ ကျေးရွာဟူသည့်အဆင့်မျှသာဖြစ်သည်။ သို့သော် တရုတ်-မြန်မာနယ်စပ် ခရီးလမ်းကြောင်းပေါ်တွင် မေးတင်သကဲ့သို့ တည်ရှိနေသဖြင့် လွန်စွာ စည်ကား၏။ ထိုသို့ စည်ကားဖွံ့ဖြိုးလာခြင်းမှာလည်း နှစ်အနည်းငယ်မျှသာ ရှိသေးကြောင်းကို နောင်တွင် ကျွန်ုပ် သိရလေ၏။

တိကျစွာဆိုရသော် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီး မြန်မာ့မြေပေါ်မှ ဖက်ဆစ်ဂျပန်များကို အပြီးတိုင် တိုက်ခိုက်ချေမှုန်းပြီး နောက်ပိုင်းကာလမှစ၍ ယင်းသို့သော အခြေအနေမျိုး ဖြစ်လာရသည်ဟု ယူဆရမည်ဖြစ်သည်။ သို့ပင်မဟုတ်သေး။ တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်ခြင်းကိုလည်း ၎င်းနယ်စပ်ဒေသပြည်သူများမှာ အသက်အိုးအိမ် စွန့်ခွာရသည်အထိ ဒုက္ခဆင်းရဲခံကြရပြန်သည်။

ကျွန်ုပ်သည် ကချင်ရိုးရာခေါင်ရည်နှင့် နေ့လယ်စာကို စားသောက်လျက်က နှစ်ကာလများစွာ မကြာသေးသည့် မိမိတို့ မြန်မာနိုင်ငံ၏ အတိတ်က ရင်နင့်ဖွယ်ပုံရိပ်များကို ပြန်လည်တွေးမြင်ယောင်မိ၏။

ထိုအဖြစ်များကို တွေးမိသည်နှင့် ကျွန်ုပ်သည် မိမိ





နိုင်ငံ ပြည်သူများအတွက် ကြေကွဲမဆုံး ခံစားခဲ့ရသည်။ ဗြိတိသျှကိုလိုနီအစိုးရ၏ သူ့ကျွန်အနေဖြင့် နှစ်ပေါင်းတစ်ရာကျော် ခံစားခဲ့ရခြင်းမှ လွတ်မြောက်စေရန် မျိုးဆက်ပြည်သူများစွာသည် အသက်သွေးချွေး မြောက်မြားစွာ စတေး၍ ပေးဆပ်ခဲ့ရသည်။

လက်နက်ချင်းမယှဉ်သာပေမယ့် အရှုံးမပေးခဲ့။ ဇွဲသတ္တိဖြင့် အသက်ရင်းပြီး တော်လှန်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီးများမှာ မြန်မာ့သမိုင်းကြောင်းတွင် မော်ကွန်းတင်၍ ဝင့်ထည်ခဲ့လေပြီ။

ဗြိတိသျှကိုလိုနီလက်အောက်က လွတ်မြောက်ခဲ့ရသည့် ပြည်သူများမှာ စစ်ခွေးများ၏လက်တွင်း တစ်ဖန်ဆင်းသက်ခဲ့ရပြန်၏။ ထင်ရာဆိုင်းပြီး ဥပဒေမဲ့လုပ်ရပ်များဖြင့် ရက်စက်စွာ အုပ်ချုပ်သည့် ဖက်ဆစ်ဂျပန်စစ်ခွေးများကိုလည်း အမျိုးဇာတိမာန် ဝင့်ထည်စွာဖြင့် တစ်တိုင်းပြည်လုံး တော်လှန်ကြရပြန်၏။

ဖက်ဆစ်ဂျပန်စစ်ခွေးများ၏ ဘေးအန္တရာယ်ဆိုးများကို အဆုံးတိုင်ချေမှုန်းပြီး နှစ်အနည်းငယ်အတွင်းမှာပဲ အမြော်အမြင်ကြီးမားကြသည့် ပညာတတ်လူငယ် ခေါင်းဆောင်များ၏ ကြိုးပမ်းမှုကြောင့် ကျွန်ုပ်တို့ မြန်မာနိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးသည် ကိုလိုနီသူ့ကျွန်ဘဝမှ အလုံးစုံ လွတ်မြောက်ခဲ့တော့သည်။

သို့တိုင် လွတ်လပ်ပြီးစ မြန်မာနိုင်ငံတော်ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ရဆဲကာလဖြစ်၍ အမျိုးသားခေါင်းဆောင်ကြီးများအဖို့ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြရသည်ကို အခွင့်ကောင်းယူလျက် အိမ်မိုးချင်းကောင်းပီသမှုမရှိသော လုပ်ရပ်များဖြင့် ကျူးကျော်စော်ကားခြင်းကို ခံရပြန်သည်။

တရုတ်ဖြူများသည် မိမိတို့နိုင်ငံ၏ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးစုများအပေါ် အနိုင်ကျင့် ဗိုလ်ကျသည်ကို အားမရဘဲ လက်နက်အင်အားသုံးလျက် ကျူးကျော်ဝင်ရောက်ကြခြင်းဖြစ်သည်။

ထိုစဉ်က ကျွန်ုပ်သည် ဗမာ့တပ်မတော်တွင် ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်လျက်ပင် ရှိသေး၏။ ကျူးကျော်သူ တရုတ်ဖြူများ အဘယ်မျှ ယုတ်မာပက်စက်သည်ကို ကြားသိနေရသဖြင့် ကျွန်ုပ်သည် မိမိတို့၏ တိုင်းရင်းသား မျိုးနွယ်စုများအတွက် မခံမရပ်နိုင်အောင် ဒေါသဖြစ်နေမိသည်။

ကျွန်ုပ်ဘဝတွင် မိမိတိုင်းပြည်နှင့် လူမျိုးအတွက်





ဆောင်ရွက်ခဲ့သည့် ပုံရိပ်များစွာတွင် ၎င်းတရုတ်ဖြူများကို တိုက်ခိုက်နှင်ထုတ်ခဲ့ရာတွင် ကျွန်ုပ်ကိုယ်တိုင် ဦးဆောင်တိုက်ခိုက်ခဲ့ရသည့် ဖြစ်စဉ်မှာ မေ့ပျောက်မရသည့် ပုံရိပ်တစ်ခုပင်ဖြစ်သည်။ တပ်မတော်၏အင်အားမှာ တရုတ်ဖြူများနှင့် လူအင်အား လက်နက်အင်အား ဘယ်လိုမှ မယှဉ်သာသော်လည်း ကျွန်ုပ်နှင့် ကျွန်ုပ်ရဲဘော်များသည် မြန်မာဟော့ဟူသည့် ဇာတိမာန်ဖြင့် အစွမ်းကုန်တိုက်ခိုက်ချေမှုန်းနိုင်ခဲ့ကြသဖြင့် မြန်မာ့တပ်မတော်၏ ဖွဲ့သတ္တိကို ကျူးကျော်သူ တရုတ်ဖြူများသည် လွန်စွာ ကြောက်ရွံ့သွားကြ၏။

ထို့နောက်မှာတော့ ၎င်းတို့သည် ထပ်မံ၍ ကျူးကျော်ရန်စခြင်းမျိုး မပြုလုပ်ဝံ့တော့ပေ။ ကျွန်ုပ်လည်း တပ်မတော်မှ နုတ်ထွက်ပြီး ကျွန်ုပ် လွန်စွာစိတ်အားထက်သန်သည့် ပညာရပ်ဆိုင်ရာ လုပ်ငန်းများကိုသာ ဖောက်ချလုပ်ဆောင်ခဲ့ပါသည်။

ကျွန်ုပ်ကိုယ်တိုင် ဖြတ်သန်းခဲ့ရသည့် အထက်ပါဖြစ်စဉ်များကို ပြန်လည်တွေးတောမိခြင်းမှာ ယခု ကျွန်ုပ်ရောက်ရှိနေသည့် နယ်စပ်ဒေသမြို့ကလေးမှာ ယခင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



မတူဘဲ သိသာစွာ ပြောင်းလဲတိုးတက်လာသည့် အခြေအနေကို လက်တွေ့မြင်လိုက်ရ၍ ဖြစ်သည်။ တရုတ်ဖြူများ ကျူးကျော်ဝင်ရောက်စဉ်က ထိုဒေသများမှာ စစ်တလင်းကဲ့သို့ သွေ့ခြောက်နေခဲ့ပါသည်။ ဒေသခံပြည်သူများမှာလည်း အချိန်တိုင်း ကျီးလန့်စာစား ဖြစ်နေခဲ့ရသည်။

အောက်တိုဘာလလယ် ကာလဖြစ်၍ မိုးရွာသွန်းမှု ကျဲပါးသွားသော်လည်း တောတောင်ထူထပ်သည်ကြောင့် မြူနှင်းများမှာ အစဉ်သဖြင့် ဝေ့ဆိုင်းလို့နေ၏။ နံနက် ဆယ်နာရီကျော်သည့် အချိန်မှာတော့ မြူနှင်းများသည် နေရောင်ခြည်၏ ထိုးဖောက်မှုကို ခံနိုင်စွမ်းမရှိတော့သဖြင့် တဖြည်းဖြည်း လွင့်စဉ်ကွယ်ပျောက်သွားကြသည်။

ကျွန်ုပ် ရောက်ရှိစဉ်က ဆိုင်အတွင်း၌ စားသောက်သူ အနည်းငယ်မျှသာရှိသော်လည်း နေ့လယ်အချိန်နီးကပ်လာသည်နှင့် တဖြည်းဖြည်းစည်ကားလာလေ၏။ ဆိုင်ရှင်မှာ လူလတ်ပိုင်းအရွယ် ကချင်အမျိုးသားဖြစ်ပြီး အလုပ်သမားများနှင့်အတူ ၎င်းကိုယ်တိုင် ဝင်ရောက်ဧည့်ခံလျက် နေရာထိုင်ခင်း စီစဉ်ပေးလေ၏။

ကျွန်ုပ်သည် ကချင်လူမျိုး ဆိုင်ရှင်ကိုကြည့်လျက်





ကြည်နူးပီတိဖြစ်မိသည်။ အစဉ်သဖြင့် ခရီးသွားလာသူဖြစ်လေရာ ကျွန်ုပ်ရောက်သည့် အရပ်ဒေသများတွင် မိမိတို့တိုင်းရင်းသားများပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများကို တွေ့မြင်ရသည့်အခါ ၎င်းတို့အတွက် ကျေနပ်ဂုဏ်ယူမိသည်။

သို့သော်လည်း ကျွန်ုပ်၏ ၎င်းခံစားမှုများမှာ အခိုက်အတန့်မျှသာဖြစ်ပြီး လွန်စွာအံ့သြဖွယ်အဖြစ်ကို တွေ့မြင်လိုက်ရ၏။ ယဉ်ကျေးပျူငှာစွာ ဧည့်ဝတ်ပြုနေသော ဆိုင်ရှင်၏ စကားသံများမှာ ရုတ်တရက်တိတ်ဆိတ်သွားပြီး သူသည် ဆိုင်အဝင်ဝသို့ အထိတ်တလန့်ကြည့်လေ၏။ ၎င်းသာလျှင် မဟုတ်၊ ၎င်း၏ အလုပ်သမားများလည်း ထိုသို့ပင်ဖြစ်သွားကြပြီး သူတို့အချင်းချင်း တီးတိုးပြောဆိုကြလေ၏။

တစ်ဆက်တည်းဆိုသလို စားသောက်နေကြသူတွေလည်း ဆိုင်အဝင်ဝဆီသို့ အံ့သြသည့်မျက်ဝန်းဖြင့် ကြည့်လေ၏။ ၎င်းတို့၏ အမူအရာများက အခြေအနေတစ်ခုကို ကြိုတင်သိရှိနေသကဲ့သို့ အထိတ်တလန့်ဖြစ်နေကြသည်။

ရုတ်တရက်ပြောင်းလဲသွားသည့် အခြေအနေကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း သတိပြုမိသွား၍ ၎င်းတို့ကဲ့သို့ ဆိုင်အဝသို့ ကြည့်လိုက်၏။

အစိမ်းရင့်ရောင် လင့်ရိုဗာကားတစ်စီးကို တွေ့ရ၏။ ကျွန်ုပ်ကြည့်နေစဉ်မှာပဲ အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသည့် အသက်လေးဆယ် ဝန်းကျင် ပုဂ္ဂိုလ်တစ်ဦး ကားပေါ်မှဆင်းလာ၏။ ကျွန်ုပ်သာလျှင် မဟုတ်။ ဆိုင်အတွင်းရှိနေသူများ၏ အကြည့်များမှာလည်း ကျွန်ုပ်ကဲ့သို့ပင် ထိုပုဂ္ဂိုလ်ကြီးကို တအံ့တသြကြည့်နေကြသည်။

"ဒီအနီးအနားမှာ ကျွဲနွားတွေရှိမနေတာ ဒီပုဂ္ဂိုလ် အတွက် ကံကောင်းတာပဲ"

ထိုပုဂ္ဂိုလ်ဝတ်ထားသည့် အနောက်တိုင်းဝတ်စုံမှာ အထက်ရော အောက်ရော အနီရောင်ရဲရဲအစဖြင့် ချုပ် လုပ်ပြီး ဝတ်ဆင်ထားလေ၏။ အဝတ်စအမျိုးအစားမှာပင် တူညီ၏။ လည်တွင်စည်းထားသော နက်ကတိုင်ကလည်း အနီရောင်ဖြစ်ကာ အစက်အပြောက်ကလေးများပါ၍ သ နက်ကတိုင်အဖြစ် သီးသန့်ပေါ်လွင်နေခြင်း ဖြစ်၏။

အနီးတွင် ကျွဲနွားများရှိပါက သူဝတ်ဆင်ထား သည့် အနီရောင်ကြောင့် အဖွဲ့ခံရမည်မှာ သေချာသည်





သူ၏သွင်ပြင်သည် နေ့လယ်ခင်းနေအရောင်ကို ပို၍ပူလောင်စေရန် ဖန်တီးလိုက်သလို မျက်စိထဲတွင် မတော်မတည့်ကြီးဖြစ်နေတော့၏။

ဗိုက်ရွဲ၍ ခါးသားများဆူဖြိုးကာ ခန္ဓာကိုယ်၏ အလယ်တွင် ဝပြဲဖောင်းကားနေသော ထိုပုဂ္ဂိုလ်သည် အနီရောင်ရဲရဲကို ဝတ်ဆင်ထားသည့်အတွက် အဝေးမှ ကြည့်လျှင် ငရုတ်သီးအပွတောင့်ကြီးတစ်တောင့် ထောင် လိုက် ရွေ့လျားလာသည်နှင့် တူလှ၏။

ဆိုင်အတွင်း ဝင်ရောက်လာသည့် ထိုပုဂ္ဂိုလ်၏ နောက်တွင် မျက်နှာကြောတင်းမာလျက်ရှိသည့် လူငယ် နှစ်ဦး လိုက်ပါလာ၏။

ဆိုင်ရှင်နှင့် အလုပ်သမားများက ၎င်းတို့သုံးဦးကို ဆိုင်၏အတွင်းဘက်ရှိ သီးသန့်စားပွဲဝိုင်းတွင် တည်ခင်း ဧည့်ခံသဖြင့် ကျွန်ုပ်၏အတွေး၌ ၎င်းပုဂ္ဂိုလ်ကြီးသည် လွန်စွာ ကြွယ်ဝချမ်းသာသည့် တရုတ်ကုန်သည်ကြီး ဖြစ် မည်ဟု ထင်မှတ်လိုက်၏။

ထို့နောက် ကျွန်ုပ်လည်း ထပ်မံ၍ ခေါင်ရည်တစ် လုံး မှာလိုက်ပြီး တစိမ့်စိမ့်သောက်နေလိုက်သည်။ ခေါင် ရည်တစ်ဝက်ခန့်သောက်ပြီးသည်တွင် ဆူညံစွာ ပြောဆို



www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေကြသော အသံများမှာ မီးကို ရေနှင့် ငြိမ်းသတ်လိုက်သကဲ့သို့ ရုတ်တရက် တိတ်ဆိတ်သွားလေရာ ကျွန်ုပ်လည်း အံ့သြပြီး ဆိုင်အဝသို့ ကြည့်လိုက်မိသည်။

လွန်စွာထွားကျိုင်းသည့် တရုတ်ကြီးတစ်ယောက်သည် ဆိုင်ဝတွင် ခါးထောက်ကာ မတ်တတ်ရပ်နေ၏။ အရပ်ခြောက်ပေကျော်ခန့်ရှိပြီး ဗလာကျင်းထားသော ကိုယ်အထက်ပိုင်းသည် မို့မောက်နေသော ရင်အုပ်ကြီးနှင့် ကြွက်သားအဖုအထစ်များ ထနေသော လက်မောင်းကြီးများကြောင့် မြင်ရုံနှင့်ပင် ရွံ့စရာဖြစ်နေလေ၏။

ပို၍ဆိုးသည်မှာ အောက်သို့ကွေးကျနေသော နှုတ်ခမ်းမွေးများ၏ အပေါ်တွင် ကန့်လန့်ဖြတ်ထင်နေသည့် ပါးမှ ဓားခုတ်ရာကြီးဖြစ်သည်။ ထိုတရုတ်ကြီး၏ မျက်စိမှာ အခြားသောတရုတ်များ၏ မျက်စိထက်ပင် ပို၍မှေးသည်ဟု ထင်ရလေ၏။

ထိုစဉ်မှာပဲ ဆိုင်ပိုင်ရှင်သည် ဆိုင်အဝသို့ ပြေးထွက်လာပြီး...

"ကြွပါ...ရှိဖော်ချန် ကြွပါ"

ဟု ရိုရိုသေသေ ကြိုဆိုလေ၏။ ဆိုင်အလုပ်သမားများမှာလည်း ဆိုင်ရှင်ကြီးကြိုဆိုသကဲ့သို့...





"မင်္ဂလာပါ ရှိဖော်ချန်း...မလာတာကြာလို့ ကျွန်တော်တို့ သတိရနေပါတယ်၊ ရှိဖော်ရဲ့ဖခင်ကြီးလည်း သုံးဆောင်နေပါတယ်"

ဟူ၍ ပီယဝါစာ အသံကလေးများနှင့် ဖိတ်ခေါ်သည်တွင် တရုတ်ကြီးက နှုတ်ခမ်းမွေးကုတ်ကုတ်ကြီးအောက်မှ သွားကြီးများ ဖြီးလိုက်ပြီး...

"ဝကို ဖိတ်ခေါ်တဲ့ ဆိုင်ကများတော့ မအားဘူးဖြစ်နေတာပေါ့"

ဟု ပြောလေ၏။ ထို့နောက် ဆိုင်ရှင်က ဦးဆောင်လျက် ဆိုင်အတွင်း ခေါ်ဆောင်လာလေရာ တရုတ်ကြီးသည် လက်ကြီးပိုက်ကာ ခြေထောက်ကို ဟန်ပါပါဖြင့် တစ်လှမ်းချင်းလှမ်း၍ ဝင်လာလေ၏။ အားပါးတရ စားသောက်နေသည့် အနီးရောင် အနောက်တိုင်းဝတ်စုံနှင့် တရုတ်ကြီး၏ ရှေ့မလှမ်းမကမ်းသို့ ရောက်သောအခါ လူသည် ဦးညွှတ်၍ အရိုအသေပြုလိုက်ပြီး ဆိုင်ရှင်ခေါ်ဆောင်သည့် သီးခြားစားပွဲဝိုင်းတွင် ထိုင်လေ၏။

ထိုစားပွဲဝိုင်းမှာ ကျွန်ုပ်နှင့် လွန်စွာနီးကပ်စွာ ရှိနေသဖြင့် ကျွန်ုပ်လည်း အကဲခတ်ကြည့်ရှုနေမိသည်။ ဆိုင်ထဲရှိသူများမှာ သူ့ကို လှည့်မကြည့်ဝံ့ကြဘဲ ခေါင်းငုံ့၍



www.burmeseclassic.com

www.burmeseclassic.com



စားသောက်နေကြသည်။ ကျွန်ုပ်၏ နောက်ဘက်စားပွဲဝိုင်းဆီမှ ဦးခေါင်းငုံ့လျက် စားသောက်နေသူတစ်ဦး ပြောလိုက်သည့်စကားကို တိုးသဲ့သဲ့ကြားလိုက်ရ၍ ကျွန်ုပ်လည်း တအံ့တသြဖြစ်သွားပါသည်။

"ဒီနယ်တစ်ကြောမှာတော့ သူ့ကို မရဏချန်လို့ ခေါ်ကြတယ်၊ သူနဲ့ရင်ဆိုင်ရတဲ့သူတွေဟာ မရဏခရီး ရောက်ကုန်ကြလို့လေ၊ ဘယ်သူမှ သူ့ကိုမလှန်ဝံ့ကြဘူး၊ ကုန်သည်ကြီး ချန်ခိုးပေါင်ကလည်း ချီးမြှင့်မြှောက်စားထားလေတော့ သူ့အဖို့ နတ်ပြည်ရောက်နေသလိုပေါ့ကွာ၊ ကုန်သည်ကြီးဆီက ငွေချေးပြီး ပြန်မဆပ်နိုင်တဲ့သူတွေကို ဒီပုဂ္ဂိုလ်ကြီးက ကောင်းကောင်းဆုံးမတယ်၊ တချို့ဆိုရင် သူ့ကိုကြောက်တာနဲ့ အိုးမဲ့အိမ်မဲ့ ဖြစ်သွားကြတဲ့အထိပဲ၊ ဒါကြောင့် သူ့ကို ဘယ်သူမှ မော်မကြည့်ဝံ့တာပေါ့၊ မင်းတို့လည်း သွားမကြည့်ကြနဲ့ဟေ့"

ထိုသူပြောသည့်အတိုင်းပင် အချိန်အနည်းငယ်အတွင်းမှာပဲ ထိုပုဂ္ဂိုလ်ကြီး၏ အနိုင်ကျင့် ဗိုလ်ကျသည့်စရိုက်ကို တွေ့ရလေ၏။ ကျွန်ုပ်လည်း ထိုအမူအကျင့်ကြောင့် လွန်စွာ မျက်စိစပါးမွေးစူးသကဲ့သို့ ဒေါသဖြစ်မိတာကြောင့် ထိုပုဂ္ဂိုလ်ကို စူးစိုက်ကြည့်မိသည်။





ဂျင်းက ဆိုင်ရှင်ညွှန်ခဲ့သည့် အရက်အိုးလေးကို ကောက်၍ တစ်ချက်မော့သောက်လိုက်ပြီးလျှင် ထိုအရက်အိုးကလေးကို ကြမ်းပြင်ပေါ်သို့ 'ခွမ်း'ခနဲမြည်အောင် ပစ်ခွဲလိုက်လေ၏။

"မင်းက ငါ့ကို သွေးတိုးစမ်းတာပေါ့ ဟုတ်လား၊ အရက်ကို နယ်လှည့်သောက်လာတဲ့ကောင်ကွ၊ ဒီလို အပေါစားအရက်မျိုး ငါဘယ်တုန်းက သောက်ဖူးလို့လဲ၊ သွားယူခဲ့စမ်း နောက်အရက်တစ်အိုး"

ဟူ၍ အော်ဟစ်လိုက်သည်နှင့် ဆိုင်ရှင်မှာ ကတုန်ကယင်ဖြစ်သွားပြီး နောက်ထပ်အရက်အိုးတစ်အိုးကို ယူ၍ ညွှန်ခဲ့လေ၏။ ထိုအရက်အိုးကလေးကို ကောက်၍မော့လိုက်ပြီးနောက် မည်သည့်စကားမျှမဆိုဘဲ ဆိုင်ရှင်ကို မျက်စိမျှားမှေးလျက် စိုက်ကြည့်ပြန်၏။ ဆိုင်ရှင် ကချင်အမျိုးသားကြီးကိုကြည့်၍ ကျွန်ုပ် လွန်စွာ စိတ်မကောင်းဖြစ်မိသည်။

သူ့အား မည်သူတစ်ဦးတစ်ယောက်မျှ ဖေးမ ကာကွယ်ပေးကြခြင်းမရှိဘဲ ထိုပုဂ္ဂိုလ်ကြီးပြုသမျှ ခံနေရသည်မှာ ကျွန်ုပ်တို့ ဒေသခံတိုင်းရင်းသားများအတွက် စိတ်မချမ်းမြေ့ဖွယ် ကောင်းလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရှင်သည် ဒူးတဆတ်ဆတ်တုန်သည်အထိ ကြောက်ရွံ့နေလေ၏။

"အင်း...ဒီအရက်သိပ်ကောင်းတယ်၊ နောက်တစ်အိုး ထပ်ယူခဲ့ပါ၊ ငါဘယ်လိုအစားအသောက်မျိုး ကြိုက်တယ်ဆိုတာ သိတယ်မဟုတ်လား၊ အမြန်ဆုံး ယူခဲ့တော့"

ဟု ပြောတော့မှ ဆိုင်ရှင်လည်း စိတ်သက်သာရာ ရသွားလေ၏။

ထိုစဉ် တိတ်ဆိတ်သည့် အခန်းကျယ်အတွင်း၌ လှိုက်၍ရယ်လိုက်သည့်အသံ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်လည်း ထိုအသံထွက်လာသည့် နေရာသို့ ကြည့်မိသည်တွင် ရင်၌ပို၍ပင် ဒေါသဖြစ်သွား၏။

အနီရောင် အနောက်တိုင်းဝတ်စုံကို ဝတ်ဆင်ထားသည့် တရုတ်ကုန်သည်ကြီးက ထိုအဖြစ်ကို သဘောကျ၍ ရယ်လိုက်ခြင်းပင် ဖြစ်သည်။ သူသည် လွန်စွာအားရသည့်မျက်ဝန်းဖြင့် ၎င်းလူမိုက်ကြီးကိုကြည့်နေ၏။ အခြားသူများမှာ အနည်းငယ်မျှသောအသံပင် မထွက်ဝံ့ဘဲ ရှိနေကြသည်။

ကျွန်ုပ်၏ မျက်ဝန်းတွေက ရင်တွင်းခံပြင်းမှုကြောင့်





စူးစူးရဲရဲ ဖြစ်နေမည်ထင်၏။ မိမိကိုယ်မိမိ မသိသော်လည်း ကျွန်ုပ်၏ မျက်ဝန်းတွေကို သတိပြုမိသူမှာ ကျွန်ုပ်ရင်တွင်း၌ အဘယ်မျှ ခံပြင်းဒေါသ်ဖြစ်ရတာကို မှန်းဆသိရှိနိုင်ပါလိမ့်မည်။ သို့ကြောင့်လည်း ကျွန်ုပ်သည် မထင်မှတ်ဘဲ မြန်မာ့သွေး မြန်မာ့သတ္တိ အဘယ်မျှရဲရင့်ကြောင်းကို အသက်နှင့်ရင်း၍ ပြသလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်၏ ထိုမျက်ဝန်းကို သတိပြုမိသွားသူမှာ ၎င်းတရုတ်လူမိုက်ကြီးပင်ဖြစ်သည်။ ကျွန်ုပ်သည် ထိုတရုတ်ကြီး လုပ်သမျှကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေလေရာ သူက ကျွန်ုပ်အား သတိထားမိသွားပြီး လှမ်းသောက်တော့မည့်ဆဲဆဲ အရက်အိုးကလေးကို ပါးစပ်နားရောက်ကာနီးမှ ပြန်ချထားလိုက်ပြီး ကျွန်ုပ်ကို စူးစိုက်ကြည့်နေတော့၏။

ကျွန်ုပ်လည်း မျက်နှာကိုမလွှဲဘဲ ကြည့်မြဲကြည့်နေလိုက်သည်။ ထိုသို့ကြည့်နေလျက်က ရင်ထဲက ခံပြင်းဒေါသက ပို၍ပင် ပြင်းထန်လာလေ၏။ ထိုအခါ တရုတ်ကြီးမှာ အိုးကို စားပွဲပေါ်သို့ ဆောင့်ချလိုက်ပြီး...

"ဒီနယ်တစ်ဝိုက်မှာ ငါ့ကို စိုက်ကြည့်ဝံ့တဲ့ကောင်မရှိဘူး၊ မင်း...ဘယ်ကကောင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



တရုတ်ကြီးက ကျွန်ုပ်ကို လက်ညှိုးထိုးပြီး မေးလိုက်သဖြင့် ဆိုင်အတွင်းရှိနေသူများ၏ မျက်ဝန်းတွေက ကျွန်ုပ်ထံသို့ စုရုံးကျရောက်လာလေ၏။

ထိုအခိုက်အတန့်မှာပဲ ကျွန်ုပ်သည် ကျူးကျော်သူတရုတ်ဖြူများကို ရဲဝံ့ပြတ်သားစွာ တိုက်ခိုက်ချေမှုန်းခဲ့စဉ်က ပုံရိပ်များကို ပြန်လည်အမှတ်ရလာမိသည်။ ထို့နောက် လက်သီးကို ခပ်ကျစ်ကျစ်ဆုပ်လိုက်ပြီး. . .

"ငါက ခရီးသည်ကွ၊ မင်းလောက်ရမ်းကားတဲ့ အကောင်မျိုး တစ်ခါမှမမြင်ဖူးလို့ ကြည့်နေတာ"

ကြည်လင်ပြတ်သားစွာ ထွက်ပေါ်သွားသည့် ကျွန်ုပ်၏အသံကြောင့် ခန်းမကြီးအတွင်း၌ ဟာခနဲ ဟင်ခနဲ အသံများ ထွက်ပေါ်သွားလေ၏။

ထိုအသံများမှာ ဆိုင်ထဲရှိ စားသောက်နေကြသူများ၏ နှုတ်မှ အထိတ်တလန့် ထွက်ပေါ်သွားကြခြင်းဖြစ်သည်။ ၎င်းတို့သည် ထိုလူမိုက်တရုတ်ကြီးကို ခံ၍ပြောဝံ့သူကို တစ်ခါမှ မမြင်ဖူးသဖြင့် အလွန် တအံ့တဩဖြစ်နေကြ၏။

တရုတ်လူထွားကြီး၏ ရယ်သံမှာ ဟိန်းကျယ်ထွက်ပေါ်သွားပြီးနောက်. . .





"ကြိုက်တယ်ကွာ၊ အဲဒီလိုကောင်မျိုးကို မတွေ့လို့ ငါ့မှာ သိပ်ပျင်းနေတာ ခုမှပဲ အပျင်းပြေတော့တယ်"

ဟု ပြောပြီးသည်နှင့် သူသည် မတ်တတ်ရပ်လိုက်၏။ ထိုအခါ ကျွန်ုပ်လည်း ပြတ်သားသည့် ဆုံးဖြတ်ချက်ဖြင့် ထိုင်ရာက ဆတ်ခနဲရပ်လိုက်ပြီး ရုတ်တရက် အတွေးတစ်ခု ရရှိသည်ကြောင့်. . .

"ကောင်းပြီလေ. . .ကျုပ်ကလည်း တော်လှန်ရေးကာလ ပြီးဆုံးကတည်းက ပျင်းနေတာ၊ အခုလို မမျှော်လင့်ဘဲ ခင်ဗျားတို့လို အချောင်သမားတွေနဲ့ ကြုံရတာကျုပ်အတွက် မင်္ဂလာပါပဲ၊ စားသောက်ဆိုင်ရဲ့ ပစ္စည်းတွေကို ကျုပ်တို့ကြောင့် ပျက်စီးဆုံးရှုံးတာမျိုး မဖြစ်စေဘူး၊ ဆိုင်ရှေ့မြေကွက်လပ်ကို လိုက်ခဲ့ပါ"

ဟု ပြောပြီးသည်နှင့် ကျွန်ုပ်က ဦးဆောင်လျက် ၎င်းမြေကွက်လပ်သို့ ထွက်သွားလိုက်သည်။

ဆိုင်အတွင်းရှိလူများမှာလည်း စားသောက်ခြင်းကို ရပ်တန့်လိုက်ကြပြီး အချင်းချင်း တီးတိုးပြောဆိုကြလေ၏။ ထိုသူများထဲတွင် ထူးကဲစွာ ပျော်ရွှင်သွားသူမှ အနီရောင် အနောက်တိုင်းဝတ်စုံနှင့် တရုတ်ကုန်သည်ကြီးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အားရပျော်ရွှင်စွာဖြင့် လက်ခုပ်တီးလေ၏။ တစ်ဆက်တည်းပင် ဆိုင်ရှေ့မြေကွက်လပ်တွင် ရပ်လျက်စောင့်ဆိုင်းနေသည့် လူငယ်ကိုကြည့်လေ၏။ လူငယ်၏ အသွင်အပြင်မှာ လွန်စွာ ကြည့်ကောင်းလွန်းလှ၏။

ဝင်းဝါသောအသားနှင့် ဟပ်ကာ ဖြောင့်စင်းသော နှာတံ၊ ပိရိသေသပ်သော နှုတ်ခမ်းများနှင့် စူးရှနက်မှောင်သော မဟူရာမျက်လုံးများအပြင် မေးစေ့မှ မဲ့နက်ကလေးကြောင့် ဆိုင်ထဲမှ လူတိုင်းက ၎င်းလူငယ်ကို မျက်တောင်မခတ် ငေးကြည့်နေတော့၏။ ခြုံ၍ဆိုရသော် ယောကျ်ားတစ်ယောက်အနေနှင့် အလွန်ကြည့်ကောင်းသော ခန္ဓာကိုယ်ပိုင်ရှင်ဖြစ်၏။

ဆိုင်ရှင်နှင့်တကွ ဆိုင်အလုပ်သမားအားလုံးသည်လည်းကောင်း၊ ဆိုင်သို့ လာရောက်စားသောက်ကြသူများသည်လည်းကောင်း မြေကွက်လပ်ကြီးကို ဝိုင်း၍ကြည့်ကြသဖြင့် မြေကွက်လပ်ကြီးမှာ လက်ဝှေ့ကြိုးဝိုင်းကြီးတစ်ခုကဲ့သို့ ဖြစ်သွားလေ၏။

၎င်းလူအုပ်ကြီးအတွင်းမှ လူထွားတရုတ်ကြီး တိုးထွက်မလာခင် အခိုက်အတန့်မှာပဲ ဆိုင်ရှင် ကချင်အမျိုး





သားကြီးက ထိတ်လန့်တုန်လှုပ်သည့် မျက်နှာဖြင့် ကျွန်ုပ်အနီးသို့ တိုးကပ်လာပြီး...

"ဒီမှာမိတ်ဆွေ...ကျုပ်ပြောတာကို သေချာနားထောင်စမ်းပါ၊ ဒီကောင်ကြီးဟာ ဒီနယ်တစ်ဝိုက်မှာ အလွန်ဆိုးဝါးတဲ့ ဝက်ကြီးတစ်ကောင်ပဲ၊ မိတ်ဆွေဟာ အင်မတန် စိတ်ကောင်းရှိတဲ့သူဆိုတာ ကျုပ်သိပါတယ်၊ မိတ်ဆွေရဲ့ကိုယ်ကျိုး ဘာမှမပါဘူးဆိုတာ လူတိုင်းသိနေတာပါ၊ ဒီဝက်ပုတ်ကြီးနဲ့ မထိုးသတ်ပါနဲ့ဗျာ၊ မိတ်ဆွေလို လူကောင်းတစ်ယောက် ဆုံးရှုံးသွားရင် ကျုပ်တို့တိုင်းပြည်အတွက် အများကြီးနစ်နာပါတယ်၊ ဒါကြောင့် ဒီပွဲကို ဒီမှာပဲရပ်လိုက်ပါဗျာ၊ ကျုပ် ဒီဝက်ပုတ်ကြီးကို တောင်းပန်ပေးပါ့မယ်"

ဟု ပြောလေ၏။

ထိုအချိန်မှာပဲ ကျွန်ုပ်သည် ခန္ဓာကိုယ်အပေါ်ပိုင်းအဝတ်များကို ချွတ်ပြီးဖြစ်၏။

"ကျုပ်အတွက် ဘာမှမစိုးရိမ်ပါနဲ့ဗျာ၊ ကျုပ်တို့တိုင်းရင်းသားတွေအပေါ်မှာ အနိုင်ကျင့် ဗိုလ်ကျနေတာကို တွေ့ကတည်းက ဆုံးမချင်နေတာ၊ ဒီဝက်ပုတ်ကြီးကို တရုတ်ပြည်ကို လေးဘက်ထောက်ပြီး ပြန်သွားစေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီး ကျွန်ုပ်သည် စားသောက်ဆိုင်၏ အရှေ့ပိုင်းရှိ အပေါ်ထပ်ခိုးဆီသို့ အမှတ်မထင် ကြည့်လိုက် မိသည်။ ထိုနေရာမှာ ဝရန်တာကဲ့သို့ လေသာဆောင်ပြု လုပ်ထားသဖြင့် အနီရောင် အနောက်တိုင်းဝတ်စုံနှ တရုတ်ကြီးသည် ၎င်းနေရာတွင် ကုလားထိုင်ဖြင့် အက အနထိုင်လျက် လွန်စွာအားရကျေနပ်သည့် မျက်ဝန်းဖြ ကြည့်နေလေ၏။

သူ၏နံဘေးတွင် မျက်နှာကြောတင်းမာသည် အမူအရာဖြင့် လူငယ်နှစ်ဦးရပ်နေ၏။

ဆိုင်ရှင် ကချင်အမျိုးသားကြီးမှာ ကျွန်ုပ်အတွ စိတ်မကောင်းဖြစ်သွားပုံ ရ၏။ ဦးခေါင်းကို လေးပင်စွ ခါယမ်းလျက် လူအုပ်များနှင့် ရော၍ အခြေအနေ စောင့်ကြည့်နေတော့၏။

တရုတ်လူထွားကြီးမှာ ကျွန်ုပ်နှင့် မျက်နှာချင်းဆို တွင် ရပ်လျက် ကျွန်ုပ်အား အထင်သေးသည့် အပြုံးမျ ပြုံးလျက် မျက်ဝန်းကို မှေးကာကြည့်နေ၏။

ပွဲစလေပြီ။ လူထွားကြီးသည် မြေကွက်လပ် တွင် လှည့်၍ ကျွန်ုပ်အလစ်ကို ချောင်းနေသကဲ့သို့ ကျွန် ကလည်း ၎င်း၏လှုပ်ရှားမှုကို သတိမပြတ် စောင့်ကြည့်





၏။ ကျွန်ုပ်သည် ပြိုင်ဘက်ရန်သူ၏ အားနည်းချက်ကို လျှပ်တစ်ပြက်အတွင်း သိရှိလိုက်သည်။

၎င်းသည် ခွန်အားဗလ ကြီးမားသော်လည်း လှုပ် ရှားမှုမှာ နှေးကွေးမည်ဖြစ်ကြောင်း သိရှိလိုက်သဖြင့် ကျွန်ုပ်အဖို့ ခန္ဓာကိုယ်ချင်း အပူးမခံဘဲ အဝင်အထွက်ကို သွက်လက်စွာ လှုပ်ရှားတိုက်ခိုက်ရမည် ဖြစ်သည်။

သို့နှင့် ကျွန်ုပ်သည် ၎င်အနီးသို့ လှစ်ခနဲ့ပြေးဝင် သွားပြီး အရှိုက်တည့်တည့်ကို ဖြောင့်လက်သီးတစ်လုံး ပစ်သွင်းလိုက်ပြီး ၎င်း၏ ဖမ်းဆုပ်ခြင်းမပြုမီမှာပဲ အနောက် သို့ ခုန်ရှောင်လိုက်ရ၏။

'ပုံး...'

"အင့်..."

"ဝေး..."

ဟူသောအသံများ ထွက်ပေါ်သွားလေ၏။

ကျွန်ုပ်လက်သီးထိသံ၊ လူထွားကြီး၏ နောက်သို့ လန့်သွားသည့်အသံ၊ ပရိသတ်ကြီး၏ အော်သံများကြား တွင် မည်သူမျှ သတိမထားလိုက်မိသည့် အသံတစ်သံကို တော့ ကျွန်ုပ်သာလျှင် ကြားလိုက်ရ၏။ ကျွန်ုပ်အဖို့ လွန်စွာ ကံကောင်းခြင်းဖြစ်သည်။

www.burmeseclassic.com



ထိုအသံမှာ ဝိုး ဟူ၍ ထွက်ပေါ်သွားခြင်း ဖြစ်သည်။ ထောက်လက်သီးတစ်လုံး ဖြစ်ပြီး ဖျတ်ခနဲ ခုန်အထွက်တွင် ကျွန်ုပ်မျက်နှာရှေ့မှ လက်တစ်လုံးလောက်ကလေး ကပ်၍ထွက်သွားသော လက်သီးပင်ဖြစ်သည်။

လူထွားကြီး၏ လက်သီးမှာ ထန်းသီးလုံးခန့်ရှိလိမ့်မည်ဟု ခန့်မှန်းမိသည်။ ထိုလက်သီးကြီးသာ ကျွန်ုပ်၏ နားထင်တည့်တည့်ဝင်သွားပါက ကျွန်ုပ်မှာ ပွဲစသည်နှင့်ပင် ပွဲသိမ်းသွားရပေလိမ့်မည်။

ကျွန်ုပ်သည် အတိုက်အခိုက် အထိုးအသတ်နှင့် ပတ်သက်၍ ငယ်စဉ်ကတည်းက ဆရာသမားများထံတွင် စနစ်တကျ သင်ယူထားသူဖြစ်သည်။ ထို့သို့ရင်ဆိုင်တိုက်ခိုက်သည့် အတွေ့အကြုံမျိုးလည်း မြောက်မြားစွာ ကြုံတွေ့ခဲ့ဖူးသဖြင့် အချို့သော ရင်ဆိုင်ထိုးသတ်မှုများမှာ ကိုယ်ကာယကိုချည်း အားပြုရသကဲ့သို့ ဉာဏ်အမြော်အမြင်ရှိဖို့လည်း အထူးလိုအပ်လှပေသည်။

လူထွားကြီးသည် ပွဲစစချင်း တစ်ချက်ထိသွားသောကြောင့် မျက်နှာနီကာ ဒေါသအကြီးအကျယ်ဖြစ်သွား၏။ မျက်နှာပေါ်မှ ခေါ်ရာကြီးနှင့် ပေါင်းစပ်လိုက်သောအခါ သူ၏မျက်နှာမှာ ဘီလူးကြီးတစ်ကောင်ကဲ့သို့





ဖြစ်နေလေ၏။ ထိုအခြေအနေမှာ ကျွန်ုပ်အဖို့ တစ်ဖက်ရန်သူကို အနိုင်ထိုးသတ်ရန်အတွက် အားသာချက်ဖြစ်၍ ၎င်းအခွင့်အရေးကို အမိအရအသုံးချလိုက်သည်။

"ဟော့ကောင်ကြီး...ဝက်ပေါက်လေးလောက်တောင် အစွမ်းမရှိပါလားကွ၊ ဒီလောက်ကလေး ထိသွားတာနဲ့ပဲ မျက်နှာပျက်ရသလားကွ၊ လာစမ်းပါ...ငါကို ထိအောင်ထိုးစမ်းပါ"

လူထွားကြီး ရှူးရှူးရှားရှားဖြစ်သွားပြီး ဘာကိုမှ မကြည့်တော့ဘဲ ကျွန်ုပ်ကို တရကြမ်း ဝင်ထိုးတော့၏။ ကျွန်ုပ်လည်း ခန္ဓာကိုယ်ကို အပူးမခံဘဲ သူ၏လက်သီးချက်များကို ပွတ်ကာသီကာဖြင့် ဟိုမှသည်သို့ လွှားခနဲ လွှားခနဲ ရှောင်တိမ်းလိုက်လေရာ ၎င်း၏ထိုးချက် မထိလေ ပို၍ဒေါသဖြစ်လေ ဖြစ်နေတော့၏။

ကျွန်ုပ်သည် မိမိဆင်ထားသည့် အကွက်တွင်းသို့ ရောက်ရှိလာပြီဖြစ်၍ လူထွားကြီးအလစ်တွင် ၎င်း၏ ရင်ဘတ်ဆီသို့ ထောက်လက်သီးကို မှန်မှန်ပစ်သွင်းလေ၏။

'ဗုန်း...'

"အင့်..."



www.burmeseclassic.com

www.burmeseclassic.com



'ပုန်း...''

"အင့်...'

"ဝေး..."

လူအုပ်ကြီးမှာ ကျွန်ုပ်၏ လက်သီးတစ်ချက် ထိ လေတိုင်း ဟေးခနဲ ဝါးခနဲ အော်ဟစ်ကြလေ၏။ ကျွန် သည် အခြားမည်သည့်နေရာကိုမှ မထိုးဘဲ အရှိုက်ကိုသ ဖိ၍ထိုးလေရာ ကြာသည်တွင် သူ၏ရင်ဝမှာ သပြေသ မှည့်ရောင် အညိုကွက်ကြီးများ တဖြည်းဖြည်း ကြီး၍လ လေ၏။

လူထွားကြီးသည် ကျွန်ုပ်လက်သီးချက်ကို မရှော ဘဲ ပေ၍ခံကာ ကျွန်ုပ်ကို ထိုးမိဖို့သာ ကြိုးစားနေတော့၏ ကျွန်ုပ်တို့ နှစ်ဦးစလုံးသည် မြေကွက်လပ်ကြီးပေါ်တွ လှည့်ပတ်ပြေးလွှား ထိုးသတ်နေလေရာ ခန္ဓာကိုယ်မှာ ချွေ များ ရွှဲနစ်နေတော့၏။

တစ်ချီတွင် ကျွန်ုပ် ရုတ်တရက် ဟန့်ချက်ပျ သွားစဉ် လူထွားကြီးက ထိုအခွင့်အရေးကို အမိအ အသုံးချလိုက်လေ၏။ လွန်စွာပြင်းထန်သည့် လက်သ ချက် ဖြစ်သည်။ ကျွန်ုပ် ဖျတ်ခနဲ ပြေးအဝင်တွင် ဆီးထိ လိုက်သော လက်သီးက ပါးချိတ်သို့ တည့်တည့်ကျရောက်





လာလေရာ ခွပ်ခနဲဟူသော အသံကြီး ထွက်ပေါ်လာပြီး ကျွန်ုပ်၏ ခန္ဓာကိုယ်မှာ နောက်သို့ လည်ထွက်သွားတော့ သည်။

အမြင်အာရုံတွင် ပြာဝေသွားသော်လည်း ကျွန်ုပ် သည် ပုံလျက်လဲကျမသွားစေရန် သတိထားလိုက်ရ၏။ ထိုအခိုက်မှာပဲ လူထွားကြီးက ကျွန်ုပ်အနီးသို့ လှစ်ခနဲ ရောက်ရှိလာ၏။ ကျွန်ုပ် ပြင်ဆင်ခွင့်မရှိအောင် လူထွား ကြီးက ရရှိသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ကျွန်ုပ် ၏ မျက်နှာဆီသို့ ဆက်တိုက်ထိုးချလေတော့၏။ ကျွန်ုပ် လည်း မည်သို့မျှမတတ်နိုင်တော့ဘဲ ရှောင်လိုက်ကာလိုက် ပြု၍ ခံနေရ၏။ ထိုအခါ လူထွားကြီးသည် လွန်စွာ စိတ် အားတက်ကြွလာပြီး ပွဲသိမ်းတိုက်ကွက်ဖြစ်သော ဖြောင့် လက်သီးကို မိမိရရပစ်သွင်းလိုက်လေရာ ကျွန်ုပ်လည်း လက်မတင်ကလေး ရှောင်တိမ်းလိုက်သဖြင့် လူအုပ်ကြီး မှာ ဟာခနဲ ဟင်ခနဲ ဖြစ်သွားလေ၏။

ကျွန်ုပ်သည် ခေါင်းငုံ့ရှောင်လိုက်ပြီး ၎င်း၏နောက် ကျောဘက်သို့ ပြေးထွက်သွားခြင်းဖြစ်သည်။ ကျွန်ုပ်၏ မျက်နှာတစ်ခုလုံးမှာ ရစရာမရှိအောင် ဖူးယောင်နေတော ၏။ နှုတ်ခမ်းမှလည်း သွေးများစိမ့်ယိုစီးကျလာ၏။ ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



သည် ဖူးယောင်နေသော မျက်ခုံးများ၊ ပါးချိတ်များကြားမှ လူထွားကြီးကို စိုက်ကြည့်လိုက်၏။

လူထွားကြီးသည် ရင်ဘတ်ကြီးကို မောက်ကြွသည်အထိ အသက်ကို ပြင်းပြင်းရှူလျက် မကျေမနပ်ကြည့်နေသည်။ သူသည် သေချာပေါက် ပွဲသိမ်းဖြစ်ရမည့်ကိစ္စကြီး လက်လွတ်သွားသဖြင့် မကျေမနပ်ဖြစ်နေတော့သည်။ လူထွားကြီး၏ အခြေအနေကိုကြည့်၍ ကျွန်ုပ်ကောင်းစွာ သိရှိလိုက်၏။ ဖူးယောင်လျက်ရှိသည့် ကျွန်ုပ်အခြေအနေမှာ နောက်တစ်ချီတွင် ပွဲသိမ်းတော့မည်ဟု သူသည် ယုံကြည်မျှော်လင့်ထားပုံ ရ၏။

သူသည် ကျွန်ုပ်ထံသို့ အရှိန်ဖြင့် ပြေးဝင်ထိုးသတ်မည်ကို ကျွန်ုပ်အနေဖြင့် လျှပ်တစ်ပြက်အတွင်း အမိအရတိုက်ခိုက်ထိုးသတ်ရမည် ဖြစ်သည်။

လူအုပ်ကြီးကလည်း အသံကုန်ဝိုင်း၍ အော်ဟစ်ကြသည်မှာ ငရဲပျက်သည့်အလား ဖြစ်နေပါသည်။ ကျွန်ုပ်သည် ခြေထောက်ကို ခပ်ကားကားရပ်လိုက်ပြီး ပြုံးတိတိအပြုံးဖြင့် လူထွားကြီးကို ကြည့်လိုက်စဉ်မှာပဲ ၎င်းကအရှိန်ပြင်းပြင်းဖြင့် တရကြမ်းပြေးဝင်လာလေ၏။

'ဗုန်း'





'ဒုတ်...'

'ခွပ်...'

ကျွန်ုပ်သည် ကြိုတင်တွက်ဆထားပြီးဖြစ်၍ ကျွန်ုပ်၏ တုံ့ပြန်မှုမှာ အံဝင်ခွင်ကျဖြစ်သွားလေ၏။ လူထွားကြီးမှာ အရှိန်ပြင်းပြင်းပြေးဝင်လာသည့် ကျွဲတစ်ကောင်အားကျည်ဆံတစ်တောင့် ပစ်သွင်းလိုက်သကဲ့သို့ လန်ထွက်သွားလေ၏။ မြဲမြံ၍ဆိုရသော် ကျွန်ုပ်၏ ပွဲသိမ်းတိုက်ခိုက်မှုဟု ယူဆနိုင်ပါသည်။

ပထမထွက်လာသောအသံမှာ ကျွန်ုပ်၏ ခန္ဓာကိုယ်ကို ဂျင်ကလေးလှည့်သကဲ့သို့ ဖျတ်ခနဲလှည့်လိုက်ကာ ခုန်၍ သိမ်းကန်လိုက်သဖြင့် လူထွားကြီး၏အရှိုက်ကိုခြေဖနောင့်ကြီးထိသွားသောအသံ ဖြစ်သည်။ 'ဒုတ်'ဟူသော အသံမှာ ပထမနည်းအတိုင်း ထပ်၍ကန်ပြန်ရာ၎င်း၏နားထင်သို့ ခြေစောင်းနှင့် ထိသောအသံဖြစ်သည်။

ထိုအခါ လူထွားကြီးမှာ ခန္ဓာကိုယ်ကို တည့်မတ်၍မရလောက်အောင် ဖြစ်နေလေရာ ကျွန်ုပ်လည်း ထိုအခွင့်အရေးကို မိမိရရ အသုံးချလျက် ခန္ဓာကိုယ်ကို တစ်ပတ်လှည့်ပြီး တတိယအကြိမ်မြောက် ကန်လိုက်လေ၏။ ၎င်းကန်ချက်မှာ လူထွားကြီး၏ မေးရိုးဆီသို့ တည့်မတ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်သွားလေရာ လွန်စွာအားပါသည့် ကန်ချက်ဖြစ်၍ ၎င်းလည်း မည်သို့မျှ မဟန်နိုင်တော့ဘဲ ဘုန်းခနဲ လဲကျသွားတော့၏။

"ဟာ..."

ဟူသော ပရိသတ်၏ အံ့ဩစွာ အော်လိုက်သောအသံနှင့်အတူ...

'ဖြောင်း..ဖြောင်း..ဖြောင်း'

ဟူသော လက်ခုပ်သံများ တစ်ခဲနက်ထွက်ပေါ်သွားတော့၏။ လူထွားကြီးသည် မြေတွင် ဝက်သိုးကြီးတစ်ကောင် လူးလွန့်နေသကဲ့သို့ ဖြစ်နေလေ၏။ သူသည် မြေတွင် တည့်မတ်စွာရပ်တည်နိုင်စွမ်း မရှိတော့ဘဲ တအင်းအင်း ငြီးငြူနေတော့သည်။

ကျွန်ုပ်သည် နယ်စပ်မြို့ကလေးတွင် ၎င်းလူမိုက်ကြီးနှင့် မထင်မှတ်ဘဲ ရင်ဆိုင်တိုက်ခိုက်ခဲ့ရ၏။ ထိုအကြောင်းကို အသေးစိတ်ရေးသားဖော်ပြရခြင်းမှာ ဤအခန်းရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် ပြည်ကြီးသား တရုတ်ကုန်သည်နှင့် ကျွန်ုပ်သည် ရှေ့ပိုင်းတွင်ဖော်ပြမည့်အကြောင်းအရာများတွင် အစဉ်တစိုက် ဆက်နွယ်ပတ်သက်ရမည် ဖြစ်လေရာ ၎င်းဒေသတွင် အနိုင်ကျင့် ဗိုလ်





ကျနေသည့် ထိုလူမိုက်ကြီးကို ရင်ဆိုင်အနိုင်ယူခဲ့သည်ကြောင့် တရုတ်ကုန်သည်သည် ကျွန်ုပ်အပေါ် များစွာစိတ်ဝင်တစား ဖြစ်သွားလေ၏။

ကျွန်ုပ်နှင့် လူမိုက်ကြီးတို့ ရင်ဆိုင်တိုက်ခိုက်စဉ်က သူသည် စားသောက်ဆိုင်၏ လေသာဆောင်တွင် ရှိနေပြီး စိတ်အားထက်သန်စွာဖြင့် ကြည့်ရှုနေခဲ့၏။ ကျွန်ုပ် အနိုင်ထိုးသတ်ပြီးနောက်တွင် သူသည် လူအုပ်ကြီးနှင့်အတူ တစ်ခဲနက် အားပေးအော်ဟစ်လေ၏။

သူ၏အမည်မှာ ဝမ်ခိုးပေါင်ဖြစ်၏။ နယ်စပ်ဒေသတစ်လျှောက်တွင် သူ၏ စီးပွားရေးလုပ်ငန်း အမြောက်အမြားရှိလေ၏။ တပည့်တပန်းလည်း လွန်စွာများပြား၏။ ကျွန်ုပ်နှင့် ရင်ဆိုင်ထိုးသတ်သည့် လူမိုက်ကြီးမှာ ၎င်းက မြောက်ပင့်ပေးကမ်းထားသူ ဖြစ်သည်။

ကျွန်ုပ်၏သူငယ်ချင်း စိုင်းဆဲထူး၏ နေအိမ်သို့ ရောက်ရှိစဉ်မှာတော့ ကျွန်ုပ်သည် ၎င်းတရုတ်ကုန်သည် မစ္စတာဝမ်ခိုးပေါင်နှင့် မမျှော်လင့်ဘဲ ရင်းနှီးပတ်သက်ခဲ့ရ၏။

✢ ✢ ✢

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

### ထူးဆန်းသောကြေးလင်ပန်းတစ်ချပ်

စိုင်းဆဲထူးအိမ်သို့ ကျွန်ုပ်ရောက်ရှိစဉ်မှာ မှောင်ရီဖျိုးဖျ ညီအစ်ကိုမသိတသိအချိန် ဖြစ်သည်။ မှာကြားထားသည့်နေ့ရက်ထက် တစ်ရက်စော၍ ရောက်ရှိလာသည့်အတွက် ကျွန်ုပ်၏သူငယ်ချင်း စိုင်းဆဲထူးမှာ ကျေနပ်ပျော်ရွှင်နေတော့၏။ သူက ခရီးရောက်မဆိုက်ပင် ကျွန်ုပ်အားဖက်လဲတကင်း နှုတ်ဆက်ရင်း . . .

"ငါထင်တဲ့အတိုင်း ဖြစ်နေပါလား ထင်ကျော်၊ မင်းဟာ ကျောင်းတုန်းကအတိုင်းပဲ အလုပ်တစ်ခုကို ဘယ်တော့မှ အချိန်မဆိုင်းဘူး၊ နှစ်များစွာဝေးကွာနေရတဲ့ ငါ့သူငယ်ချင်းနဲ့ပြန်ဆုံရတာ အရမ်းကိုဝမ်းသာတယ်ကွာ"





ဟုပြောပြီး ကျွန်ုပ်၏လက်မောင်းကို အားပါးတရဖျစ်ညှစ်ဆုပ်ကိုင်လေ၏။

ထို့နောက် ၎င်းက သူ၏ဇနီး နန်းရင်ကိုခေါ်လိုက်ပြီး တရင်းတနှီး မိတ်ဆက်စကားပြောလေ၏။ စိုင်းဆဲထူး၏ဇနီးမှာ ကျွန်ုပ်နှင့်ပတ်သက်ပြီး အကြောင်းအရာအချို့ကို စိုင်းဆဲထူးပြောပြထား၍ သိရှိနေ၏။

ကချင်အမျိုးသမီးလေး နန်းရင်က သုံးနှစ်အရွယ်ခန့် သူတို့ရင်သွေးလေးကို ပွေ့ချီထားလျက်က ကချင်သံဝဲဝဲဖြင့် ကျွန်ုပ်အား စကားပြောဆို၏။

မျက်ဝန်းတောက်တောက် အစဉ်ပြုံးချိုသည့် မျက်နှာထားဖြင့် ချောမောလှပသော ကချင်အမျိုးသမီးလေးဖြစ်သည်။ သူတို့အိမ်ထောင်သက်မှာ ငါးနှစ်ခန့်ရှိပြီဖြစ်ကြောင်း စိုင်းဆဲထူးက ရှင်းပြ၏။

ကျွန်ုပ်တို့နှစ်ဦးမှာ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလနောက်ပိုင်းမှစ၍ ဝေးကွာခဲ့ကြသဖြင့် စကားပြော၍မဆုံးနိုင်အောင် ဖြစ်နေကြ၏။ ထိုသို့ပြောနေစဉ်မှာပဲအပြင်ဘက်တွင် နေရောင်ကွယ်ပျောက်ပြီး အမှောင်ကသိသာစွာလွှမ်းခြုံသွားလေ၏။

ကျွန်ုပ်သည် ဟန်ပင်မဆောင်နိုင်တော့။ တစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကုန် ခရီးဆက်ခဲ့ရသဖြင့် ဆာလောင်လျက်ရှိရာ စိုင်းဆဲထူး ဧည့်ခံသမျှ အစားအသောက်များကို အားပါးတရ စားသောက်လေ၏။

စိုင်းဆဲထူး၏နေအိမ်မှာ နိမ့်ဟူးမြို့ကလေး၏ မြောက်ဘက်အစွန်တွင်ရှိပြီး လိမ္မော်ခြံကြီးတစ်ခြံအတွင်း၌ ခေတ်ဆန်ဆန်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက်အိမ်ကလေး ဖြစ်သည်။ တိုက်အိမ်ကလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် တင်းနစ်ကွင်းတစ်ခုနှင့် ပန်းခြံငယ်တစ်ခုလည်း ရှိ၏။ စစ်ပြီးခေတ်နောက်ပိုင်းတွင် စိုင်းဆဲထူးသည် ထိုဒေသ၏ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

စိုင်းဆဲထူး၏မိဘများမှာ ပင်ကိုအားဖြင့် ၎င်းဒေသတွင် အစဉ်အဆက် ဩဇာအရှိန်အဝါ ရှိကြသူများ ဖြစ်သည်။ စိုင်းဆဲထူးမှာ တစ်ဦးတည်းသောသားဖြစ်၏။ ရိုးသားသည့် တောင်ပေါ်သားများဖြစ်သော်လည်း သူတို့သား စိုင်းဆဲထူးကို တက္ကသိုလ်ပညာ သင်ကြားစေခဲ့၏။ ထိုခေတ်ထိုအခါက တောင်ပေါ်တိုင်းရင်းသားများအဖို့ တက္ကသိုလ်ဟူသည်မှာ သူတို့အမဲလိုက်သည့်တောကောင် အမည်သစ်တစ်မျိုးလားဟု ထင်မှတ်ရလောက်အောင် အသိအပညာနိမ့်ကျသည့် အခြေအနေဖြစ်သည်။





ထိုအဖြစ်အတွက် စိုင်းဆဲထူးသည် မိမိဒေသခံ တောင်ပေါ်သားများအတွက် လွန်စွာစိတ်မကောင်းဖြစ်ရကြောင်း မကြာခဏ ပြောဆိုလေ၏။ ပညာသင်ကြားစဉ်ကာလတစ်လျှောက်မှာလည်း သူသည် တက္ကသိုလ်ဘွဲ့ရပြီးသည်နှင့် ၎င်း၏ဒေသတွင် အခြေချနေထိုင်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားတက်သရော လုပ်ကိုင်မည်ဟု အမြဲပြောဆို၏။

ပြင်းပြသည့်ဆန္ဒသည် အရာအားလုံးကို ပြီးမြောက်အောင် စွမ်းဆောင်နိုင်၏ဆိုသကဲ့သို့ပင် စိုင်းဆဲထူးသည်လည်း စိတ်ကူးနှင့်လက်တွေ့ တစ်ထပ်တည်းကျအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကျွန်ုပ် များစွာချီးကျူးမိသည်။ ထိုမျှသာမကသေး . . . သူသည် ဖက်ဆစ်တော်လှန်ရေးကာလတွင်လည်း ကျွန်ုပ်နှင့်အတူ မြန်မာ့တပ်မတော်အတွင်းသို့ ဝင်ရောက်ခဲ့၏။

သူဦးဆောင်သည့် တပ်မတော်သားများသည် ကချင်၊ ချင်း၊ ရှမ်းပြည်နယ် အစရှိသည့် တောင်တန်းဒေသများတွင် ဒေသခံတောင်ပေါ်သားနှင့်အတူ ဖက်ဆစ်ဂျပန်များကို ပြောင်မြောက်စွာ တိုက်ခိုက်သုတ်သင်ခဲ့ကြသည်။ မြန်မာ့တပ်မတော်တွင် သူသည် ဗိုလ်ကြီးအဆင့်ဖြင့် တာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းဆောင်ခဲ့လေရာ စစ်ပြီး၍ အငြိမ်းစားယူသည့်တိုင် ဒေသခံများက ၎င်းအား ဗိုလ်ကြီးဟုပင် ပြောဆိုဆက်ဆံကြ၏။

ညစာစားသောက်ပြီးနောက် ကျွန်ုပ်တို့နှစ်ဦးသည် အိမ်အောက်ထပ်ဧည့်ခန်းကျယ်ကြီးသို့ ဆင်းလာခဲ့ကြ၏။ ကျွန်ုပ်သည် ဆွယ်တာအင်္ကျီအပေါ်မှ လောင်းကုတ်အင်္ကျီကိုပါ ထပ်၍ဝတ်ထားသော်လည်း အအေးဒဏ်ကို အလုံးစုံ ကာကွယ်နိုင်စွမ်းမရှိ ဖြစ်နေ၏။ စိုင်းဆဲထူးက မီးလှုံရန်အတွက် စီစဉ်ထား၏။ ဧည့်ခန်းနှင့်ကပ်လျက်ရှိသည့် မီးလင်းဖိုကို မြင်လိုက်ရသဖြင့် ကျွန်ုပ်လည်း စိုင်းဆဲထူး၏ အစီအစဉ်ကောင်းမွန်မှုကို ကျိတ်၍ချီးကျူးလိုက်သည်။

ထိုမျှမကသေး . . .။ မီးလင်းဖိုအနီးတွင် ကနုတ်ပန်းများဖြင့် ဘောင်ကွတ်ထားသည့် စားပွဲခုံလေးပေါ်တွင် စကော့ဝီစကီပုလင်းနှင့် တောင်ဆိတ်အသားကင်ပန်းကန်ကိုလည်း တွေ့လိုက်ရလေ၏။

"ကဲ . . သူငယ်ချင်း . . . ဝေးကွာခဲ့ရတဲ့ နှစ်ကာလတွေအတွက် တို့နှစ်ဦးတွေ့ဆုံမှု အထိမ်းအမှတ်အနေနဲ့ ဒီညတော့ တို့နှစ်ယောက် ဝီလေးနဲ့ ငြိမ့်ငြိမ့်လေး စီးမျောလိုက်ရအောင်"





ဟုပြောပြီး စိုင်းဆဲထူးက သဘောကျစွာ ရယ်လေ၏။ ကျွန်ုပ်ကလည်း သူ၏ပခုံးကို ဖြစ်ညှစ်လိုက်ပြီး . . .

"ဒီထက်ကောင်းတဲ့ အစီအစဉ်တောင်မှ ဒီလောက်ကောင်းမှာမဟုတ်ဘူး၊ တကယ်ကွာ ဆဲထူး . . . ငါ့စိတ်ထဲမှာ တို့ကျောင်းတုန်းက ဘဝလေးဆီ ပြန်ရောက်သွားသလို ခံစားရတယ်"

"မင်းလိုပဲ ငါလည်းခံစားရတယ် ထင်ကျော်၊ အတွေးအခေါ်နဲ့ အသိဉာဏ်အရာမှာ အစဉ်နိုးကြားတက်ကြွစမြဲဖြစ်တဲ့ ပညာသင် ငယ်နုစဉ်ကာလကို ရိုက်ချိုးဖျက်ဆီးသူတွေဟာ မျိုးဆက်တစ်ခုလုံးကို ယုတ်မာစွာ ဦးချိုးသူတွေပဲလေ၊ တို့ဘဝရဲ့ ပညာသင်ကာလဟာ ကိုလိုနီအစိုးရကြောင့် အကြိမ်ကြိမ် ဦးချိုးခံခဲ့ရတယ်၊ ဖက်ဆစ်ဂျပန်စစ်ခွေးတွေရဲ့ လက်ထဲလည်းရောက်ရော၊ သူတောင်းစားလောက်တောင်မှ အဆင့်မရှိတဲ့အဖြစ်မျိုး၊ သုံးစားမရတဲ့အဖြစ်မျိုးနဲ့ ရင်ဆိုင်ရပြန်တယ်၊ အတွေးအခေါ်နဲ့ ဉာဏ်အမြော်အမြင်ကြီးမားတဲ့ မျိုးချစ်လူငယ် ခေါင်းဆောင်တွေရဲ့ မနေမနားကြိုးစားမှုကြောင့် ပညာရေးကဏ္ဍ ပြန်လည်ဦးမော့လာနိုင်ခဲ့တာ တို့တစ်မျိုးသားလုံးအတွက် မကျနပ်စရာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တို့နိုင်ငံရဲ့ အတိတ်သမိုင်းကြောင်းတွေပေါ်မှာ ရင်နာစရာ၊ ကြေကွဲစရာတွေက ကြည်နူးပျော်ရွှင်စရာ အဖြစ်တွေထက် ပိုပြီးများပြားလွန်းပါတယ်၊ လွတ်လပ်ရေးအတွက် အမျိုးကောင်းသားသမီးမြောက်မြားစွာ အသက်သွေးချွေး စတေးခံခဲ့ကြရတယ်၊ အခု တို့တိုင်းပြည် လွတ်လပ်ပြီ၊ လွတ်လပ်တဲ့တိုင်းပြည်တွင်းမှာ နေထိုင်ကြတဲ့ ပြည်သူတစ်ရပ်လုံးအတွက် လူပီသတဲ့ လွတ်လပ်မှု အခွင့်အရေးတွေရရှိဖို့ ဖော်ဆောင်ပေးဖို့ သိပ်ကိုအရေးကြီးတယ်၊ ငါစွဲအတ္တတွေကို ရှေ့တန်းတင်နေသမျှတော့ ပြည်သူတစ်ရပ်လုံး ဒုက္ခရဲ့သားကောင်အဖြစ် ရင်ဆိုင်နေကြရဦးမှာပဲ"

ကျွန်ုပ်နှင့် စိုင်းဆဲထူးသည် လွတ်လပ်ပြီးစ မြန်မာနိုင်ငံရေးအခြေအနေအပေါ်မှာ အမြင်ချင်း၊ အယူအဆချင်း ဖလှယ်၍ အချိန်အတော်ကြာမျှ ဆွေးနွေးပြောဆိုဖြစ်ကြသည်။ ဖက်ဆစ်တော်လှန်ရေးပြီးဆုံးသည့် နောက်ပိုင်းတွင် ကျွန်ုပ်တို့သည် စစ်တပ်မှနုတ်ထွက်ခဲ့ကြပြီး ကျွန်ုပ်ကလည်း ကျွန်ုပ်ဝါသနာထုံသည့် လူမျိုးစုသုတေသနပညာရပ်နယ်ပယ်အတွင်း တစိုက်မတ်မတ် လေ့လာဆည်းပူးခဲ့၏။





စိုင်းဆဲထူးမှာလည်း ၎င်း၏မွေးရပ်ဇာတိသို့ပြန်၍ မိဘ၏စီးပွားရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်ရင်း အခြေချနေထိုင်လေ၏။ မည်သို့သောအကြောင်းကိစ္စမဆို ပွန်းစားဆောင်ရွက်လုပ်ကိုင်လိုသည့်ဝါသနာမှာ နှစ်ဦးသား၏ တူညီသောစရိုက်သဘာဝဖြစ်သည်။

ကျွန်ုပ်တို့နှစ်ဦးသည် မိမိတို့၏ အဓိကဦးတည်ရာကိစ္စရပ်အပေါ်မှာ ဆွေးနွေးခြင်းမပြုနိုင်သေးဘဲ အခြားသောအကြောင်းကိစ္စတွေကိုသာ အချိန်ကြာမြင့်စွာ ပြောဆိုနေမိသည်။ သို့သော် စကော့ဝီစကီ တစ်ဝက်ခန့်သောက်ပြီးချိန်မှာတော့ စိုင်းဆဲထူးက သူ၏ထူထဲသော အကျီဖြင့် လွှမ်းအုပ်ထားသော အထုပ်တစ်ထုပ်ကို ကျွန်ုပ်အား ပေးလေ၏။

ကြက်သွေးရောင်ကတ္တီပါစဖြင့် လွှမ်းအုပ်ထားသော အထုပ်တစ်ထုပ်ဖြစ်သည်။

"ကတ္တီပါစကို ဖြည်လိုက်ပါ သူငယ်ချင်း၊ အထဲကပစ္စည်းတွေကို လေ့လာပြီးမှ ဖြစ်ပျက်မှုအလုံးစုံ ငါရှင်းပြပါ့မယ်၊ အချို့တစ်ဝက်ကိုတော့ စာနဲ့ရှင်းပြထားလို့ မင်းလည်း သိသင့်သလောက် သိထားမှာပေါ့"

ကျွန်ုပ်လည်း တုံ့ဆိုင်းမနေတော့ဘဲ ၎င်းပြောသည့်



www.burmeseclassic.com

အတိုင်း ကတ္တီပါစကို ဖြည်ချလိုက်သည်။ အလျားတစ်ပေ ခန့်ရှိပြီး အမြင့်တစ်မိုက်ခန့်ရှိသည့် ကျွန်းသေတ္တာငယ်လေး တစ်လုံး ဖြစ်သည်။ ကျွန်ုပ်က မျက်ဝန်းကိုထောင့်ကပ် လျက် ဘယ်လိုလဲဟူသောအကြည့်ဖြင့် ကြည့်လိုက်တော့ ဆဲထူးက မေးဆတ်ပြ၏။ သေတ္တာအဖုံးကိုဖွင့်ဖို့ အမူ အယာဖြင့် ပြောလိုက်ခြင်းဖြစ်၍ ကျွန်ုပ်လည်း သေတ္တာ အဖုံးကို ဖွင့်လိုက်၏။

ကျွန်ုပ်သည် ၎င်းသေတ္တာထဲက ပစ္စည်းများကို တစ်ခုချင်းယူ၍ ကျွန်ုပ်တို့ရှေ့ရှိ စားပွဲပေါ် သို့တင်လိုက်၏။ ထိုပစ္စည်း များမှာ စာရွက်လိပ်နှစ်လိပ်နှင့် မောက်တိုဓား တစ်ချောင်းဖြစ်သည်။

မီးဖိုအလင်းရောင်ဖြင့် ထိုပစ္စည်းများကို သဲကွဲစွာ မြင်နေရ၏။ ကျွန်ုပ်သည် ထိုပစ္စည်းများကို တစ်ခုချင်း ကိုင်တွယ်ကြည့်ရှုရင်း ပြုံးနေမိသည်။ ထိုသို့ ကိုင်တွယ် ကြည့်ရှုရင်း အတိတ်၏ပုံရိပ်များကို မြင်ယောင်နေမိသည်။ ကျွန်ုပ်ကဲ့သို့ပင် စိုင်းဆဲထူးလည်း ထိုသို့ခံစားမြင်ယောင် နေပါလိမ့်မည်။

ထိုပစ္စည်းများမှာ ကျွန်ုပ်တို့နှစ်ဦးအဖို့ ဘယ်လိုမှ မမေ့နိုင်သည့် အမှတ်တရများပင်ဖြစ်သည်။ အထူးသဖြင့်





ကာယကံရှင် စိုင်းဆဲထူးနှင့် ပို၍ပင် တိုက်ရိုက်သက်ဆိုင် ၏။ သို့ကြောင့်လည်း သူသည် နှစ်ကာလကြာမြင့်သည့် တိုင်အောင် မပျောက်ပျက်အောင် တရိုတသေသိမ်းဆည်း ထားခြင်း ဖြစ်သည်။

နှစ်ကာလ ကြာခဲ့ပြီ။ မှတ်မှတ်ရရပြောရလျှင် တက္ကသိုလ်နောက်ဆုံးနှစ် ပညာသင်ကာလ၏ နှစ်လယ် ပိုင်းကာလတွင် ဖြစ်သည်။

(၎င်းဖြစ်ပျက်မှုများကို ရှေ့တွင်ဖော်ပြမည့် အခန်း စဉ်တွင် ပြည့်စုံစွာ ရေးသားဖော်ပြပါမည်။ စာရေးသူ)

"ငါက ဒီပစ္စည်းတွေကို မင်းတော့ မေ့မေ့ပျောက် ပျောက် ဖြစ်နေလောက်ပြီလို့ ထင်နေတာ၊ မင်းက တကယ့် ကို တရိုတသေ ထိန်းသိမ်းထားတာကိုး၊ မင်းရဲ့အစွဲ အလမ်းကြီးမှုကိုတော့ ငါချီးကျူးပါတယ်"

ထိုအခါ စိုင်းဆဲထူးက ကျွန်ုပ်အား ပြုံးလျက်ကြည့် နေရာမှ သဘောကျစွာရယ်လေ၏။ သူသည် ရယ်မော သည့်အခါ စိတ်ကိုလွှတ်၍ရယ်သည်ကြောင့် ရယ်သံမှာ လွှန်စွာကျယ်လောင်၏။ သူ၏ရယ်မောပုံကို မြင်ရသူအဖို့ သူကဲ့သို့ပင် စိတ်လက်ပေါ့ပါးသကဲ့သို့ ခံစားရ၏။

သူက ထိုသို့ရယ်ပြီးနောက် . . .

www.burmeseclassic.com



ကျွန်ုပ်တို့ရှေ့စားပွဲရှိ အံဆွဲကို ဆွဲဖွင့်လိုက်ပြီး တစ်စုံတစ်ခုကို တွဲထုတ်လိုက်၏။

မီးဖိုအလင်းဖြင့် လင်းခနဲမြင်လိုက်ရ၍ အသေအချာကြည့်လိုက်တော့ လေးထောင့်အရွယ် ကြေးလင်ပန်းတစ်ချပ်ဖြစ်နေ၏။ သူက "ရော့ သူငယ်ချင်း . . . ဒီထဲမှာ မင်းသိချင်တာ တွေ့ရလိမ့်မယ်" ဟုပြောပြီး ကျွန်ုပ်ထံ ကမ်းပေးလေ၏။

ကြေးလင်ပန်း၏ အရွယ်အစားမှာ အလျား တစ်ပေခွဲခန့်၊ အနံ ခြောက်လက်မခန့်ဖြစ်သည်။

မီးဖိုအလင်းဖြင့် ထင်ရှားစွာကျရောက်စေရန် ကြေးလင်ပန်းကို အောက်သို့နှိမ့်လျက် သေချာကြည့်မိသည်နှင့် . . . "ဟင် . . . ဒါ . . . ဒါ . . ."

ကျွန်ုပ်သည် အထိတ်တလန့်ဖြင့် စိုင်းဆဲထူးကို ကြည့်လိုက်၏။ ပြီးနောက် လင်ပန်းမျက်နှာပြင်ပေါ်က အရေးအကြောင်းတွေကို ပြန်ကြည့်လိုက်သည်။ အချိန်အတန်ကြာမျှ စူးစိုက်ကြည့်မိတော့ ကျွန်ုပ်သည် ထိုအရေးအကြောင်းများနှင့် အကျွမ်းတဝင် ရှိသကဲ့သို့ခံစားလိုက်ရသည်။

"ဟာ . . . ဆဲ . . . ဆဲထူး . . . ဒါ မင်း . . .





မင်းရဲ့"

ကျွန်ုပ်၏ခန္ဓာကိုယ်သည် ရုတ်ခြည်း တောင့်မတ်သွား၏။ တစ်ဆက်တည်းပင် မျက်ဝန်းအကြည့်က စားပွဲပေါ်က အရာဝတ္ထုများအပေါ် စူးနစ်ကျရောက်သွားလေ၏။ ထို့နောက်မှာတော့ ကျွန်ုပ်သည် စားပွဲပေါ်က စာရွက်ခေါက်များကိုယူလျက် မီးလင်းဖိုအနီးသို့ တိုးကပ်သွားလိုက်၏။

အချိန်တစ်ခဏအတွင်းမှာပင် ကျွန်ုပ်၏ စိတ်အာရုံခံစားမှုများသည် ကျွန်ုပ်၏ရှေ့တွင်ရှိနေသည့် အရာဝတ္ထုများပေါ်တွင် တစိုက်မတ်မတ် ကျရောက်သွားတော့သည်။ ထိုအရာများမှာ ကြေးလင်ပန်းနှင့် ပြန့်ကျဲနေသည့် စာရွက်များ ဖြစ်လေတော့၏။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၃ )

## ဘယ်လိုနားလည်ရမလဲ

ကျွန်ုပ်နှင့် စိုင်းဆဲထူးသည် မက်ထရစ်တန်း စာမေးပွဲ အောင်မြင်ပြီး၍ တက္ကသိုလ်စတက်သည့် ကာလများမှစ၍ ယခင်ကထက်ပို၍ ရင်းနှီးခင်မင်ခဲ့ကြသည်။

သာမန်ခင်မင်မှုလက်ကျော်လွန်သည့် မိတ်ဆွေကောင်းပီသသည့် ခင်မင်မှုသံယောဇဉ်မျိုးဟု ယူဆနိုင်သည်။ တစ်ဦး၏အခက်အခဲများ၊ ပြဿနာများကို မိမိ၏ပြဿနာကဲ့သို့ခံစားပြီး ပူးပေါင်းအဖြေရှာ ဆောင်ရွက်ကြစမြဲဖြစ်သည်။

တက္ကသိုလ်၏ နှစ်ကြီးအတန်းသို့ ရောက်ရှိလာသောအခါ တက္ကသိုလ်ဝန်းကျင်တွင် ကျွန်ုပ်တို့နှစ်ဦးမှာ





အသတ်အပုတ်၊ အထိုးအကြိတ်နှင့်ပတ်သက်၍ လွန်စွာထင်ရှားလာခဲ့ကြသည်။

ကျွန်ုပ်တို့နှစ်ဦးအဖို့ လွန်စွာအံ့ဩတုန်လှုပ်ဖွယ်ဖြစ်ရပ်နှင့် ကြုံတွေ့ရသည်မှာ တက္ကသိုလ်နောက်ဆုံးနှစ်ကာလတွင် ဖြစ်သည်။

မြန်မာ့ရိုးရာ သိုင်းပညာသင်ကြားသည့် တနင်္ဂနွေကျောင်းပိတ်ရက်ဖြစ်၍ ကျွန်ုပ်တို့နှစ်ဦးသည် ထုံးစံအတိုင်း ဆရာကြီးဦးဇော်ဝိတ်၏သင်တန်းသို့ မနက်ခင်းကတည်းက ရောက်ရှိ ကြလေ၏။

ဇူလိုင်လ၏ မိုးရေစက်များက သည်းမဲစွာ ရွာသွန်းလျက် ရှိ၏။ မနက်ခင်းကတည်းက ရွာနေသည်မှာ နေ့လယ်ရောက်သည့်တိုင်အောင်ဖြစ်သည်။ နေအလင်းရောင် ထိုးဖောက်နိုင်စွမ်းမရှိအောင် မိုးသားတိမ်စိုင်များက အုံ့အုံ့မှိုင်းမှိုင်း ကာဆီးထား၏။

ခေတ်ကာလအခြေအနေမှာလည်း ရှုပ်ထွေးလျက်ရှိ၏။ အကြောင်းကား ဒုတိယကမ္ဘာစစ်မီးသည် အာရှတိုက်သို့ကူးစက်ရန် တာစူနေသောကြောင့်ဖြစ်သည်။ ဗြိတိသျှအစိုးရအနေဖြင့် အုပ်ချုပ်ရေးနှင့် စစ်ရေးကို တစ်ပြိုင်တည်း ဆောင်ရွက်နေရသဖြင့် လွန်စွာအခက်တွေ့နေ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

ထိုအခြေအနေမှာ ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှု
အတွက် အခွင့်အခါကောင်းဖြစ်သည်။ အမျိုးသားစိတ်
ဓာတ်နိုးကြားမှု အရှိန်အမြင့်မားဆုံးကာလဟု ယူဆရမည်
ဖြစ်သည်။ လှုပ်ရှားမှုကဏ္ဍများအနက် တက္ကသိုလ်၏
အခန်းကဏ္ဍမှာ လွန်စွာအရေးပါသည်ကြောင့် ကျွန်ုပ်တို့
လည်း မိမိပါဝင်ရမည့်အခန်းကဏ္ဍအတွက် ကြိုတင်ပြင်
ဆင်ထားကြ၏။ ပြည်သူအများမှာလည်း ကျီးလန့်စာစား
ဆိုသလို အထိတ်တလန့်ဖြစ်နေကြ၏။

စိုင်းဆဲထူးသည် ထိုမျှရှုပ်ထွေးသည့် ကာလ
အတွင်း မထင်မှတ်သည့်ဖြစ်ရပ်နှင့် ကြုံတွေ့ရလေ၏။

ဆရာကြီးဦးဇော်ဝိတ်သင်တန်းမှအပြန်တွင် ကျွန်ုပ်
တို့နှစ်ဦးသည် ပက္ကလိန်း (ကုက္ကိုင်းလမ်း) လမ်းမကြီးနံဘေး
ရှိ အဆောက်အအုံအောက်တွင် မိုးခိုနေကြ၏။ ကျွန်ုပ်တို့
မိုးခိုသော တံစက်မြိတ်နှင့် များစွာမကွာလှမ်းသော နေရာ
တွင် ဆိုင်ခန်းတွဲကလေးများကို တွေ့ရ၏။ ကျွန်ုပ်သည်
မိုးခိုနေလျက်က ၎င်းဆိုင်ခန်းတွဲကလေးများဆီသို့ မကြာ
ခဏကြည့်နေမိသည်။ ဆိုင်ခန်းများမှာ သုံးခန်းတွဲဖြစ်၏။

ဆိုင်ခန်းမျက်နှာစာတွင် ချိတ်ဆွဲထားသည့် ပစ္စည်း





များ၊ မှန်ဗီရိုကြီးများအတွင်း၌ ပြသထားသည့်ပစ္စည်းများက
မိုးခိုနေသော ကျွန်ုပ်၏စိတ်အာရုံကို ဆွဲငင်ညှို့ယူနေသလို
ဖြစ်နေ၏။

ရွာသွန်းနေသော မိုးစက်မိုးပေါက်များ၏ အရှိန်ကို
ထပ်ဆင့်မြှင့်တင်ရန် အနောက်တောင်ဘက်ဆီမှ မိုးတိမ်
မည်းများ အလိပ်လိုက် လွင့်တက်လာသည်ကြောင့် ကျွန်ုပ်
လည်း ရင်ထဲကဆန္ဒကို မအောင့်နိုင်တော့သဖြင့် . . .

"ဒီနေ့အဖို့တော့ မိုးတိတ်ဖို့ လမ်းမမြင်တော့ဘူး၊
ဒီလိုလုပ်ရအောင် ဆဲထူးရာ. . . မိုးစဲအောင်စောင့်ရမယ့်
အတူတူ ဘာမှမထူးခြားတဲ့ ဒီအမိုးအောက်က နေရာ
ပြောင်းရအောင်"

ထိုသို့ပြောပြီး အမိုးတံစက်မြိတ်အောက်က ထွက်
ဖို့ ဟန်ပြင်လိုက်သည့် ကျွန်ုပ်အား စိုင်းဆဲထူးက လက်
မောင်းကို ဖမ်းဆုပ်လိုက်ပြီး . . .

"ဘယ့်နှယ် မထူးခြားရမှာလဲ ထင်ကျော်ရာ. . .
မောင်ရင့်အာရုံခံစားမှုက အတော့်ကိုချာတာပဲ၊ ဟိုမှာ
ကြည့်စမ်းပါဦး. . . တံစက်မြိတ်အစွန်ဘက်နားက ပိတုန်း
ရောင်တောက်တောက်လေးတွေ၊ ဒီလိုမိုးတစိမ့်စိမ့်ကြား
မှာ သူတို့လေးတွေရဲ့ကပိုကရိုအလှလေးက ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်စရာကောင်းသလဲ”

သူက ကျွန်ုပ်အနီးတိုးကပ်၍ လေသံတိုးတိုးဖြင့် ပြောလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ် လွန်စွာအံ့ဩမိပါသည်။ ကျွန်ုပ်သည် စိုင်းဆဲထူးပြောသကဲ့သို့ပင် အာရုံခံစားမှု ချွတ်ချော်နေခဲ့ပြီမှာ သေချာ၏။ အကြောင်းကား သူပြောသကဲ့သို့ပင် လွန်စွာလှပသည့် ပိတုန်းရောင်တောက်တောက် မိန်းမချောလေး နှစ်ဦးကို တွေ့လိုက်ရသလို သူမတို့ကလည်း ကျွန်ုပ်တို့ နှစ်ဦးထံသို့ အလျဉ်းသင့်သလို ပျိုးခနဲ ပျက်ခနဲ ကြည့်နေသောကြောင့်ဖြစ်သည်။

ပဒုမ္မာအကျီနှင့် ချိတ်ထဘီဝတ်ဆင်ထားသည့် မိန်းကလေးနှစ်ယောက်၏ သိမ်မွေ့သည့်အလှမှာ ထင်ရှားစွာ ပေါ်လွင်နေ၏။ စိုင်းဆဲထူး ပေးမည်ဆိုလည်း ပေးစရာကောင်းလောက်အောင် စွဲဆောင်မှုရှိနေ၏။

ထိုကိစ္စများတွင် စိုင်းဆဲထူးသည် အဘယ်မျှ အကျွမ်းတဝင်ရှိသည်ကို ကျွန်ုပ် ကောင်းစွာသိရှိထား၏။ သို့ကြောင့် ကျွန်ုပ်က သဘောကျစွာရယ်လိုက်ပြီး . . .

“အိုကေ ဆဲထူး . . . ငါသဘောပေါက်သွားပြီ၊ မင်းရဲ့ ငြိမ့်ငြိမ့်လေးခံစားနေရတဲ့ ရင်ခုန်သံတွေကို ငါ





ကြောင့် ဆုံးရှုံးမသွားစေချင်ဘူး၊ ဒီတော့ မင်းဘာသာမင်း စိတ်ကြိုက်ခံစားနေခဲ့တော့၊ မင်းရင်ခုန်သံအရှိန် ရပ်တန့်သွားမှ ငါ့နောက်လိုက်ခဲ့ပေတော့”

ဟု ပြောပြီးသည်နှင့် ကျွန်ုပ်လည်း ထိုနေရာမှ ထွက်ခွာခဲ့၏။ ကျွန်ုပ်သည် မိုးရေစက်များကြားမှ အလျင်အမြန် ပြေးထွက်သွားလေရာ အချိန်အနည်းငယ်အတွင်း ကျွန်ုပ်သွားလိုသည့် ဆိုင်ခန်းတွဲလေးများဆီသို့ ရောက်ရှိသွား၏။ ၎င်းဆိုင်ခန်းလေးမှာ ရှေးဟောင်းပစ္စည်းများသာ ရောင်းသည့် ကျူရီယိုဆိုင်များဖြစ်သည်။

သမိုင်းဘာသာရပ်နှင့် စိတ္တဗေဒဘာသာရပ်များကို ကျွန်ုပ်သည် အထူးစိတ်ဝင်တစားဖြင့် လေ့လာလိုက်စားလျက်ရှိသည်မှာ တက္ကသိုလ်ရောက်စကပင် ဖြစ်သည်။

ကျွန်ုပ် အထူးပြုလေ့လာသည့် ဘာသာရပ်မှာလည်း ၎င်းဘာသာရပ်ဖြစ်သည်။ သို့ကြောင့်လည်း အချိန်ရသည်နှင့် ထိုသို့သော ရှေးဟောင်းပစ္စည်း အရောင်းဆိုင်အတော်များများသို့ သွားရောက်ပြီး လေ့လာစမြဲဖြစ်သည်။

အချို့စိတ်ဝင်စားဖွယ်ပစ္စည်းများကို နှစ်သက်မိသည်နှင့် ကျွန်ုပ်သည် ဝယ်ယူစုဆောင်း၏။ သမိုင်းဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com



အချက်အလက် မှန်ကန်မှုရှိသည်,မရှိသည်ကို ရှာဖွေဖေ
ထုတ်ရသည့်ကိစ္စမှာ ကျွန်ုပ်အဖို့ မမောနိုင်သော ဝါသန
တစ်ရပ်ပင်ဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ ရှေးဟောင်းပစ္စည်းများ
ရောင်းသည့် ကျူရီယိုဆိုင်အတော်များများကို ကျွန်ုပ်
သွားရောက်လေ့လာဖူး၏။ ထိုဆိုင်ခန်းတွဲလေးကိုတော့
အကြောင်းတိုက်ဆိုင်မှုမရှိ၍ သတိပင်မထားနိုင်ခဲ့ပေ
ထိုသို့ သတိပြုလိုက်မိခြင်းက မိုးခိုနေစဉ် အမှတ်မထ
တွေ့မြင်လိုက်၍ဖြစ်သည်။

ဆိုင်ခန်းတွဲသုံးတွဲရှိသည့်အနက် လက်ယာဘက်
အစွန်ဆုံးအခန်းရှိ ရှေးဟောင်းပစ္စည်းများမှာ ကျွန်ုပ်
ထင်သည်ထက်ပင် စိတ်ဝင်စားဖွယ်ကောင်းနေတော့၏
ဆိုင်ရှင်မှာ အသက်ငါးဆယ်ဝန်းကျင်ခန့်ဖြစ်ပြီး အရပ်မှာ
ပုပျပ်ပျပ်ဖြစ်၏။ ထူထဲသည့် မျက်မှန်တပ်ထားသော်လည်း
မျက်မှန်နောက်ကွယ်ရှိ မျက်ဝန်းအကြည့်က စူးရှလွန်းလှ
၏။ ကျယ်ပြန့်သောနဖူးပြင်ပေါ်မှာ လှိုင်းတွန့်များပမာ
အရေးအကြောင်းများ ထင်းထင်းနက်လျက်ရှိ၏။

ထိုပုဂ္ဂိုလ်ကြီးသည် ဆိုင်၏ အတွင်းဘက်ကျကျ
အပိုင်းတွင်ထိုင်လျက် ရှေးဟောင်းပစ္စည်းတစ်ခုကို စိတ်ဝင်





စား ကိုင်တွယ်ကြည့်ရှုနေ၏။ စကားပြောဆိုကြည့်သော
အခါ သူသည် မိမိ၏လုပ်ငန်းအပေါ်တွင် လွန်စွာကျွမ်း
ကျင်သူဖြစ်ကြောင်း အံ့ဩဖွယ်သိရှိရ၏။ ကျွန်ုပ်သိလို
သော အကြောင်းအရာများကိုလည်း အချက်အလက်နှင့်
တကွ ပိုင်နိုင်စွာရှင်းပြလေ၏။ ထိုပုဂ္ဂိုလ်၏ စကားများကို
နားထောင်နေလျက်က အချိန်ကုန်၍ကုန်မှန်းမသိအောင်
ဖြစ်နေတော့သည်။

ထိုပုဂ္ဂိုလ်ကြီးက ညစ်ထေးဟောင်းနွမ်းနေသည့်
ကြေးမုံပြင်လေးတစ်ချပ်ရရှိဖို့ အဘယ်မျှကြိုးစားရှာဖွေခဲ့ရ
သည်ကို ကျွန်ုပ်အား ရှင်းပြလေ၏။

"မောင်ရင်က တက္ကသိုလ်ကျောင်းသား သမိုင်းဘာ
သာရပ်နဲ့ စိတ္တဗေဒဘာသာရပ်ကို အထူးပြုလိုက်စား
သူဆိုတော့ ကိုယ်ပြောတာတွေကို အထိုက်အလျောက်
လက်ခံလိမ့်မယ်လို့ ထင်တယ်၊ ကိုယ်က မောင်ရင်တို့လို
လောကဓာတ်ပညာတွေကို မသင်ခဲ့ရပေမယ့် ကိုယ်ရပ်
တည်နေရတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို
အတတ်နိုင်ဆုံးကျွမ်းကျင်အောင် လေ့လာပါတယ်၊ ကိုယ့်
ဆိုင်မှာရှိနေတဲ့ ရှေးဟောင်းပစ္စည်းတွေထဲက ကြိုက်တဲ့
ပစ္စည်းတစ်မျိုးမျိုးကို မောင်ရင်ယူလိုက်ပါ၊ အဲဒီပစ္စည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပစ္စည်းမျိုးဖြစ်ပြီး ဘယ်ခေတ် ဘယ်ကာလက ဘယ်လိုလူမျိုးတွေ အသုံးပြုခဲ့တယ်ဆိုတာကို အချက်အလက်နဲ့တကွ ကိုယ်ရှင်းပြနိုင်ပါတယ်၊ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တစ်ဆိုင်မှာ ဟောင်းရင်ပြီးရောဆိုတဲ့ ပစ္စည်းတွေ၊ ဘာကဘယ်လိုမှန်း မသိတဲ့ပစ္စည်းတွေကို ယောင်ဝါးဝါးဖြီးဖြန်းရောင်းချနေသူတွေကြောင့် တကယ့်စစ်မှန်တဲ့ဆိုင်တွေ ထိခိုက်နစ်နာကြတာပေါ့ . . .။

ဖြစ်သင့်တာက ပစ္စည်းတိုင်းဟာ နောက်ခံသမိုင်းကြောင်းတွေနဲ့ အသက်ဝင်နေရမယ်၊ ဥပမာ ဒီမှန်ချပ်လေးဆိုပါစို့ . . . အမြင်အားဖြင့် ဘယ်လိုမှ တင့်တယ်မှုမရှိဘူး၊ တန်ဖိုးအားဖြင့်တော့ မမျှော်မှန်းနိုင်လောက်အောင်မြင့်မားတယ်၊ အဲဒီလို တန်ဖိုးမြင့်မားရတာလည်း ဒီပစ္စည်းရဲ့ သမိုင်းအချက်အလက်တွေကြောင့်ပဲ . . .။

ဒီမှန်သတင်းရလို့ တောင်တွင်းကြီးကို သုံးကြိမ်တိတိ ကိုယ်သွားခဲ့ရတယ်၊ ပထမနဲ့ ဒုတိယအကြိမ်တွေမှာ သတင်းသာ ကြားရပြီး ဘယ်လိုမှရှာမရခဲ့ဘူး၊ တတိယအကြိမ်မြောက် သွားတော့ ကုက္ကိုခွရွာသားတစ်ဦးဆီက ခက်ခက်ခဲခဲဝယ်ယူနိုင်ခဲ့တယ်၊ ဒီမှန်ချပ်လေးကို တူးဖော်တွေ့ရှိတာက ရှေးဟောင်းဗိဿနိုးမြို့အပြင်ဘက် သချိုင်း





ကုန်းမြေပေါ်ကအုတ်ခွက်ကြီးထဲက ရရှိခဲ့တာပေါ့၊ အလွန်ရှေးကျတဲ့ နန်းတွင်းအသုံးအဆောင်ပစ္စည်းဖြစ်သလို ဂမ္ဘီရဆန်တဲ့ လျှို့ဝှက်မှုတွေနဲ့လည်း အများကြီး ဆက်နွယ်ပတ်သက်နေတယ်"

ပြင်ပတွင် မိုးက ပို၍ပင်သည်းလာ၏။ ဆိုင်ရှင်ဦးကြီး၏ စကားသံများကို ရွာသွန်းနေသည့်မိုးသံများက ထိုးဖောက်နိုင်စွမ်း မရှိဘဲဖြစ်နေ၏၊ စကားသံမှာ လေးလေးပင်ပင်ဖြင့် ပြတ်သားကြည်လင်လှ၏။

ဆိုင်ရှင်ဦးကြီးရှင်းပြ၍ ထိုမှန်ချပ်လေး၏ ဂမ္ဘီရဆန်သည့် အံ့ဖွယ်ဖြစ်ရပ်များကို သိရပြန်၏။

ထိုမှန်ချပ်လေးမှာ ဗိဿနိုးမြို့ဟောင်း ပန်ထွာဘုရင်မနှင့် မည်သို့မည်ပုံဆက်စပ်မှုရှိကြောင်း လပြည့်လကွယ်နေ့ရက်များမှာ မှန်သားပြင်တွင် ထင်ဟပ်လာသည့် ဝိုးတဝါးပုံရိပ်များ၊ ထိုမှန်ချပ်လေးကို ကြိုက်ဈေးဖြင့်ရောင်းချခဲ့သည်မှာ သုံးကြိမ်ခန့်ရှိပြီးဖြစ်သော်လည်း နောက်ဆုံးတွင် မိမိထံသို့ပင် ပြန်လည်ရောက်ရှိလာခဲ့ကြောင်း၊ ကျွန်ုပ်အဖို့ များစွာအံ့သြရသည်မှာ ဆိုင်ရှင်ဦးကြီးသည် ကျွန်ုပ်နှင့် တစ်ကြိမ်တစ်ခါမျှ သိကျွမ်းဖူးခြင်းမရှိပါဘဲလျက် ကျွန်ုပ်အမည်နှင့် မိဘဘိုးဘွားများ၏ အမည်



www.burmeseclassic.com

www.burmeseclassic.com



များကို မှန်ကန်စွာပြောဆိုလေ၏။

ကျွန်ုပ်၏ စိတ်ဂင်စားမှုမှာ ဆိုဖွယ်ရာမရှိလေပြီ။ ဆိုင်ရှင်ကြီးကလည်း သူ့အနေဖြင့် ထိုသို့ပြောဆိုနိုင်ခြင်းမှာ ငှင်းမှန်ချပ်လေး၏ ဂမ္ဘီရဆန်သည့်အစွမ်းကြောင့်ဟု အခိုင်အမာပြောဆိုလေရာ ကျွန်ုပ်လည်း ဘယ်လိုမှနားမလည်နိုင်အောင် ဖြစ်သွားတော့သည်။

(လွန်စွာအံ့ဩဖွယ်ကောင်းသည့် ငှင်းကြေးမုံပြင်မှန်ချပ်လေးနှင့်ပတ်သက်၍ ကျွန်ုပ်ရေးသားမည့် ပန်ထွာကေရီအမည်ရှိ ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထုတွင် အကျယ်တဝင့် ရေးသားဖော်ပြထားပါသည်။ စာရေးသူ)

ဆိုင်ရှင်ကြီး၏ ပညာဉာဏ်ကြီးမားခြင်းကို ကျွန်ုပ်လည်း ချီးကျူးလေးစားမိလေ၏။ ကျွန်ုပ်အဖို့တော့ ငှင်းပုဂ္ဂိုလ်ကြီးနှင့် စကားပြောဆိုနေရသဖြင့် ထမင်းမေ့ဟင်းမေ့ဆိုသကဲ့သို့ ဖြစ်နေတော့သည်။ သို့ကြောင့်လည်း ကျွန်ုပ်သည် စိုင်းဆဲထူးကို သတိမပြုမိခြင်းဖြစ်သည်။ ထိုသို့သတိမပြုမိခြင်းကြောင့် ရုတ်ခြည်း ကျရောက်လာမည့် ရန်းရင်းဆန်ခတ်အခြေအနေကို ကျွန်ုပ်အဖို့ ဘယ်လိုမှ ဟန့်တားနိုင်စွမ်းမရှိ ဖြစ်ခဲ့ရ၏။

ကျွန်ုပ်နှင့် ဆိုင်ရှင်သည် ဆိုင်၏အတွင်းဘက်





ကျကျတွင်ရှိသည့် စားပွဲခုံဝိုင်းတွင် မျက်နှာချင်းဆိုင် ထိုင်လျက် စကားပြောဆိုနေခြင်းဖြစ်သည်။ ကျွန်ုပ်က ဆိုင်အဝင်ဝကို ကျောခိုင်းလျက်ရှိနေပြီး ဆိုင်ရှင်က ဆိုင်အဝဘက်သို့ မျက်နှာမူလျက် ကျွန်ုပ်အား ပြောဆိုနေခြင်းဖြစ်၍ ဆိုင်အဝင်ဝသို့ စိုင်းဆဲထူးရောက်ရှိလာတာကို ကျွန်ုပ် သတိမထားမိသော်လည်း ပိုင်ရှင်က သိရှိနေ၏။

သို့ကြောင့်လည်း သူသည် စိုင်းဆဲထူး၏လှုပ်ရှားမှုများကို ကျွန်ုပ်နှင့်ပြောဆိုနေလျက်က သတိထားကြည့်ရှုနေခဲ့၏။ စိုင်းဆဲထူးက ဆိုင်အဝင်မှစ၍ ချိတ်ဆွဲထားသည့် ရှေးဟောင်းပစ္စည်းများကိုသာ ကြည့်ရှုနေလျက်က တစ်နေရာသို့အရောက်တွင် သူသည် အထိတ်တလန့်ဖြင့် မျက်လုံးတွေက ပြူးကျယ်သွား၏။

ကြေးမုံမှန်ချပ်ကလေးပေါ်မှာ စိတ်ဝင်တစား ဖြစ်နေမိ၍ ကျွန်ုပ်သည် ရုတ်ခြည်းပြောင်းလဲသွားသော ဆိုင်ရှင်ကြီး၏ မျက်နှာအမူအရာကို သတိမပြုနိုင်အောင် ဖြစ်နေလေ၏။

ကျွန်ုပ် သတိပြုမိစဉ်မှာတော့ များစွာနောက်ကျသွားလေပြီ။

ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ထိုင်နေလျက် ဝုန်းခနဲ



www.burmeseclassic.com

www.burmeseclassic.com



ထရပ်လိုက်သည့် ဆိုင်ရှင်ပုဂ္ဂိုလ်ကြီးက တစ်ဆက်တည်
ပင် . . .

"ဟော့ . . . ဟော့ . . . သူငယ် . . . မ . . . မလုပ်နဲ့

ထိုသို့ပြောပြီး ဆိုင်အဝသို့ ခုန်ထွက်လိုက်စဉ်မှာ

. . . 'ဝုန်း . . . ခလွမ်း'

"ဟာ . . ."

ထိုအသံများမှာ တဝုန်းဂုန်းရွာသွန်းလျက်ရှိသည့်
မိုးသံများကို ထိုးဖောက်ထွက်ပေါ်သွားခြင်း ဖြစ်သည်။

မြင်ရသည့်အခြေအနေကိုကြည့်၍ ကျွန်ုပ်သည်
ဘာလုပ်၍လုပ်ရမှန်းမသိအောင် ဖြစ်သွားသည်။ စိုင်းဆဲ
ထူးသည် ဆိုင်အဝင်ဝတွင်ရပ်လျက် သစ်သားခေါက်
ကုလားထိုင်ကို လက်ရန်းမှ ဆုပ်ကိုင်ထားလေ၏။ ဆိုင်
ရှင်ပုဂ္ဂိုလ်ကြီးမှာ သူနှင့် ငါးပေခန့်အကွာတွင်ရပ်လျက်
အော်ဟစ်ဟန့်တားနေလေ၏။

ဆိုင်အဝင်ဝတွင်ရှိသည့် နံရံကပ်ဗီရိုကြီးနှင့် တံခါး
ကို စိုင်းဆဲထူးက ကုလားထိုင်ဖြင့် ရိုက်ခွဲလိုက်ခြင်းဖြစ်
သည်။ အံ့သြဖွယ်ကောင်းသည်မှာ သူသည် ကုလားထိုင်
ကိုဆုပ်ကိုင်လျက်က ကတုန်ကယင်ဖြစ်နေ၏။ သူကိုယ်
သူ ဘာလုပ်၍လုပ်လိုက်မှန်းပင် မသိအောင် မျက်ဝန်းတွေ





က ပြူးကြောင်နေလေ၏။

အချိန်အခိုက်အတန့်မျှအတွင်း အခြေအနေမှာ
ရှုပ်ထွေးလာတော့၏။ အကြောင်းကား ထိုဆိုင်အတွင်း
ဖြစ်ပျက်နေသည့် ရှန်းရင်းဆန်ခတ်အခြေအနေကို အနီး
ဝန်းကျင်ရှိလူများ သတိပြုမိသွားသဖြင့် ဆိုင်အနီးသို့
အများအပြားရောက်ရှိလာသောကြောင့် ဖြစ်သည်။

ထိုအခြေအနေမှာ လွန်စွာစိုးရိမ်ဖွယ်ဖြစ်သည်။
စိုင်းဆဲထူးကို ထိုလူများက အကြောင်းမဲ့ မူးယစ်ရမ်းကား
သူအဖြစ် ထင်မှတ်ပြီး ဝိုင်းဝန်းထိုးကြိတ်လာပါက ပို၍ပင်
ရှုပ်ရခက်ပေမည်။

စိုင်းဆဲထူးအနီးသို့ ကပျာကယာ ချဉ်းကပ်လိုက်ပြီး
ကုလားထိုင်ကိုဆွဲလု၍ ခပ်လှမ်းလှမ်းသို့ လွှင့်ပစ်လိုက်၏။
ပြီးနောက် စိုင်းဆဲထူးကို နောက်ကျောဘက်မှ ဆွဲယူ ပွေ့
ဖက်လိုက်ပြီး . . .

"သူငယ်ချင်း . . . မင်းဘယ်လိုဖြစ်တာလဲ၊ ဒီဆိုင်
နဲ့ မင်းနဲ့ ဘာရန်ငြိုးရန်စမှမရှိဘဲ ဘာလို့ အခုလိုလုပ်ရ
တာလဲ"

ကျွန်ုပ်က အတင်းအကျပ်ပြောဆိုနေပေမယ့် စိုင်း
ဆဲထူးမှာ အသိတရားလွတ်ကင်းသူကဲ့သို့ ငေးမောရီဝေ



www.burmeseclassic.com

www.burmeseclassic.com



နေဆဲပင် ဖြစ်၏။

သူ၏မျက်ဝန်းအကြည့်က ကွဲကြေသွားသည့် မှန်တံခါးအတွင်းဘက်တွင်ရှိနေသည့် ရှေးဟောင်းပစ္စည်းအချို့အပေါ်တွင် စူးစိုက်နေလေ၏။ ကျွန်ုပ်က နောက်ဘက်ဆီမှ သူ၏ခန္ဓာကိုယ်ကို ပွေ့ဖက်လျက် ထိန်းချုပ်ထားသဖြင့် သူသည် ၎င်းမှန်ဗီရိုအနီးသို့ တိုးကပ်ရန်အခွင့်မသာဘဲဖြစ်နေ၏။

ဆိုင်ရှင်ပုဂ္ဂိုလ်ကြီးသည် စိုင်းဆဲထူး၏အခြေအနေကို ကောင်းစွာသိရှိသွားသကဲ့သို့ စောစောတုန်းကလို အော်ဟစ်တားမြစ်ခြင်းမပြုတော့ဘဲ စိုင်းဆဲထူးနှင့် မှန်ဗီရိုအတွင်းရှိ ရှေးဟောင်းပစ္စည်းအချို့ကို တစ်လှည့်စီ ကြည့်နေလေ၏။ သူသည် မည်သည့်စကားမျှမဆိုဘဲ စိုင်းဆဲထူးကို တွေတွေငေးငေး ကြည့်နေတော့၏။

၎င်းရှေးဟောင်းပစ္စည်းမှာ အလျားတစ်ပေခန့်မျှသာ ရှည်လျားသည့် မောက်တိုဓားတစ်လက်ဖြစ်သည်။ အရောင်အဆင်းမှာ မှေးမှိန်သော်လည်း ဓားပုံသဏ္ဌာန်ကို ကြည့်၍ ရှေးဟောင်းနန်းသုံးဓားဖြစ်ကြောင်း ခန့်မှန်း၍ရ၏။

ကျွန်ုပ်နှင့် စိုင်းဆဲထူးမှာ ဆိုင်၏အဝင်ဝတွင် ရှိနေကြရာ ကျွန်ုပ်တို့အနီးသို့ လူများဝိုင်းအုံလျက်ရှိနေသဖြင့်





အခြေအနေမှာ အချိန်မရွေး ရှုပ်ထွေးသွားနိုင်၏။ ဆိုင်ရှင်ပုဂ္ဂိုလ်ကြီးက အစပျိုးလိုက်သည်နှင့် ထိုပရိသတ်ကြီးမှာ ကျွန်ုပ်တို့နှစ်ဦးကို ဝိုင်းတွယ်ကြမှာ သေချာ၏။

သို့သော် ကျွန်ုပ်စိုးရိမ်သည့်အခြေအနေမျိုး ဖြစ်မလာခဲ့ပါ။ ဆိုင်ရှင်ပုဂ္ဂိုလ်ကြီး၏ တည်ကြည်ပြတ်သားစွာ ပြောလိုက်သည့် စကားများကြောင့်ဖြစ်သည်။

ဆိုင်ရှင်က ကျွန်ုပ်အနီးသို့ တိုးကပ်လိုက်ပြီး . . .

“ဒီမှာမောင်ရင် . . . မောင်ရင့်သူငယ်ချင်းကို ထိန်းထိန်းသိမ်းသိမ်း ပြန်ခေါ်သွားပါ၊ သူ့ရဲ့စိတ်တွေ တည်ငြိမ်မှုရှိအောင် ဂရုစိုက်ပါ၊ ဒီကိစ္စတွေအပေါ်မှာ ကိုယ်တယ်လိုမှ သဘောမထားပါဘူး၊ အကြောင်းနဲ့အကျိုး တိုက်ဆိုင်လို့ ဖြစ်သွားတာပါ”

ဟုပြောလိုက်သဖြင့် ကျွန်ုပ်တို့အနီးဝန်းကျင်တွင် ရှိနေကြသူများမှာ သူ၏စကားကြောင့် တအံ့တဩဖြစ်သွားကြ၏။ ကျွန်ုပ်ကလည်း ဖြစ်သမျှကိစ္စအတွက် တောင်းပန်ကြောင်းနှင့် ဆုံးရှုံးသွားသည့် ပစ္စည်းများအတွက် အခကြေးငွေကို တန်ရာတန်ကြေး ပေးလျော်ပါမည့်အကြောင်း တောင်းပန်ပြောလိုက်သည်။

ထိုအခါ ဆိုင်ရှင်ကြီးက သဘောပေါက်စွာ



www.burmeseclassic.com

www.burmeseclassic.com



လည်စွာ ပြုံးလိုက်ပြီး . . .

"မောင်ရင့်ကို ကိုယ်ယုံကြည်ပါတယ်၊ အခုအချိန်မှာ မောင်ရင့်သူငယ်ချင်းကို ဒီနေရာက အမြန်ဆုံးထွက်ခွာစေဖို့ ကြိုးစားစမ်းပါ၊ ဒီရက်ပိုင်းမှာ မောင်ရင် သူ့အနားက မပြတ်စောင့်ကြည့်ပေးဖို့ အထူးလိုအပ်တယ်၊ မောင်ရင်နဲ့ ကိုယ် နောက်တစ်ပတ်တနင်္ဂနွေနေ့မှာ ပြန်ပြီးဆုံကြမယ်"

ဟု ပြောလေ၏။ တစ်ဆက်တည်းမှာပင် ကျွန်ုပ်တို့အား စောင့်ကြည့်နေကြသည့် လူစုလူဝေးကြီးအား ကျွန်ုပ်တို့မှာ တက္ကသိုလ်ကျောင်းသား ပညာတတ်လူငယ်လေးများ ဖြစ်ကြောင်းနှင့် သူတို့ပျောက်ဆုံးနေသည့် ပစ္စည်းကို မိမိဆိုင်တွင် အမှတ်မထင်တွေ့လိုက်ရ၍ စိတ်မထိန်းနိုင်ဘဲ ထိုသို့အကြမ်းဖက်သလိုဖြစ်သွားကြောင်း၊ မိမိကိုယ်တိုင်ခွင့်လွှတ်နားလည်ကြောင်း ပြောဆိုလိုက်သဖြင့် ၎င်းလူစုလူဝေးကြီးမှာ တဖြည်းဖြည်း နောက်ဆုတ်ထွက်ခွာသွားတော့၏။

ထိုအခါ ကျွန်ုပ်လည်း အငှားယာဉ်တစ်စီးဖြင့် ကျွန်ုပ်တို့ နေထိုင်ရာ ကျောင်းဆောင်သို့ ပြန်ခဲ့တော့၏။

✣ ✣ ✣

## အခန်း ( ၄ )

### ကျူရီယိုဆိုင်ရှင်က ဖြေရှင်းလေပြီ

ကျူရီယိုဆိုင်ရှင်ကြီးမှာကြားသည့်အတိုင်း နောက်တစ်ပတ် တနင်္ဂနွေနေ့ နံနက်ခင်းမှာပဲ ကျွန်ုပ်သည် ၎င်း၏ဆိုင်သို့ အရောက်သွားခဲ့သည်။

၎င်းတစ်ပတ်ဟူသော နေ့ရက်များအတွင်း စိုင်းဆဲထူးနှင့် အနီးကပ်နေထိုင်သည့် ကျွန်ုပ်အဖို့ ရုတ်တရက်ပြောင်းလဲသွားသည့် ဆိုင်းဆဲထူး၏ အမူအကျင့်နှင့် စရိုက်သဘာဝများကို တွေ့မြင်ရသဖြင့် မည်သို့မျှ နားလည်နိုင်စွမ်းမရှိအောင် တအံ့တဩဖြစ်ခဲ့ရသည်။

ကျွန်ုပ်တို့လူ့လောကကြီးတွင် အချို့သောဖြစ်ပျက်မှုများမှာ သာမန်အားဖြင့် ဘယ်လိုမှ လက်ခံနိုင်ဖွယ်မရှိဟု



www.burmeseclassic.com

www.burmeseclassic.com



ယူဆရမည် ဖြစ်သော်လည်း ရှေးဟောင်းသုတေသနနှင့် စိတ္တဗေဒဘာသာရပ်ကို လေ့လာလိုက်စားသူ ကျွန်ုပ်အနေဖြင့် ၎င်းဖြစ်ပျက်မှုများအပေါ်တွင် အများကယူဆသည့် တစ်ယူသန်အဖြစ်မျိုး ယုံကြည်သတ်မှတ်သူမဟုတ်ပါ။

ကျွန်ုပ်၏အသက်အရွယ်နှင့် အတွေ့အကြုံမှာ များစွာရင့်ကျက်ခြင်း မရှိသော်ငြား တတ်သိကျွမ်းကျင်ပြီး ပညာဉာဏ် ရင့်ကျက်ပြည့်ဝသည့် ဆရာသမားများထံမှာ ချဉ်းကပ်လေ့လာရင်းဖြင့် ထိုသဘောတရားကို ကျွန်ုပ် သိရှိခဲ့ခြင်းဖြစ်သည်။

သို့ကြောင့်လည်း ကျူရီယိုဆိုင်လေးမှ အစပြုပြီး ထူးခြားစွာပြောင်းလဲသွားသည့် ကျွန်ုပ်၏မိတ်ဆွေ စိုင်းဆဲထူး၏ အမူအရာနှင့် စရိုက်သဘာဝများကို မိတ်ဆွေကောင်းပီသစွာ ဖေးမ,ထိန်းသိမ်းရင်း စောင့်ကြည့်ခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်နေရာတွင် အခြားတစ်ဦးဆိုပါက စိုင်းဆဲထူးကို အချိန်တုံ့ဆိုင်းမနေဘဲ ပညာရေးအတွင်းဝန်ထံ အကြောင်းကြားပြီး စိတ္တဇဆေးရုံသို့ ပို့ဆောင်မှာ အမှန်ဖြစ်သည်။ ထိုအခြေအနေမျိုးဖြစ်သွားပါက စိုင်းဆဲထူး၏ အနာဂတ်ဘဝခရီးမှာ ဘယ်လိုမှ ကောင်းမွန်နိုင်ဖွယ် ရှိ





တော့မည် မဟုတ်ပေ။

ထို့ကြောင့်လည်း ကျွန်ုပ်သည် ကျူရီယိုဆိုင်ရှင် ချိန်းဆိုသည့်နေ့ရက်ကို အလောတကြီး စောင့်မျှော်ခဲ့ခြင်း ဖြစ်သည်။ ၎င်းဆိုင်ရှင်မှာ မည်သူမျှ သည်းခံနိုင်စွမ်း မရှိသည့် ထိခိုက်နစ်နာမှုမျိုးကို ခွင့်လွှတ်ပေးနိုင်စွမ်းသည်မှာ များစွာအံ့ဩဖွယ်ဖြစ်၏။ ထိုစဉ်က သူ၏အမူအရာမှာလည်း သာမန်အခြေအနေမျိုး မဟုတ်တာကို ကျွန်ုပ် သတိထားမိသည်။

ထိုဖြစ်ပျက်မှု၏နောက်ကွယ်တွင် မည်သို့သော အကြောင်းအရာများ ရှိလေမလဲ။

ကျွန်ုပ် နားမလည်နိုင်အောင် ဖြစ်ခဲ့ရသည်။

ကျွန်ုပ်နားမလည်နိုင်မှုများမှာ သူနှင့်ဆုံတွေ့ပြီး သူ၏စကားများကို ကြားရသည့်အခါ ယခင်ကထက် အဆများစွာ တအံ့တဩဖြစ်သွားတော့သည်။

ကျွန်ုပ်ရောက်ရှိသွားသောအခါ သူသည် သူ၏ဆိုင်ကို ဖွင့်သည်ဆိုရုံမျှသာ ဖွင့်ထားသော်လည်း မည်သည့်ပစ္စည်းကိုမျှ ခင်းကျင်းထားခြင်းမရှိပေ။ မဖြစ်မနေ ကျွန်ုပ်ရောက်ရှိလာမှာကိုလည်း ကြိုသိထားပုံရ၏။

ကျွန်ုပ်ကိုမြင်သည်နှင့် တည်ငြိမ်သည့်လေသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ခေါ်လေ၏။ သူ၏အသွင်အပြင်ကို အကဲခတ်ရသည်မှာ အနည်းငယ်ထူးဆန်းသလို ထင်မှတ်မိသည်။ လွန်ခဲ့သည့်တစ်ပတ်ခန့်က တွေ့ဆုံစဉ်က အသွင်အပြင်မျိုး မဟုတ်ဘဲ ကုန်သည်ပွဲစားကြီးများကဲ့သို့ သစ်လွင်ခံ့ညားသည့်အသွင်အပြင်နှင့် ဟန်အမူအရာမျိုး မြင်တွေ့လိုက်ရ၍ ဖြစ်သည်။

သူသည် အတော်အတန်ကြီးမားခန့်ထည်သည့် အနက်ရောင်စားပွဲကြီး၏ နောက်ဘက်ရှိ ကုလားထိုင်တွင် ဆိုင်အဝင်ဝသို့ မျက်နှာမူလျက်ထိုင်နေ၏။ ၎င်းအနီးသို့ ကျွန်ုပ်ရောက်သွားတော့ ထိုစားပွဲကြီးမှာ အတော်အတန် ရှေးကျသော ရှေးဟောင်းပရိဘောဂစားပွဲကြီးဖြစ်ကြောင်း သိရှိလိုက်၏။

သူက ကျွန်ုပ်ကို နှစ်လိုဖွယ်ပြုံးလျက် . . .

"ကိုယ်မှန်းထားတဲ့အချိန်ထက် စောပြီး မောင်ရင် ရောက်လာလိမ့်မယ်လို့ ထင်ထားတာ . . . ကိုယ်ထင်တဲ့ အတိုင်း တကယ်ဖြစ်နေပါလား"

ဟုပြောပြီး သူနှင့်မျက်နှာချင်းဆိုင်ကုလားထိုင်တွင် ကျွန်ုပ်အားထိုင်ရန် လက်ကိုဆန့်ထုတ်ညွှန်ပြလေ၏။

ကျွန်ုပ်လည်း ထိုကုလားထိုင်တွင်ထိုင်လျက် မည်





သည့်စကားကို စ၍ပြောရမှန်းမသိအောင် စိုးတန့်တန့် ဖြစ်နေမိသည်။ အပြစ်ရှိ၍ ရင်ဆိုင်ရသည့် ကျောင်းသား တစ်ဦးက ပါမောက္ခကြီး၏ရှေ့တွင် ရောက်ရှိနေပြီး မိမိ အပြစ်ကို ဝန်ခံနေသည့်အလား သိမ်ငယ်စိုးရွံ့ခံစားနေ ရသည်။

ကျွန်ုပ်၏မိတ်ဆွေ စိုင်းဆဲထူး ကျူးလွန်ခဲ့သည့် အပြစ်များအတွက် ထိုက်သင့်သည့် အခကြေးငွေပေး၍ တောင်းပန်စကားပြောကြားရန် စိတ်ကူးခဲ့သမျှသည်လည်း ထိုပုဂ္ဂိုလ်ကြီးနှင့် တွေ့ဆုံသည်တွင် မည်သို့စကားအစ ပျိုရမှန်းမသိ ဖြစ်သွားတော့သည်။

သူသည် ခြင်္သေ့ဦးခေါင်းသဏ္ဍာန်ရှိ ရေမြှုပ်ဆေးတံ ကို လက်ကိုင်ပဝါဖြင့် ပွတ်သပ်နေ၏။ ထို့နောက် ကတ်လဒ် ဆေးသားကို တဖြည်းဖြည်းပွတ်ချေပြီး ၎င်းဆေးတံအိုး အတွင်း ထည့်ကာ ဆေးတံကိုမီးညှိလေ၏။ ထိုစဉ်မှာပဲ ကုလားလူမျိုး အစေခံလူငယ်တစ်ဦးက ကြေးနီရောင် လင်ပန်းတစ်ချပ်တွင် ကော်ဖီပန်းကန်များတင်လျက် အတွင်း ခန်းမှထွက်လာ၏။

ကျွန်ုပ်နှင့်၎င်း၏ရှေ့သို့ ကော်ဖီပန်းကန်များ ကိုယ်တိုင်ချပေးပြီး အစေခံကုလားလူငယ် ထွက်ခွာသွားသည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သူသည် မည်သည့်စကားမျှမဆိုဘဲ ဆေးတံကိုသာ တွင်တွင်ဖွာလျက်ရှိသည်။ ထိုအမူအရာမှာ ကျွန်ုပ်အဖို့ ပို၍ပင် သည်းမခံနိုင်လောက်အောင် အနေကျုံ့သလို ခံစားရသဖြင့် ကျွန်ုပ်လည်း တစ်စုံတစ်ရာပြောမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ပြီး ၎င်းအားကြည့်လိုက်သည့် အခိုက်အတန့်မှာပဲ ပြောလိုသည့်စကားများမှာ လည်ဝသို့ အရောက်မှာပဲ တစ်ဆို့သွားပြန်၏။

သူက အတန်ငယ်ကြီးမားသည့် ကတ္တီပါအိတ်ကြီးတစ်ခုကို စားပွဲပေါ်သို့ တင်လိုက်သောကြောင့်ဖြစ်သည်။ တစ်ဆက်တည်းပင် သူသည် ကတ္တီပါအိတ်အတွင်းက ပစ္စည်းကို ထုတ်ယူလိုက်ပြီး စားပွဲပေါ်သို့တင်လိုက်သည်နှင့် ကျွန်ုပ်မျက်ဝန်းတွေမှာ အထိတ်တလန့် ပြူးကျယ်သွားတော့၏။

အလျားတစ်ပေခွဲခန့်ရှည်လျားသည့် ရှေးဟောင်းနန်းသုံး မောက်တိုဓားတစ်ချောင်းဖြစ်သည်။ ထိုဓားသည် ကျွန်ုပ်၏မိတ်ဆွေ စိုင်းဆဲထူးကို ရှုံးသွပ်သူကဲ့သို့ ခံစားသွားစေသည့်ပစ္စည်းဖြစ်၍ ကျွန်ုပ်သည် ရွံရှာစက်ဆုပ်စွာ ကြည့်နေမိသည်။

ထိုပုဂ္ဂိုလ်ကြီးက ရုတ်တရက်ပြောင်းလဲသွားသော





ကျွန်ုပ်၏အမူအရာကိုကြည့်၍ နှစ်ခြိုက်စွာပြုံးလျက် ဆေးတံကို အားပါးတရဖွာရှိုက်လိုက်ပြီး ကော်ဖီမအေးခင် သောက်လိုက်ပါဦးဟုပြောကာ ၎င်းကိုယ်တိုင်လည်း ကော်ဖီကိုသောက်လေ၏။

ကော်ဖီသောက်ပြီးသည်နှင့် ပြောလာသည့် ၎င်း၏စကားများကို နားထောင်လျက်က ကျွန်ုပ်သည် အံ့ဩခံစားရလွန်းသဖြင့် မကြာခဏ ပင့်သက်ရှိုက်လျက် ဖြစ်နေတော့သည်။

"မောင်ရင့်သူငယ်ချင်းရဲ့ အခြေအနေကို ကိုယ့်ကိုမပြောခင် ကိုယ်ပြောတာတွေကို ပြည့်စုံအောင် မောင်ရင်နားထောင်စေချင်တယ်၊ မောင်ရင်ဟာ ရှေးဟောင်း သုတေသနကို အထူးစိတ်ဝင်စားတဲ့ ခေတ်ပညာတတ်လူငယ်တစ်ယောက်ဖြစ်လို့ ကိုယ့်စကားတွေကို ယုံကြည်လက်ခံလိမ့်မယ်လို့ ကိုယ်ယူဆတယ်၊ သာမန်လူတစ်ဦးတစ်ယောက်အနေနဲ့တော့ ကိုယ့်စကားတွေဟာ ယုံတမ်းစကားတွေ၊ ဖြစ်နိုင်ခြေမရှိတဲ့စကားတွေလို့ ထင်မှတ်ပြီး ကိုယ့်ကို ပြန်ပြီးပျက်ရယ်ပြုကြမှာ အမှန်ပဲ၊ မောင်ရင့်သူငယ်ချင်း ဘာကြောင့် အဲဒီလိုဖြစ်သွားရတယ်ဆိုတာကို ကိုယ်ပြောတာတွေကို မောင်ရင်သိရှိတာနဲ့ သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံလိမ့်မယ်လို့ ကိုယ်မျှော်လင့်ပြီး မောင်ရင့်ကို အခုလို ချိန်းလိုက်တာပေါ့"

ဟု စကားအစပျိုးလိုက်ပြီး လက်ကျန်ကော်ဖီကို တစ်ကျိုက်တည်း မော့သောက်လေ၏။ ကော်ဖီကို အနာ သတ်ပြီးဆုံးအောင် သောက်သုံးပြီးနောက် တက်ကြွရွှ လန်းသည့်အမူအရာဖြင့် ပြောလိုက်သည့်စကားကြော ကျွန်ုပ်လည်း တအံ့တသြဖြစ်ရပြန်၏။

"ဗျာ . . . ဘယ် . . . ဘယ်လို ဦးကြီး . . . ဦးကြ က ဒီလိုအခြေအနေမျိုးရောက်ဖို့ စောင့်မျှော်နေတာ ငါ နှစ်ရှိပြီ . . . ဟုတ်လား"

ကျွန်ုပ် ထိုသို့ဖြစ်ပွားလိမ့်မည်ဟု ပုဂ္ဂိုလ်ကြီးက ကြိုတင်သိရှိထားပုံရ၏။ သူက တည်တည်ငြိမ်ငြိမ်ဖြင့်ပ ဆေးတံကို ဖွာရှိုက်လျက် ဆက်၍ပြောလေ၏။

"အလွန့်ကိုသေချာတာပေါ့ မောင်ရင်ရယ်၊ ကိုယ ရဲ့ အသက်မွေးဝမ်းကျောင်းကို မောင်ရင်လည်း သိပြီးဖြ လို့ ကိုယ် အကျယ်တဝင့် ရှင်းပြမနေတော့ပါဘူး၊ ကိုယ်တ ကျူရီယိုလုပ်ငန်းဆိုတာ တခြားအရောင်းအဝယ်လုပ်ငန် တွေလို ဆိုင်ခန်းလေးတစ်ခန်းမှာ ကိုယ်ရောင်းရမယ ပစ္စည်းတွေကို ဖြန့်ခင်းပြီး ရောင်းချနေရုံနဲ့ ပြီးပြည့်စုံတာ





မဟုတ်ဘူးလေ၊ ကိုယ်ရောင်းမယ့်ပစ္စည်းနဲ့လည်း အကျွမ်း တဝင်ရှိဖို့လိုအပ်သလို ဘယ်လိုပစ္စည်းမျိုးကို ရအောင် ရှာဖွေရမယ်ဆိုတာလည်း ပါးနပ်ကျွမ်းကျင်ဖို့ အထူးလို အပ်တယ်၊ ဒါကြောင့်လည်း ကိုယ်တို့ဟာ တစ်ဖက်က အရောင်းအဝယ်လုပ်နေရသလို တစ်ဖက်ကလည်း ဘယ် လိုပစ္စည်းမျိုးတွေကို ရှာဖွေဝယ်ယူရမယ်ဆိုတာ အမြဲနား စွင့်ပြီး စုံစမ်းရှာဖွေနေကြရတယ် . . .။

သာမန်အားဖြင့်ကြည့်ရင်တော့ ဒီလုပ်ငန်းဟာ စိတ်ပျက်စရာ, စိတ်မရှည်စရာလုပ်ငန်းတစ်ခုလို့ ယူဆရ ပေမယ့် တကယ့်ကို စိတ်ပါလက်ပါနဲ့ တစိုက်မတ်မတ် လုပ်ကိုင်မယ်ဆိုရင် ဘယ်လုပ်ငန်းနဲ့မှမတူတဲ့ အမြတ် အစွန်းတွေ ရနိုင်တယ်ဆိုတာ ဒီလုပ်ငန်းက ကိုယ့်ကို လက်တွေ့ပြလိုက်ပြီလေ . . .။

ရွှေတုံးရွှေခဲ ကျောက်သံပတ္တမြားဆိုတာတွေမှ တန်ဖိုးရှိတာမဟုတ်ပါဘူး၊ လူတွေက အဲဒီရတနာတွေကိုမှ တန်ဖိုးရှိတယ်လို့ ထင်ကြတာ၊ ကိုယ်တို့အတွက်တော့ ဘယ်လိုလူမျိုးမှ အဆုံးစွန်ပြောရင် လမ်းဘေးမှာ ဘယ် သူမှ စိတ်ဝင်စားမှုမရှိလောက်အောင် ညစ်ထေးပေရေ နေတဲ့ အိုးခြမ်းပဲ့လေးတစ်ခုကလည်း ကိုယ်တို့အတွက်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးရှိချင် ရှိနေနိုင်တယ်၊ ဒါမှမဟုတ် ကြေးပြားလေး တစ်ပြား၊ ဒါမှမဟုတ် မှန်ကွဲအချပ်လေးတစ်ချပ်၊ ခွာ လေးတစ်ချောင်း စသဖြင့်ပေါ့လေ . . .။

ကိုယ်ဟာ အဲဒီလို လူအများစု နားမလည်ကြတဲ့ ရှေးဟောင်းပစ္စည်းလေးတွေကို ရှာဖွေရောင်းချရင်း တော် တော်စီးပွားဖြစ်လာတယ် ဆိုပါတော့ကွယ်၊ မောင်ရင် စဉ်းစားကြည့်လေ . . . အလကားနီးပါးဈေးနဲ့ ရရှိထားတဲ့ ပစ္စည်းတစ်ခုကို ကိုယ်ပြောချင်တဲ့ဈေး ပြောပြီး ရောင်းချလို့ ရတဲ့လုပ်ငန်းလောက် အဆင်ပြေတဲ့လုပ်ငန်းမျိုး ဘယ် လုပ်ငန်းရှိပါဦးမလဲ၊ ဒီလိုနဲ့ ကိုယ့်ရဲ့ ဝင်ငွေဟာ တစ်နှစ်ပြီး တစ်နှစ် တိုးပွားလာခဲ့တယ်၊ တိုးပွားလာတာနဲ့အမျှ ကိုယ် ဟာ မကြာခဏ ခရီးထွက်ရတယ်၊ ဘယ်လို အရပ်ဒေသ မှာ ဘယ်လိုအသုံးအဆောင်ပစ္စည်းမျိုးတွေ ရနိုင်တယ်ဆို တာ မပြတ်နားစွင့်ပြီး လက်ဦးမှုရအောင် အရောက်သွားရ တယ်၊ တစ်ခါတစ်ရံ အသက်အန္တရာယ်စိုးရိမ်ဖွယ် အဖြစ် မျိုးတွေနဲ့ ရင်ဆိုင်ရတာလည်း ရှိတယ်၊ အဲဒီလိုလုပ်ကိုင် ရင်းနဲ့ ရရှိလာတဲ့ အကျိုးစီးပွားတွေဟာ မမျှော်လင့်ဘဲ ဆုံးရှုံးရမယ့်အဖြစ်မျိုး ကြုံတွေ့ခဲ့ရတယ်၊ အဲဒီအဖြစ်ဆို ကျရောက်မယ့် ကံကြမ္မာဆိုးကို အသက်သွင်းလိုက်တာ





အဲဒီ မောက်တိုဗေးပဲပေါ့၊ ပိုပြီး တိတိကျကျပြောရမယ် ဆိုရင် အဲဒီအဖြစ်ကို ကြုံဆုံရတာ လွန်ခဲ့တဲ့ငါးနှစ်ကပေါ့”

ဟု ရှည်လျားစွာရှင်းပြပြီးနောက် သူသည် ခြင်္သေ့ဦး ခေါင်း ရေမြှုပ်ဆေးတံကို ဖွာရှိုက်လေရာ ထိုအခါ ဆေးတံ မှာ မီးသေလျက်ရှိနေသဖြင့် သူက အနီးရှိသံဘူးလေးထဲမှ ကစ်ကဒ်ဆေးများကို ပွတ်ချေလျက် ဆေးတစ်ဆုံ ထပ် ဖြည့်လေ၏။

ကျွန်ုပ်လည်း ထင်ရှားစွာမြင်နေရသည့် စားပွဲပေါ် က မောက်တိုဗေးကို အံ့ဩသည့်မျက်ဝန်းဖြင့် ကြည့်နေ လျက် ပြောလာမည့် သူ၏စကားများကို နားစွင့်နေလိုက် သည်။ ၎င်းကလည်း ဆေးဖြည့်ပြီးသည့်ဆေးတံကို မီးညှိ ဖွာရှိုက်လျက်က ထိုဗေးကို ရီဝေသည့်မျက်ဝန်းဖြင့် ကြည့် နေပြန်၏။ တကယ်တော့ သူသည် ထိုသို့ကြည့်နေလျက် က လွန်ခဲ့သည့်ငါးနှစ်ခန့်က ဖြစ်ပျက်မှုများကို တွေးမြင် ယောင်နေခြင်းပင် ဖြစ်သည်။ ထပ်မံကြားရသည့် သူ၏ စကားများက ထိုအဖြစ်ကို ဖော်ပြနေလေ၏။

သူသည် ထိုစဉ်က သည်လုပ်ငန်းအတွက် ခရီး ထွက်ခွာရာ တရုတ်-မြန်မာနယ်စပ်မြို့သို့ ရောက်ရှိခဲ့၏။ ထိုမြို့လေးမှာ နယ်ခြားမြို့ဖြစ်၍ အရောင်းအဝယ်မျိုးစုံ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ သတင်းစုံ လူစုံ စရိုက်စုံတို့ဖြင့် လွန်စွာစည်ကားသည့်မြို့ဖြစ်၏။

သူသည် အင်းဝခေတ် ကြေးသွန်းရုပ်တုပစ္စည်း ရရှိနိုင်မည့်သတင်းကြောင့် ဇင်းနယ်ခြားမြို့ကလေးသို့ ရောက်ရှိလာခြင်း ဖြစ်သည်။ ဦးစွာပထမ ရှမ်းပြည်နယ် နောင်ပွန်အရပ်သို့ ရောက်ရှိခဲ့၏။ ဇင်းရှေးဟောင်းပစ္စည်းမှာ ရှမ်းစော်ဘွားအနွယ် မျိုးဆက်တစ်ဦး၏လက်ဝယ်တွင် ရောက်ရှိနေသည်ဟု သတင်းရရှိသဖြင့် နောင်ပွန်မြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထိုရှေးဟောင်းပစ္စည်းမှာ သူ၏လက်ဝယ်သို့ ရောက်ရှိခဲ့ပါက အဘယ်မျှအကျိုးအမြတ်များမည်ကို ကြိုတင်တွက်ဆပြီးဖြစ်၍ ဇင်းပစ္စည်းရရှိနိုင်ရန်အတွက် ထိုသို့ စွန့်စားထွက်ခွာလာခဲ့ခြင်းဖြစ်သည်။ ထိုပစ္စည်းနှင့် သက်ဆိုင်သည့် သမိုင်းဆိုင်ရာ နောက်ခံအချက်အလက်များကို လေ့လာစုဆောင်းထားပြီး ဖြစ်သည်။

သို့သော် ထိုဒေသသို့အရောက်တွင် သူ၏မျှော်လင့်ချက်မှာ လွဲချော်သွားလေ၏။ ထိုပစ္စည်း လက်ဝယ်ရှိသူ ရှမ်းစော်ဘွားအနွယ်ဝင်ပုဂ္ဂိုလ်ကြီးမှာ လွန်ခဲ့သည့်နှစ်အနည်းငယ်ခန့်က ကွယ်လွန်သွားပြီဖြစ်ကြောင်းနှင့် ဇင်း





၏မျိုးဆက်သားသမီးများမှာလည်း အခြားအရပ်ဒေသများသို့ ပြောင်းရွှေ့သွားကြသဖြင့် မည်သို့မျှ စုံစမ်း၍မရဘဲ ဖြစ်သွားတော့သည်။

ထိုသို့သောအဖြစ်မျိုးမှာ သူ့အဖို့ ထူးဆန်းသောကိစ္စမျိုး မဟုတ်သဖြင့် သူသည် စိတ်ပျက်ခြင်းမဖြစ်မိပေ။ ထိုအဖြစ်မျိုး အကြိမ်ကြိမ်ကြုံတွေ့ဖူးပြီးဖြစ်သည်။ နှစ်ပေါင်း ရာထောင်ချီ၍ ကြာမြင့်ခဲ့ပြီဖြစ်သည့် ရှေးဟောင်းအသုံးအဆောင်ပစ္စည်းမျိုးကို တန်ဖိုးထား၍ တရိုတသေသိမ်းဆည်းသူ သို့မဟုတ် တန်ဖိုးထားရကောင်းမှန်းသိသူ ထိုသူများကို သူ၏အတွေ့အကြုံအရ လွန်စွာ တွေ့ရခဲ၏။

သူသည် ဇင်းတန်ဖိုးကြီး ရှေးဟောင်းပစ္စည်းများ၏ သတင်းကို အခိုင်အမာရရှိ၍ ထိုအရပ်ဒေသသို့ စရိတ်များစွာ အကုန်အကျခံ သွားရောက်သော်လည်း ထိုပစ္စည်းကို လက်ဝယ်ရရှိထားသူက ကောင်းမွန်စွာ ထိန်းသိမ်းထားခြင်းမရှိသဖြင့် ဘယ်လိုမှရှာဖွေမရနိုင်အောင် ပျောက်ဆုံးပျက်ရှိနေသည့် အဖြစ်မျိုး ကြုံတွေ့ရသည်မှာ အကြိမ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်သည်။

သို့နှင့် သူသည် ထိုဒေသတွင် အချိန်ဖင့်နွှဲမနေဘဲ ချက်ချင်းထွက်လက်စဖြင့် တရုတ်-မြန်မာနယ်ခြားမြို့ကလေးသို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခွာခဲ့လေ၏။ ထိုဒေသတွင် သူ့အတွက် အကျိုးရှိနိုင် မည်ဟု နောင်ပွန်မြို့မှ ဒေသခံများက အကြံပြုပြောကြား လိုက်၍ဖြစ်သည်။

၎င်းတို့ပြောသည့်အတိုင်းပင် ထိုမြို့ကလေးသို့ ရောက်ရှိပြီး နှစ်ရက်ခန့်အကြာတွင် သူမျှော်လင့်နေသည့် သတင်းမျိုး ကြားရတော့၏။ ထိုသတင်းစကားကို ပြောလာ သူမှာ လူရည်လည်သည့် တရုတ်ကပြား ကုန်သည်တစ်ဦး ဖြစ်သည်။

ကျူရီယိုလုပ်ငန်းနှင့်ပတ်သက်၍ အတော်အတ တီးမိခေါက်မိဆိုသလို နားလည်သူဖြစ်သည်။

"မိတ်ဆွေအတွက် အကျိုးရှိမယ့်ကိစ္စပါ၊ မိတ်ဆွေ စိတ်ဝင်စားရင်ပေါ့လေ"

"စိတ်ဝင်စားတာပေါ့ဗျာ၊ စိတ်ဝင်စားလို့လည်း ကျူရီယိုလုပ်ငန်းအတွက် အခုလို စွန့်စားထွက်လာခဲ့တာ ပေါ့"

"ကျုပ်လည်း အကဲခတ်မိပါတယ်ဗျာ၊ ကျုပ် အလုပ်က ကုန်သည်အလုပ်မျိုးထက် ပွဲစားအလုပ်ကို ပိုပြီး အလုပ်များတာဆိုတော့ ပွဲစားဆိုတဲ့အဘိဓာန်ကို မိတ် ဆွေလည်း သဘောပေါက်မယ်ထင်ပါရဲ့"





"ဟား . . ဟား . . ကြိုက်ပြီကိုယ့်လူ၊ အဲဒီ အတွက် စိတ်ချပါ၊ တကယ်အလုပ်ဖြစ်ရင် ကိုယ့်လူ နစ် နာမှုမရှိအောင် ကျုပ်စီစဉ်ပေးဖို့ ဆုံးဖြတ်ထားပါတယ်"

ထိုသူမှာ ကုန်သည်ပွဲစားဖြစ်၍ တရုတ်ပြည်နှင့် မြန်မာနိုင်ငံအတွင်း ကူးသန်းသွားလာနေသူဖြစ်၍ သူ့ အတွက် များစွာအဆင်ပြေသွား၏။

ထိုသို့ သဘောတူညီမှုရရှိပြီးနောက် သူသည် ထို ကုန်သည်ပွဲစားနှင့် တရုတ်ပြည်မကြီးသို့ လိုက်ပါသွားလေ ၏။ လွန်စွာ ဈေးကျသည့် ရှေးဟောင်းပစ္စည်းတစ်မျိုး ဝယ် ယူရရှိနိုင်မည့် အခွင့်အရေးမျိုးဆိုတာ ထိုသို့ပင် မထင်မှတ် ဘဲ ကြုံကြိုက်လာစမြဲ ဖြစ်သည်။

ထိုပစ္စည်းရရှိနိုင်မည့် အရပ်ဒေသသို့ တစ်ညအိပ် ခရီးမျှ သွားလာခဲ့ရ၏။ နယ်ခြားနှင့် ပြည်မကြီး၏အကြား အစပ်မြို့ကလေး ဖြစ်သည်။ လက်မှုပညာကို အဓိက အားပြုလုပ်ကိုင်ကြသည်ကို တွေ့ရသဖြင့် စီးပွားရေးအနေ အထားမှာ အသင့်အတင့်မျှသာဖြစ်သည်။

ထိုအခြေအနေမှာ သူ၏လုပ်ငန်းအတွက် အား သာချက်တစ်မျိုး ဖြစ်သည်။

ငွေကြေးကြွယ်ဝချမ်းသာသူများ၏ လက်ဝယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ပစ္စည်းမဆို တန်ဖိုးရှိစမြဲဖြစ်သည်။ ငွေကြေး မပြည့်စုံသူများအတွက်တော့ အရာရာသည် မရှိဝမ်းစာ ဆိုသကဲ့သို့ပင် ဝမ်းစာအတွက် ရင်းရသဖြင့် တန်ဖိုးနိမ့်က ရစမြဲဖြစ်သည်။ ၎င်းတို့အတွက် ဘယ်လိုမှ အသုံးဝင်နိုင် စွမ်းမရှိသည့် ရှေးဟောင်းပစ္စည်းမျိုးဆိုလျှင်တော့ ဆိုဖွယ် ရာ မရှိတော့ပေ။

ထိုကုန်သည်ပွဲစား၏ ဦးဆောင်မှုဖြင့် သူသည် မြို့ကလေး၏ အနောက်ဘက်စွန်ရှိ လူနေရပ်ကွက်တစ် ကို ရောက်ရှိခဲ့၏။

သူတို့အား တင်ဆောင်လာသည့် လန်ချားသည် အိမ်တစ်အိမ်ရှေ့သို့အရောက်တွင် ရပ်တန့်သွား၏။

အိမ်ဟုဆိုရသော်လည်း မြေစိုက်တဲသာသာမျှ လောက်သော အနေအထားမျိုး ဖြစ်သည်။

ထိုအခိုက် သူသည် ထူးခြားစွာ ခံစားလိုက်ရ၏၊ သူ၏ရင်တွင်း၌ ရုတ်တရက် တင်းတင်းကျပ်ကျပ် ခံစာ သွားခြင်းဖြစ်သည်။ ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း လေးလံ ထုံထိုင်းသကဲ့သို့ ဖြစ်နေ၏။

ထိုအိမ်အတွင်းသို့ သူတို့နှစ်ဦး ရောက်ရှိသွားသော အခါ ကုန်သည်ပွဲစားက တရုတ်စကားဖြင့် ပြောဆိုပြီ

ထိုအိမ်ရှိမိသားစုများနှင့် သူ့ကို မိတ်ဆက်ပေး၏။ ပြီး နောက် သူတို့ဘာသာစကားဖြင့် စကားများစွာပြောဆို ကြ၏။ ၎င်းတို့စကားကို နားလည်နိုင်စွမ်းမရှိသော်လည်း ၎င်းတို့၏အမူအရာကိုအကဲခတ်၍ အခြေအနေကို စောင့်ကြည့်နေလိုက်သည်။

အချိန်တစ်ခဏအတွင်းမှာပင် ထိုအိမ်သား တရုတ်များ သည် အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်း၊ လှိုက်လှဲ ဝမ်းသာခြင်းဟူသည့် အမူအရာများကို ၎င်းတို့၏မျက်နှာ ပေါ်တွင် သိသာစွာ ထင်ဟပ်သွားတော့သည်။

ထို့နောက်ပိုင်း ဖြစ်ပျက်မှုများမှာ သူ့ဘဝတွင် ဘယ်လိုမှ မေ့ပျောက်၍ရမည်မဟုတ်တော့ပါ။ သူ့အား ပြောဆိုသည့် တရုတ်ကုန်သည်ပွဲစား၏ စကားများကို တုံ့ ပြန်ငြင်းဆန်၍ မရလောက်အောင် ရင်တွင်း၌ တစ်စုံတစ် ရာ တွန်းအားပေးနေသလို ခံစားနေရ၏။

ထိုမိသားစုအတွင်းမှ အသက်ခုနစ်ဆယ်ဝန်းကျင် အရွယ် တရုတ်အဘိုးအိုတစ်ဦးကို လူငယ်တစ်ဦးက တွဲ ခေါ်ပြီး လန်ချားတစ်စီးဖြင့် ထွက်ခွာသွား၏။ အချိန် အတော်ကြာသည်တွင် ၎င်းတို့နှစ်ဦး ပြန်လည်ရောက် ရှိလာ၏။ ၎င်းတို့နှင့်အတူ သားရေအိတ်လေးတစ်လုံးပါ







www.burmeseclassic.com

www.burmeseclassic.com



လာသည်။

သူတို့ရှေ့သို့ရောက်သည်နှင့် ထိုအိတ်တွင်းမှ ပစ္စည်းကို ထုတ်ယူပြီး သူ၏ရှေ့တွင်ချလိုက်လေ၏။ ထို ပစ္စည်းမှာ ရှေးစစ်သည်များအသုံးပြုသည့် မောက်တိုခေါ တစ်လက် ဖြစ်ပေတော့၏။

သူသည် မဆိုင်းမတွပင် ဓားကိုကောက်ယူလိုက် ပြီး ဓားတွင်ပေကျံနေသည့် မြေမှုန့်မြေခဲများကို ပွတ်သပ် ဖယ်ရှားလိုက်ရာ ဓားမှာ ရှေးကျသည့် ထီးသုံးနန်းသုံး အမျိုးအစား ဓားတစ်လက်ဟု ယူဆနိုင်သလို ရှေးစစ်သူ ကြီး၊ စစ်သေနာပတိ . . . စသည့် ရာထူးရှိသူများသာ ကိုင်ဆောင်သည့် ဓားတစ်လက်ဟုလည်း ယူဆနိုင် ကြောင်း သိရှိလိုက်၏။

ထူးခြားသည်မှာ ဓားလက်ကိုင်မှာ ဆင်စွယ်ရိုးဖြစ် ပြီး ၎င်းအရိုးပေါ်တွင် ထွင်းထုသည့်လက်ရာမှာ အံ့မခန်း ကောင်းမွန်လှ၏။ ခြင်္သေ့သုံးကောင်ကို ဓားရိုးတိုင်ပတ် လည်တွင် အရွယ်အစားတူညီစွာ ထုလုပ်ထားခြင်းဖြစ် သည်။

ထိုခြင်္သေ့သုံးကောင်၏ ဦးခေါင်းထက် ဓားရိုးထိပ် နှင့် ကပ်၍ ထင်ရှားစွာရေးထိုးထားသည့် အမည်မှာ သူ





အဖို့ စိတ်အဝင်စားဆုံးဖြစ်သည်။ သူရိယဟူသော အမည် ဖြစ်သည်။ ထိုအမည်မှာ ဘယ်လိုမှ တရုတ်အမည်မျိုး သက်ရောက်နိုင်ဖွယ် မရှိ။ ဓား၏အသွင်အပြင်မှာလည်း တရုတ်လူမျိုးများအသုံးပြုသည့် အသွင်အပြင်မျိုးမဟုတ် သည်မှာ ထင်ရှား၏။ ထိုဓားမှာ မည်သည့်ရာစုနှစ် ခေတ် ကာလက အသုံးပြုသည့်ဓားမျိုးဖြစ်သည်ကို မှန်းဆနိုင် စွမ်း မရှိသော်လည်း လွန်စွာရှေးကျသည့် ဓားတစ်လက် ဖြစ်သည်ကိုတော့ သူကောင်းစွာသိရှိ၏။

သူသည် မည်သူ့ကိုမျှ သတိမပြုနိုင်လောက် အောင် ထိုပစ္စည်းပေါ်တွင် အာရုံစူးနစ်စွာ ကျရောက်နေ လေရာ ထိုစဉ်မှာ ပြောဆိုနေသည့် တရုတ်ကုန်သည်ပွဲစား ၏ စကားများကို ငြင်းပယ်မည်လား၊ လက်ခံမည်လား ဝေခွဲနိုင်စွမ်းမရှိ ဖြစ်နေလေ၏။

သူသည် အသိတရားများကို ကောင်းစွာစုစည်း မိစဉ်မှာတော့ သူသည် ထိုပစ္စည်းကို တရုတ်ငွေငါးရာကျပ် ဖြင့် ဝယ်ယူရန် သဘောတူ၍ ငွေပေးချေပြီးဖြစ်နေတော့ ၏။

ကျွန်ုပ်သည် သူ၏စကားကို နားထောင်နေလျက် က စားပွဲပေါ်တွင်ရှိနေသည့် မောက်တိုဓားကို မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိ၏။

ထို့နောက်ပိုင်း ဖြစ်ပျက်မှုများကို ကြားရစဉ်မှာ
တော့ ကျွန်ုပ်သည် အသက်ပင်မရှူဝံ့အောင် တအံ့တသြ
ဖြစ်ရတော့သည်။

"သာမန်အနေအထားအရဆိုလျှင် ကိုယ်ဟာ အဲဒီ
ပစ္စည်းကို အလကားဈေးလောက်နဲ့ ရနိုင်တာပေါ့။ ဒါပေမဲ့
အဲဒီအချိန်မှာ ကိုယ့်ရဲ့အာရုံခံစားမှုတွေဟာ အိပ်မွေ့ချခံ
ရပြီး အမိန့်ပေးသမျှ လုပ်ကိုင်နေရသလို ဖြစ်နေတယ်၊
သတိတွေ ပုံမှန်အတိုင်း ပြန်လည်စုစည်းမိတဲ့အချိန်မှာ
ကိုယ့်အခြေအနေက လက်လွှန်နေပြီ၊ ကိုယ့်အဖြစ်ကိုယ်
ရှက်လွန်းတာကြောင့် ကိုယ်လည်း အထွေအထူး ဘာမှ
ပြောမနေတော့ဘဲ အမြန်ထွက်ခွာခဲ့တယ် . . .။

တကယ်ဆိုရင် ကိုယ့်အနေနဲ့ ဒီပစ္စည်းရဲ့ နောက်
ကြောင်း ရာဇဝင်နဲ့ ဘယ်လိုအကြောင်းနဲ့ သူတို့လက်ဝယ်
ရောက်ရှိနေသလဲဆိုတာကို အကျိုးသင့်အကြောင်းသင့်
စုံစမ်းသင့်တာပေါ့။ အဲဒီလို မလေ့လာမစုံစမ်းမိခဲ့တဲ့ အ
တွက် အဲဒီပစ္စည်း ကိုယ့်လက်ထဲရောက်လို့ ရက်အနည်း
ငယ်အတွင်းမှာပဲ ကိုယ့်ဘဝမှာ ဆင့်ကဲဆင့်ကဲဆိုသလို
ကံကြမ္မာဆိုးတွေနဲ့ ရင်ဆိုင်ခဲ့ရတယ် . . .။





တကယ်တော့ ကိုယ်သာလျှင်မဟုတ်ပါဘူး၊ ဒီ
ပစ္စည်းကို လက်ဝယ်ရရှိထားတဲ့ မိသားစုအဆက်ဆက်
တိုင်းရဲ့ ဘဝတွေလည်း ကံကြမ္မာဆိုးနဲ့ ရင်ဆိုင်ခဲ့ရတယ်ဆို
တာကို အချိန်အတော်ကြာမှ ကိုယ်လည်း စုံစမ်းသိရှိခဲ့
ရတယ်၊ သူတို့ဟာ ကိုယ်တို့လို ကျူရီယိုအရောင်းဆိုင်တွေ
ကို အကြိမ်ပေါင်းများစွာ ရောင်းချခဲ့တယ်၊ တစ်ခါကဆိုရင်
မရောင်းဘဲ အလကားပေးပစ်ခဲ့တယ်၊ သို့ပေမယ့်လည်း
အဲဒီပစ္စည်းဟာ ကာလမကြာခင်မှာပဲ သူတို့ဆီကို ပြန်ပြီး
ရောက်လာတယ်၊ အဲဒီပစ္စည်းကို လက်ဝယ်ထားရှိသူဟာ
ကံကြမ္မာဆိုးနဲ့ ရင်ဆိုင်ကြရလို့ အဲဒီပစ္စည်းကို ကျိန်စာသင့်
တဲ့ပစ္စည်းဆိုပြီး ဘယ်သူမှ သိမ်းဆည်းမထားဝံ့လောက်
အောင် ဖြစ်နေတယ်၊ သို့ကြောင့်လည်း အဲဒီပစ္စည်းက
မူလပိုင်ရှင်ထံကိုပဲ ပြန်ပြီးရောက်လာတာပေါ့ . . .

ဒီလိုနဲ့ မျိုးဆက်များစွာ ဆင့်ကဲလာလိုက်တာ
ကိုယ်ဝယ်ယူခဲ့တဲ့ ပိုင်ရှင်အဖိုးအိုလက်ထဲ ရောက်ရှိခဲ့တယ်
ဆိုပါတော့၊ သူကလည်း အဲဒီပစ္စည်းကို လက်ဝယ်သိမ်း
မထားဝံ့တာကြောင့် သူတို့မြို့အဝင်မှာရှိတဲ့ ညောင်လန်း
ပင်ကြီးအောက်မှာ နှစ်ပေါင်းများစွာကြာတဲ့အထိ တူးဖော်
ယူငင်ခြင်းမပြုဘဲ မြှုပ်နှံထားခဲ့တယ်၊ ဒီလိုနဲ့ ကိုယ့်လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတယ်ဆိုပါတော့ . . .။

အတိုချုပ်ပြောရရင် အဲဒီမောက်တိုခါးဟာ မျိုးဆက်များစွာ လက်ဆင့်ကမ်းသယ်ဆောင်ခဲ့တဲ့ ကျိန်စာသင့် ရှေးဟောင်းပစ္စည်းဆိုတာ ကိုယ်လည်း ကိုယ်တွေ့ကြုံမှ သိလိုက်ရတယ်၊ ကိုယ့်တစ်သက်မှာ ဒီလိုပစ္စည်းမျိုးတွေနဲ့ စီးပွားရေးလုပ်လာခဲ့တာဖြစ်လို့ အဲဒီအယူအဆကို အရင်တုန်းက လက်ခံခဲ့တာ မဟုတ်ဘူး၊ ဒါကြောင့်လည်း အဲဒီပစ္စည်းနဲ့ပတ်သက်တဲ့ သတင်းစကားတွေကို နောက်ပိုင်းမှာ ကြားသိခဲ့ရပေမယ့် ကိုယ်လက်မခံခဲ့ပါဘူး၊ ဒီလိုနဲ့ နှစ်အနည်းငယ်အတွင်းမှာပဲ ကိုယ့်ဘဝမှာ ကံကြမ္မာဆိုးတွေနဲ့ ဆက်တိုက်ဆိုသလို ကြုံတွေ့ရတော့တယ်၊ ကိုယ့်ရဲ့စည်းစိမ်ဥစ္စာတွေလည်း တစ်နှစ်ဆိုတဲ့ ကာလအတွင်း ကုန်းကောက်စရာမရှိလောက်အောင် ပျက်စီးဆုံးရှုံးခဲ့ရတယ်”

ကိုနေရာအရောက်မှာတော့ သူသည် စကားကို ရပ်တန့်လျက် နှစ်မြှုက်စွာပြုံးလေ၏။ ထိုသို့ပြုံးနေလျက်က ဆေးတံကို မီးပြတ်မသွားစေရန် ဖွာရှိုက်ပြန်၏။ အတန်ငယ်ဖွာရှိုက်ပြီးနောက် . . .

“အခုတော့လည်း အရင်တုန်းက ကိုယ် အလွန်ရှုံ





ရှာမှန်းတီးခဲ့တဲ့ ဒီပစ္စည်းက ကိုယ်ဆုံးရှုံးခဲ့တဲ့ စီးပွားဥစ္စာတွေထက် အဆများစွာသာလွန်တဲ့ ဥစ္စာဓနတွေကို ကိုယ့်ကို ပြန်ပြီးဖြည့်ဆည်းပေးခဲ့ပြီလေ”

ဟုပြောပြီး ထိုစဉ်က သူရင်ဆိုင်ကြုံတွေ့ခဲ့ရသည်များကို စီကာစဉ်ကာ ပြောလေတော့၏။

သူရင်ဆိုင်ခဲ့ရသည့် ကံကြမ္မာအဖြစ်ဆိုးမှာ တစ်နှစ်အတွင်းမှာဖြစ်သည်။ လူနေထူထပ်သည့် မြို့ပြကြီးမှာ နေထိုင်ပါလျက်၊ သူ့ထက်အဆများစွာ ကြွယ်ဝချမ်းသာသူများ အပုံအပင် ရှိနေကြပါလျက် သူ၏နေအိမ်ကိုမှရွေး၍ လူဆိုးများ၏ ဓားပြတိုက်ခြင်း ခံခဲ့ရ၏။

ထိုဖြစ်ပျက်မှုပြီးတော့ ခြောက်လခန့်အကြာမှာပဲ သူ၏နေအိမ်မှာ မီးလောင်သည့်အထဲတွင် ပါဝင်ခဲ့ရပြန်၏။ ထို့နောက်တော့ သူ၏လုပ်ငန်းမှာ နာလံမထူနိုင်လောက်အောင် ကျဆင်းသွားလေ၏။ သူ၏အော်စတင်ကားကို ရောင်းချလိုက်ရ၏။ ငွေအရင်းအနှီးဖြင့် စီးပွားရေးကို ကျားကုတ်ကျားခဲ ကြိုးစားလုပ်ကိုင်နေလျက်က တစ်နေ့တွင် မြင်းရထားတစ်စီး၏ အရှိန်ဖြင့်ဝင်တိုက်ခြင်းကို ခံရပြီး သုံးလခန့် ဆေးကုသခြင်းခံရပြန်၏။

ထိုအခါ သူသည် မိမိဘဝအပေါ်မှာ မခံမရပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်သွား၏။ ထိုအဖြစ်ဆိုးများသည် တစ်စုံတစ်ခုသောအကြောင်းတရားကြောင့် သူ့ဘဝအပေါ် သက်ရောက်ခြင်းဖြစ်မည်ဟု ယုံကြည်လိုက်လေရာ ထိုသက်ရောက်မှုမှာ အခြားကြောင့်မဟုတ်၊ သူ၏လက်ဝယ်သို့ ရောက်ရှိလာသည့် ကျိန်စာသင့်နေသော ရှေးဟောင်းပစ္စည်း မောက်တိုဓားပင်ဖြစ်ရမည်ဟု မှတ်ယူလိုက်၏။

တပေါင်းလပြည့်ကျော်တစ်ရက်နေ့မှာ ဖြစ်သည်။ နွေရာသီအပူဒဏ်က ဝန်းကျင်တစ်ခွင်အပေါ် အပူလှိုင်းတို့ ရှိန်းရှိန်းထလျက်ရှိ၏။

အပူရှိန်လျော့ပါးသည့် ညနေခင်းအချိန်ကို ရွေးချယ်ပြီး ကမ်းနားလမ်းတစ်လျှောက် တဖြည်းဖြည်း လျှောက်လှမ်းလာသူတစ်ဦးသည် ကီလီဆိပ်ခံတံတားဘက်သို့ ချိုးကွေ့သွား၏။

ထိုသူသည် ခြေလှမ်းကို တုံ့ဆိုင်းဆိုင်းဖြင့် လျှောက်လှမ်းနေခြင်းဖြစ်သည်။ ဆောက်တည်ရာမရလောက်အောင် တုန်လှုပ်ချောက်ချားနေသည့် အမူအရာမှာ သူ၏မျက်နှာတွင် သိသာစွာ ထင်ဟပ်နေ၏။ ကျန်းမာရေးကောင်းမွန်ခြင်းမရှိသည်မှာလည်း သူ၏လှုပ်ရှားမှုကိုကြည့်၍ ကောင်းစွာခန့်မှန်း၍ရသည်။





ညနေခင်းတိုက်ခတ်သည့် လေပြည်မှာ အေးမြမနေဘဲ ပူနွေးလျက်ရှိ၏။ တစ်နေ့လုံး ဖြန့်ကျက်ထားသည့် အပူရှိန်ကြောင့် ထိုသို့ပူနွေးနေခြင်းဖြစ်သည်။

သူသည် မကြာခဏဆိုသလိုပင် မျက်နှာအနှံ့ ထွက်လာသည့် ချွေးစများကို လက်ကိုင်ပဝါလေးဖြင့် ပွတ်သုတ်နေရ၏။ ဆိပ်ခံတံတားပေါ်သို့ ရောက်သောအခါ သူ၏ခြေလှမ်းများက လှေသမ္ဗန်များ ဆိုက်ကပ်ထားသည့် နေရာနှင့် များစွာကွာလှမ်းသည့် အခြားတစ်ဖက်သို့ ဖြည်းလေးစွာ လျှောက်လှမ်းသွား၏။

သူသည် ကျယ်ပြန့်သော မြစ်ပြင်ကျယ်ကိုကြည့်၍ ပင့်သက်ကို အားပါးတရရှိုက်လိုက်ပြီး ကိုက်သုံးဆယ်မျှ ကွာဝေးသော ဆိပ်ခံဘောတံတားထိပ်သို့ ဦးတည်လျှောက်လှမ်းလေ၏။ သူ၏ခန္ဓာကိုယ်မှာ အားအင်ဆုတ်လျော့လျက် ကတုန်ကယင်ဖြစ်နေသည်။ ရုပ်ပိုင်းဆိုင်ရာသာလျှင် မဟုတ် . . . စိတ်ပိုင်းဆိုင်ရာမှာလည်း ထိုသို့ပင် ချွတ်ခြုံကျသကဲ့သို့ ခံစားနေရသည်။

သူသည် လွန်စွာဆိုးဝါးသည့် ကံတရားနှင့် ရင်ဆိုင်ခဲ့ရသဖြင့် ထိုနေ့မနက်ခင်းကမှ ဆေးရုံက ဆင်းခွင့်ရခဲ့ခြင်းဖြစ်သည်။ ထိုနေရာသို့ သူရောက်ရှိလာခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝတစ်ခုလုံးကို ကာလတိုတိုအတွင်း အဆုံးစွန်သည် အထိ ချွတ်ခြုံကျစေခဲ့သည့်ကိစ္စကို အဆုံးတိုင်ချေဖျက်ရန် ရောက်ရှိလာခြင်းဖြစ်သည်။

ထိုသူမှာ ကျူရီယိုဆိုင်ဖွင့်လှစ်၍ အသက်မွေးဝမ်းကျောင်းပြုနေသူ ဦးမိုးထိပင် ဖြစ်လေတော့၏။

တရုတ်ပြည်မကြီးမှ ဝယ်ယူရရှိခဲ့သည့် ကျိန်စာသင့် ရှေးဟောင်းပစ္စည်းကြောင့် သူ၏စီးပွားရေးတစ်ခုလုံး အဆုံးစွန်အထိ ချွတ်ခြုံကျခဲ့သည်ဟု ယုံကြည်ခံစားရသဖြင့် သူသည် ၎င်းပစ္စည်းကို မြစ်ထဲသို့လွှင့်ပစ်ပြီး အစဖျောက်ပစ်ရန်ဆုံးဖြတ်ပြီး ထိုနေရာသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

"ဟင်"

သူ၏ခြေလှမ်းက တုံ့ခနဲ ရပ်တန့်သွား၏။ တစ်ချိန်တည်းပင် မျက်ဝန်းကလည်း အထိတ်တလန့် ပြူးကျယ်လို့သွား၏။ မိမိကပဲ အမြင်မှားလေသလားဟု ထင်မှတ်၍ မျက်ဝန်းကို ပုတ်ခတ်လျက် စူးစိုက်ကြည့်လိုက်၏။

ဘယ်လိုမှ အမြင်လွဲမှားစရာ အကြောင်းမရှိ။ စောစောတုန်းက သူသည် မိမိသောကအာပူဖြင့် ပတ်ဝန်းကျင်ကို ကောင်းစွာကြည့်ရှုခြင်း မပြုမိ၍ဖြစ်မည်ဟု ယူဆလိုက်





ပါသည်။

ထိုစဉ်ခဏမှာပဲ သင်းပျံ့ထုံအီသည့် ပန်းပေါင်းစုံရနံ့ကို ရှူရှိုက်မိပြန်၏။ လေမှာ မြစ်ပြင်ကျယ်ကိုဖြတ်၍ မျက်နှာချင်းဆိုင် တိုက်ခတ်နေလေရာ ထိုရနံ့ရရှိလိုက်ခြင်းမှာ အလွန်ထူးခြားဖွယ် ဖြစ်သည်။

သူဦးတည်သွားလာမည့် ဆိပ်ခံတံတားအစွန်းတွင် မြစ်ပြင်ဘက်ကို မျက်နှာမူလျက် ကျောခိုင်းရပ်နေသည့် ဘုန်းတော်ကြီးတစ်ပါးကို အမှတ်မထင် တွေ့လိုက်ရ၍ ဖြစ်သည်။ သင်္ကန်းအနားစများမှာ လေတိုးဝှေ့သဖြင့် တဖျပ်ဖျပ်လှုပ်ခတ်လျက်ရှိသည်။

ထိုဘုန်းကြီးသည် မည်သို့သောအကြောင်းကြောင့် ထိုနေရာသို့ ရောက်ရှိနေရပါသနည်း။ ဘုန်းကြီး၏အနီးဝန်းကျင်တွင် လိုက်ပါလာသည့်အဖော်ဟူ၍ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပေ။ ထိုနေရာမှာလည်း ဘုန်းကြီးနှင့်မည်သို့မျှ ပတ်သက်မှုရှိမည့် နေရာမဟုတ်သဖြင့် သူ့အတွက် အထူးအဆန်းသဖွယ် ဖြစ်နေတော့၏။

သူသည် ခြေတုန်လက်တုန်ဖြင့် ရုတ်တရက် တွေဝေနေမိသည်။ သူနှင့် ၎င်းဘုန်းကြီးမှာ ဆယ်ကိုက်မျှသာကွာလှမ်း၏။ သူသည် ရုတ်တရက်ပင် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူကိစ္စမှာ ဂုင်းဘုန်းကြီးနှင့် မည်သို့မျှမသက်ဆိုင်။ ကိုယ့်ကိစ္စကို အမြန်ဆောင်ရွက်ပြီး ထိုနေရာမှ အမြန်ဆုံးထွက်ခွာမည်ဟု ဆုံးဖြတ်ပြီးသည်နှင့် သူသည် ဖလေဇာကုတ်အင်္ကျီအတွင်းမှ ကျိန်စာသင့်ပစ္စည်းကို ထုတ်ယူပြီး ခြေလှမ်းကို စတင်ရွေ့လျားလိုက်၏။

ခြေလှမ်းအနည်းငယ်မျှ လျှောက်လှမ်းပြီးနောက်တွင် သူ၏တွေးထင်မှုများ လွဲမှားသွားပြီကို သိရတော့၏။

ခန္ဓာကိုယ်ကို ဖြည်းလေးစွာလှည့်လျက် သူ့အားစူးစိုက်ကြည့်လာသည့် ဘုန်းကြီးနှင့် အကြည့်ချင်းဆုံမိသည်တွင် ဘုန်းကြီးက သူ့အား နှစ်လိုဖွယ် ပြုံးပြလေ၏၊ ထိုအခါမှာ သူ၏လက်တွင် ကျိန်စာသင့်မောက်တိုဓားကို ဆုပ်ကိုင်ထားလျက် ရှိ၏။

ဘုန်းကြီးသည် သူနှင့်နီးကပ်သည်အထိ လျှောက်လှမ်းလာ၏။ နောက်ကျောဘက်မှ အကဲခတ်မိစဉ်က အသက်အရွယ်မှာ မိမိနှင့် မတိမ်းမယိမ်းခန့်သာဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သော်လည်း ထိုသို့ နီးကပ်စွာတွေ့မြင်ရသောအခါ လွန်စွာအိုမင်းရင့်ရော်သည့် ဘုန်းတော်ကြီးတစ်ပါး ဖြစ်နေ၏။

သူသည် ဂုင်းဘုန်းကြီး၏ မျက်နှာနှင့်တကွ တစ်





ကိုယ်လုံးကို ခြုံ၍အကဲခတ်နေမိသည်။ ထိုဘုန်းကြီး၏ အသက်မှာ လူအိုတို့၏ထုံးစံအတိုင်း အတွန့်များ အစင်းများဖြင့် ပြည့်နှက်နေ၏။ သူတွေ့ဖူးသမျှ အသက်အကြီးဆုံး လူတွေထဲတွင် ထိုဘုန်းကြီးကို မီမည့်သူ တစ်ယောက်မျှ မပါနိုင်ချေ။

အသက်အရွယ်နှင့် မလိုက်ဖက်အောင် ပေါ့ပါးသွက်လက်သည့် လှုပ်ရှားမှုကြောင့် တွေ့ရသည်မှာ အံ့သြဖွယ်ကောင်းလှ၏။ ဘုန်းကြီးက သူနှင့် သူ၏လက်ထဲက မောက်တိုဓားကို တစ်လှည့်စီကြည့်လျက် ပြုံးနေလေ၏။

သူသည် မိရိုးဖလာဗုဒ္ဓဘာသာဝင်ဖြစ်၍ သံဃာကို ကြည်ညိုဦးခိုက်ရမှန်းသိ၏။ သို့သော်လည်း ထိုစဉ်က ဘုန်းတော်ကြီး၏ ထူးခြားသည့်အသွင်အပြင်ကြောင့် သူသည် ထိုသို့ဦးခိုက်ဖို့ကိုပင် မေ့လျော့နေလေ၏။

"ဒကာကြီးကိုကြည့်ရတာ တစ်လောကလုံးက ပရိဒေဝပူပင်သောကတွေကို တစ်ယောက်တည်းခံစားနေရသလိုပဲ၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့များ ကြံရွယ်ပြီး အခုလို ဆိပ်ခံဗောတံတားပေါ် ရောက်လာတာလား ဒကာကြီးရယ်"

"ဦးပဉ္စင်းပြောသလိုပါပဲ . . . တပည့်တော်အဝ



www.burmeseclassic.com

www.burmeseclassic.com



လောက် ကံဆိုးမိုးမှောင်ကျတဲ့လူ ဒီလောကမှာ ရှိမယ်
တောင် မထင်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့
သတ္တိမျိုးရှိရင် အဆုံးစီရင်လိုက်ချင်ပါတယ်၊ သို့ပေမယ့်
ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူဖြစ်လို့ အဲဒီလိုလုပ်ရပ်
မျိုးတော့ မလုပ်ဝံ့ပါဘူး ဘုရား"

ထိုအခါ ဘုန်းတော်ကြီးက မျက်နှာပြင်မှ အရေး
အကြောင်းများ တွန့်ကွေးသည်အထိ ပြုံးလိုက်ပြီး . . .

"တစ်ခုခုကိုတော့ အဆုံးစီရင်မယ်လို့တော့ ဆုံး
ဖြတ်ထားတယ်မို့လား"

ဟုပြောလေရာ သူသည် မည်သို့တုံ့ပြန်ပြောရမှန်း
မသိ ဖြစ်သွားပြီး ဘုန်းတော်ကြီးကို အထိတ်တလန့် ကြည့်
လိုက်လေ၏။

ဘုန်းတော်ကြီး၏ အကြည့်စူးစူးက သူ၏နှလုံးအိမ်
သို့တိုင် ထိုးဖောက်စူးဝင်နေသကဲ့သို့ ခံစားနေမိသည်။
သူတစ်ပါး၏စိတ်အကြံကို သိနိုင်သော 'စေတောပရိယ
ဉာဏ်' ဆိုသည်ကို သူသည် စာထဲ၌သာ ဖတ်ဖူး၏။ ယခု
မူ ထိုဉာဏ်မျိုးရှိသူကို မျက်ဝါးထင်ထင် တွေ့မြင်နေရပေပြီ။

သူသည် မထူးတော့ပြီမို့ ထိုနေရာသို့ မည်သို့သော
အကြောင်းကြောင့် ရောက်ရှိလာရသည်ကို ဖွင့်ဟပြောပြ





လေရာ ထိုသို့ပြောပြီးသည်နှင့် ဘုန်းတော်ကြီးမှာ သဘော
ကျစွာရယ်လေတော့၏။

ထိုအဖြစ်အတွက် သူသည် ဘုန်းတော်ကြီးဖြစ်နေ
၍ မပြောသာသော်လည်း စိတ်ထဲ၌ ကသိကအောက် ခံ
စားရ၏။ အတန်ကြာမျှရယ်မောပြီးနောက်တွင် သူ့အဖို့
မယုံနိုင်ဖွယ်စကားများကို ကြားရပြန်၏။

ဘုန်းတော်ကြီးက သူ့ထံမှ ကျိန်စာသင့်မောက်တို
မားကို အလှူခံသည့်သဘောဖြင့် တောင်းခံ၏။ သူက
ထိုပစ္စည်းကို အလှူမခံသင့်ကြောင်းနှင့် ထိုပစ္စည်း လက်
ဝယ်ရှိသူမှာ အလွန်ဆိုးဝါးသည့် ကံကြမ္မာဆိုးများနှင့် ရင်
ဆိုင်ကြရကြောင်းကို သူ၏ကိုယ်တွေ့ဖြစ်ပျက်မှုများနှင့်
နှိုင်းယှဉ်ပြီး ပြည့်စုံစွာ ရှင်းပြလေ၏။

သို့ကြောင့်လည်း ကျိန်စာသင့်နေသည့် ထိုပစ္စည်း
ကို မည်သူတစ်ဦးတစ်ယောက်လက်ထဲသို့ ရောက်ရှိမသွား
စေချင်၍ မြစ်ထဲသို့ပစ်ချပြီးဖျောက်ဖျက်ရန် ဆုံးဖြတ်ခြင်း
ဖြစ်ကြောင်း ပြောလေ၏။

ထိုအခါ ဘုန်းတော်ကြီးက . . .

"အင်း . . . ဒကာက ဗုဒ္ဓဘာသာကို သက်ဝင်
ယုံကြည်သူဖြစ်ပြီး ကံ, ကံ၏အကျိုးဆိုတာကို မေ့နေ



www.burmeseclassic.com

www.burmeseclassic.com



နေတာကိုး၊ လူနဲ့ လူ့လောကမှာ မြင်ရတဲ့ကံနဲ့ မမြင်ရတဲ့ ကံဆိုတာရှိတယ် ဒကာကြီး၊ ကံအကြောင်းတရားလို့ ပြော ရမှာပေါ့လေ . . . လူအများစုက ကံအရှိန်လေးလိမ့်နေလို့ ပြောတိုင်း၊ လုပ်ကိုင်ကြံစည်တိုင်း ဖြစ်မြောက်အောင်မြင် နေတာကို တို့က ဘုန်းကံကြီးလို့၊ တို့ရဲ့ ဘုန်းမီးဂုဏ်ရှိန် ဘယ်တော့မှ မနိမ့်ပါးဘူးလို့ ထင်မှတ်နေကြတယ်၊ မမြင်ရ တဲ့ ကံကြမ္မာအလှည့်အပြောင်းနဲ့ ရင်ဆိုင်ရပြီလည်းဆို ရော အဲဒီလူတွေဟာ ဆောက်တည်ရာမရလောက် အောင် ခံစားကြပြီး ပရိဒေဝသောကတွေနဲ့ တစ်သက်လုံး ဖြေမဆည်နိုင် ဖြစ်ကြရတယ်၊ တစ်ခါတလေမှာ မိမိတို့ ရင်ဆိုင်ရတဲ့ ကံကြမ္မာအလှည့်အပြောင်းက မိမိဘဝကို မမျှော်မှန်းနိုင်တဲ့ဘဝအခြေအနေမျိုးအထိ ပြန်လည် မြင့် တင်တာမျိုး ကြုံရတတ်တယ် ဒကာကြီး၊ ဒါကလည်း မြင်ရ တဲ့ကံနဲ့ မမြင်ရတဲ့ကံ အကြောင်းနဲ့အကျိုးဆက်စပ်ပြီး ဖြစ် ပေါ်လာတဲ့ အခါမျိုးတွေမှာပေါ့၊ ဥပမာ . . ဒကာကြီးလို ပေါ့ . . . "

ဟု ပြောလေ၏။

ဘုန်းတော်ကြီး၏စကားများကို နားကြားနေလျက် က သူသည် နားလည်သလိုလို နားမလည်သလိုလို ဖြစ်





နေ၏။ ထိုအဖြစ်ကိုလည်း ဘုန်းတော်ကြီးက ရိပ်မိ၏။ ထပ်မံပြောလိုက်သည့် ဘုန်းတော်ကြီး၏စကားကြောင့် ရှာကိုယ် မြောက်ကြွသွားသည်အထိ တအံ့တသြဖြစ် သွားတော့၏။

"ဦး . . . ဦးပဥ္စင်း ဘယ်လိုပြောလိုက်တယ်၊ ဒီ ကျိန်စာသင့်နေတဲ့ပစ္စည်းကို ဦးပဥ္စင်းက ဝယ်ယူချင်တယ်"

"စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပါ ဒကာကြီး၊ စော စောက ဦးပဥ္စင်းပြောတဲ့ ကံအကြောင်းတရားဆိုတာကို မမေ့မသွားနဲ့ဦးလေ၊ အခုလိုဖြစ်သွားရတာလည်း ကံ အကြောင်းတရားပေါ့ကွယ်၊ ဦးပဥ္စင်းနဲ့ ဒကာကြီးရဲ့ ကံ အကြောင်းလို့ပဲ ဆိုပါတော့၊ ကဲ . . ဘယ်လိုလဲ . . . ဒကာကြီးရဲ့ဘဝကို ချွတ်ခြုံကျသွားစေတဲ့ ဒီပစ္စည်းကို ဦး ပဥ္စင်းက ရွှေဒင်္ဂါးငါးဆယ်နဲ့ ဝယ်ယူချင်တယ်"

ဦးပဥ္စင်းက ထပ်မံ၍ အခိုင်အမာပြောလေရာ သူ သည် အသားများ တဆတ်ဆတ်တုန်ယင်သည်အထိ အံ့ ဩလွန်းသည်ကြောင့် မည်သို့တုံ့ပြန်ပြောရမှန်းမသိ ဖြစ်နေ တော့၏။

ဘယ်လိုမှ ယုံကြည်နိုင်ဖွယ်မရှိသည့် စကားများ ဖြစ်နေ၍ ဘုန်းတော်ကြီးကို သံသယမျက်ဝန်းဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

သို့သော် ထိုအခိုက်အတန့်မှာပဲ ဘုန်းတော်ကြီး၏ အပြုအမူက သူ၏ သံသယများကို အဆုံးတိုင် ချေဖျက် လိုက်လေ၏။ ဘုန်းတော်ကြီးက သင်္ကန်းဝတ်ရုံလွှာ အတွင်းမှ အနီရောင်ကတ္တီပါအိတ်ကလေးကို ထုတ်ယူ လိုက်ပြီး အိတ်ကိုချည်နှောင်ထားသည့် ပိုးကြိုးကိုဖြည် လျက် အိတ်အတွင်းမှ ရွှေဒင်္ဂါးပြားများကို နှိုက်ယူလိုက် ၏။

ထို့နောက်မှာတော့ ဘုန်းတော်ကြီးနှင့် သူ၏ အရောင်းအဝယ်ကိစ္စမှာ အချိန်အနည်းငယ်အတွင်း ပြီး မြောက်သွားပါသည်။ သို့သော် . . . ၎င်းတို့၏ အရောင်း အဝယ်ကိစ္စမှာ မည်သည့်နယ်ပယ်တွင်မှ မကြုံဖူးသည့် ပုံစံမျိုးဖြစ်နေသည်မှာ လွန်စွာအံ့ဩဖွယ် ဖြစ်သည်။

ရောင်းသည့်ပစ္စည်းက ရောင်းသူထံတွင်သာ ကျန် ရှိပြီး ထိုပစ္စည်းကို ယူဆောင်သွားခြင်းမရှိသည့် အရောင်း အဝယ်ပုံစံမျိုး ဖြစ်သည်။

ဘုန်းတော်ကြီးက ထိုရှေးဟောင်းပစ္စည်း မောက် တိုဓားကို ရွှေဒင်္ဂါးပြားငါးဆယ်ဖြင့် ဝယ်ယူတော့မည်ဟု သတ်မှတ်ပြီး ရွှေဒင်္ဂါးပြားဆယ်ပြားကို စရန်အဖြစ်ပေးအပ်





၏။ ထပ်မံပေးချေရမည့် ရွှေဒင်္ဂါးပြားလေးဆယ်ကို သတ် မှတ်ချိန်ရောက်သည်နှင့် ပေးချေမည်ဟု ကတိပြုပြောဆို ၏။

မည်သို့ဆိုစေ . . ထိုရရှိလိုက်သည့် အခွင့်အရေး ကြောင့် သူ၏စီးပွားရေးအခြေအနေမှာ ပြန်လည်ထူ ထောင်လာနိုင်ခြင်းဖြစ်သည်။

ထိုစဉ်က သူ့အားပြောခဲ့သည့် ဘုန်းတော်ကြီး၏ စကားများကို သူသည် တစ်သက်မမေ့နိုင်အောင် အမှတ် ထင်ထင်ရှိနေတော့၏။

“ဒကာကြီးစိတ်ထဲမှာ ဦးပဉ္ဇင်းကို ဘယ်လိုပုဂ္ဂိုလ် လဲ, ဘယ်အရပ်ဒေသကလဲ, ဘယ်လိုအကြောင်းနဲ့ ဒီလို ကျိန်စာသင့်နေတဲ့ပစ္စည်းကို ဝယ်ယူရတာလဲ စသဖြင့် သိ ချင်နေပါလိမ့်မယ်၊ ရှိပါစေတော့လေ . . . ဦးပဉ္ဇင်းလည်း ပြောပိုင်ခွင့်မရှိတာမို့ ဒကာကြီးမေးလည်း ပြောမှာမဟုတ် ပါဘူး၊ ပြောခွင့်ရှိလို့ပြောရင်လည်း ဒကာကြီးအနေနဲ့ ယုံ ကြည်လက်ခံနိုင်မှာ မဟုတ်ပါဘူးလေ . . .။

တကယ်တော့ ဒကာကြီးလက်ထဲက ရှေးဟောင်း ပစ္စည်းဟာ သူ့နေရာသူရောက်ရှိဖို့ မသက်ဆိုင်သူတွေရဲ့ လက်ထဲမှာ ရာစုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ရတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းကို သိမ်းဆည်းထားသူတွေရဲ့ဘဝဟာ ကံကြမ္မာဆိုး တွေနဲ့ ရင်ဆိုင်ကြုံတွေ့ကြရတယ်၊ ဒါကြောင့်လည်း ဒကာ ကြီးယူဆထားသလို ကျိန်စာသင့်နေတဲ့ပစ္စည်း ဖြစ်နေတာ ပေါ့၊ အဲဒီအဖြစ်တွေဟာ အကြောင်းမဲ့ဖြစ်နေတာ မဟုတ် ပါဘူး၊ သူ့နေရာနဲ့သူ ရောက်ရှိစေဖို့ ကံအကြောင်းတရား က စီရင်လုပ်ဆောင်နေတာပါ . . .။

အဲဒီလို လက်ဆင့်ကမ်းပြောင်းရွှေ့သွားရင်း အကြောင်းနဲ့အကျိုး တိုက်ဆိုင်လာတဲ့တစ်နေ့မှာ သူ့နေရာ သူ ရောက်ရှိသွားပါလိမ့်မယ်၊ အဲဒီအချိန်ကိုရောက်ရှိဖို့ ဦးပဥ္စင်းစောင့်မျှော်နေခဲ့တာ နှစ်ကာလများစွာ ကြာမြင့်ခဲ့ ပါပြီ၊ နောက်ထပ်နှစ်အနည်းငယ်အတွင်း ဦးပဥ္စင်းမျှော် လင့်တဲ့အချိန် ရောက်ရှိလိမ့်မယ်လို့ ယုံကြည်တယ် . . .

ဒီနေ့ဒီအချိန်ကစလို့ ဒကာကြီးစိတ်ထဲမှာ မလို လားအပ်တဲ့ ယုံကြည်စွဲလမ်းမှုကို စွန့်လွှတ်လိုက်ပါ၊ ဦး ပဥ္စင်းမှာကြားတဲ့အတိုင်း တိတိကျကျဆောင်ရွက်ပါ၊ ကျူရီယိုဆိုင်ဖွင့်ပြီး အဲဒီလုပ်ငန်းကို ဆက်ပြီးလုပ်ကိုင်ပါ၊ အဲဒီပစ္စည်းကို အခြားမသက်ဆိုင်သူလက်ထဲ ရောက်ရှိ မသွားဖို့ ဂရုစိုက်ပါ၊ ဆိုင်အတွင်းက သိသာထင်ရှားတဲ့ နေရာမှာ အဲဒီပစ္စည်းကိုပြထားပါ၊ အဲဒီပစ္စည်းနဲ့သက်ဆိုင်





တဲ့သူဟာ သမားရိုးကျမဟုတ်တဲ့ပုံစံမျိုးနဲ့ ဒကာကြီးဆီကို ရောက်လာပါလိမ့်မယ် . . . အဲဒီအခါမှာ ဦးပဥ္စင်းထံ အရောက်လာပြီး ဆက်သွယ်ပါ"

ဟု မှာကြားပြောဆိုပြီး ဦးပဥ္စင်းက သူသီတင်းသုံး မည့် နေရပ်ဒေသကို ပြောဆို၍ ထွက်ခွာသွားလေ၏။ ထိုအရပ်ဒေသမှာ အထက်မြန်မာပြည် စစ်ကိုင်းတောင်ရိုး နှင့် တစ်ဆက်တည်းရှိသည့် တောရကျောင်းလေးဖြစ်ပေ တော့၏။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

### ပဟေဠိဆန်သောသင်္ကေတ

ကျွန်ုပ်တို့ လူ့လောကကြီးအတွင်း၌ အချို့သော အဖြစ်အပျက်များသည် လူတို့၏အသိဉာဏ်၊ ဆင်ခြင် တွေးတောနိုင်စွမ်းများဖြင့် ဘယ်လိုမှ လိုက်၍မမီနိုင်လောက်အောင် ထူးဆန်းအံ့ဩဖွယ် ကောင်းလှပါသည်။

ကျူရီယိုဆိုင်တွင် သတိလက်လွတ်ပြုမူခဲ့ပြီးသည့် နေ့မှစ၍ ရုတ်တရက်ပြောင်းလဲသွားသည့် စိုင်းဆဲထူး၏ အမူအကျင့်များကို ဦးစွာဖော်ပြလိုပါသည်။

ထိုစဉ်က စိုင်းဆဲထူးသည် သတိတရားလွတ်ကင်းနေသူပမာ သူ၏မျက်ဝန်းတွေက အစဉ်သဖြင့် ရီဝေဝေမောနေ၏။ ပြောဆိုသည့်စကားများမှာလည်း ကျွန်ုပ်





ဘယ်လိုမှ နားလည်နိုင် စွမ်းမရှိသည့် စကားများဖြစ်သည်။ တစ်ခါတစ်ရံတွင် သူသည် မခံမရပ်နိုင်ခံစားရပုံဖြင့် တစ်ကိုယ်တည်း လက်သီးလက်မောင်းတန်းလျက် ကျွန်ုပ် နားမလည်သောစကားများကို ပြောဆိုနေပြန် ၏။

ကျွန်ုပ်သည် သူ၏အခြေအနေကို ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေခဲ့ရသည်။

သူသည် ဘယ်လိုအကြောင်းတရားကြောင့် သူ၏စိတ်အာရုံများ ထိုသို့ပြောင်းလဲသွားရခြင်းအပေါ်မှာ မိမိကိုယ်မိမိ လွန်စွာစိုးရိမ်သောကဖြစ်နေ၏။ သူ၏စိတ်အာရုံများကို တစ်ဦးတစ်ယောက်က လှမ်းမိုးချုပ်ကိုင်ထားသကဲ့သို့ ဖြစ်နေပြီး ပြုမူပြောဆိုမှုများမှာလည်း ထိုအရာ၏ စေ့ဆော်မှုအတိုင်း ဖြစ်နေသည်ဟု သူကရှင်းပြ၏။

ထိုရက်များအတွင်း ကျွန်ုပ်သည် ၎င်းအတွက် မည်သို့ဆောင်ရွက်လုပ်ကိုင်ပေးရမှန်းမသိအောင် စိတ်ရှုပ်ထွေးနေတော့၏။ ကျူရီယိုဆိုင်ရှင်ဦးမိုးထိန်နှင့် သွားရောက်တွေ့ဆုံလိုသည့် ဆန္ဒများ ပြင်းထန်စွာဖြစ်ပေါ်နေသော်လည်း ဦးမိုးထိက တစ်ပတ်ခန့်ကြာမြင့်မှ လာရောက်တွေ့ဆုံရန် မှာကြားထားသဖြင့် သည်းခံ စောင့်ဆိုင်းနေရ၏။

ထိုရက်များအတွင်း စိုင်းဆဲထူးသည် သူ၏အခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင်း၌သာ အနေများ၏။
ကျွန်ုပ်နှင့် ပြောဆိုဆက်ဆံရာတွင်လည်း သူ့နှ
တစ်ကြိမ်တစ်ခါမျှ သိကျွမ်းခဲ့ဖူးခြင်းမရှိသည့် သူစိမ်းတ
ယောက်ကဲ့သို့ သုံးနှုန်းပြောဆို၏။

တစ်ခါတစ်ရံတွင် သူ့အား အလုပ်အကြွေးပြုစုပေ
ရသည့် အစေအပါးတစ်ယောက်ကဲ့သို့ ပြောဆိုပြန်၏
စားသောက်ရာတွင်လည်း ကျွန်ုပ် တစ်ကြိမ်တစ်ခါမျှ ကြ
ဖူးခြင်းမရှိခဲ့သည့် အစားအသောက်များကိုပြော၍ တော
ဆိုလေရာ ကျွန်ုပ်မှာ မည်သို့ တုံ့ပြန်ပြောရမှန်းမသိ ဖြစ်
လေ၏။

သူ၏စိတ်အာရုံများ လွတ်ကင်းထွက်သွားသကဲ့
အမူအရာ ပြောင်းလွဲသွားသည့် အချိန်များမှ
မနက်ခင်းလင်းအရုဏ်သန်းသည့်အချိန်နှင့် ညနေခ
နေဝင်ရီတရောအချိန်များ ဖြစ် သည်။

ကျူရီယိုဆိုင်တွင် ရှန်းရင်းဆန်ခတ်ဖြစ်ပြီး သုံးရ
မြောက်နေ့ နံနက်ခင်းတွင်ဖြစ်သည်။

သူသည် ပြတင်းဝတွင် လက်ပိုက်လျက် အပြင်
ငေးကြည့်လျက်ရှိစဉ် ကျွန်ုပ်သည် သူ့အတွက် နွားနို့နှ
မုန့်များကို လင်ပန်းပေါ်တင်လျက် အခန်းတွင်းဝင်ရော





ခဲ့သည်။ သူ၏စားပွဲမှာ အိပ်ရာနှင့် ငါးပေခန့်ကွာဝေး
လျက် ရှိ၏။ အစားအသောက်များကို ထိုစားပွဲပေါ်သို့
ပို့ဆောင်ပြီး ထုံးစံအတိုင်း သူ၏ အမူအရာကို မသိမသာ
အကဲခတ်လိုက်သည်။

သူသည် ပါးရိုးကြီးနှစ်ဖက်ကို အဆမတန် ကား
ထွက်သည်အထိ အံတင်းတင်းကြိတ်ထားလေ၏။ ခြေနှစ်
ဖက်ကိုလည်း အနည်းငယ်ခွဲကားပြီး ခန္ဓာကိုယ်ကို
တောင့်မတ်ထား၏။

သူ၏အမူအရာမှာ လွန်စွာဂုဏ်သိက္ခာကြီးမြင့်
သည့် ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ခန့်ညားမှုမျိုးဖြစ်သည်။ ကျွန်ုပ်
လည်း မည်သည့်စကားမျှ မဆိုနိုင်လောက်အောင် ထူး
ခြားသည့် သူ၏အမူအရာကို စောင့်ကြည့်နေမိသည်။

အပြင်ဘက်တွင် မြူနှင်းများ ဝေ့ဆိုင်းကျဆင်း
လျက် ရှိ၏။ ပြတင်းမှတိုးဝင်လာသည့် လေနှင့်အတူ မြူ
နှင်းမှုန်အချို့ အခန်းတွင်းတိုးဝင်လာ၏။

"ကျွန်ုပ်တို့ဟာ စစ်သည်ရဲမက်များဖြစ်လို့ စစ်
မြေပြင်မှာ တိုက်ပွဲများစွာကို အသက်စွန့်တိုက်ခိုက်ခဲ့ကြ
တယ်၊ ကြီးမားနက်ရှိုင်းတဲ့ တောတောင်တွေကို ဖြတ်သန်း
ရှိသာမက လှိုင်းလေပြင်းထန်တဲ့ မြစ်ချောင်းတွေကို အမှု



www.burmeseclassic.com

www.burmeseclassic.com



မထားဘဲ ရန်သူစစ်သည်များကို အကြမ်းပေါင်းများစွာ တိုက်ခိုက်ခဲ့တယ်၊ ကျွန်ုပ်တို့ရဲ့ အသက်ရှင်ရပ်တည်မှုဟာ ဘုရင့်အာဏာစက်အောက်မှာ ထားရာနေစေရာသွား ဆိုသလို ဖြစ်ခဲ့ရပေမယ့် ကျွန်ုပ်နှင့်တကွ စစ်သည်ရဲမက်များဟာ ဘယ်တုန်းကမှ ဘုရင့်သစ္စာကို သွေဖီပြင်းဆန်တာမျိုး မရှိခဲ့ဘူး၊ ဘုရင့်သစ္စာကို သက်စွန့်စံဖျား ဦးထိပ်ထား ပြီး သက်ဆုံးတိုင် မြှုပ်နှံထားခဲ့ကြတယ် . . .”

၎င်းနှင့် ယာဘက်အခြမ်းတွင် ကျွန်ုပ်ရပ်နေသဖြင့် သူ၏မျက်နှာကို ဘေးတစောင်းမြင်နေရ၏။ ပြင်ပမှ တိုး ဝင်လျက်ရှိသည့် မြူနှင်းမှုန်တွေက သူ၏မျက်နှာကို တိုး တိုက်ဖြတ်သန်းလျက်ရှိ၏။

ကျွန်ုပ်သည် အံ့သြလွန်းမက အံ့သြနေပါသည်၊ ကျွန်ုပ်၏ဘဝတွင် ထိုမျှအံ့သြဖွယ်အဖြစ်မျိုး ကြုံတွေ့ရ လိမ့်မည်ဟု ဘယ်တုန်းကမျှ ထင်မှတ်မထားခဲ့။

ဆဲထူးသည် အမူအရာတွင်မဟုတ်ဘဲ သူပြောနေ သည့် စကားများကလည်း လွန်စွာထူးခြားနေ၏။

ကျွန်ုပ်အဖို့ အားလုံးစုံနားလည်နိုင်စွမ်းမရှိ ဖြစ်နေ တော့သည်။ အနီးစပ်ဆုံးဥပမာဆိုရသော် သုံးနှုန်းသည့် စကားများနှင့် လေယူလေသိမ်းမှာ ရာစုများစွာကြာမြင့်ခဲ့ပြီ





သော ခေတ်တစ်ခေတ်တွင် ပြောဆိုသည့် စကားများဖြစ် နေပါသည်။

လွန်စွာစိတ်လှုပ်ရှားဖွယ်ကောင်းသည့် သည်း ထိတ်ရင်ဖိုဇာတ်လမ်းတစ်ပုဒ်ကို ဖတ်ရှုနေရသကဲ့သို့ ရှေ့ ဘာဖြစ်လာမလဲဟူသကဲ့သို့ စိတ်လှုပ်ရှားနေမိသည်။

သူသည် လွန်စွာပါးလွှာသည့် ပိုးသားအင်္ကျီအပွ ကို ဝတ်ဆင်ထား၏။ ထိုအခါ သူ၏ ကျစ်လျစ်သန်မာ သည့် ရင်အုပ်နှင့် လက်မောင်းကြွက်သားများမှာ အပြင် သို့ ရှန်းကြွလျက်ရှိရာ ထိုအသွင်အပြင်မှာ လွန်စွာကြည့် ကောင်းလှပေ၏။

အထက်တွင်ဆိုခဲ့သည့်အတိုင်း သူ၏စကားများ မှာ နားလည်ရန် လွန်စွာခက်ခဲလှသည်ကြောင့် ကျွန်ုပ် သည် တအံ့တသြဖြင့် စူးစိုက်နားထောင်နေရ၏။ အစပိုင်း တွင် နားလည်ရန်ခက်ခဲနေသော်လည်း ထိုသို့ စူးစိုက် နားထောင်ရင်းဖြင့် ၎င်းဆိုလိုသည့်အဓိပ္ပာယ်ကို ကျွန်ုပ်သိ ရှိနိုင်ခဲ့၏။

ထိုအဓိပ္ပာယ်ကို အနီးစပ်ဆုံးရှင်းပြရသော် . .

သူနှင့် လူတစ်စုသည် လွန်စွာဝေးလံခေါင်သီ သည့် အရပ်ဒေသတစ်ခုတွင် ဘေးဒုက္ခများနှင့် ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



နေရ၏။ ထိုအရပ်ဒေသမှ စွန့်ခွာလိုသော်လည်း မင်းပြစ်
မင်းဒဏ်ခံရမည်ဖြစ်၍ ဘယ်လိုမှ စွန့်ခွာမရဖြစ်နေကြ၏၊

ကာလကြာမြင့်လာသည်နှင့်အမျှ စားနပ်ရိက္ခာ ချို
တဲ့လာသဖြင့် မကြာမီ အသက်အန္တရာယ် ဆုံးရှုံးမှုမျာ
ကြုံဆုံရတော့မည်ဖြစ်၏။ ထို့ပြင် သဘာဝဘေးအန္တရာယ်
များနှင့်လည်း ရင်ဆိုင်နေရသည်ကြောင့် သူ၏ နောက်ပါ
လူအချို့မှာ လွန်စွာပြင်းထန်သည့် အဖျားဝေဒနာ ခံစား
ပြီး သေဆုံးကြရ၏။

ကျွန်ုပ်အဖို့ များစွာ စိတ်ဝင်တစားဖြစ်သွားရသည်
မှာ အဆုံးသတ်ပြောလိုက်သည့် စကားများပင်ဖြစ်သည်၊
ထိုအသိကြောင့် အစဉ်တစိုက်ပြောလာသည့် စကားမျာ
၏ ဆိုလိုရင်းကို ကောင်းစွာသဘောပေါက် နားလည်နိုင်
သည်။

သူနှင့် နောက်ပါလူတစ်စုမှာ စစ်သည်များဖြစ်
ကြောင်း၊ ရန်သူစစ်သည်များကို တိုက်ခိုက်ရင်းဖြင့် ဘေ
အန္တရာယ်ဆိုးများနှင့် ဆိုင်ရင်နေရကြောင်း၊ မကြာမီ သူတို
လူတစ်စုမှာ အသက်အန္တရာယ် ဆုံးရှုံးဖွယ်အဖြစ်မျိုး ရင်
ဆိုင်ရတော့မည်ဖြစ်ကြောင်း၊ သူတို့တွင် ရတနာများစွာ
ရှိနေလေရာ ထိုရတနာများကို သိုသိပ်စွာ သိမ်းဆည်





ထားကြောင်း၊ ထိုရတနာများမှာ ရန်သူများကို တိုက်ခိုက်
ချေမှုန်းပြီး သိမ်းဆည်းလာသည့် ရတနာများဖြစ်၍ ဘုရင်
မင်းမြတ်ထံ ဆက်သရမည်ဖြစ်သော်လည်း ဘုရင်က မိမိ
နှင့်တကွ စစ်သည်များအပေါ်မှာ ပုန်ကန်ခြားနားသူအဖြစ်
အမိန့်တော်ထုတ်ပြန်လိုက်တာကြောင့် ဘုရင့်ထံမှောက်သို့
ရောက်ရှိတော့မည်မဟုတ်ကြောင်း၊ ဖြစ်နိုင်ပါက ထိုရတ
နာများကို အမျိုး၊ ဘာသာ၊ သာသနာအတွက် အသုံးပြုလို
ကြောင်း၊ သို့အတွက် မိမိတို့ဆုံးပါးသွားသည့်နောက်ပိုင်း
မိမိတို့၏မျိုးဆက်များထဲမှ တစ်ဦးတစ်ယောက်သည် ထို
ရတနာများကို ဖော်ထုတ်ရယူပြီး မိမိ၏ဆန္ဒကို ဖြည့်ဆည်း
ပေးသူဖြစ်စေရန် ရည်ရွယ်ပြီး ကျိန်တွယ် ဆုတောင်းပြုရ
တော့မည်ဖြစ်ကြောင်း . . . ။

ပြတင်းပေါက်တွင် မျက်နှာမူလျက် စိုင်းဆဲထူး
ပြောဆိုနေသည်မှာ အချိန်အားဖြင့် ဆယ်မိနစ်ခန့် ကြာ
မြင့်သော်လည်း ထိုစကားများ၏ဆိုလိုရင်းအနှစ်ချုပ်မှာ
အထက်ပါအတိုင်းဖြစ်သည်။

ကျွန်ုပ်သည် ထိုစကားများကို မေ့ပျောက်မသွား
စေရန် ဒိုင်ယာရီစာအုပ်တွင် ကပျာကယာ ရေးသားမှတ်
သားမိသည်။ ထိုသို့ရေးသားနေစဉ်မှာပဲ စိုင်းဆဲထူးသည်



www.burmeseclassic.com

www.burmeseclassic.com



နိုးထလာသကဲ့သို့ မိမိကိုယ်မိမိ သုံးသပ်တွေးဆလျက်
တူတူဖြစ်နေ၏။

ထိုအခါ ကျွန်ုပ်က သူ၏အခြေအနေကို ရှင်းပြ
၏။ သူသည် ပင့်သက်ကို အကြိမ်ကြိမ်ရှိုက်လျက် လွန်
စိတ်ရှုပ်ထွေးသည့်အမူအရာဖြင့် . . .

“ငါ့ကို အခုလိုနားလည်ပေးတာ အလွန်ပဲ ကျေး
တင်ပါတယ် သူငယ်ချင်းရာ၊ မင်းနေရာမှာ တခြားသူ
ဆိုရင် ငါ့အခြေအနေကို ဘယ်လိုမှ နားလည်ပေး
မဟုတ်ဘူး၊ ငါ့ကိုယ်ငါ သိနေသလို ခံစားရတာ
အမှန်ပဲသူငယ်ချင်း၊ ငါ့စကားကိုကြားရင် မင်း အံ့ဩ
မလားမသိဘူး၊ တကယ်တော့ ငါ့ဝေဒနာကို ပျောက်က
အောင်လုပ်နိုင်တာ တစ်လောကလုံးမှာ တစ်ခုတည်
ရှိတယ်၊ ကျူရီယိုဆိုင်မှာတွေ့ခဲ့တဲ့ ရှေးဟောင်း မောက်
ဓားပဲ သူငယ်ချင်း”

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်လည်း ပြော
ခဲ့သည့် သူ၏စကားများကို မှတ်တမ်းရေးသားပြီးသ
မှတ်စုအား တစ်ကြိမ်ပြန်လည်ဖတ်ရှုလိုက်ပြီး . . .

“ငါ့ကို အားနာစရာမလိုပါဘူး၊ မင်းနဲ့ငါက အ
ခင်မင်လာခဲ့တဲ့ မိတ်ဆွေတွေမဟုတ်ဘူး၊ တစ်ဦးကိုတစ်





က ဖေးမ,ကူညီရတယ်ဆိုတာ မိတ်ဆွေကောင်းတွေရဲ့
အမူအကျင့်မဟုတ်လား”

ဟု အလိုက်သင့်ပြောလိုက်ပြီး ၎င်းအတွက်ယူ
ဆောင်လာသည့် အစားအသောက်များကို စားသောက်
ရန် တိုက်တွန်းပြောဆိုလိုက်၏။

သူသည် နွားနို့နှင့်မုန့်များကို စားသောက်လျက်
လွန်စွာကျေးဇူးတင်သည့်မျက်ဝန်းဖြင့် ကျွန်ုပ်အား ကြည့်
လေ၏။

စားသောက်ပြီးသည်နှင့် သူသည် ဝတ်ဆင်ထား
သည့် ပိုးသားအင်္ကျီအပွကို ချွတ်လိုက်၏။ ထို့နောက်မှာ
တော့ သူ၏အပြုအမူနှင့် ပြောလာသည့်စကားများက
ကျွန်ုပ်အတွက် လွန်စွာ စိတ်ဝင်စားဖွယ် အကြောင်းအရာ
များဖြစ်၍ ကျွန်ုပ်လည်း မည်သည့်စကားမျှ မပြောဖြစ်
တော့ဘဲ စူးစူးနစ်နစ်နားထောင်နေမိ၏။

သူသည် သူ၏ညာဘက်ရင်အုံပေါ်တွင် ရေးထိုး
ထားသည့် အမှတ်အသားကို လက်ဖြင့်ပွတ်သပ်ရင်း
ကြည့်လေ၏။

ထိုအမှတ်အသားမှာ လူတစ်ဦးတစ်ယောက်၏
အမည်ဖြစ်ကြောင်းနှင့် ထိုအမည်ကို သူ၏ဖခင်က ယူ



www.burmeseclassic.com

www.burmeseclassic.com



အား ငယ်စဉ်ကတည်းက ရေးထိုးပေးခဲ့ခြင်းဖြစ်ကြောင် ပြောပြလေ၏။

ထိုသို့ရေးထိုးစဉ်က သူသည် သိတတ်ခါစအရွယ် ပင် ရှိသေးသဖြင့် ထိုစဉ်က ပုံရိပ်များကို ဝိုးတဝါးမှတ် နေ၏။

သူ၏ဖခင်သည် ထိုအမည်အမှတ်အသားကို ရေ ထိုးစဉ်က မိရိုးဖလာအစဉ်အလာတစ်ခုကဲ့သို့ လေးနက်စွ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အမည်ရေးထိုးခြင်းမပြု အခမ်းအနားပြုလုပ်ရသော်လည်း ၎င်းအခမ်းအနားတွ မည်သူ့ကိုမှ ဖိတ်ကြားခြင်း မပြုဘဲ ၎င်းတို့မိသားစုသာလျှ ကျင်းပပြုလုပ်၏။

ဝါးကျည်တောက်များအတွင်းသို့ ကချင်ရိုးရ ခေါင်ရည်များကိုထည့်ပြီး အသားငါးများကို အမျိုးမျိုး ချက် ပြုတ်လျက် ပူဇော်ပသခြင်းများကို ပြုလုပ်၏။ အစ အသောက်မှာလည်း တကယ့်နေ့ထူးနေ့မြတ်အတွက် စည့်ခံကျွေးမွေးသကဲ့သို့ အလျှံပယ် စီစဉ်ထားလေ၏။

ထိုစဉ်က စိုင်းဆဲထူးမှာ ကလေးအရွယ်မျှသာဖြစ် ၍ လွန်စွာ ပျော်ရွှင်နေမိသည်။ ထိုသို့စီစဉ်ပြီးသည်တွင် ထိုကိစ္စမှာ သူနှင့် သက်ဆိုင်နေကြောင်းကို သိရှိလေ၏။





ကလေးအတွေးဖြင့် ၎င်း၏မိဘများ အဘယ်ကြောင့် ထိုသို့ ပြုလုပ်ရသည်ကို နားလည်ခံစား၍မရအောင် ဖြစ်ခဲ့ရ သည်။

ထိုစဉ်က ပြောခဲ့သည့် ဖခင်ဖြစ်သူ၏စကားများကို လည်း တစ်သက်မမေ့နိုင်အောင် အမှတ်ထင်ထင်ဖြစ်ခဲ့ ရ၏။

"အဘပြောမယ့်စကားတွေကို လူလေး သဘော ပေါက်နားလည်မှာ မဟုတ်ပါဘူးလေ၊ သို့ပေမယ့်လည်း အဘတို့ရဲ့ ဆွေစဉ်မျိုးဆက် ထိန်းသိမ်းလာတဲ့ အစဉ် အလာတစ်ခုကို အဘတို့ဆုံးပါးမသွားခင်အချိန်မှာ အဘ ရဲ့ အမိအဘတွေ လက်ဆင့်ကမ်းပေးခဲ့သလို အခုလည်း အဘက လူလေးကို လက်ဆင့်ကမ်း လွှဲပြောင်းပေးရတော့ မယ်၊ အခုကိစ္စကို လူလေးတစ်သက် ဘယ်တော့မှမမေ့ပါ နဲ့၊ ကံတရားအလှည့်အပြောင်းကြောင့် အဘတို့ ဘိုးဘွား အစဉ်အဆက် ယုံကြည်မျှော်လင့်ခဲ့တဲ့ အသက်ထက်ဆုံး ဆန္ဒကို လူလေးဖြည့်ဆည်းပေးနိုင်ပါစေ၊ အကယ်၍ လူ လေးဘဝမှာ ဖြည့်ဆည်းဆောင်ရွက်နိုင်ခြင်းမရှိရင်လည်း လူလေးရဲ့မျိုးဆက်ကို အခု အဘလွှဲပြောင်းပေးသလို အစဉ်အလာအတိုင်း ဆက်လက်ပြီး လက်ဆင့်ကမ်းလွှဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပေးရလိမ့်မယ်”

ထိုစကားများကို လူမမယ်ကလေးသာသာအရွယ်ဖြစ်သည့် စိုင်းဆဲထူးအဖို့ မည်သို့မျှ နားလည်နိုင်စွမ်းမရှိပါ။ သို့သော်လည်း တွေးတောဆင်ခြင်နိုင်စွမ်းရှိသည့်အရွယ်သို့ ရောက်သောအခါ ရည်ရွယ်သည့်ကိစ္စမှာ လွန်စွာအလေးအနက်ထားရမည့် အကြောင်းကိစ္စဖြစ်နေသည်ကို အံ့ဩဖွယ်သိရှိရလေ၏။

စိုင်းဆဲထူးမှာ သိတတ်စ ကလေးအရွယ်မျှသာဖြစ်သော်လည်း ထိုအရွယ်မှာပင် သူ၏ဖခင်အသက်အရွယ်မှာ လွန်စွာ ကြီးရင့်နေပြီဖြစ်၏။ ခေတ်ကာလမှာ အနာဂတ်ကို အကောင်းမြင်၍မရလောက်အောင် ဆိုးဝါးနေလေရာ အကယ်၍ အကြောင်းတစ်စုံတစ်ခုကြောင့် ၎င်းအဖေဆုံးသွားပါက လွန်စွာကြီးလေးသည့် မျိုးရိုးစဉ်ဆက်တာဝန်ကြီးကို သားဖြစ်သူထံသို့ လွှဲပြောင်းခြင်းမပြုနိုင်ဖြစ်သွားမှာကို လွန်စွာစိုးရိမ်သဖြင့် ထိုသို့ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

“အခုလိုအဖြစ်မျိုးနဲ့ ကြုံတွေ့ရမှ ငါ့အဖေဟာ အဲဒီတုန်းက ဘာကြောင့် အလေးအနက် တန်ဖိုးထားပြီး ဆောင်ရွက်ခဲ့တာလဲဆိုတာကို သဘောပေါက်နားလည်ခဲ့





ရတယ် သူငယ်ချင်း၊ ငါ့ကို အဖေက အလွန်သစ်လွင်တောက်ပြောင်တဲ့ အဝတ်အစားတွေကို ဝတ်ဆင်ပေးတယ်၊ အဲဒီအဝတ်အစား ဘယ်လိုအသွင်အပြင်မျိုး ရှိတယ်ဆိုတာကို ငါ့အသက်အရွယ် အတော်လေးရောက်တော့မှ မှန်းဆနိုင်ခဲ့တယ်၊ အနီးစပ်ဆုံး ဥပမာပြရရင် ရှေးခေတ် စစ်သူကြီးတွေ ဝတ်ဆင်ကြသလို ဒီဇိုင်းမျိုးပေါ့၊ ပြီးတော့ အဲဒီအဆင်အပြင်နဲ့တွဲဖက်ပြီး စစ်သည်တွေအသုံးပြုတဲ့ အဲမောင်း, လှံတံ, ကျောက်စီဓားလွယ်လို အသုံးအဆောင်တွေကိုလည်း ဆင်ယင်ပေးတယ် . . .။

အံ့ဩစရာကောင်းတာက ငါ့တစ်ကိုယ်လုံးကို အဲဒီလို အဆင်ဒီဇိုင်းတွေ ဝတ်ဆင်ပေးပြီးတာနဲ့ အမွှေးနံ့သာတွေ ပက်ဖျန်းပေးတယ်၊ ပြီးတော့ ပူဇော်ပသထားတဲ့ ကန်တော့ပွဲတွေကို စွန့်ပြီး ငါ့ကို စားသောက်ဖို့ပေးတယ်၊ အဲဒီအချိန်မှာ ငါ့မိဘတွေရဲ့ အဖြစ်ကိုကြည့်ပြီး ငါ့မှာ ငိုရမလို ရယ်ရမလို ဖြစ်နေမိတယ်၊ ဘာလို့လဲဆိုတော့ သူတို့လုပ်ပုံက ငါ့ကို တကယ့်ဂုဏ်ရှိန်ကြီးမားတဲ့ ပုဂ္ဂိုလ်ထူးကြီးကို ကျွေးမွေးဧည့်ခံသလို ဖြစ်နေလို့ပေါ့ . . .

ပိုးဖဲကတ္တီပါတွေ ခင်းကျင်းပြင်ဆင်ထားတဲ့ ကုလားထိုင်ပေါ်မှာ ငါ့ကို အကျအနထိုင်စေပြီး အစား



www.burmeseclassic.com

www.burmeseclassic.com



အသောက်တွေကို စားသောက်ဖို့ ပြင်ဆင်ပေးတယ်၊ အဲဒီ ကိစ္စတွေပြီးတဲ့နောက်မှာတော့ ကန်တော့ပွဲတွေ ပြင်ဆင် ထားတဲ့ စင်ပေါ်မှာရှိနေတဲ့ ဆေးအင်တုံကို ငါ့နား သယ် လာတယ်၊ ဆေးအင်တုံနဲ့အတူ ယွန်းဘူးလေးကိုလည်း ယူလာပြီး ယွန်းဘူးအတွင်းက စုတ်တံတွေကို ထုတ်ယူ လိုက်ပြီး ဆေးအင်တုံထဲ နှစ်လိုက်တယ် . . . ။

အဲဒီလိုပြင်ဆင်နေတုန်းမှာပဲ ငါ့ခံစားမှုအာရုံတွေ ဟာ တဖြည်းဖြည်း ရီဝေဝေဖြစ်လာတယ်၊ ခွဲစိတ်ကုသခံရ မယ့် လူနာတစ်ဦး မေ့ဆေးပေးခံနေသလို အသိတရား တွေက ရတစ်ချက်၊ မရတစ်ချက် ဖြစ်နေတယ်၊ နားထဲမှာ ကြားနေရတဲ့ အသံတွေကလည်း ဆူဝေနေတယ် . . လူစု လူဝေးနဲ့ပြောဆိုနေတဲ့ အသံမျိုးတွေ၊ အာရုံစူးစိုက်နားစွင့် နေပေမယ့် ကြားရတဲ့အသံတွေရဲ့ အဓိပ္ပာယ်ကို ဘယ်လိုမှ နားမလည်နိုင်ဘူး၊ အဲဒီအသံတွေထဲမှာ အလွန်ဩဇာရှိန် ဝါကြီးမားတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့အသံက အထူးခြားဆုံးပဲ အမိန့်ပေးပြီး ခိုင်းစေနေတဲ့အသံမျိုး . . . ။

အဲဒီလိုကြားနေလျက်က တဖြည်းဖြည်း အသံတွေ တိုးတိတ်သွားတဲ့အချိန်မှာ ငါ့ရဲ့ညာဘက်ရင်အုံက တဆစ် ဆစ် နာကျင်ခံစားမှုကို ဦးဆုံးသတိထားလိုက်မိတယ်၊ ငါ





လည်း အိပ်မက်က ကယောင်ကတမ်းနိုးလာသူလို ကိုယ့် ရင်ဘတ်ကို အထိတ်တလန့် ငုံ့ကြည့်လိုက်တော့ ငါ့ရင် ဘတ်ပေါ်မှာ စုတ်တံနဲ့ရေးထိုးထားတဲ့ ဒီအမှတ်အသားကို တွေ့လိုက်ရတယ်"

သူသည် သူ၏ရင်ဘတ်ပေါ်က အမှတ်အသားကို ကျွန်ုပ်အား ပြလေ၏။

သူရိယဟူ၍ ဖြစ်၏။

အသိတရားလွတ်ကင်းကဲ့သို့ ဖြစ်နေစဉ်မှာ ဖခင် ဖြစ်သူက အင်တုံအတွင်း ဖျော်စပ်ထားသည့် ဆေးနှစ်များ အတွင်း စုတ်တံကိုနှစ်လျက် ၎င်း၏ညာဘက်ရင်အုံပေါ် တွင် ထိုအမည်ကို ရေးထိုးခဲ့ခြင်းဖြစ်သည်။

ထိုသို့ရေးထိုးပြီးသည်နှင့် စိုင်းဆဲထူးမှာလည်း အသိတရားများကို ပြန်လည်စုစည်းမိလေရာ သူသည် ထိုစဉ်က မည်သို့မည်ပုံခံစားရကြောင်းကို ပြန်လည်ပြော ပြသည်တွင် ဖခင်ဖြစ်သူမှာ နေရာမှာပင် ကခုန်တော့မည် ကဲ့သို့ လွန်စွာအားရ ပျော်ရွှင်သွားလေ၏။

"အောင်ပြီ . . . အောင်ပြီကွ . . . ငါတို့ဘိုးဘွား များစွာလက်ထက်က မျှော်လင့်တောင့်တခဲ့တဲ့ဆန္ဒကို ငါ့ သားက ဖြည့်ဆည်းနိုင်တော့မှာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကြုံးဝါးပြောဆိုလေတော့သည်။

အထက်တွင် ကျွန်ုပ်ဖော်ပြခဲ့သည့်ဖြစ်စဉ်မှာ ကျူရိယိုဆိုင်တွင် ရုန်းရင်းဆန်ခတ် ဖြစ်ပွားခဲ့ပြီးသည့်နောက်ပိုင်း သုံးရက်မြောက်နေ့ နံနက်ခင်းတွင် စိုင်းဆဲထူးထံမှ ကျွန်ုပ်သိရှိခဲ့ရခြင်းဖြစ်သည်။

ထို့နောက်မှာတော့ ကျွန်ုပ်သည် ကျူရိယိုဆိုင်ပိုင်ရှင်ပုဂ္ဂိုလ်ကြီးနှင့်တွေ့ဆုံရန် လွန်စွာဆန္ဒပြင်းပြနေမိသည်။ စိုင်းဆဲထူးမှာ ကျွန်ုပ်ထက်ပင် ပို၍ဆန္ဒပြင်းထန်နေပါသည်။

အကြောင်းကား ၎င်းဆိုင်တွင် တွေ့ရှိခဲ့ရသည့် ရှေးဟောင်းမောက်တိုဓားကို မည်သည့်ဈေးနှင့်ဖြစ်ပါစေ . . . ဝယ်ယူလိုသောကြောင့် ဖြစ်သည်။

ထိုမောက်တိုဓား၏ ဓားလက်ကိုင်ရိုးတွင် ခြသေ့ကြီးသုံးကောင်ရှိ၏။ လွန်စွာလက်ရာမြောက်လှ၏။ ခြသေ့သုံးကောင်၏ဟန်မှာ အားမာန်ဝင့်ကြွားလျက်ရှိရာ ၎င်းခြသေ့ဦးခေါင်းအထက်ပိုင်းတွင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏အမည်ကို ထင်ရှားစွာ ရေးထိုးထား၏။

ထိုအမည်မှာ သူရိယဟူ၍ ဖြစ်၏။

၎င်းမောက်တိုဓားကို ကျူရိယိုဆိုင်တွင်တွေ့စဉ်က





ဓားလက်ကိုင်ရိုးပေါ်က အမည်ကို တွေ့မြင်လိုက်သည်နှင့် စိုင်းဆဲထူး၏ အသိတရားများမှာ ထိုသို့ ရုတ်ခြည်းပြောင်းလဲသွားရခြင်း ဖြစ်သည်။

အလွယ်တကူ ယုံကြည်လက်ခံနိုင်ဖွယ်မရှိသော ၎င်းဖြစ်ပျက်မှုများမှာ ကျွန်ုပ်တို့နှစ်ဦးအတွက် အဖြေမရှိသော ပုစ္ဆာတစ်ခုကဲ့သို့ ဖြစ်ရလေ၏။

ကျွန်ုပ်တို့နှစ်ဦးသည် ကျူရိယိုဆိုင်ရှင်ပုဂ္ဂိုလ်ကြီးချိန်းဆိုသည့်နေ့ရက်သို့ ဆန္ဒစောလျက် စောင့်မျှော်နေမိသည်။ အကြောင်းကတော့ . . . ကျွန်ုပ်တို့အဖို့ ရှင်းလင်းနိုင်စွမ်းမရှိ ဖြစ်နေခြင်းအပေါ်မှာ ထိုပုဂ္ဂိုလ်ကြီးသည် အခြေအနေတစ်ခုအထိ ပြောပြနိုင်လိမ့်မည်ဟု မျှော်လင့်မိ၍ဖြစ်သည်။

၎င်းနေ့ရက်သို့ ရောက်သောအခါ မျှော်လင့်ခဲ့သည့်အတိုင်း အမှန်ပင်ဖြစ်နေသည့်အတွက် ကျွန်ုပ်အဖို့ တအံ့တသြဖြစ်ရလေ၏။

ထိုပုဂ္ဂိုလ်ကြီးမှာလည်း စိုင်းဆဲထူးကဲ့သို့ပင် ၎င်းရှေးဟောင်းမောက်တိုဓားနှင့်ပတ်သက်ပြီး လွန်စွာထူးဆန်းသည့် ဖြစ်ပျက်မှုများကို ကြားသိရပြန်၏။

ကျူရိယိုဆိုင်ရှင်ပုဂ္ဂိုလ်ကြီးနှင့် ကျွန်ုပ်သည် [illegible]



www.burmeseclassic.com

www.burmeseclassic.com



များစွာ ကြာမြင့်သည်အထိ ဆွေးနွေးပြောဆိုကြ၏။

ကျွန်ုပ်တို့သည် စကားပြောဆိုနေလျက်က အားတ
အားနာသည့် အနေအထားမျိုး ဖြစ်မနေတော့ဘဲ တစ်ဦး
နှင့်တစ်ဦး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောဖြစ်ကြသည်။

ထိုပုဂ္ဂိုလ်ကြီးထံမှ ထူးဆန်းအံ့ဩဖွယ်အဖြစ်
အပျက်ကို ကြားသိခဲ့ရပြီးဖြစ်၍ ကျွန်ုပ်ကလည်း ကျွန်ုပ်၏
မိတ်ဆွေ စိုင်းဆဲထူး၏ ထူးခြားစွာပြောင်းလဲသွားသည့်
အမူအကျင့်များကို ပြန်လည်ပြောပြခဲ့ခြင်းဖြစ်သည်။

✣ ✣ ✣

## အခန်း ( ၆ )

### တစ်ရေးနိုးမှတ်တမ်း

ကျူရိယိုဆိုင်ရှင်ဦးမိုးထိနှင့် ကျွန်ုပ်သည် နေမွန်း
တည့်ချိန်ရောက်သည့်တိုင် စကားမပြတ်နိုင်အောင် ရှိနေ
တော့သည်။

ကျွန်ုပ်နှင့် စိုင်းဆဲထူးအဖို့ ဖြေရှင်းနိုင်စွမ်းမရှိသော
ပုစ္ဆာတစ်ပုဒ်ကို ကျူရိယိုဆိုင်ရှင်ဦးမိုးထိနှင့် တွေ့ဆုံသည့်
အခါ စိတ်ကူးအခွင့်အလမ်းများ ရရှိလိမ့်မည်ဟု မျှော်လင့်
ခဲ့သည်။

သို့သော်လည်း ၎င်းအခွင့်အလမ်းမှာ အစကို
မြင်လိုက်ရပြီး အဆုံးကို မမြင်နိုင်ဆိုသကဲ့သို့ ရှင်းမလိုလို
နှင့် ပို၍ပင်ရှုပ်ထွေးသွားပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏မိတ်ဆွေ စိုင်းဆဲထူး၏ ထူးဆန်းအံ့ဩ ဖွယ် ရင်ဆိုင်ရသည့် ပြဿနာတွင် ရှေးဟောင်းပစ္စည်း မောက်တိုးမားမှာ အဓိကဖြစ်သည်ဟု ကျွန်ုပ်ထင်မှတ်နေခဲ့ သော်လည်း ဦးမိုးထိပြောပြသည့်ဖြစ်စဉ်ကို ကြားရသည့် အခါ ၎င်းပြဿနာတွင် လွန်စွာစိတ်ဝင်စားဖွယ်ကောင်း သည့် ဇာတ်ကောင်တစ်ဦးကို သိရလေ၏။

ထိုဇာတ်ကောင်မှာ ၎င်းမောက်တိုးမားကို ရွှေဒင်္ဂါး ပြား ငါးဆယ်ဖြင့် ဝယ်ယူလိုက်သည့် ဘုန်းတော်ကြီး တစ် ပါးပင် ဖြစ်သည်။

ထိုဘုန်းတော်ကြီးနှင့် ဦးမိုးထိသည် လွန်ခဲ့သော ရက်အနည်းငယ်ခန့်က တွေ့ဆုံခဲ့ပြီးဖြစ်သည်။

ကျွန်ုပ်က ဖြစ်နိုင်လျှင် ကျွန်ုပ်၏မိတ်ဆွေ စိုင်းဆဲ ထူးအတွက် ၎င်းဘုန်းတော်ကြီးနှင့် တွေ့ဆုံလိုကြောင်း ဦးမိုးထိကို ပြောဆိုသော်လည်း ထိုကိစ္စမှာ ဘယ်လိုမှ ဖြစ်နိုင်တော့မည်မဟုတ်ကြောင်း ဦးမိုးထိကပြော၏။

"မောင်ရင့်မိတ်ဆွေအကြောင်းကိုသိရပြီးကတည်း က အခုပြဿနာကို ဖြေရှင်းနိုင်ဖို့ အဲဒီဘုန်းတော်ကြီးက လွဲပြီး ဘယ်သူမှမဖြစ်နိုင်ဘူးဆိုတာ ကိုယ်လည်း ကြိုသိ ပြီးသားပါ၊ ဘုန်းတော်ကြီး သီတင်းသုံးတဲ့ စစ်ကိုင်းတော





ကို ကိုယ်ရောက်သွားတော့ မောင်ရင့်မိတ်ဆွေ အကြောင်းကို ကိုယ်လျှောက်ထားပြောပြတော့ ဘုန်းတော် ကြီးဟာ ဘာတစ်ခွန်းမှ တုံ့ပြန်မပြောဘဲ နှုတ်ဆိတ်နေ တယ်၊ ထူးခြားတာက အလွန့်ကို အိုမင်းရင့်ရော်နေတဲ့ မျက်နှာပေါ်မှာ ကျေနပ်အားရမှုတွေ သိသိသာသာ ပေါ် လွင်နေတယ်၊ မျှော်လင့်ချက်တစ်စုံတစ်ရာအတွက် အားရ ကျေနပ်နေသလို မျက်ဝန်းတွေက လင်းလက်လာတယ်၊ ခေါင်းကို လေးလေးပင်ပင်ညိတ်ရင်း နှုတ်ခမ်းတစ်စုံက မဆိုသလောက် ပြုံးနေတယ် . . .။

ဘုန်းတော်ကြီးဟာ တောရကျောင်းလေးမှာ တစ် ပါးတည်း သီတင်းသုံးနေတယ်၊ သူ့ဆီကို ကိုယ်ရောက်လာ မှာကိုလည်း ကြိုသိနေလို့ ကိုယ်လည်း ခရီးရောက်မဆိုက် အံ့တဩ ဖြစ်သွားတယ်၊ လိုက်သွားရတဲ့အကြောင်းက လွန်ခဲ့တဲ့ငါးနှစ်ဝန်းကျင်က အဲဒီရှေးဟောင်းမောက်တို မားကို ရွှေဒင်္ဂါးပြားငါးဆယ်နဲ့ ဝယ်ယူမယ်ဆိုတဲ့ သူ့စကား ကြောင့်ပေါ့၊ ဒါကြောင့်လည်း ရင်တထိတ်ထိတ်နဲ့ သွားခဲ့ရ တယ်၊ သူနဲ့ တွေ့ပါ့မလားလို့လည်း စိုးရိမ်ပူပန်နေမိတယ် . . .။

ဒါပေမဲ့ ကိုယ့်ရည်ရွယ်ချက်တွေ ပြည့်ဝခဲ့ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အဲဒီမောက်တိုမားကို ကတ္တီပါအိတ်ကလေး
ထည့်ပြီး သူ့ကိုပေးတယ်၊ ကျုပ်ရဲ့ဆိုင်မှာ အဲဒီမောက်တ
မားကိုတွေ့ပြီး မောင်ရင့်မိတ်ဆွေ ဖြစ်ပျက်သွားပုံအ
အနေကို ပြောပြတယ်၊ ဘုန်းတော်ကြီးက အဲဒီမားက
ထုတ်ကြည့်တယ်၊ မားအိမ်ပေါ်မှာ ရေးထိုးထားတဲ့အမည
ကို သူက စိတ်ဝင်တစားကြည့်တယ်၊ ကိုယ်နဲ့ ဘုန်းတော်
ကြီး တွေ့ဆုံတဲ့အချိန်ဟာ နာရီဝက်တောင် မကြာပါဘူ
ဘုန်းတော်ကြီးက သူ့ကတိအတိုင်း ကိုယ့်ကို ပေးရန်ကျ
ရှိတဲ့ ငွေဒင်္ဂါးအပြားလေးဆယ်ကို ထုတ်ပေးတယ်၊ ပြီး
တော့ အဲဒီမားကိုလည်း ပြန်ပေးလိုက်တယ်၊ ရန်ကု
ရောက်တာနဲ့ အဲဒီမားကို သူ၏ပိုင်ရှင်ထံ အမြန်ဆုံးပေ
လိုက်ဖို့ မှာကြားတယ်၊ အဲဒီပိုင်ရှင်ဆိုတာက တခြားသူ
မဟုတ်ဘူး . . . မောင်ရင့်မိတ်ဆွေပေါ့”

ဘုန်းတော်ကြီးအား ဝပ်တွားဦးချပြီး ပြန်ခဲ့သော
ဦးမိုးထိသည် အပြန်ခရီးတွင် ခံစားမှုနှစ်မျိုး ဖြစ်နေတော
၏။ သူသည် ၎င်းရှေးဟောင်းပစ္စည်း မောက်တိုမားတစ
လက်ကြောင့် သူ၏ဘဝတွင် လွန်စွာဆိုးဝါးသည့် ကံကြမ္မာ
ဆိုးနှင့် ရင်ဆိုင်ခဲ့ရသည်၊ အနိမ့်ကျဆုံးဘဝဖြင့် နာလ
မထူနိုင်အောင် ဖြစ်ခဲ့ရသည်၊





သို့သော်လည်း ထိုပစ္စည်းကြောင့်ပင် သူ၏ဘဝ
သည် တစ်သက်တာ မျှော်မှန်း၍မရနိုင်သော ငွေကြေး
ကြွယ်ဝမှုကို ရရှိခဲ့ပြန်သည်။

ထိုစဉ်က ဘုန်းတော်ကြီးသည် သူရောက်ရှိလာ
မှာကို ကြိုသိနေသကဲ့သို့ သူ့အား လက်ခံတွေ့ဆုံပြီးသည်
နှင့် ၎င်းအရပ်ဒေသမှ ထွက်ခွာရန် အသင့်ပြင်ဆင်ထားပြီး
ဖြစ်၏။

သူက မေးမြန်းစုံစမ်းကြည့်သော်လည်း မည်သည့်
အရပ်ဒေသသို့ ထွက်ခွာမည်ကို တိကျရေရာစွာ ပြောဆို
ခြင်းမပြုဘဲ လွန်စွာဝေးလံသည့် အရပ်ဒေသတစ်ခုဆီသို့
ဟူ၍သာ မရေမရာ ပြောဆိုခဲ့သည်။

ထိုဒေသတွင် တစ်ဦးတစ်ယောက်ကို စောင့်မျှော်
ရမည်ဟု ပြော၏။ သို့သော် သူစောင့်မျှော်ရမည့်သူမှာ
နှစ်ကာလအတန်ကြာမှ ရောက်ရှိလာမည်ဟု ပြောဆိုလေ
၏။

“ယနေ့ လောကခေတ်ကြီးတစ်ခုလုံးဟာ အရှိန်
အဟုန်နဲ့ တိုးတက်ပြောင်းလဲနေသလို လူတွေရဲ့ အတွေး
အခေါ် ယုံကြည်စွဲလမ်းမှုဆိုတာလည်း ခေတ်ကာလနှင့်
အညီ ဆန်းသစ်ပြောင်းလဲနေတာကို မောင်ရင့်လို ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ပညာတတ်လူငယ်တစ်ဦးက ကိုယ့်ထက်ပိုပြီး သဘော ပေါက်ပါလိမ့်မယ်၊ ကိုယ်တို့သတ္တလောကကြီးထဲမှာ ဘယ် လိုလူပုဂ္ဂိုလ်တွေ ဘယ်လောက်ဆန်းသစ်ပါတယ်ဆိုတဲ့ နည်းပညာတွေနဲ့ လေ့လာဖော်ထုတ်လို့ မရနိုင်တဲ့ အကြောင်းတရားတွေ၊ လက်ဆုပ်လက်ကိုင် အကောင် အထည်ပြလို့မရတဲ့ ဖြစ်ပျက်မှုတွေ ဘယ်လောက်များရှိ နေမလဲဆိုတာ အခုဖြစ်ပျက်မှုနဲ့ ကြုံဆုံပြီးတဲ့နောက်မှာ ကိုယ့်အမြင်တွေလည်း အများကြီးပြောင်းလဲခဲ့ရတယ် . . . ။

ဘုန်းတော်ကြီးမှာကြားတဲ့အတိုင်း အဲဒီမောက်တို ဓားကို မောင်ရင့်မိတ်ဆွေကို ပေးလိုက်ပါ၊ ကိုယ်ယုံကြည် တာကို ပြောရမယ်ဆိုရင် အဲဒီမောက်တိုဓား, ဘုန်းတော် ကြီးနဲ့ မောင်ရင့်မိတ်ဆွေတို့ဟာ အကြောင်းတရားတစ်ခု အပေါ်မှာ ဆက်စပ်ပတ်သက်နေကြတယ်၊ ကိုယ်နဲ့ မောင် ရင်က အဲဒီအကြောင်းတွေ ပေါင်းစုံဖို့အတွက် ပံ့ပိုးဖြည့် ဆည်းပေးတဲ့ ဇာတ်ကောင်လို့ ပြောရလိမ့်မယ်"

ထိုသို့ပြောပြီးသည်နှင့် ဦးမိုးထိသည် ပြောခဲ့သည့် သူ၏ စကားအပေါ် သဘောကျစွာပြုံးလေ၏။

ကျွန်ုပ်နေထိုင်ရာအဆောင်သို့ ပြန်ရောက်ရှိသည်





တွင် အချိန်မှာ ညနေစောင်းပြီဖြစ်၏။ ကျွန်ုပ်သည် ကျူရီ ယိုဆိုင်ရှင် ဦးမိုးထိနှင့် စကားပြောဆိုဆွေးနွေးမဆုံးနိုင် အောင် ဖြစ်ခဲ့ရသည်။

သည့်ထက်မက ဆွေးနွေးပြောဆိုလိုသော်လည်း ဦးမိုးထိမှာ ထိုနေ့ညနေခြောက်နာရီတွင် ထွက်ခွာမည့် ပင်လယ်ကူးသင်္ဘောဖြင့် ကာလကတ္တားသို့ ထွက်ခွာမည် ဖြစ်၍ ကျွန်ုပ်လည်း စောလျင်စွာ ပြန်လာခဲ့ရ၏။

ကတ္တီပါအိတ်အနီဖြင့်ထည့်ထားသည့် မောက်တို ဓားကို ကျွန်ုပ်ထံမှ ရရှိလိုက်သည်နှင့် စိုင်းဆဲထူးသည် လွန်စွာပျော်ရွှင် နေတော့၏။ နှစ်ကာလများစွာ ဝေးကွာ နေသော ညီရင်းမောင်နှမတစ်ဦးနှင့် ရုတ်တရက် ပြန်လည် တွေ့ဆုံရသဖြင့် လှိုက်လှဲဝမ်းသာ ခံစားရသကဲ့သို့ ဖြစ်နေ လေ၏။

ငင်းရှေးဟောင်းပစ္စည်းကို အရယူပေးခဲ့သည့် ကျွန်ုပ်ကိုလည်း ကျေးဇူးတင်သည့်စကားများကို အကြိမ် ကြိမ်ပြောဆိုနေပြန်၏။

ကျွန်ုပ်လည်း မိတ်ဆွေ၏ဆန္ဒကို ဖြည့်ဆည်းပေး နိုင်ခဲ့၍ ပျော်ရွှင်မိပါသည်။

သူသည် ငင်းရှေးဟောင်းပစ္စည်းကို လက်အမြဲ



www.burmeseclassic.com

www.burmeseclassic.com



နိုင်အောင် ယုယကိုင်တွယ်နေလျက်က ထိုနေ့၏ ညဥ့် သန်းခေါင်နောက်ပိုင်းအချိန်တွင် အမှတ်မထင်တွေ့လိုက် ရသည့် သူ၏အပြုအမူကြောင့် ကျွန်ုပ်လည်း လွန်စွာတအံ့ တသြဖြစ်သွား၏။

ထိုစဉ်က စိုင်းဆဲထူး၏အမူအရာများမှာ ယခင် နေ့များကကဲ့သို့ အစဉ်သဖြင့် တွေဝေငေးငိုင်မနေတော့ဘဲ လန်းဆန်းပေါ့ပါးနေလေ၏။

၎င်းက ကျွန်ုပ်ကို ကျေးဇူးပြုသည့်အနေဖြင့် လင့် လမ်းရှိ ဂရေ့စ်ဟိုတယ်သို့ ခေါ်ဆောင်သွားပြီး ညနေစာ ဖြင့် ဧည့်ဝတ်ပြု၏။

ကျွန်ုပ်တို့နှစ်ဦး အဆောင်သို့ပြန်ရောက်သည့် အခါ အချိန်မှာ ညကိုးနာရီကျော်ပြီဖြစ်၏။ စားသောက် ရင်း အနည်းငယ်မှီဝဲထားသည့် ယမကာအရှိန်ကြောင့် မျက်ဝန်းတွေလည်း လေးလံနေပြီဖြစ်ရာ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ပြီး အိပ်ရာဝင်ခဲ့ကြ၏။

ညဥ့်သန်းခေါင်ကျော်အချိန်လောက်တွင် ဖြစ် သည်။ မည်သို့ပင် အိပ်မောကျသည်ဖြစ်ပါစေ . . . ထို အချိန်တွင် ကျွန်ုပ်သည် အမြဲလို တစ်ရေးနိုးစမြဲဖြစ်သည်။

အိပ်ရာမှမထမီ နိုးတစ်ဝက်ဖြစ်နေရာမှ ထူးဆန်း





မှာ ထွက်ပေါ်လာသည့် အသံကို သတိပြုလိုက်မိသည်။ ထိုအသံမှာ ကျွန်ုပ်နှင့် ခုနစ်ပေခန့်ကွာဝေးသည့်နေရာမှ ဖြစ်ကြောင်း ကျွန်ုပ် ခန့်မှန်းသိရှိလိုက်၏။

လွန်စွာတိတ်ဆိတ်သည့် ညဥ့်သန်းခေါင်ယံအချိန် ဖြစ်တာကြောင့် အသံမှာ သိသာစွာထွက်ပေါ်နေလေရဲ့။ ကျွန်ုပ်လည်း အိပ်ရာမှ ကပျာကယာထလျက် ၎င်းနေရာ သို့ ကြည့်လိုက်သည်တွင် မထင်မှတ်သောမြင်ကွင်းကို တွေ့ရလေ၏။

စိုင်းဆဲထူးသည် စာရေးစားပွဲတွင်ထိုင်လျက် ဖန်မီး အိမ်အလင်းဖြင့် စိတ်ဝင်တစား စာရေးနေ၏။ မည်သည့် အချိန်ကတည်းက နိုးထ၍ ထိုသို့စာရေးနေသည်ကို မသိ သော်လည်း ထိုအပြုအမူမှာ နာရီအတော်ကြာခဲ့ပြီ ဖြစ် ကြောင်း သူ၏နံဘေးမှ အမှိုက်ခြင်းကိုကြည့်၍ ကျွန်ုပ် မှန်းဆသိလိုက်၏။

လုံးချေထားသည့် စက္ကူများမှာ အမှိုက်ခြင်းထဲတွင် အများအပြား ရောက်ရှိနေ၏။ အချို့စက္ကူများမှာ ကြမ်း ပြင်ပေါ်သို့ လွင့်စဉ်လျက်ရှိ၏။

ဖန်မီးအိမ်အလင်းဖြင့် စိုင်းဆဲထူး၏မျက်နှာကို ဘေးတိုက်အနေအထား မြင်နေရသည်။ သူသည် မ



www.burmeseclassic.com

www.burmeseclassic.com



သည့်အရာကိုမျှ သတိမပြုနိုင်ဘဲ စာရွက်များပေါ်တွ
ရေးသားလိုက်၊ ၎င်းရေးသားပြီးသည့် စာရွက်ကို စိ
တိုင်းမကျသဖြင့် ဆွဲဆုတ်လုံးချေပြီး အမှိုက်ခြင်းအတွင်း
ပစ်ထည့်လိုက်ဖြင့် တစ်ဦးတည်း အလုပ်ရှုပ်နေ၏။

အလွန်ထူးခြားသည့် သူ၏အပြုအမူများကို စိ
ဝင်တစားကြည့်နေလျက်က ကျွန်ုပ်သည် ၎င်းနှင့် မျက်နှ
ချင်းဆိုင်တွင် ရှိသည့် ရှေးဟောင်းမောက်တိုခါးကို တွေ
မြင်လိုက်၏။

သူသည် ထိုဓားကို ချေးချွတ်သည့် ဆေးရည်များ
ဖြင့် စိတ်ရှည်စွာ ပွတ်တိုက်သန့်စင်ထားသည်ကြောင့် ၎င်
ဓားမှာ မီးအိမ်အလင်းဖြင့် တောက်ပြောင်လျက်ရှိ၏။

ထိုဓားကို သူသည် အလျားလိုက်ထောင်ထားပြီ
စာရေးနေလျက်က မကြာခဏဆိုသလို စူးစိုက်ကြည့်လေ
၏။

ကျွန်ုပ်သည် တစ်ရေးနိုးနေပြီဖြစ်သော်လည်း အိပ်
ရာမှ မထဝံ့လောက်အောင် ဖြစ်နေမိသည်။ ထို့အပြင်
အသံတစ်စုံတစ်ရာ မပေးဝံ့အောင် မိမိကိုယ်မိမိ သတိ
ထားနေရ၏။

ထိုသို့ ကြည့်နေလျက်က အချိန်အားဖြင့် မိနစ်





နှစ်ဆယ်မျှ ကြာမြင့်သည်တွင် သူ၏ထိုအပြုအမူများမှာ
ရပ်တန့်သွားတော့၏။

တစ်ကြိမ်တွင် သူသည် စာရွက်များကို စုတ်ဖြဲ
လုံးချေခြင်း မပြုတော့ဘဲ အချိန်ကြာမြင့်စွာ ရေးသားနေ
လေ၏။ ထိုသို့ ရေးသားပြီးသည်နှင့် သူသည် ခြေကုန်
လက်ပန်းကျသွားသကဲ့သို့ ၎င်းစာရွက်သားပေါ်သို့ မျက်
နှာကိုမှောက်လျက် အိပ်ပျော်သွားတော့၏။

ထိုအခါ ကျွန်ုပ်လည်း အိပ်ရာမှထလိုက်ပြီး မျက်
နှာကြက်မှာ ချိတ်ဆွဲထားသည့် ဖန်မီးအိမ်ကိုဖြုတ်ယူ၍
မီးငြိမ်းလိုက်တော့သည်။ ထိုစဉ် ကျွန်ုပ်သည် ၎င်းရေးသား
နေသည့်စာမှာ မည်သည့်အကြောင်းအရာများ ဖြစ်လေ
မလဲဟု လွန်စွာသိချင်သော်လည်း စာရွက်များအပေါ်
မျက်နှာမှောက်လျက် အိပ်ပျော်နေသဖြင့် သိခွင့်မရလိုက်
ပေ။

သို့သော်လည်း ၎င်းစာနှင့်ပတ်သက်ပြီး နောက်
တစ်နေ့ သိရှိစဉ်မှာတော့ ကျွန်ုပ်တို့နှစ်ဦးအဖို့ အံ့သြတွေ
ဝေမှုများဖြင့် နားမလည်နိုင်အောင် ဖြစ်နေတော့သည်။

သို့သော် ထိုစာပါအကြောင်းအရာများမှာ နောင်
ငါးနှစ်ခန့် ကြာမြင့်သည့်အခါ လွန်စွာအရေးပါသည့်ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအတွက် အမိကကျောရိုးသဖွယ် ဖြစ်ခဲ့ရသည်ကို ထိုစဉ်က ကျွန်ုပ်တို့နှစ်ဦး သိရှိနိုင်စွမ်းမရှိခဲ့ပါ။

ထူးခြားသည်မှာ ထိုဖြစ်ပျက်မှုပြီးသည့်နောက်ပိုင်း နေ့ရက်များမှစ၍ စိုင်းဆဲထူး၏ စိတ်နေအမူအကျင့်များမှာ ယခင်ကကဲ့သို့ ပြန်လည်ကောင်းမွန်လာခဲ့သည်။

ကျွန်ုပ်တို့နှစ်ဦးမှာလည်း ထိုဖြစ်ပျက်မှုပြီးသည့် နောက် ရက်အနည်းငယ်ကြာသည့်အခါ မထင်မှတ်ဘဲ ခွဲခွာခဲ့ရ၏။

ဒုတိယကမ္ဘာစစ်ကြီးသည် အာရှတိုက်အတွင်း နိုင်ငံများသို့ အချိန်တိုတိုအတွင်း ဝင်ရောက်လာသဖြင့် ကျွန်ုပ်တို့နှစ်ဦးသည်လည်း အမိနိုင်ငံအတွက် ကျရာ အခန်းကဏ္ဍများမှ ဝင်ရောက်တာဝန်ထမ်းဆောင်ကြ သဖြင့် ထိုသို့ခွဲခွာခဲ့ရခြင်းဖြစ်သည်။

ထိုစဉ်မှစ၍ ခွဲခွာခဲ့ရပြီး နောက်ငါးနှစ်ခန့် ကြာ မြင့်ပြီး ယခုအချိန်ရောက်မှ ပြန်လည်တွေ့ဆုံကြရသည်။

✣ ✣ ✣

## အခန်း ( ၇ )

### ပုရပိုက်မှတ်တမ်းကို ဖတ်ရှုလေပြီ

ငါ၏အမည်မှာ ရွှေဘုန်းဖြစ်ပြီး ငါ၏ဇာတိမှာ ရွှေကိုမြို့သားဖြစ်၏။ ဆင်ဖြူရှင်ကိုယ်တော်ဘုရားလက်ထက်တွင် ဘုန်းဘုရား၏ အမှုတော်ခရီးရောက်အောင် ထမ်းဆောင်ကြိုးပမ်းရာတွင် ငါတို့၏ စစ်သူကြီးသူရိယမှာ ထွန်းစွာ ဩဇာတိက္ကမကြီးမား၏။

သက္ကရာဇ် (၁၂၂၇)ခုနှစ်တွင် နှစ်နိုင်ငံနယ်စပ် ငြင်းပွားမှုကို အကြောင်းပြုပြီး တရုတ်စစ်သည်များ သည် ငါတို့နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်ပြီး ပြည်သူများကို နှိပ်စက်သတ်ဖြတ်လေ၏။

ဘုန်းဘုရားရွှေနန်းရှင်၏ အမိန့်အာဏာကို ဦးထိပ်



www.burmeseclassic.com

www.burmeseclassic.com



ပန်ဆင်လျက် ငါတို့၏စစ်သူကြီး သူရိယသည် ဒုင်းက
ကျော်လာသူ တရုတ်စစ်သည်များကို သုတ်သင်ရှင်းလ
တော်မူခဲ့၏။

စစ်သူကြီးသူရိယဦးဆောင်သော ငါတို့စစ်သ
များသည် တရုတ်စစ်သည်များကို လေးနှစ်လေးမိုးတိ
တွေ့ရာသင်္ချိုင်း ဓားမဆိုင်းတမ်း သုတ်သင်ခဲ့ရသဖြင့် ငါ
ရဲမက် အများအပြား ခရီးပန်းခဲ့ပြီဖြစ်၏။

သို့ရာတွင် ဘုန်းဘုရား၏သစ္စာကို ဦးထိပ်ပန်ဆ
လျက် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကာ စစ်သူကြ
သူရိယနှင့် ငါတို့ရဲမက်စစ်သည်များမှာ သံလွင်မြစ်အ
အပါးတွင် အခိုင်အမာ တပ်စွဲထားသည့် တရုတ်စစ်သ
များကို အပြင်းအထန် တိုက်ခိုက်အနိုင်ယူခဲ့သည်။

ဒုင်းတိုက်ပွဲတွင် တရုတ်စစ်ဗိုလ်ချုပ်ကိုပါ သု
သင်ရှင်းလင်းခဲ့ရုံသာမက သူ၏ရဲမက်များမှာ ဝါးအစ
ပြေသကဲ့သို့ ရင်ဆိုင်ကြရပြီး နောက်ကြောင်းရိက္ခာပို့ခြ
အကူအထောက်လုပ်ငန်းစဉ်မှန်သမျှကို ဖြတ်တောက်နိုင်
ကြ၏။

စစ်သူကြီးသူရိယဦးဆောင်သည့် စစ်သည်ရဲမ
များမှာ စစ်ရေးအရ တစ်ပန်းသာနေချိန်တွင် စစ်သူကြီး





သဘောဆန္ဒကို တစ်စုံတစ်ရာမယူဘဲ စစ်ရှုံးတပ်ပျက်
ရုတ်တပ်မှူးများနှင့် စစ်ပြေငြိမ်းရေးစာချုပ်ကို ရုတ်တ
က်ချုပ်ဆိုကြောင်း သတင်းရရှိသဖြင့် ငါတို့စစ်သူကြီး သူရိ
သည် လွန်စွာအမျက်ဒေါသ ဖြစ်ရလေ၏။

စစ်သူကြီးသူရိယဦးဆောင်သည့် ငါတို့စစ်သည်
မက်များမှာ နေပြည်တော်နှင့် လွန်စွာဝေးလံသည့် အရပ်
သို့ ရောက်ရှိနေကြသဖြင့် ဒုင်းရရှိသည့်အမိန့်စာ
ပေါ် သံသယဖြစ်မိသော်လည်း ရက်ကာလအတန်
ာသည်တွင် ထိုအကြောင်းကိစ္စမှာ ဘုရင့်အမိန့်တော်
ကြောင့်မဟုတ်မူဘဲ အခွင့်အာဏာကို အလွဲသုံးစားဖြင့်
ယ်ကျိုးရှာဆောင်ရွက်သည့် စစ်ရေးဝန်ကြီးသဘောဆန္ဒ
ဖြစ်ကြောင်း သိရလေ၏။

မကြာမတင်ကာလတွင် ရေမြေသနင်း ဘုန်းရှင်
များသည် အမိန့်အာဏာမရဘဲ ငြိမ်းချမ်းရေးပြုလုပ်ခဲ့ကြ
ည့် တာဝန်ရှိသူများကို မင်းပရိယာယ်ဖြင့် နေပြည်တော်
ပြန်လည်ခေါ်ယူပြီး စစ်ရေးဝန်ကြီးနှင့် တပ်မှူးစစ်ကဲ
ကို ကွပ်မျက်သုတ်သင်လေ၏။

ငါတို့၏ စစ်သူကြီးသူရိယ ဦးဆောင်သည့် စစ်
ည်ရဲမက်များမှာ စစ်ရေးဝန်ကြီး၏ လက်အောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အမှုထမ်းကြရသဖြင့် နေပြည်တော်သို့ ဆင့်ခေါ်ခြင်းခံရ သော်လည်း လွန်စွာ အမြော်အမြင်ကြီးမားသည့် စစ်သူကြီး သူရိယမှာ စစ်ကြောင်းကို အဆောတလျင် ဆုတ်ခွာခြင်း မပြု ရှိနေစဉ်မှာ ဇင်းသတင်းကို ကြားသိရ၏။ လက် အောက်ခံ အရာခံ၊ စစ်ကဲနှင့် ရဲမက်တို့လည်း ဆက်လက် သုတ်သင်မည်ဟူသော သတင်းကြောင့် စစ်သူကြီးသူရိယ သည် ငါတို့စစ်သည်ရဲမက်များကို ဦးဆောင်လျက် အန္တရာယ်လွတ်ရာသို့ ပြေးရှောင်ခဲ့ရပေ၏။

ငါတို့စုရုံးမိသမျှ အင်အားစုမှာ စစ်သည်ရဲမက် သုံးရာခန့် ရှိ၏။ ငါတို့သည် မိုးလေသဘာဝ၏ အနှော အယှက်များဘေးမှ လုံခြုံမှုကို အဓိကထားပြီး ဤကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြင့် အရံအတားကောင်းလှသည့် ပုံပ ဆိုးရွားလှသော တောင်တစ်လုံးအတွင်းစယ် ခိုအော စခန်းပြုခဲ့ကြစဉ် မမျှော်မှန်းခဲ့မိသော အန္တရာယ်ဆိုးများ ရင်ဆိုင်ခဲ့ရသည်။

အစားအသောက် ပြတ်လပ်သဖြင့် ရဲမက်များ သည် အဖျားအနာဝင်ကာ တိမ်းပါးသူများစွာရှိလာသ ရိက္ခာရှာဖွေရေးအတွက် လှည့်လည်သူများကိုလည်း သ ရဲများ ရန်မူတိုက်ခိုက်ခြင်း ခံရသည်ကြောင့် ဆုံးပါးမှု





ရှိခဲ့လေ၏။

"ငါတို့အပေါ် ကျရောက်နေသည့် အန္တရာယ်ကား ကြီးမားလှလေ၏။ ညစဉ် ငါတို့၏ ရဲမက်တစ်ယောက် သော်လည်းကောင်း ပျောက်ဆုံးခဲ့ခြင်းအတွက် ငါတို့သည် အိပ်စက်ရာအခန်းများကို တံခါးလုံများ ဆောက်တည်ကာ ကွယ်လိုက်ရလေ၏။

သို့ရာတွင် ရာသီဥတု ပြင်းပြမှုနှင့် အဝတ်အထည် မလုံလောက်မှုကြောင့် ရဲမက်များသည် ဝမ်းရောဂါများ ဖိစီးကာ ငါတို့ကို စွန့်ခွာသွားခဲ့ကြပေသည်။ ငါတို့အလှည့် ကား များစွာမဝေးတော့ကြောင်း ငါတို့၏စစ်သူကြီးသူရိယ ရိပ်စားမိခဲ့သည်။

မိမိအတွက်သာမက မိမိ၏စစ်သည်များအတွက် ရိမ်ခံစားရသဖြင့် စစ်သူကြီးသူရိယ၏ ကျန်းမာရေးမှာ သာစွာ ဆိုးရွားလာ၏။ ငါတို့၏အကြီးအကဲ စစ်သူကြီး ည် တရုတ်စစ်သည်များထံမှ ရယူသိမ်းဆည်းခဲ့သည့် ကျောက်မျက်ရတနာ မြောက်မြားစွာတို့ကို ဤသို့ အခြေခံ ကောင်းလှသော လှိုဏ်ခေါင်းကြီးတစ်နေရာတွင် သို့ဝှက် ထိုက်ရသည်။

ငါတို့၏ ရဲမက်စစ်သည်များအနက် ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမွန်သည့် ကချင်ရဲမက်သွေးသောက် ဒူးဝါးဇော်လ ကို နောက်လိုက်စစ်သည်ဆယ်ဦးအား ဦးဆောင်စေလျက် ဤအရပ်ဒေသမှ စွန့်ခွာရန် စစ်သူကြီးသူရိယက အမိန့် တော်ဖြင့် စေလွှတ်၏။

စစ်သူကြီး၏ လက်သုံးတော်ဓားကိုလည်း ဒူးဝါး ဇော်လထံပေးအပ်ပြီး အချိန်ကာလတစ်ခုတွင် လူသူ အင် အားစုစည်းပြီး ဤလှိုဏ်ခေါင်းကြီးအတွင်းရှိ ကျောက်မျက် ရတနာများကို ထုတ်ယူသယ်ဆောင်ရန် မှာကြားလေ၏။

၎င်းရတနာများကို ကိုယ်ကျိုးအတွက် ရှေ့ရှုသုံးစွဲ ခြင်း မပြုစေရန်နှင့် အမျိုး၊ ဘာသာ၊ သာသနာအတွက် အချိုးကျခွဲဝေပြီးမှ မိမိအကျိုးအတွက် အသုံးပြုစေရမည် ဟု မှာကြားပြီးနောက် ၎င်းတို့ကို ကျိန်တွယ်ဆုတောင်းပြု စေခဲ့၏။

၎င်းအစီအစဉ်အတိုင်း ပြုလုပ်ပြီးပါက ဤလိုဏ် ခေါင်းကြီးအတွင်း၌ ဘေးအန္တရာယ်ဆိုးများကြောင့် သေ ဆုံးခဲ့ကြရသည့် စစ်သည်ရဲမက်များ၏ အကုသိုလ်က အကြောင်းတရားများ လွတ်ကင်းချုပ်ငြိမ်းပါစေသား . . .

ငါသည် စစ်သူကြီးသူရိယအမိန့်တော်ဖြင့် ဤ ကမ္ဗည်းစာလွှာကို ရေးထိုးမှတ်တမ်းပြုလေ၏။





ဤနေရာ ဤဒေသသို့ အကြောင်းကြောင်းကြောင့် ရောက်ရှိလာသူများသည် ငါတို့အပါးဝယ် တွေ့ရှိသမျှ လက်နက်၊ ကျောက်မျက်ရတနာများကို ကိုယ်ကျိုးအတွက် ကို ရှေးရှုလျက် လုံ့လပြုရှာဖွေခြင်း မပြုကြရန် တောင်း ပန်တိုးလျှိုးအပ်ပါသည်။ လောဘရှေ့မှုက်ထူပြောသူအဖို့ ဤကြောက်မက်ဖွယ်ရာနေရာသည် သမ်းဆုံးစခန်းဖြစ်ပါ စေသတည်း။

စစ်သူကြီး
သူရိယ

ကျွန်ုပ်သည် အင်အားကောင်းလှသည့် မီးဖိုကြီးမှ အလင်းရောင်ဖြင့် ကြေးလင်ပန်းပေါ်တွင် ရေးထိုးထား သည့် စာကြောင်းများကို ဖတ်ရှုနေမိသည်။

ကြေးလင်ပန်းမှာ သုံးချပ်ဖြစ်ပြီး အမှတ်စဉ် အက္ခ ရာရေးထိုးထားသဖြင့် ရှေ့နောက်အစီအစဉ်ရွေးချယ်ရာ တွင် လွယ်ကူလေ၏။ ထိုသို့ဖတ်ရှုပြီးသည်နှင့် ကျွန်ုပ်နှင့် နိုင်းဆဲထူးသည် တစ်ဦးမျက်နှာတစ်ဦး အကဲခတ်ကာ စကားမပြောနိုင်လောက်အောင် ငေးကြည့်နေမိကြသည်။

ကျွန်ုပ်သည် ၎င်းကြေးလင်ပန်းပေါ် ရေးထိုးထား



www.burmeseclassic.com

www.burmeseclassic.com



သည့် အကြောင်းအရာများကို လွန်ခဲ့သည့်ငါးနှစ်ခန့်က တည်းက စွဲမြဲစွာမှတ်မိနေခဲ့သည်။ စိုင်းဆဲထူးသည် ရွက်အလွတ်များပေါ်တွင် ၎င်းစာကြောင်းများနှင့် ထပ်တည်း ပုံသဏ္ဌာန်တူ ရေးသားခဲ့သည်ကို အကြိမ်ကြိမ် ဖတ်ရှုခဲ့ပြီး၍ဖြစ်သည်။

၎င်းအဖြစ်အပျက်များမှာ ကျွန်ုပ်၏သိမှတ်မှုအာရုံ တွင် မနေ့တစ်နေ့ကကဲ့သို့ အမှတ်ထင်ထင်ရှိနေဆဲပင် ဖြစ်သည်။

ကျူရီယိုဆိုင်မှ မောက်တိုဓားကို ပိုင်ဆိုင်ခွင့်ရခဲ့ သည့်နေ့တွင် စိုင်းဆဲထူးသည် ညဥ့်သန်းခေါင်အချိန် ရေးစားပွဲတွင် ထိုင်လျက် ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က ရေးသားခဲ့သည့် စာရွက်များကို စိုင်းဆဲထူးသည် မပျောက်မပျက် သိမ်းဆည်းထားသဖြင့် ကျွန်ုပ်လည်း ပို၍သေချာမှုရှိစေရန် ထိုစာရွက်များကို ဖြန့်ခင်းလိုက်ပြီး ကြေးလင်ပန်းပေါ်တွင် ရေးထိုးထားသည့် စာကြောင်းများ နှင့် နှိုင်းယှဉ်ဖတ်ရှုသည့်အခါ စာပါအကြောင်းအရာများ သာမက စာလုံးရေနှင့် လက်ရေးလက်သားများပါ တစ် ထပ်တည်းတူညီလျက်ရှိသည်ကို အံ့ဩဖွယ်တွေ့ရလေ၏။

၎င်းကြေးလင်ပန်းအချပ်များသည် စိုင်းဆဲထူး၏





သို့ မထင်မှတ်ထားဘဲ ရောက်ရှိလာခဲ့၏။ ထိုမှအစပြု၍ ကျွန်ုပ်အား ၎င်းဆီသို့အရောက်လာရန် အားချင်းဖိတ်ခေါ် ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့နှစ်ဦးသည် ညဥ့်သန်းခေါင်ချိန်ရောက် သည့်တိုင်အောင် အိပ်စက်ခြင်းမပြုနိုင်အောင် ဖြစ်နေ ကြတော့သည်။

"တကယ်ပဲ ဆဲထူး . . . ဒီဟာတွေကို လေ့လာ ဖတ်ရှုရတာ ငါ့စိတ်ထဲမှာ လွန်ခဲ့တဲ့ငါးနှစ်ခန့်က ကျူရီ ယိုဆိုင်ကအစပြုပြီး မင်းရဲ့အမူအကျင့်တွေ ပြောင်းလဲ သွားခဲ့စဉ်က အံ့ဩမှုမျိုး ပြန်လည်ခံစားရတယ်၊ ငါးနှစ် ကြာတဲ့ ကာလအတွင်းမှာ မင်းနဲ့ငါ ဖြတ်သန်းခဲ့ရတဲ့ ပြောင်းလဲမှုတွေနဲ့အတူ အဲဒီကိစ္စကို ပြီးဆုံးသွားပြီလို့ ငါ ထင်နေခဲ့တာ"

"ငါးနှစ်ဆိုတဲ့ကာလဟာ တိုတောင်းပေမယ့် တို့ တွေ ဖြတ်သန်းကြရတဲ့ခရီးကတော့ တကယ့်ခရောင်းလမ်း ဖြစ်ခဲ့ရတယ်၊ ကျူရီယိုဆိုင်က ဒီမောက်တိုဓားရရှိခဲ့တဲ့ နေ့ကို မင်းလည်း အမှတ်ရမှာပါ၊ အဲဒီနေ့ ညဥ့်နက်သန်း ခေါင်အချိန်မှာ စာရေးစားပွဲမှာထိုင်ပြီး ဒီစာရွက်ပေါ်က အကြောင်းအရာတွေကို ရေးပြီးတဲ့ နောက်ပိုင်းနေ့ရက်



www.burmeseclassic.com

www.burmeseclassic.com



တွေကစလို့ ယနေ့အချိန်အထိ ငါရဲ့စိတ်ခံစားမှုတွေဟ
ဘာတစ်ခုမှ ဖောက်ပြန်မှုမရှိတော့ဘူး၊ အခုတေ
တကယ့်အံ့သြစရာ အကြောင်းတွေနဲ့ ကြုံရပြန်တယ်”

သူသည် စကားကိုရပ်တန့်လျက် ကျွန်ုပ်၏မျ
တွင်ရှိသည့် ကြေးလင်ပန်းကို ဆွဲယူကြည့်လေ၏။ ကျွန်
လည်း ပြောလာမည့် သူ၏စကားများကို စီးကရက်
ဖွာရှိုက်လျက် စိတ်ဝင်တစား စောင့်ဆိုင်းနေလိုက်သည်

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ မြန်မာနိုင်ငံ လွတ်
လပ်ရေးရပြီးသည့်နောက်ပိုင်းတွင် ကျွန်ုပ်သည် လူမျိ
သုတေသနလုပ်ငန်းကို တစိုက်မတ်မတ်လေ့လာခဲ့သူဖြ
၍ ထိုလုပ်ငန်းမှာ လွန်စွာစွန့်စားရသည့် လုပ်ငန်းဖြစ်၏

ထိုလုပ်ငန်းအတွက် ကျွန်ုပ်သည် မြန်မာနိုင်
အတွင်းသာမက ကမ္ဘာ့နိုင်ငံအတော်များများသို့လည်း ခ
စားသွားရောက်ခဲ့ရသည်။

အများအားဖြင့် ကျွန်ုပ်သွားရောက်ခဲ့သည့် ဒေ
များမှာ လူသူအရောက်အပေါက်နည်းပါးသည့် လွန်စွ
ဝေးလံသည့် အရပ်ဒေသများဖြစ်သည်။

ကျွန်ုပ်သည် ထိုခရီးစဉ်များတွင် သာမန်လူ
အတွက် လက်ခံနိုင်ဖွယ်မရှိသော လွန်စွာထူးဆန်းအံ့





ဖွယ် ဖြစ်ရပ်များနှင့် အကြိမ်ကြိမ်ကြုံတွေ့ခဲ့ရသဖြင့် ၎င်း
အတွေ့အကြုံများအရ ကျွန်ုပ်၏မိတ်ဆွေ စိုင်းဆဲထူး
ပြောပြသည့် အဖြစ်အပျက်များအပေါ်တွင် ထူးခြားစွာ
အံ့သြခြင်းမဖြစ်တော့ပါ။

“တို့မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာ
ပါလည်း ငါတို့ဒေသရဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်
တာဝန်ထမ်းဆောင်ခဲ့တယ်၊ နောက်တစ်နှစ်မှာပဲ နယ်ခြား
သတ်မှတ်တိုင်းတာခြင်းကိစ္စကို အကြောင်းပြုပြီး နယ်ခြား
မြို့ကိုဖြတ်ပြီး ပြည်မကြီးအထိ ရောက်ရှိခဲ့တယ်၊ အဲဒီမြို့မှာ
မထင်မှတ်ဘဲ မြန်မာရည်လည်တဲ့ တရုတ်ကုန်သည်တစ်
ဦးနဲ့ ရင်းနှီးခဲ့တယ် . . .။

အဲဒီလို ရင်းနှီးရတာကလည်း သူ့ရဲ့စီးပွားရေးလုပ်
ငန်းအမြောက်အမြားဟာ တို့နိုင်ငံထဲမှာ ရှိနေလို့ပေါ့၊
အထူးသဖြင့် တို့တောင်ပေါ်ဒေသတွေမှာ အများဆုံးပဲ၊
တကယ့်ကို လူရည်လည်တဲ့ စီးပွားရေးသမားပဲ၊ မြန်မာ
နိုင်ငံအကြောင်းကို သမိုင်းကြောင်းနဲ့သိပြီး ပြောဆိုနိုင်
လောက်အောင် နှံ့စပ်လွန်းတယ်၊ ငါ မြန်မာပြည် ပြန်
ရောက်ပြီး ယနေ့အထိ သူနဲ့ အဆက်အသွယ် မပြတ်ခဲ့ဘူး
. . . ။



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ တစ်နှစ်ခန့်ကစပြီး အဲဒီတရုတ်ကုန်သည်ဟာ ငါ့ဆီကို အရောက်အပေါက်များလာတယ်၊ တစ်နေ့မှာ သူ့ဆီက ထူးဆန်းတဲ့စကားတွေကို ကြားခဲ့ရတယ်၊ သူတို့အဘိုးဟာ သူတို့မျိုးဆက်တွေ သိရှိစေဖို့ မှတ်တမ်းရေးခဲ့တာလို့ အစချီပြီးပြောတယ်၊ သက္ကရာဇ် (၁၁၃၀) ခုနှစ်၊ ဆင်ဖြူရှင်လက်ထက်မှာ တို့မြန်မာစစ်သည်တွေနဲ့ တရုတ်စစ်သည်တွေဟာ နယ်စပ်တစ်ကြောမှာ စစ်ပွဲတွေဖြစ်ကြတယ်၊ အကြောင်းကတော့ နယ်ခြားပြဿနာ ဖြစ်တယ် . . .

အဲဒီစစ်ပွဲမှာ မြန်မာတွေဘက်က နိုင်ခဲ့ပေမယ့် အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြလို့ စစ်သူကြီးသူရိယနဲ့ နောက်လိုက်နောက်ပါတွေဟာ တိမ်းရှောင်သွားခဲ့ကြတယ်၊ သူတို့နဲ့အတူ တရုတ်စစ်ဗိုလ်ချုပ် ချန်လောင်းရဲ့ ရတနာပစ္စည်းအမြောက်အမြား ပါသွားခဲ့တယ်၊ အဲဒီစစ်ပွဲမှာ တရုတ်စစ်ဗိုလ်ချုပ် ချန်လောင်းလည်း ဒဏ်ရာအများအပြားရရှိပြီး ကျဆုံးခဲ့ရတယ် . . .॥

စစ်သူကြီးသူရိယနဲ့ စစ်သည်များဟာ တပ်က ခွဲထွက်သွားပြီးကတည်းက သတင်းအစအန လုံးဝပျောက်သွားတယ်၊ သူတို့နဲ့ပါသွားတဲ့ ရတနာပစ္စည်းတွေဟာ





များပြားလွန်းလို့ တရုတ်စစ်ဗိုလ်ချုပ်ချန်လောင်းရဲ့ စစ်ကဲတပ်မှူးတွေဟာ နယ်စပ်ဒေသတစ်လျှောက်က နက်ရှိုင်းတဲ့တောတောင်အနှံ့ နှစ်ကာလကြာမြင့်စွာ မရပ်မနားရှာဖွေခဲ့တယ်၊ ရရှိတဲ့သတင်းကလည်း စစ်သူကြီးသူရိယနဲ့နောက်လိုက်စစ်သည်တွေဟာ တရုတ်ပြည်ထဲကိုလည်း မရောက်၊ မြန်မာပြည်မှာလည်း မရှိလေတော့ ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် သူတို့တွေဟာ နယ်ခြားတစ်နေရာမှာ ရှိကိုရှိရမယ်လို့ အားလုံးက ယူဆကြတယ်”

“တကယ့်ကို စိတ်ဝင်စားစရာပဲ . . . ဆက်ပြောပါဦး ဆဲထူး”

စိုင်းဆဲထူးက လက်ဖက်ခြောက်များများခပ်ထားသည့် အခါးရည်ကို ဝါးဆစ်ပိုင်းထဲထည့်ပြီး တစ်ကျိုက်မော့သောက်ပြီးမှ . . .

“နောက်တော့ သူတို့သတင်းကို တရုတ်စစ်ဗိုလ်ချုပ် ချန်လောင်းရဲ့တပ်မှူးတွေဆီက ကြားရတယ်၊ စစ်သူကြီးသူရိယရဲ့ နောက်ပါစစ်သည် အနည်းငယ်ကို နယ်ခြားဒေသက အလွန်နက်ရှိုင်းတဲ့ တောနက်ကြီးထဲမှာ ရတနာပစ္စည်းအချို့နဲ့အတူ လက်ရဖမ်းဆီးနိုင်ခဲ့တယ် . . .॥

အဲဒီမြန်မာစစ်သည်အချို့ရဲ့ ခေါင်းဆောင်က



www.burmeseclassic.com

www.burmeseclassic.com



ကချင်အမျိုးသား စစ်သည်တစ်ဦးဖြစ်ပြီး အလွန်သူရသတ္တိ
နဲ့ ပြည့်စုံသူဖြစ်တယ်၊ မြန်မာစစ်သည်တွေဟာ ရှိသမျှ
လက်နက်အင်အားနဲ့ အညှာမခံ ခုခံပေမယ့် အလွန်ကြမ်း
တမ်းတဲ့ခရီးကို နေ့ရက်များစွာ ဖြတ်သန်းခဲ့ရတဲ့အပြင်
ဆိုးဝါးတဲ့ရာသီဥတုကြောင့် စစ်သည်အချို့ ဖျားနာနေတဲ့
အတွက် အလွယ်တကူ အညံ့ခံခဲ့ရတယ်။

သိမ်းဆည်းရမိတဲ့ ရတနာပစ္စည်းတွေထဲမှာ စစ်သူ
ကြီးသူရိယကိုင်ဆောင်တဲ့ ဆင်စွယ်ရိုးတပ် မောက်တိုဓား
ကိုတွေ့ရတော့ တရုတ်ဗိုလ်ချုပ်ကြီးချန်လောင်းရဲ့လက်
အောက်က တပ်မှူးစစ်ကဲတွေဟာ စစ်သူကြီးသူရိယပုန်းခို
တဲ့နေရာကို နည်းပရိယာယ်မျိုးစုံနဲ့ စုံစမ်းဖော်ထုတ်တာပဲ။

ဒါပေမဲ့ မြန်မာစစ်သည်တွေက အသက်သေဆုံး
သည်အထိ ဖော်ထုတ်ခြင်းမပြုခဲ့ဘူး၊ မြန်မာစစ်သည်များ
အတွက် ကံဆိုးတာက စစ်သူကြီးသူရိယ ပုန်းခိုတဲ့နေရာ
ကို ရေးဆွဲထားတဲ့ မြေပုံကြမ်းကို တရုတ်တပ်မှူးတွေက
ရရှိသွားတယ်၊ အဲဒီနောက် စစ်သည်အားလုံးကို သုတ်
သင်ပစ်လိုက်တယ်၊ ဒါပေမဲ့ အစောင့်အကြပ် ထူထဲစွာ
ချထားတဲ့ အကျဉ်းစခန်းက မြန်မာစစ်သည်တစ်ဦး လွတ်
မြောက်သွားခဲ့တယ်၊ အဲဒီစစ်သည်က စစ်တပ်ကို ဦး





ဆောင်လာတဲ့ ကချင်အမျိုးသားစစ်သည်တစ်ဦးလို့ သူ
တို့ရဲ့မှတ်တမ်းမှာ ရေးထားတယ်”

“အတော်စိတ်ဝင်စားဖို့ကောင်းတဲ့ ဇာတ်လမ်းပဲ၊
ဒီဖြစ်စဉ်တွေဟာ ကျူရီယိုဆိုင်မှာ အစပြုခဲ့ပြီး ငါတို့နှစ်
ယောက်ကို အစဆွဲထုတ်လိုက်လို့မရအောင် ရှုပ်ထွေးစေခဲ့
တဲ့ ပုစ္ဆာတစ်ပုဒ်အတွက် ပုံသေနည်းတစ်ခု ရရှိလိုက်ပြီလို့
ငါထင်တယ်”

“ဒီအကြောင်းတွေကိုပြောရင် မင်းလည်း စိတ်ဝင်
စားမယ်ဆိုတာ ငါသိတယ် ထင်ကျော်၊ ဒါကြောင့်လည်း
မင်းကို အမြန်ဆုံးအရောက်လာလို့ ခေါ်လိုက်ရတာပေါ့”

“သူတို့ ဘာတွေဆက်ဖြစ်သလဲဆိုတာ ပြောပါဦး”

“ရတနာတွေက များပြားလွန်းတော့ သူတို့လည်း
စစ်သည်အများအပြားနဲ့ မြန်မာစစ်သည်တွေဆီက ရရှိခဲ့
တဲ့ မြေပုံညွှန်းအတိုင်း သွားရောက်ရှာဖွေကြတယ်၊ အဲဒီ
စစ်သည်တွေဟာ သူတို့အရပ်ဒေသကို ပြန်လည်ရောက်ရှိ
လာခြင်းမရှိဘဲပျောက်ဆုံးသွားကြတယ်၊ စစ်သည်တွေ ပြန်
ရောက်မလာတဲ့အတွက် တပ်မှူးတွေကိုယ်တိုင် ဦးဆောင်
ပြီး သွားရောက်ကြပြန်တယ်၊ အဲဒီစစ်တပ်လည်း နေရပ်
ဒေသကို ပြန်ရောက်မလာဘဲ ပျောက်ဆုံးသွားပြန်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဖြစ်ရပ်အပေါ်မှာ တရုတ်ခေါင်းဆောင်ကြီးတွေဟာ နားမလည်နိုင်အောင် ဖြစ်နေကြပြီး စစ်တပ်တွေကို ထပ်ပြီးစေလွှတ်ဖို့ မဝံ့မရဲဖြစ်နေတယ်၊ တစ်ကြိမ်မှာတော့ သူတို့နေရပ်ကို အရင်ကစေလွှတ်ခဲ့တဲ့ စစ်တပ်ကစစ်သည်တစ်ဦး ရောက်ရှိလာတယ်၊ အဲဒီစစ်သည်ရဲ့ ခန္ဓာကိုယ်က သစ်ကိုင်းခြောက်လို ကျုံလှီနေပြီး ဝေဒနာကိုအလူးအလဲခံစားနေလျက်က သူတပ်စခန်း ရောက်ပြီးအချိန်အနည်းငယ်အတွင်း သေဆုံးသွားခဲ့တယ် . . .။

မသေဆုံးခင်ပြောခဲ့တဲ့ အဲဒီစစ်သည်ရဲ့စကားကိုကြားရတဲ့အခါ တရုတ်ခေါင်းဆောင်တွေဟာ အထိတ်တလန့် ဖြစ်သွားတယ်၊ မြန်မာစစ်သူကြီး ပုန်းခိုနေတဲ့နေရာကို သူတို့ရောက်ရှိသွားကြောင်း၊ အလွန်ဝေးလံတဲ့ခရီးဖြစ်ပြီး မြင့်မားမတ်စောက်တဲ့ တောင်စွယ်တောင်ထွတ်တွေ ဝန်းရံထားတဲ့ ခရီးကြမ်းဖြစ်တဲ့အပြင် အဲဒီနေရာမှာ လွန်စွာကြောက်မက်ဖွယ်ကောင်းတဲ့ ဘေးအန္တရာယ်ဆိုးနှင့် ရင်ဆိုင်ကြုံတွေ့ရကြောင်း၊ မြန်မာစစ်သူကြီးနှင့်နောက်လိုက်စစ်သည်တွေလည်း ထိုနေရာမှာ ဘေးအန္တရာယ်ဆိုးနှင့် ရင်ဆိုင်ကြရလို့ သေဆုံးကြပြီဖြစ်ကြောင်း၊ သူတို့ ပုန်းအောင်းနေထိုင်ကြသည်မှာ အလွန်





ကြည့်ရဆိုးသည့် အဘိုးအိုတစ်ဦး၏ မျက်နှာနှင့်တူသည့် တောင်တစ်လုံးအတွင်းရှိ လိုဏ်ခေါင်းအတွင်းမှာဖြစ်ကြောင်း၊ ထိုလိုဏ်ခေါင်းမှာ ဝင်လမ်းသာရှိပြီး ထွက်လမ်းမရှိသကဲ့သို့ လိုဏ်ခေါင်းအတွင်း ဝင်ရောက်သွားသည်နှင့် ဘေးအန္တရာယ်ဆိုးနှင့် ရင်ဆိုင်ရပြီး အသက်သေဆုံးကြရကြောင်း၊ မိစ္ဆာကောင့်လိုမြူဆွယ်ပြီး မကောင်းဆိုးဝါးများသာ ကျင်လည်ကျက်စားတဲ့ ထိုနေရာကို ဘယ်တော့မှ သွားရောက်ခြင်း မပြုကြစေလိုကြောင်း . . .

အဲဒီလိုပြောဆိုပြီး မကြာခင်မှာပဲ အဲဒီတရုတ်စစ်သည်လည်း ဝေဒနာခံစားရင်း သေဆုံးသွားတယ်၊ နှစ်ကာလတဖြည်းဖြည်း ကြာမြင့်လာတော့ အဲဒီဖြစ်စဉ်တွေဟာ လူတွေရဲ့ပါးစပ်ဖျားမှာ ဒဏ္ဍာရီပုံပြင်လို ဖြစ်သွားတယ်၊ ငါ့အဖို့တော့ တရုတ်ကုန်သည်ဆီက အဲဒီအကြောင်းတွေကြားရတော့ အတော့်ကို တုန်လှုပ်သွားမိတယ် သူငယ်ချင်း၊ အထူးသဖြင့် စစ်သူကြီးသူရိယ ကိုင်ဆောင်တဲ့ မောက်တိုဓားပဲ၊ အဲဒီဓားက မကောင်းဆိုးဝါးတွေရဲ့ ကျိန်စာမိနေတဲ့ဓားဖြစ်လို့ ဘယ်သူမှ သိမ်းဆည်းမထားဝံ့တဲ့အကြောင်း သူကပြောပြတယ်၊ အခုအချိန်မှာအဲဒီဓား ဘယ်သူ့ဆီမှာရှိနေသလဲလို့ ငါကမေးတော့ ...ရ



www.burmeseclassic.com

www.burmeseclassic.com



ရေရာရာမဖြေနိုင်ဘူး၊ သူကြားသိရတာက ရွှေဟောင်း ပစ္စည်းရောင်းဝယ်သူတစ်ဦးမှာလို့ ပြောတယ် . . .။

အဲဒီအကြောင်းအရာတွေ သိပြီးကတည်းက ငါ ...ည်း နေလို့ထိုင်လို့မရလောက်အောင် စိတ်လှုပ်ရှားနေမိ ...ာယ်၊ တရုတ်ကုန်သည်ကလည်း ငါ့ဆီကို မကြာခဏ ...သာရောက်လည်ပတ်ပြီး အဲဒီကိစ္စကို အထူးစိတ်ဝင်တစား ...ခပြောဆိုတယ်၊ သူ ဘာကြောင့် စိတ်ဝင်စားနေသလဲဆို တာကို လွန်ခဲ့တဲ့တစ်လလောက်ကမှ ငါ သိရတော့တယ်"

မီးအရှိန် တဖြည်းဖြည်းလျော့ကျလာသည်နှင့် အမျှ အအေးဓာတ်မှာ သိသာစွာဖိစီးလာ၏။

သို့တိုင် ကျွန်ုပ်တို့နှစ်ဦးသည် ဂုဏ်ချမ်းစိမ့်မှုကို သတိမပြုနိုင်လောက်အောင် ပြောဆိုဆွေးနွေးကြ၏။

ကျွန်ုပ်သည် အိတ်ထဲမှ လန်ဒန်ဂိုးဖလိပ်စီးကရက် တစ်လိပ်ကိုထုတ်ပြီး မီးညှိ၍ အားပါးတရဖွာလိုက်သည်။ ပတ်ဝန်းကျင်တစ်ဝိုက် ပျံ့လွင့်သွားသည့် မီးခိုးငွေ့များကဲ့သို့ ကျွန်ုပ်၏အတွေးစများကလည်း စိုင်းဆဲထူးပြောပြသည့် လူအိုတောင်ကြီးရှိရာသို့ ရောက်ရှိပြီး မဆုံးနိုင်အောင် ပျံ့ လွင့်နေတော့သည်။

✣ ✣ ✣

# အခန်း ( ၈ )

## ကျွန်ုပ်နှင့် တရုတ်ကုန်သည်

ကျွန်ုပ်သည် မရပ်မနား ခရီးဆက်လာခဲ့သည့် ...ပြင် စိုင်းဆဲထူးနှင့်လည်း ညဉ့်နက်သည့်တိုင်အောင် ...ကားပြောဆိုနေခဲ့၍ လွန်စွာပင်ပန်းနွမ်းနယ်လျက်ရှိရာ ...ိပ်ရာဝင်သည်နှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။

နောက်တစ်နေ့တွင် ကျွန်ုပ်သည် နေအတော်မြင့် ...မှ အိပ်ရာမှနိုး၏။

စိုင်းဆဲထူး၏ နေအိမ်အပေါ်ထပ်တွင် သီးသန့် ...ဆောက်လုပ်ထားသည့် အခန်းတစ်ခန်းတွင် ကျွန်ုပ် ...အတွက် နေရာချပေးထား၏။

ကျွန်ုပသည် ကိုယ်လက်သန့်စင်ပြီးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲရန် အခန်းထဲမှ ထွက်လာခဲ့လေသည်။

အတော်အတန် နေမြင့်နေပြီဖြစ်သော်လည်း မြ...
နှင်းများမှာ နေရောင်ထိုးဖောက်၍ မရလောက်အော...
ကာဆီးထားလေ၏။

အေး၍ ပြင်းထန်စွာတိုက်ခတ်နေသော မြော...
လနောက်ဝယ် နှင်းလွှာတွေက တဟုန်တည်း ဟီးလေး...
ကာ လိုက်ပါနေကြ၏။ ခြံတွင်းမှ လိမ္မော်ပင်များ၏ ကို...
တန်းဝယ် နှင်းရည်တွေက တစက်စက်ယိုစီးကာ ငွေချည်...
မျှင်တန်းနေသကဲ့သို့ လှပတင့်တယ်နေတော့၏။

နိမ့်ဟူးဈေးတစ်ဝိုက်ဆီမှ နွားဝန်တင်များ၏...
ခလောက်သံသဲ့သဲ့များ . . . တစ်ချီတစ်ချီတွင် ဝေါခ...
စက်ကုန်မောင်းသွားသည့် ကုန်တင်ကားကြီးများ၏ စ...
သံသဲ့သဲ့များမှာ အေးမြသာယာလှသည့် ကမ္ဘော‌ဇ၏...
နံနက်ခင်းကာလကို ထိပါးရိုက်ခတ်နေသကဲ့သို့ပင်။

ကျွန်ုပ်သည် အိမ်ပေါ်ထပ်မှဆင်းခဲ့ပြီး ဧည့်ခန်းသ...
သို့ လျှောက်လှမ်းသွားရာ အိမ်ပေါ်တီကိုအောက်တွ...
အပြာရောင်လင့်ရိုဗာကားတစ်စီး ရပ်ထားသည်ကို အိမ်...
တွင်းမှ လှမ်းမြင်လိုက်ရ၏။

ဧည့်ခန်းဆီသို့ရောက်ရှိလာသောအခါ အမြ...





အနေကို ကျွန်ုပ်လည်း နားလည်သိရှိလိုက်သည်။

စိုင်းဆဲထူး၏ လူယုံတော် သက်တော်စောင့်နှစ်
ယောက်က ဧည့်ခန်းတံခါးဝတွင် ကုလားထိုင်ကိုယ်စီဖြင့်
ထိုင်လျက်ရှိနေကြ၏။ ကျွန်ုပ်အနီးသို့ ရောက်လာသော
အခါ ၎င်းတို့နှစ်ဦးမှာ နေရာမှ မတ်တတ်ရပ်လျက် ဦး
ညွတ်နှုတ်ဆက်လေ၏။

ကျွန်ုပ်ရောက်ရှိလာမည်ကို ၎င်းတို့အား စိုင်းဆဲ
ထူး မှာကြားထားပြီးဖြစ်၍ ကြိုတင်သိရှိနေခြင်းဖြစ်သည်။
တစ်ဦးက ကျွန်ုပ်ကို တံခါးဖွင့်ပေးသဖြင့် ကျွန်ုပ်လည်း
ဦးခေါင်းညိတ်လျက် အသိအမှတ်ပြုလိုက်ပြီး အခန်းတွင်း
ဝင်လိုက်၏။

အနည်းငယ်မျှလှမ်းပြီးသော ကျွန်ုပ်၏ခြေလှမ်း
များမှာ ရုတ်တရက် တုံ့ခနဲရပ်တန့်သွား၏။ စိုင်းဆဲထူးနှင့်
မျက်နှာချင်းဆိုင်လျက်ရှိနေသည့် ပုဂ္ဂိုလ်တစ်ဦးကို တွေ့
လိုက်ရသောကြောင့် ဖြစ်သည်။

စိုင်းဆဲထူးမှာ ကျောခိုင်းနေသဖြင့် ကျွန်ုပ်ဝင်
ရောက်လာသည်ကို သတိမထားမိသော်လည်း သူနှင့်
မျက်နှာချင်းဆိုင် ရှိနေသည့် ၎င်းပုဂ္ဂိုလ်ကတော့ ကျွန်ုပ်ကို
တွေ့မြင်သွား၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုပုဂ္ဂိုလ်သည် ပြောဆိုနေသည့်စကားများ ရပ်တန့်သွားပြီး ကျွန်ုပ်ကို တအံ့တဩကြည့်နေလျက်က အချိန်တစ်ခဏအတွင်းမှာပဲ ၎င်း၏မျက်နှာအမူရာမှာ သိသာစွာ ရွှင်လန်းသွားလေ၏။

၎င်း၏အမူအရာကြောင့် စိုင်းဆဲထူးသည် ကျွန်ုပ်ရောက်ရှိလာတာကို သိရှိသွားပြီး . . .

"အတော်ပဲသူငယ်ချင်း . . . မစ္စတာချန်လည်း စောစောလေးကမှ ရောက်လာတာ"

ဟုပြောပြီး ကျွန်ုပ်အား ဖိတ်ခေါ်လေ၏။ ကျွန်ုပ်အနားသို့ ရောက်ရှိသည်နှင့် ကျွန်ုပ်နှင့် ထိုပုဂ္ဂိုလ်ကို မိတ်ဆက်ပေးလေရာ ထိုပုဂ္ဂိုလ်မှာ နေရာမှ ပျာပျာသလဲထပြီး ကျွန်ုပ်အား ဖက်လှဲတကင်းနှုတ်ဆက်လေ၏။

"အခုလို ရဲစွမ်းသတ္တိနဲ့ပြည့်ဝတဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ မထင်မှတ်ဘဲ အသိမိတ်ဆွေဖြစ်ရတာ ကျွန်တော့်အဖို့ မင်္ဂလာရှိလိုက်တာဗျာ"

ကျွန်ုပ်လည်း အလိုက်သင့်နှုတ်ဆက်ပြီး နေရာမှာ ထိုင်လိုက်၏။

စိုင်းဆဲထူးမှာ ကျွန်ုပ်တို့နှစ်ဦး၏ အနေအထားကို ကြည့်၍ နားမလည်နိုင်ဖြစ်နေ၏။ သို့သော် ၎င်းပုဂ္ဂိုလ်က





အခြေအနေအားလုံးကို အကျဉ်းရုံးရှင်းပြလိုက်တော့မှ သူလည်း သဘောပေါက်သိရှိသွားပြီး အားပါးတရပြုံးလေ၏။

"သိပ်ကိုဟန်ကျသွားတာပေါ့ဗျာ၊ မစ္စတာချန်လည်း ကျုပ်သူငယ်ချင်းဟာ ဘယ်လိုလူစားမျိုး ဘယ်လိုစရိုက်သဘာဝမျိုးရှိတယ်ဆိုတာ ကျုပ်အနေနဲ့ အထူးရှင်းပြဖို့ မလိုတော့ဘူးပေါ့"

"မလိုသလောက် ပြည့်စုံပြီပေါ့ ဗိုလ်ကြီးရာ၊ အခုလိုပုဂ္ဂိုလ်မျိုးနဲ့ လက်တွဲဆောင်ရွက်ရမယ့်လုပ်ငန်းဟာ သေချာပေါက်အောင်မြင်မယ်ဆိုတာ မိုးနတ်မင်းကို မေးစရာမလိုအောင် သေချာပါတယ်"

မြန်မာစကားကို တရုတ်လေဖြင့် အားပါးတရပြောဆိုနေသည့် ထိုပုဂ္ဂိုလ်၏စကားကို နားထောင်နေလျက်က ကျွန်ုပ် ပြုံးလိုက်သည်။

နိမ့်ဟူးမြို့သို့ ကျွန်ုပ်ရောက်ရှိစဉ်က ကချင်အမျိုးသားကြီးတစ်ဦး၏ စားသောက်ဆိုင်တွင် နေ့လယ်စာစားသောက်ရင်း ၎င်းဒေသတွင် ဒေသခံတိုင်းရင်းသားများအပေါ်တွင် အနိုင်ကျင့် ဗိုလ်ကျနေသည့် တရုတ်လူမိုက်တစ်ဦးနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ကျွန်ုပ်နှင့် တရုတ်လူမိုက်တို့ အဒေ
အကြေတိုက်ခိုက်နေကြသည်ကို လွန်စွာအကြည့်ရခ
သည့် အနီရောင် အနောက်တိုင်းဝတ်စုံဖြင့် ကျွန်ုပ်တို့အ
ကြည့်နေသည့် တရုတ်ကုန်သည်မှာ စိုင်းဆဲထူးနှင့် လု
ငန်းချင်းဆက်နွှယ်သည့် မစ္စတာချန်ခိုးပေါင်ဖြစ်နေလေ၏

မစ္စတာချန်ခိုးပေါင်သည် လုပ်ငန်းနှင့်ပတ်သက်
တစ်လုံးတစ်ပါဒမျှ မပြောဆိုသေးဘဲ ထိုစဉ်က လွန်
ခွန်အားဗလသန်မာသည့် တရုတ်လူမိုက်ကို မည်သို့မည်
အလဲထိုးအနိုင်ယူခဲ့ကြောင်းကို အားပါးတရပြောနေတေ
သည်။

ထိုလူမိုက်ဆိုသူမှာ ၎င်းကိုယ်တိုင် ပေးကမ်းချီး
ထားသူ ဖြစ်ကြောင်း ထိုစဉ်ကတည်းက ကျွန်ုပ်သိရှိခဲ့ပြီ
သည်။

ကျွန်ုပ်သည် ၎င်းနှင့်ရင်းနှီးပတ်သက်ရမည့် ကိ
အတွက် နှစ်မြို့ခြင်းမရှိသော်လည်း ရှေ့ဆောင်မှုက်ရမ
လုပ်ငန်းများတွင် ၎င်းပုဂ္ဂိုလ်မှာ အဓိကအခန်းကဏ္ဍ
ပါဝင်နေသဖြင့် ကျွန်ုပ်သာမက စိုင်းဆဲထူးအတွက်လည်
ကြီးစွာသတိထားမှ ဖြစ်ပေတော့မည်။

စိုင်းဆဲထူးထံသို့ ရှေးဟောင်းကြေးလင်ပန်းသုံး





ကို ယူဆောင်လာသူမှာ ၎င်းတရုတ်ကုန်သည် မစ္စတာချန်
ခိုးပေါင် ဖြစ်သည်။

မစ္စတာချန်ခိုးပေါင်သည် လွန်စွာငွေကြေးကြွယ်ဝ
ချမ်းသာသည့် တရုတ်ကုန်သည်ဖြစ်သည်။ သို့သော် ငွေ
ကြေးကြွယ်ဝသလောက် အကျင့်စရိုက်နှင့် စိတ်နေစိတ်
ထားမှာ လွန်စွာသေးသိမ်သူဖြစ်သည်။

စိုင်းဆဲထူးမှာလည်း ၎င်း၏အကျင့်စရိုက်ကို သိရှိ
သော်လည်း အချို့သောလုပ်ငန်းများကို မစ္စတာချန်ခိုးပေါင်
၏အကူအညီကို ရယူနေရသဖြင့် လုပ်ငန်းသဘောအရ
ဆက်ဆံနေရ၏။

ရှေးဟောင်းကြေးလင်ပန်းမှအစပြု၍ ၎င်းတို့နှစ်ဦး
သည် လွန်စွာကြီးလေးသည့်လုပ်ငန်းကို ပူးပေါင်းလုပ်ကိုင်
ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ စိုင်းဆဲထူးရှင်းပြထား
သဖြင့် ကျွန်ုပ်သိရှိပြီးဖြစ်သည်။ ကျွန်ုပ်တို့သုံးဦး တွေ့ဆုံ
ခြင်းမှာလည်း အပြီးသတ် ညှိနှိုင်းခြင်းပင်ဖြစ်သည်။

မစ္စတာချန်ခိုးပေါင်သည် လွန်စွာစိတ်အားထက်
သန်လျက်ရှိ၏။ စိုင်းဆဲထူးနှင့် ပူးပေါင်းဆောင်ရွက်မည့်
ကိစ္စ ပျက်ပြားသွားမှာကိုလည်း အလွန်စိုးရိမ်နေပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စမှာ သူ့အနေဖြင့် မည်သို့မျှ စွမ်းဆောင်နိ
ဖွယ်မရှိသဖြင့် ကတိသစ္စာတည်ကြည်ပြီး ယုံကြည်စိတ်ချ
သည့် စိုင်းဆဲထူးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်

"ကျွန်တော်တို့ခရီးစဉ်အတွက် ကျွန်တော့်ဘက်က
ကတိပြုထားတဲ့အတိုင်း သံသယမရှိ ဖြည့်ဆည်းဆော
ရွက်ဖို့ ကျွန်တော်ဆုံးဖြတ်လိုက်ပြီ ဗိုလ်ကြီး"

ဟု အားတက်သရောပြောပြီးသည်နှင့် သူသ
လက်ဆွဲအိတ်အတွင်းက ငွေစက္ကူများကို အထပ်လို
ဆွဲထုတ်ပြီး စားပွဲပေါ်သို့တင်လိုက်၏။

စိုင်းဆဲထူးက အကဲခတ်သလိုဖြင့် ကျွန်ုပ်ကို ဖျ
ခနဲ ကြည့်၏။ ကျွန်ုပ်သည် မစ္စတာချန်ခိုးပေါင်ကဲ့သို့
ရှင်ကြေးရှင်များနှင့် တွေ့ကြုံဆက်ဆံမှုများစွာရှိခဲ့သဖြ
ထိုကိစ္စကို မည်သို့ကိုင်တွယ်ဆောင်ရွက်ရမည်ကို ချက်ချ
ဆုံးဖြတ်လိုက်၏။

"ကောင်းပြီး မစ္စတာချန် . . . ခင်ဗျားက ကုန်
စရိတ်အတွက် အစုရှယ်ယာတစ်ခုအပြင် နောက်ထပ်
တစ်စုထည့်တဲ့ကိစ္စကို အခုကတည်းက ပွင့်ပွင့်လင်းလ
နားလည်ထားကြမှ အားလုံးအတွက်သံသယရှင်းလိမ့်မ
ဘယ်လိုရည်ရွယ်ချက်ကြောင့် အခုလို ရှယ်ယာတစ်ခု





ထည့်တယ်ဆိုတာ တစ်ဆိတ်ရှင်းပြစေချင်တယ်"

"ဒီကိစ္စအတွက် ကျွန်တော့်အပေါ်မှာ သံသယ
ဖြစ်စေချင်ဘူး ဒေါက်တာရယ်၊ ကျွန်တော်တို့ လုပ်ရကိုင်
ရမယ့်အရေးမှာ မြန်မြန်အောင်မြင်ဖို့ ငွေများများရှိထားဖို့
လိုတယ်မဟုတ်လား၊ ပြီးတော့ ပုဂ္ဂိုလ်ရေးအရ ဒေါက်တာ
နဲ့ ဗိုလ်ကြီးကို ကျွန်တော် လေးစားယုံကြည်တဲ့အတွက်
ဒေါက်တာတို့ဘက်က ဝန်ထုပ်ဝန်ပိုး မဖြစ်စေချင်ဘူးလေ၊
ကြောင့်ပါ၊ ခင်ဗျား ဘယ်လောက် အမြတ်အစွန်းရရ
ကျွန်တော့်တစ်စုတည်းအတွက် အမြတ်ရှယ်ယာယူဖို့ ရဲရဲ
ကြီး ကတိပြုပါတယ်"

"ကောင်းပြီ . . . ဒါဖြင့်လည်း မူလသတ်မှတ်ထား
တဲ့အတိုင်း ကျုပ်နဲ့ စိုင်းဆဲထူးလည်း ရန်ပုံငွေထည့်တယ်"

ဟု ကျွန်ုပ်ကပြောလိုက်ပြီး စိုင်းဆဲထူးကိုကြည့်
လိုက်ရာ စိုင်းဆဲထူးက နားလည်သဘောပေါက်စွာဖြင့်
ခေါင်းကို ဆတ်ခနဲညိတ်လျက် သူ၏အိတ်အတွင်းမှ
ငွေစက္ကူများကိုထုတ်၍ မစ္စတာချန်ခိုးပေါင်၏ ငွေစက္ကူများ
ဘေးတွင် ယှဉ်လျက်တင်လိုက်လေ၏။

ကျွန်ုပ်တို့ သတ်မှတ်ထားသည်မှာ တစ်ဦးလျှင် တစ်
သိန်းဖြစ်သည်။ မစ္စတာချန်ခိုးပေါင်က တစ်သိန်းရှယ်ယာ



www.burmeseclassic.com

www.burmeseclassic.com



အပြင် နောက်တစ်သိမ်း အပိုထည့်ဝင်သဖြင့် စုစုပေါ် လေးသိန်းဖြစ်သွားလေ၏။

"ကျုပ်တို့လုပ်ငန်းစဉ်အတွက် ဘဏ္ဍာငွေထည့်ဝ တဲ့ကိစ္စ ပြီးပြတ်သွားပြီဆိုတော့ အဲဒါထက်အရေးကြီး ကိစ္စတွေကို အကြေအလည် ညှိနှိုင်းဆွေးနွေးသင့်တယ်"

"အားကြီးဆွေးနွေးသင့်တာပေါ့ ဒေါက်တာ၊ ကျွ တော်တို့တွေဟာ ရှေ့ဆက်ပြီး တကယ့်ညီရင်းအစ်ကိုတွေ လို . . ."

"ဟိုး . . . ခေတ္တသည်းခံပါဦး မစ္စတာချန်၊ ကျေးဇူ ပြုပြီး စကားကို အဆောတလျင်မပြောစေချင်ဘူး၊ အလ သဖြင့် ခင်ဗျားတို့လို စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အလ ကားရတဲ့လေကို ဖောဖောသီသီသုံးစွဲပြောဆိုတဲ့ စကာ တွေကို ကျုပ်ကြောက်လွန်းလို့ပါ"

အမှန်ဆိုလျှင် ကျွန်ုပ်အနေဖြင့် ယခုမှသိကျွမ်း သူတစ်ဦးကို ထိုသို့ဆက်ဆံရန် မသင့်သော်လည်း ၎င်း၏ အမူအကျင့် ကို မနှစ်မြို့သဖြင့် မိမိခံစားရသည့်အတိုင် ပြောလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်၏စိတ်ခံစားကို သိရှိထားပြီးဖြစ်၍ စိုင်းဆ ထူးမှာ နှုတ်ခမ်းထောင့်စွန်းလေးကို မဆိုသလောက် တွ





ကွေးလျက် ပြုံးလေ၏။

မစ္စတာချန်ခိုးပေါင်၏ အဆီဝင်းလျက် ပြောင် ဝင်းနေသည့် မျက်နှာမှာ ရုတ်ခြည်းနီမြန်းပြီး ပြူးကြောင် သည့်မျက်ဝန်းဖြင့် ကျွန်ုပ်ကိုကြည့်လေ၏။

ကျွန်ုပ်က စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်ပြီး ကျွန်ုပ်တို့ထည့်ဝင်ထားသည့် အစုရှယ်ယာများကို စိတန်း ရေးသားလိုက်၏။ ထိုသို့ရေးပြီးနောက် . . .

"ကျုပ်အဓိကပြောချင်တာက ကျုပ်တို့အခုသွား မယ့်ခရီးဟာ သိပ်အန္တရာယ်များလွန်းတယ်၊ အသက် အန္တရာယ် ဆုံးရှုံးမယ့်အခြေအနေမျိုးကျရောက်ပြီး မပြန် လမ်းလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒီလိုခရီးမျိုးအတွက် ငွေ ကြေးထက် အများကြီးအရေးပါတာက တစ်ဦးအပေါ် တစ်ဦး ကတိသစ္စာတည်ကြဖို့ပဲ"

"သိပ်ကိုမှန်တာပေါ့ သူငယ်ချင်း၊ ဒီလိုကိစ္စမျိုးတွေ မှာ သူငယ်ချင်းဟာ ကိုယ့်ထက် အများကြီး အတွေ့အကြုံ ရင့်ကျက်သူဖြစ်တယ်၊ သူငယ်ချင်း ဘယ်လိုများစီစဉ်ချင် သလဲ"

စိုင်းဆဲထူးက ယုံကြည်ကိုးစားစွာကြည့်၍ မေးမြန်းကာ ထောက်ခံပြောဆို၏။ ထိုအခါ မစ္စတာချန်ခိုးပေါင်က



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ၏ခန္ဓာကိုယ်ကြီးကို လှုပ်ယမ်းလျက် . . .

"ဒီကိစ္စက သိပ်ကိုအရေးကြီးတာပေါ့ ဒေါက်တာ ရယ်၊ ကျွန်တော်လည်း ဒေါက်တာ့ဆန္ဒနဲ့ တစ်ထပ်တည်း ပါပဲ၊ ကတိသစ္စာနဲ့ပတ်သက်လို့ကတော့ ကျွန်တော်ဟာ ဘူးဆိုရင် ဖရုံသီးတဲ့ လူစားမျိုး မဟုတ်ပါဘူး၊ ကျွန်တော်တို့ စီးပွားရေးသမားတွေဆိုတာ ကတိသစ္စာနဲ့ အလုပ်လုပ်ကြ တဲ့သူတွေပါ"

"စိတ်မရှိပါနဲ့ မစ္စတာချန်၊ ကျုပ်အကြောက်ဆုံးက လည်း ကတိသစ္စာဆိုတဲ့စကားကို နှုတ်က တဖွဖွပြောဆို ပြီး အကျိုးတူခံစားပ့ါမယ်၊ တစ်ယောက်တည်းမစားပါဘူး လို့ အလကားရတဲ့လေနဲ့ တွင်တွင်ပြောကြပြီးတော့ နောင် အခါ အကျိုးအမြတ်ရရှိလာတော့ ပြောခဲ့တဲ့ ကတိစကား တွေကို လွယ်လွယ်နဲ့ ချိုးဖောက်ကြတာ အဲဒီစီးပွားရေး သမားတွေပဲလေ၊ ကျုပ်က စီးပွားရေးသမားတိုင်းကို အဲဒီ သဘောရှိတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး၊ သို့ပေမယ့် လွယ်လွယ်ကူကူ ကတိပေးစကားပြောလွယ်ကြတဲ့ ကိုယ် ကျိုးကြည့်စီးပွားရေးသမားတွေကို ရည်ရွယ်ပြောဆိုတာပါ"

"ဒေါက်တာပြောသလို တချို့စီးပွားရေးသမားတွေ ဟာ အဲဒီအကျင့်ဆိုးမျိုး ရှိကြပေမယ့် ကျွန်တော့်ကိုတော့





စိတ်ချပါ ဒေါက်တာ၊ ကျွန်တော်ဟာ ကိုယ်ကျိုးကြည့် စီးပွားရေးသမား မဖြစ်စေရဘူးလို့ ကတိပေးပါတယ်"

"ကောင်းပါပြီလေ၊ ခင်ဗျားပြောသလို ဟုတ်၊ မဟုတ်ဆိုတာတော့ အချိန်က သက်သေပြပါလိမ့်မယ်"

စိုင်းဆဲထူးက တစ်စုံတစ်ရာဝင်ရောက်ပြောဆိုခြင်း မပြုဘဲ ကျွန်ုပ်နှင့် မစ္စတာချန်ခိုးပေါင်တို့ အပြန်အလှန် ပြောဆိုနေသည့် စကားများကို ပြုံး၍သာနားထောင်နေ၏။

ကျွန်ုပ်သည် မစ္စတာချန်ခိုးပေါင်၏ စိတ်နေသဘာ ကို သိသင့်သလောက် သိထားပြီးဖြစ်သည်။ ၎င်းကဲ့သို့ ပုဂ္ဂိုလ်များနှင့်လည်း ကျွန်ုပ်သည် မကြာခဏ တွေ့ကြုံ ဆက်ဆံခဲ့ဖူးသဖြင့် ယခုကဲ့သို့ လွန်စွာအန္တရာယ်များပြား သည့်ကိစ္စကို ပူးပေါင်းလုပ်ကိုင်ရာတွင် ထိုသို့သောပုဂ္ဂိုလ် များကို မည်ကဲ့သို့ ချည်ပြီးတုတ်ပြီး ဆောင်ရွက်ရမည်ကို လည်း ထိုတဒင်္ဂအတွင်းမှာပဲ ကျွန်ုပ်ဆုံးဖြတ်ပြီးဖြစ်၏။

ထိုသို့ဆောင်ရွက်ခဲ့သည့်အတွက် စိုင်းဆဲထူးသည် နောင်အခါများတွင် ကျွန်ုပ်ကို ချီးကျူးမဆုံးဖြစ်နေတော့၏။

ကျွန်ုပ်သည် လုပ်ငန်းနှင့်ပတ်သက်ပြီး တာဝန်ခွဲဝေ မှုအပိုင်းကို စာရွက်ပေါ်တွင် အကြမ်းရေးသားလိုက်၏။

စိုင်းဆဲထူးမှာ ဒေသခံဖြစ်၍ ထိုခရီးလမ်းအတွက်



www.burmeseclassic.com

www.burmeseclassic.com



လူမျိုးပေါင်းစုံထံမှ အကူအညီရရှိစေရန်၊ သယ်ယူပို့ဆောင်ရေးကိစ္စများအတွက် အထမ်းသမားများ ရရှိစေရန်နှင့် သက်ဆိုင်ရာအာဏာပိုင်များနှင့် ပြောဆိုရန်ကိစ္စများအတွက် တာဝန်ယူမည်ဖြစ်သည်။

မစ္စတာချန်က ဘယ်လိုတာဝန်ယူမှာလဲဟု ကျွန်ုပ်က မေးလိုက်သည်တွင် ၎င်းက ဝဝတုတ်တုတ်ဗိုက်ကြီးကို ရှေ့သို့ ထုတ်ရင်း . . .

"လောကကြီးမှာ အထူးသဖြင့် လူဆိုတဲ့သတ္တဝါတွေအတွက် အရေးအကြီးဆုံးက ငွေမဟုတ်လား၊ ဒီကိစ္စအောင်မြင်ရေးအတွက် ကျွန်တော်ပိုင်ဆိုင်သမျှငွေတွေကို လမ်းခင်းပေးသလို သုံးစွဲပါ့မယ်၊ ပြီးတော့ ကျွန်တော့်ကို ခိုင်းသင့်တဲ့နေရာ ခိုင်းနိုင်တယ်၊ အစားအသောက် ပြတ်လပ်မသွားစေဖို့, အရက်ကောင်းကောင်းရစေဖို့ ဆောင်ရွက်ပေးနိုင်ပါတယ်"

ဟုပြောပြီး သူ၏ဝမ်းဗိုက်ကိုပွတ်၍ အားပါးတရ ရယ်လေ၏။ ကျွန်ုပ်အခန်းကဏ္ဍသို့ ရောက်လာပြီဖြစ်၍ ကျွန်ုပ်တာဝန်ယူရမည့်ကိစ္စများကို ပြောဆိုလိုက်၏။

ကျွန်ုပ်က အဖွဲ့သားများ၏ လုံခြုံရေးနှင့် ခရီးစဉ်တစ်လျှောက် တွေ့ကြုံရင်ဆိုင်ရမည့် အန္တရာယ်များကို တိုက်ခိုက်ရေးတို့အတွက်တာဝန်ယူကြောင်း ပြောဆိုလိုက်၏။

ထိုကိစ္စများပြီးပြတ်သည့်အခါ ကျွန်ုပ်သည် ကြိုတင်တွေးဆထားသည့်ကိစ္စကို ပြောဆိုလိုက်၏။ ၎င်းကိစ္စမှာ ကျွန်ုပ်တို့သုံးဦးအတွက် လွန်စွာအရေးကြီးသည့်ကိစ္စဖြစ်၍ ကျွန်ုပ်သည် စကားမစမီ မစ္စတာချန်ခိုးပေါင်ကို အကဲခတ်ကြည့်လိုက်သည်။ ထိုသို့ကြည့်ပြီးနောက် . . .

"လုပ်ငန်းတာဝန်ခွဲဝေတဲ့ကိစ္စကို စိတ်တူသဘောတူ ဖြစ်ကြပြီဆိုတော့ ကျုပ်တို့အဖွဲ့မှာ တစ်ယောက်တစ်မျိုးသဘောထားမတိုက်ဆိုင်တာမျိုး မဖြစ်ရအောင် အများသဘောတူ ခေါင်းဆောင်တစ်ဦး တင်မြှောက်ရလိမ့်မယ်"

ဟု ပြောဆိုလိုက်၏။ မစ္စတာချန်က မဆိုင်းမတွဆိုသလို . . .

"သိပ်မှန်တာပေါ့၊ ကျွန်တော်ကတော့ တွေ့တုန်းခဏမှာပဲ ဒေါက်တာရဲ့ ရဲဝံ့စွန့်စားတဲ့သတ္တိကို မြင်လိုက်ရတယ်၊ လုပ်ပုံကိုင်ပုံကလည်း အားကြီးအမြော်အမြင်ရှိတယ်၊ ဒါကြောင့် ဒေါက်တာ့ကိုပဲ ခေါင်းဆောင်အဖြစ် သတ်မှတ်ပါရစေ"

ဟု လှိုက်လှိုက်လှဲလှဲပြောဆိုလိုက်ရာ စိုင်းဆဲထူးအလည်း . . .







www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကလည်း အပြည့်အဝထောက်ခံတယ်"

ဟု ရုတ်ခြည်းပြောလေ၏။

ကျွန်ုပ်သည် မည်သည့်စကားမျှမပြောသေးဘဲ အိတ်ထဲမှ လန်ဒန်ဂိုးဖလိပ်စီးကရက်ဘူးကိုထုတ်၍ တစ်လိပ်ကို မီးညှိဖွာရှိုက်လျက် ၎င်းတို့နှစ်ဦးကို အကဲခတ်ကြည့်နေလိုက်သည်။

၎င်းတို့ကလည်း ကျွန်ုပ်ထံမှ ထပ်၍ပြောလာမည့် စကားများကို ငံ့လင့်နေသကဲ့သို့ တိတ်ဆိတ်နေကြ၏။ စီးကရက်ကို အားရအောင်ဖွာရှိုက်ပြီးနောက် ပြောလိုက်သည့် ကျွန်ုပ်၏စကားကြောင့် စိုင်းဆဲထူးမှာ အားရ ကျေနပ်သွားသော်လည်း မစ္စတာချန်ခိုးပေါင်မှာတော့ အမူအရာပျက်လောက်အောင် ဖြစ်သွားလေ၏။

"ဒီလောက်အထိ မလိုဘူးထင်တယ် ဒေါက်တာရယ်" ဟုစိတ်ပျက်လက်ပျက် ညည်းညူလေ၏။

ကျွန်ုပ်က ညင်သာစွာ ခေါင်းခါပြလိုက်၏။

"ဒီကိစ္စက ကျုပ်တို့သုံးဦးအတွက် အဓိကအလုပ်ပဲ မစ္စတာချန်၊ ကျုပ်တို့လုပ်ငန်းမှာ ကတိသစ္စာတည်ကြည်မှုဟာ အရေးအကြီးဆုံးပဲ၊ အခုကတည်းက မရှင်းရင် နောင်ရှင်းရခက်လိမ့်မယ်၊ လုပ်ငန်းတစ်ခုကို ပြီးစလွယ်ဆုံးဖြတ်





ခဲ့လို့ နောင်တစ်ချိန်မှာ ထိခိုက်နစ်နာရတဲ့အဖြစ်မျိုးနဲ့ နောင်တမရချင်ဘူး၊ ကျုပ်တို့ထဲကတစ်ယောက်ယောက် သစ္စာဖောက်တာနဲ့ ကျန်တဲ့သူတွေအားလုံး ဒုက္ခဖြစ်သွားမှာကို ကျုပ်မလိုလားဘူး၊ ဒါကြောင့် ကျုပ်တို့သုံးဦးအနေနဲ့ ရွှေငွေရတနာတွေရတဲ့အခါဖြစ်စေ, မရတဲ့အခါဖြစ်စေ စိတ်ဝမ်းမကွဲပြားပါဘူး, သစ္စာမဖောက်ပါဘူး၊ သစ္စာဖောက်ခဲ့ရင် ကျန်လူနှစ်ဦးရဲ့ဆုံးဖြတ်ချက်နဲ့ အပြစ်ဒဏ်ကို ခံယူပါ့မယ်လို့ ကတိရော လက်မှတ်ရော ရေးထိုးထားရမယ်၊ ကောင်းပြီ . . . ကျုပ်ကစပြီး ဒီစည်းကမ်းချက်ကို လက်မှတ်ရေးထိုးမယ်"

ကျွန်ုပ်က ပြောင်ပြောင်တင်းတင်းကြေညာပြီး ၎င်းကိစ္စကို ကျွန်ုပ်ကဦးဆောင်၍ လက်မှတ်ရေးထိုးလိုက်သဖြင့် မစ္စတာချန်ခိုးပေါင်လည်း မည်သို့မျှမတတ်နိုင် ဖြစ်သွားတော့၏။

ကျွန်ုပ်ရေးထိုးပြီးနောက် စိုင်းဆဲထူးကလည်း ကျွန်ုပ်လက်မှတ်နှင့်ယှဉ်လျက် ရေးထိုးလိုက်၏။ မစ္စတာချန်ခိုးပေါင်က ရုတ်တရက် ဆိုင်းငံ့ငံ့ဖြစ်နေသော်လည်း သက်ပြင်းတစ်ချက်ချကာ လက်မှတ်ရေးထိုးလေ၏။

ကျွန်ုပ်သည် ၎င်းစာချုပ်များကို ငါးစောင်စီတိ



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရေးထိုးစေပြီး တစ်စောင်စီကို ကိုယ်ပိုင်သိမ် ဆည်းထားရန်နှင့် ကျန်စာချုပ်များကို လားရှိုးမြို့ ခရိုင်ရုံ တွင် သက်သေစာချုပ်အနေဖြင့် ပေးပို့ထားရှိရန် စိုင်းဆဲ ထူးအား တာဝန်ယူဆောင်ရွက်ဖို့ ပြောဆိုလိုက်၏။

ထိုကိစ္စများပြီးဆုံးသည်နှင့် စိုင်းဆဲထူးသည် ကောင်းမွန်သည့်အရက်များနှင့် စားကောင်းသောက်ဖွယ် များကို တည်ခင်းဧည့်ခံလေ၏။

ထိုသို့စားသောက်ရင်းဖြင့် ကျွန်ုပ်သည် မစ္စတာ ချန်ခိုးပေါင်၏ အမူအကျင့်များကို အနီးကပ်လေ့လာခွ ရရှိခဲ့သည်။ အသောက်အစားကျူးရင့်သကဲ့သို့ အလိ ရမ္မက်ပြင်းထန်သည့် အမူအကျင့်များကို သူ၏စကားမျာ နှင့် အမူအရာတွေမှာ သိသာစွာပေါ်လွင်နေ၏။

ကျွန်ုပ်တို့သည် နောက်တစ်နေ့နံနက်ခင်းတွင် လုပ်ငန်းကိစ္စများကို အပြီးသတ်ဆွေးနွေးကြမည်ဖြစ်သည်။ ၎င်းဆွေးနွေးပွဲတွင် ကျွန်ုပ်တို့သုံးဦးအတွက် လွန်စွာ အရေ ပါသည့် ပုဂ္ဂိုလ်တစ်ဦးနှင့် တွေ့ဆုံရမည်ဖြစ်သည်။ ၎င် ပုဂ္ဂိုလ်မှာ တစ်ချိန်က လွန်စွာကျော်ကြားသည့် ကချ အမျိုးသားကြီး ဦးစိုင်းလုံဖြစ်၏။

✣ ✣ ✣



## အခန်း ( ၉ )

### မှဆိုးကြီးဦးစိုင်းလုံနှင့်တွေ့ဆုံခြင်း

နောက်တစ်နေ့နံနက်မှာပဲ မစ္စတာချန်ခိုးပေါင် သည် ချိန်းဆိုထားသည့်အချိန်ထက် စော၍ရောက်ရှိလာ ၏။ ထိုစဉ် ကျွန်ုပ်နှင့် စိုင်းဆဲထူးမှာ ဧည့်ခန်းတွင်း၌ ကော် ဖီနှင့်မုန့်များ စားသောက်နေဆဲဖြစ်သည်။

မစ္စတာချန်ခိုးပေါင်၏ လိုတာထက်ပို၍ ဆန္ဒစော နေသည့်အဖြစ်ကို မြင်ရသဖြင့် ကျွန်ုပ်ပြုံးလိုက်မိသည်။

သူနှင့်အတူလိုက်ပါလာသည့် ကချင်အဘိုးကြီးကို စိတ်ဝင်စားစွာ ကျွန်ုပ်ကြည့်လိုက်မိသည်။ အသက်ခြောက် ဆယ်ခန့် ကချင်အဘိုးကြီးသည် မစ္စတာချန်ခိုးပေါင် နောက်မှ ကျိုးနွံသောအမူအရာဖြင့် ခပ်ကုပ်ကုပ်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

ထိုအဖိုးကြီးသည် သက္ကလတ်ရင်ဖုံးအင်္ကျီနှ ဘောင်းဘီရှည်ဝတ်ဆင်ထားပြီး ခြေညှပ်ဖိနပ်ကို စီးန ထား၏။ ထူထဲသော သက္ကလတ်ဦးထုပ်ကို ခေါင်းတွ ဆောင်းထား၏။

မစ္စတာချန်က ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်တွ ဝင်ထိုင်လိုက်ပြီး . . .

"ကျွန်တော်ပြောတဲ့ မုဆိုးကြီးဦးစိုင်းလုံဆိုတ ဟောဒီ အဘိုးကြီးပေါ့၊ ကျွန်တော်တို့သွားမယ့် နယ်မြေ ဒေသအကြောင်းနဲ့ လမ်းခရီးကို သူကောင်းကောင်းကြ သိပါတယ်"

ဟုပြောပြီး ကျွန်ုပ်တို့နှင့် မိတ်ဆက်ပေး၏။

အဘိုးကြီးမှာ အသက်အရွယ်ကြီးရင့်သော်လည် ခန္ဓာကိုယ်မှာ အရွယ်နှင့်မလိုက်အောင် ကြံ့ခိုင်သန်စွမ်းသ ဖြစ်သည်။ စိုင်းဆဲထူးက အဘိုးကြီးကို ရင်းနှီးစွာဖိတ်ခေါ ၍ ညှိ့ဝတ်ပြု၏။

အဘိုးကြီးမှာ ရုတ်တရက်တွေ့လိုက်ရသည် အထက်တန်းလွှာပုဂ္ဂိုလ်များနှင့် နေရာထိုင်ခင်း ဆန်းပြာ မှုကြောင့် ရှုံ့တွံ့တွံ့ဖြစ်လျက် ထိုင်ရတော့မလို ထရတော



လို ဖြစ်နေ၏။

ကျွန်ုပ်လည်း မနေသာတော့သဖြင့် အဘိုးကြီးကို ၎င်းတို့၏ဘာသာစကားဖြင့် "ထိုင်ပါခင်ဗျား" ဟု ပြော လိုက်တော့မှ သူသည် ခပ်သုတ်သုတ်ဝင်၍ထိုင်လေ၏။ အဘိုးကြီး၏အမူအရာမှာ ထူးခြားနေ၏။ အဘိုးကြီးသည် မစ္စတာချန်၏ မျက်နှာရိပ်မျက်နှာကဲကို မကြာခဏကြည့် နေရာမှ ကျွန်ုပ်တို့ဆီသို့ အကြည့်ကိုလွှဲလိုက်၏။

ကျွန်ုပ်တို့နှင့် ပြောဆိုရာတွင် အဘိုးကြီးကို ထိုသို့ တွန့်ဆုတ်တွေဝေနေခြင်းမျိုး မဖြစ်စေလိုသည့်အတွက် ကျွန်ုပ်က ရွှင်ရွှင်ပျပျမျက်နှာဖြင့် ၎င်းတို့ဘာသာစကားကို အသုံးပြု၍ . . .

"ဦးကြီးနဲ့ အခုလိုသိကျွမ်းခွင့်ရတာ အလွန်ပဲ ဝမ်း မြောက်လှပါတယ်၊ ကျွန်တော့်ကိုလည်း မစ္စတာချန်လို လူရင်းမိတ်ဆွေအဖြစ်နဲ့ သဘောထားဆက်ဆံပါခင်ဗျာ"

ဟု ပြောလိုက်သည်နှင့် အဘိုးကြီးမှာ သိမ်ငယ် ိုးရွံ့သည့်အမူအရာများ ကွယ်ပျောက်သွားပြီး ကျွန်ုပ်ကို လည်း ၎င်းတို့လူမျိုးအစစ်ဟု ထင်မှတ်ကာ ဝမ်းမြောက် မ်းသာဖြင့် . . .

"ကျွန်တော့်ကို အခုလို အသိအမှတ်ပြုဆက်ဆံတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝမ်းမြောက်ကျေးဇူးကြီးလှပါတယ်"

ဟု အားတက်ရွှင်လန်းစွာဖြင့် ပြန်လည်နှုတ်ဆ
လေ၏။

ကျွန်ုပ်တို့၏ ဘဏ္ဍာသိုက်ရှာဖွေရေးလုပ်ငန်းတွ
အဘိုးကြီးဦးစိုင်းလုံသည် လွန်စွာအရေးပါသူဖြစ်သည်၊ သူသည် ကျွန်ုပ်တို့သွားရောက်မည့် လူအိုတောင်ကြီးဆီသို့ နှစ်ကြိမ်တိုင် ရောက်ရှိခဲ့ဖူးသူဖြစ်သည်။

သို့သော် သူရောက်ရှိခဲ့သည်မှာ လွန်ခဲ့သည့်နှ
နှစ်ဆယ်ကျော်ကာလဖြစ်၍ လွန်စွာကြာမြင့်ခဲ့ပြီဖြစ်သည်၊ ကျွန်ုပ်တို့ခရီးမှာလည်း သူသည် လမ်းပြအဖြစ် လိုက်ပါ ဆောင်ရွက်မည်ဖြစ်၍ ကျွန်ုပ်လည်း သိလိုသမျှကိုအေ
စိတ်မေးမြန်းရလေ၏။

ဦးစိုင်းလုံသည် ကျွန်ုပ်မေးသမျှကို ဂရုတစိုက် ပြောကြားနေလျက်က တစ်ချက်တစ်ချက်တွင် မစ္စတာချ
ခိုးပေါင်ကို မရဲတရဲကြည့်၏။ နေရာဒေသတချို့ကို ကျွန်ုပ် က ထောက်ပြမေးလိုက်သည်တွင် ဦးစိုင်းလုံသည် ရုတ် တရက်ပြောကြားခြင်းမပြုဘဲ တွန့်ဆုတ်တွေဝေသွား၏၊ သူ၏မျက်ဝန်းတွေက တစ်စုံတစ်ခုကို စိုးရိမ်နေပုံရ၏။

ကျွန်ုပ်တို့အားလုံး အကြည့်များက စားပွဲပေါ်တွ





ခင်းထားသည့် စတုရန်းတစ်ပေခွဲခန့် မြေပုံကြီးဆီသို့
ကြည့်ရှုနေကြ၏။ ထိုမြေပုံမှာ ကျွန်ုပ်တို့ခရီးစဉ်၏ မြေ
စ်သည်။ မစ္စတာ ချန်ခိုးပေါင်က ဦးစိုင်းလုံထံမှရရှိသည့်
ချက်အလက်များကို အခြေခံပြီးရေးဆွဲထားသည့် မြေပုံ
မ်းဖြစ်သည်။

မြေပုံအထက်ပိုင်း သို့မဟုတ် မြောက်ပိုင်း၊ ထိုမှ
မြေပုံအောက်ပိုင်းတွင် တောတောင်ထူထပ်ပြီး လျှိုမြောင်
၊ ချောင်းကြီးချောင်းငယ်များ ပြည့်နှက်နေကြောင်း
တွ့ရပေ၏။

"ဦးကြီး . . . ကျွန်တော်ဟာ သတ္တုရှာတဲ့လုပ်ငန်း
နေရာဒေသအတော်များများကို ရောက်ရှိခဲ့ပါတယ်၊
မြကြောမြေဆက်တွေ တောင်တွေအနေအထား
ကြောင်းကို ကောင်းကောင်းသိခဲ့သူဖြစ်လို့ ဟောဒီမြေပုံ
က လွိုင်ခမ်းကျင်တောင်ရဲ့မြောက်ဘက်နဲ့ အရှေ့ဘက်
တောင်တွေရှိသေးတယ် မဟုတ်လား၊ အဲဒီတောင်
တွေရဲ့နာမည်ကို ဦးကြီးစဉ်းစားကြည့်ပါဦး"

ဦးစိုင်းလုံ၏အမူအရာတွေက သိသိသာသာ ပျက်
ပြင်းသွား၏။ ကျွန်ုပ်က စူးစိုက်နေလေရာ သူသည် မလုံ
လဲဖြင့် မစ္စတာချန်ခိုးပေါင်ကို ကြည့်လေ၏။ တည်ငြိမ်



www.burmeseclassic.com

www.burmeseclassic.com



စွာရှိနေသည့် မစ္စတာချန်ခိုးပေါင်လည်းမနေသာတော့
. . .

"သိရင်ပြောလိုက်ပါ ဦးစိုင်းလုံ၊ တခြားတော
တန်းတွေလည်း ရှိချင်ရှိနေမှာပေါ့"

ဟု လမ်းခင်းစကားပြောလိုက်သဖြင့် ဦးစိုင်းလုံ
ကျွန်ုပ်ကိုကြည့်၍ . . .

"ဟုတ်ကဲ့ . . . အလွန်မြင့်မားတဲ့ တောင်တွ
တောင်စွယ်တွေ ရှိပါတယ်"

ဟု ပြောလေ၏။ ထိုတောင်များမှာ များပြားလှ
သဖြင့် အမည်များကို မသိရှိကြောင်း ရိုးသားစွာပြော
၏။

"ကျွန်တော် အဓိကသိချင်တာက အဲဒီလှိုင်
ကျင် တောင်တန်းကိုတက်ဖို့ ဘယ်လမ်းကအနီးဆုံး
နမ့်ခမ်းက တက်မှာလား၊ ကွမ်းလုံက တက်ရမလ
အနီးဆုံး လမ်းကို ဦးကြီး ပြောပြပါ"

"ကွမ်းလုံမြို့က အဖြောင့်ဆုံးလမ်းပဲ၊ ကျုပ်က ကွ
လုံဘက်က အရောက်အပေါက်များတယ်"

ဦးစိုင်းလုံ၏အမူအရာမှာ စိုးရွံ့မှုမရှိတော့ဘဲ
သမျှကို သွက်လက်စွာပြောကြားလေ၏။





"ဒီလောက်နာမည်ကြီးပြီး လူသိအလွန်များတဲ့
ပွာသိုက်ကြီးကို ဘာကြောင့် ဒီပြင့်လူတွေ စွန့်စွန့်စားစား
သွားကြတာလဲဗျာ"

ထိုအခါ ဦးစိုင်းလုံက ဦးခေါင်းငုံ့ကာ . . .

"လူဆိုးတိုင်း မသိပါဘူးခင်ဗျာ၊ တချို့ဆိုရင် ပုံပြင်
စ်ပုံဒ်လို့ ထင်မှတ်နေကြတာပါ၊ တချို့လည်း စွန့်စား
ွားရောက်ကြပေမယ့် အဲဒီမိစ္ဆာတောင်ကြီးကို တွေ့ချင်မှ
တွေ့ကြတာပါ၊ ကျုပ်ကိုယ်တိုင်လည်း ငယ်စဉ်ကတည်းက
ဲဒီလိုယုံမှတ်နေခဲ့တာ၊ ကျုပ်ကိုယ်တိုင်ရောက်သွားမှ
ုံကြည်လက်ခံခဲ့ရတယ်၊ အန္တရာယ်များသလောက် ဒုက္ခ
တွနဲ့ပြည့်နေတဲ့ လမ်းခရီးကြမ်းဖြစ်တာကြောင့် တစ်
ယောက်၊ နှစ်ယောက်ဆိုရင် စိတ်တောင်မကူးဝံ့ဘူး၊ သွားတဲ့
ူတိုင်းဟာလည်း အဲဒီတောင်ကြီးရဲ့ကျိန်စာမိပြီး . . . "

သူ၏စကားသံက ကတုန်ကယင်ဖြင့် တိုးတိတ်
သွား၏။ အတန်ကြာမှ . . .

"ဘေးဆိုးအန္တရာယ်ဆိုးတွေနဲ့ တွေ့ရတာချည်းပဲ၊
ကျုပ် အဲဒီနေရာကို နှစ်ခေါက်ရောက်ခဲ့တယ်၊ ပထမတစ်
ခေါက်မှာ ကျုပ်မိတ်ဆွေ မုဆိုးနှစ်ယောက်နဲ့ ရောက်ခဲ့
တယ်၊ ကျုပ်တစ်ယောက်ပဲ အသက်ရှင်လွတ်မြောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကျုပ်မိတ်ဆွေနှစ်ယောက်ကတော့ ဘေးအန္တရာ ဆိုးနဲ့ ကြုံတွေ့ရပြီး သေဆုံးခဲ့ရတယ်၊ ဒုတိယအခေါက်မှ တော့ ကျုပ်ဘဝမှာ ဘယ်လိုမှ မေ့ပျောက်မရလော အောင် ခံစားခဲ့ရတယ်၊ ကျုပ်ရဲ့သားသားမက် အိုက်စံကို တိုင် အသေဆိုးနဲ့ ဆုံးပါးခဲ့ရတယ်၊ ဗိုလ်ကြီးတို့ကို အ ကတည်းက ကျုပ်သတိပေးပါရစေ . . . ကျုပ်တို့သွားမ လမ်းခရီးတစ်လျှောက်လုံးမှာ အန္တရာယ်ဆိုတာ အပြ စောင့်ကြိုနေလိမ့်မယ်”

ထိုစကားများမှာ ဦးစိုင်းလုံ၏ရင်တွင်းက စစ်မှ သော ခံစားမှုများဖြစ်သည်။ ကျွန်ုပ်ဖြစ်ချင်သည့်ဆန္ဒမှ လည်း ထိုသို့ ရင်းနှီးပွင့်လင်းစွာ ပြောဆိုမည့် စစ်မှန်သေ စကားများဖြစ်သည်။

“အခုလို စိတ်ရင်းစေတနာထားပြီး ပွင့်ပွင့်လ လင်းပြောပြတဲ့အတွက် ဦးကြီးကို အထူးပဲကျေးဇူးတင် တယ်”

ဦးစိုင်းလုံသည် မည်သည့်စကားကိုမျှ ပြောဆိုခြ မပြုဘဲ ရိဝေသောမျက်ဝန်းဖြင့် ဦးခေါင်းငိုက်လျက် တစ် တစ်ရာကို တွေးတောနေပုံရ၏။

မစ္စတာချန်ခိုးပေါင်နှင့် စိုင်းဆဲထူး၏ အကြည့်မျ





က ကျွန်ုပ်ဘက်ဆီသို့ စုပြုံကျရောက်နေလေ၏။ သူတို့ သည် ကျွန်ုပ်အား အဖွဲ့ခေါင်းဆောင်အဖြစ် တင်မြှောက် ထားပြီးဖြစ်၍ ကျွန်ုပ်၏နှုတ်က ထွက်ရှိလာမည့်စကားများ ကို ငံ့လင့်နေကြခြင်းဖြစ်သည်။

ကျွန်ုပ်သည် မြေပုံကြမ်းစာရွက်ကို ကွန်ပါများဖြင့် ထောက်၍ စိတ်ကျေနပ်သည်အထိ တွက်ချက်ပြီးသည်နှင့် ကျွန်ုပ်ရင်ထဲကဆန္ဒအမှန်ကို ပြောလိုက်တော့၏။

“ဒီခရီးကို ကျွန်တော် မရောက်ရောက်အောင် သွားဖို့ ဆုံးဖြတ်လိုက်ပြီ ဦးစိုင်းလုံ၊ ကျွန်တော်က ဘာမှ အဓိပ္ပာယ်မရှိတဲ့ ကွင်းခြောက်ခြောက်ခရီးမျိုးထက်စာရင် အခုလို အန္တရာယ်ထူပြောတဲ့ ခရီးမျိုးကိုမှ ပိုပြီးနှစ်ခြိုက် တာ၊ သွားမယ် . . . မဖြစ်ဖြစ်အောင်ကို သွားမယ်”

ဟုပြောပြီး ကျွန်ုပ်သည် နံရံမှပြက္ခဒိန်ကိုကြည့် လျက် ထိုနေ့မှစ၍ နောက်ဆယ့်ငါးရက်တိတိကြာသည့် ဇန်နဝါရီလ (၂) ရက်နေ့မနက်တွင် ခရီးစဉ်စတင်ရန် အခိုင်အမာပြောလိုက်၏။

ထို့နောက် မစ္စတာချန်ခိုးပေါင်နှင့် စိုင်းဆဲထူးတို့ကို ခရီးစဉ်အတွက် ဆောင်ရွက်ရမည့်တာဝန်များကို ချက် ချင်း ခွဲဝေသတ်မှတ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကြားကာလမှာ ကျုပ်တို့ ဘယ်သူမှ ငြိမ်နေလို့ မရဘူး၊ စီစဉ်စရာရှိတာ စီစဉ်ကြရမယ်၊ ရိက္ခာတွေ့, အဖွေ ထည်တွေကို ဝယ်ယူထားပါ၊ ခဲယမ်းမီးကျောက်နဲ့ သေ နတ်တွေကို ပြန်စစ်ရမယ်၊ လိုအပ်မယ့်ကျည်ဆံတွေကို ရန်ကုန်ကို ချက်ချင်း လူလွှတ်ပြီး ဝယ်ခိုင်းရမယ်၊ ဆေးဝါ ပစ္စည်းနဲ့ ကျည်ဆံကို တစ်တန်းတည်းထားပြီး စုဆောင်းရ မယ်၊ အဲဒီတာဝန်ကို စိုင်းဆဲထူးက ဆောင်ရွက်ရလိမ့်မယ်"

"စိတ်ချ သူငယ်ချင်း . . ဒီနေ့ကစပြီး ငါစီစဉ်မယ်"

ကျွန်ုပ်က မစ္စတာချန်ခိုးပေါင်ဆီသို့ မျက်နှာလှည့် လိုက်ပြီး . . .

"မစ္စတာချန်ကတော့ လူနဲ့ ရိက္ခာတွေ သယ်ယူဖို့အ တွက် လားအကောင်သုံးဆယ်ဝယ်ယူဖို့ ဆောင်ရွက်ထား ပါ"

ဟု တာဝန်ပေးလိုက်၏။

မစ္စတာချန်ခိုးပေါင်သည် ထ၍ကခုန်ကာ ဝမ်း အသာကြီး ဝမ်းသာနေတော့၏။ သူသည် အနှစ်နှစ်အလ လက တောင့်တခဲ့သည့် ရည်ရွယ်ချက်ကြီး ရုတ်တရက် အထမြောက်အောင်မြင်သွား၍ ထိုသို့ပျော်ရွှင်နေခြင်းဖြစ် သည်။





စိုင်းဆဲထူးမှာလည်း သူ့ခေါင်းပေါ်တွင် ကြီးမား လေးလံသည့် ဝန်ထုပ်ဝန်ပိုးကြီး ကျဆင်းသွားသကဲ့သို့ တ်လက်ပေါ့ပါးစွာဖြင့် ဝီစကီတစ်ပိုင်းကို သောက်လိုက် ပြီး ပက်လက်ကုလားထိုင်ပေါ်တွင် အနားယူလိုက်လေ၏။

ကျွန်ုပ်အတွက် အထူးခြားဆုံးမှာ မုဆိုးကြီးဦးစိုင်း လှ၏ စကားများဖြစ်သည်။

"တကယ့်ပြောင်မြောက်တဲ့ သတ္တိပါပဲ၊ ဗိုလ်ကြီးလို ရသတ္တိနဲ့ ပြည့်ဝသူတစ်ဦးနဲ့ စွန့်စားရမယ်ဆိုရင် ဘယ် လောက်အန္တရာယ်များပါစေ ကျွန်တော် ရဲရဲကြီးလမ်းပြ မယ်"

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

### သေယင်းတံခါးဝသို့ ခရီးထွက်ခြင်း

နယ်ခြားမြို့တော် ကွမ်းလုံ။

ထိုမြို့သည် ဝနယ်၏ တံခါးဝမြို့တော်ဖြစ်သည်။

မြို့၏အသွင်အပြင်သာမက အစားအသောက် စကားအသုံးအနှုန်းမှစ၍ တရုတ်ဆန်လှသော မြို့တစ်မြို့ ဖြစ်သည်။ လူမျိုးပေါင်းစုံကို တွေ့ရှိနိုင်သည်။ ကချင်၊ ရှမ်း လားဟူ၊ လီရှော၊ ရော်ရင်း၊ တရုတ် စသဖြင့် ရောနှော နေထိုင်လျက်ရှိ၏။

၎င်းတို့သည် လွယ်ပလိုင်းများကိုယ်စီဖြင့်လည်း ကောင်း၊ အထမ်းအပိုးများဖြင့်လည်းကောင်း၊ တချို့က လားများဖြင့် တစ်သွယ်၊ ကုန်သွယ်ကုန်ရောင်းလုပ်ငန်း





များဖြင့် သွားလာလှုပ်ရှားနေကြ၏။

တောင်တန်းကြီးများမှာ မြို့ကလေးကို ဝန်းရံထားသဖြင့် ကြည့်လေရာတွင် တောင်ခိုးဝေဝေဖြင့် လွန်စွာလှပလွန်းလေ၏။

ကျွန်ုပ်နှင့် စိုင်းဆဲထူးဦးဆောင်၍ ခရီးစဉ်စတင်ခဲ့ရာ ထိုမြို့ကလေးသို့ ဇန်နဝါရီလ (၅)ရက်နေ့ မနက်ခင်းတွင် ရောက်ရှိလေတော့၏။ ကျွန်ုပ်တို့နှင့်အတူ စိုင်းဆဲထူး၏ လူယုံတပည့်ငါးဦး လိုက်ပါလာ၏။ ထိုသူများကို စိုင်းဆဲထူးသည် စိတ်ကြိုက်ရွေးချယ် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

၎င်းတို့သည် ကျိုးနွံသစ္စာရှိပြီး ရဲစွမ်းသတ္တိနှင့် ပြည့်ဝသူများဖြစ်သည်။ တော်လှန်ရေးကာလတစ်လျှောက်လုံးတွင် စိုင်းဆဲထူးလက်အောက်၌ အမှုထမ်းခဲ့ကြသည့် ဒေသခံ ရဲဘော်ဟောင်းများဖြစ်သည်။

ကျွန်ုပ်တို့သည် လားဆယ်ကောင်ဖြင့် လက်နက်ခဲယမ်းများနှင့် စားရေးရိက္ခာများကို သယ်ဆောင်ခဲ့ကြသည်။ ကွမ်းလုံမြို့သို့ ကျွန်ုပ်တို့ရောက်ရှိသည့်အခါ ကျွန်ုပ်မှာ ခရီး စသည်နှင့် စိတ်အနှောင့်အယှက် ဖြစ်ရလေ၏။

တရုတ်ကုန်သည် မစ္စတာချန်ခိုးပေါင်ကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ကျွန်ုပ်တို့သည် ထိုကွမ်းလုံမြို့ကလေးတွင် ဆုံစည်းပြီး ခရီးစဉ်ကိုစတင်ရန် သတ်မှတ်ထားခဲ့ကြ၏။ ကျွန်ုပ်တို့ ရောက်ရှိလာသည်နှင့် ခရီးစဉ်စတင်ရေးအတွက် လားအကောင်သုံးဆယ်ခန့်ဝယ်ယူ၍ အဆင်သင့်စောင့်ဆိုင်းနေရန် မစ္စတာချန်ခိုးပေါင်ကို တာဝန်ပေးထား၏။

မစ္စတာချန်ခိုးပေါင်သည် ထိုကိစ္စကို အဆင်ပြေအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အပြင် ၎င်း၏တပည့်များနှင့် သောက်စားအပျော်ကြူးလျက်ရှိနေသည်ကို စိတ်ပျက်ဖွယ်တွေ့ရ၏။

ထို့ပြင် သူသည် ခရီးစဉ်တွင် သူ၏လက်အောက်တွင် လိုက်ပါမည့်သူများကို လိုတာထက်ပို၍ ခေါ်ဆောင်လာခဲ့၏။ စုစုပေါင်း (၁၅)ယောက်ဖြစ်သည်။ အားလုံးတရုတ်လူမျိုးများဖြစ်ပြီး စိတ်ကြမ်း၊ လူကြမ်း၊ စရိုက်ကြမ်းများ ဖြစ်သည်။

"ကျွန်တော့်တပည့်တွေအတွက် စိတ်ချပါ ဒေါက်တာရယ် . . . ကျွန်တော်တာဝန်ယူပါတယ်၊ သစ္စာရှိပြီးကျွန်တော်က သေဆိုသေ ရှင်ဆိုရှင်ဆိုတဲ့ လူယုံတပည့်တွေပါ၊ သူတို့ သောက်စားပျော်ပါးနေတာကလည်း ကျွန်တော်တို့သွားရမယ့်ခရီးဟာ အသက်အန္တရာယ်ထူပြောတဲ့





ခရီးဖြစ်တော့ သူတို့ကို စည်းမျဉ်းဥပဒေသတွေနဲ့ ချုပ်ကိုင်လိုက်ရင် အကိုင်တွယ်ရခက်သွားမှာ စိုးရိမ်လို့ပါ"

"ခင်ဗျားအယူအဆကိုတော့ ကျုပ် ဆန့်ကျင်ပြီး မပြောလိုပါဘူး မစ္စတာချန်၊ တစ်ခုတော့ ကျုပ်ပြောပါရစေ . . . ဘယ်လိုကိစ္စမျိုးမဆို စည်းမရှိကမ်းမရှိ ပရမ်းပတာလုပ်လို့ မရဘူး၊ အထူးသဖြင့် အခု ကျုပ်တို့ဆောင်ရွက်မယ့် ကိစ္စမျိုးမှာ အများရဲ့ဆန္ဒနဲ့ ဆန့်ကျင်တဲ့အပြုအမူမျိုး မဖြစ်ဖို့ သိပ်အရေးကြီးတယ်"

မစ္စတာချန်ခိုးပေါင်သည် အရက်ခိုးဝေသည့် မျက်ဝန်းဖြင့် ကျွန်ုပ်အားကြည့်လျက် ကျွန်ုပ်၏ဆန္ဒအတိုင်း ဖြစ်ပါစေမယ်ဟု ကတိပြုပြောဆိုလေ၏။ ထို့နောက် သူသည် ခရီးစဉ်အတွက် လိုအပ်သည့် လားအကောင်သုံးဆယ်ကိုလည်း နောက်ရက်အနည်းငယ်အတွင်း ရအောင် ဝယ်ယူမည်ဟု ပြောဆိုလေ၏။

ထိုမြို့ကလေးတွင် ကျွန်ုပ်တို့အဖွဲ့သည် သုံးရက်ခန့် နေထိုင်ပြီး ခရီးစဉ်အတွက် လိုအပ်မည့်ရိက္ခာများကို ဝယ်ယူဖြည့်တင်းရန် ဆုံးဖြတ်လိုက်ကြသည်။ မစ္စတာချန်ခိုးပေါင်မှာ ထိုသုံးရက်အတွင်း ၎င်းတာဝန်ယူသည့် လား



www.burmeseclassic.com

www.burmeseclassic.com



အကောင်သုံးဆယ်ကို ရအောင်ဝယ်ယူမည်ဟု ကတိပြု ပြောဆို၏။

ကျွန်ုပ်သည် မစ္စတာချန်ခိုးပေါင် အမူအကျင့်များကို တွေ့စကပင် နှစ်မြို့ခြင်းမရှိသဖြင့် ခရီးစဉ်တစ်လျှောက်တွင် မိမိတို့အဖွဲ့အား သတိကြီးစွာနေထိုင်ရန် စိုင်းဆဲထူးကို ပြောပြရ၏။

ခရီးစဉ်မြေပုံကို ကြည့်ရှုစဉ်ကပင် ကျွန်ုပ်သည် မစ္စတာ ချန်ခိုးပေါင်ကို သံသယဖြစ်မိသည်။

"သူ့ကိုကြည့်ရတာ ငါတော့ သိပ်ပြီးမသင်္ကာချ ဘူး ဆဲထူး၊ အားကြီးပရိယာယ်များတယ်၊ ငါတို့ကို မြေပုံထုတ်ပြတုန်းက ရှိသင့်ရှိထိုက်တာတွေ, ထည့်သွင်းထည့်ထိုက်တဲ့ တောင်တွေ ရွာတွေကို မြုပ်ထားပစ်ခဲ့တာဟာ သူ့ရဲ့မရိုးသားမှုကို ဖော်ပြလိုက်တာပဲ၊ တို့တွေကို လမ်းပန်းမသိရအောင် ဆုတ်လမ်း,တက်လမ်း မမှတ်မိအော တမင်အကွက်ဆင်ထားတာ၊ တို့ကိုစားမယ့် ကျားကွက်ဆင်ထားတာ၊ ဒီတောင်တန်းတစ်ဝိုက်ကို ငါ ဗမာ့ကာကွယ်ရေးတပ်မတော်တုန်းက စစ်တံခွန်လွင့်ရင်း တပ်ခွဲနှစ်ခွဲနဲ့ ခြောက်လကြာအောင် လှည့်ခဲ့ဖူးတယ်၊ သိသင့်သလောက်လည်း သိထားခဲ့လို့ သူ့အကွက်ထဲ ရောက်မသွား





တာ ကံကောင်းတာပေါ့၊ ပြီးတော့ မုဆိုးကြီးဦးစိုင်းလုံရဲ့ ိုးသားပွင့်လင်းမှုကိုရရှိတော့ သူ့ရည်ရွယ်ချက်တွေ အောင်မြင်လိုက်ဘူးလေ"

"အဲဒီတုန်းက မစ္စတာချန်လို လူရည်လည်တစ် ယောက်ကို ဝက်အူရစ်လို တစ်ရစ်ပြီးတစ်ရစ် ချည်နှောင် လိုက်တဲ့ မင်းရဲ့ပရိယာယ်ကို ငါသိပ်ပြီးချီးကျူးတယ် သူ ယ်ချင်း၊ ဒီကိစ္စမှာ မင်းသာ ဦးမဆောင်ရင် ငါတို့တစ်ဖွဲ့ လုံး မစ္စတာချန်ရဲ့စားကျက်ထဲက သားကောင်ဘဝမျိုး ရောက်သွားမှာ သေချာတယ်"

"ဒါနဲ့ ငါတို့အဖွဲ့ကို ဦးဆောင်လမ်းပြမယ့် မုဆိုးကြီး ဦးစိုင်းလုံကို မတွေ့ပါလား"

"သူလည်း ဒီမြို့ကိုရောက်နေပါပြီ၊ ညနေမတိုင်မီ မစ္စတာချန်ခိုးပေါင်က ခေါ်လာမယ်လို့ ပြောသွားတယ်"

ညနေစောင်းသို့ရောက်သောအခါ မစ္စတာချန်ခိုးပေါင်နှင့်အတူ ဦးစိုင်းလုံ လိုက်ပါလာ၏။

ကျွန်ုပ်သည် သူတို့နှစ်ဦးကို နားမလည်နိုင်သည့် မျက်ဝန်းဖြင့် ကြည့်နေမိသည်။ အကြောင်းကား ၎င်းတို့နှင့်အတူ နုပျိုငယ်ရွယ်သည့် မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ထိုမိန်းကလေးမှာ ဦးစိုင်း



www.burmeseclassic.com

www.burmeseclassic.com



လုံ၏နောက်ဘက်တွင် ကပ်လျက်လိုက်ပါလာ၏။

စိုင်းဆဲထူးကိုမြင်သည်နှင့် ထိုမိန်းကလေးက နှစ်လိုဖွယ်ပြုံး၍ နှုတ်ဆက်လေ၏။ အပြန်အလှန် သူတို့ပြောဆိုသည့် စကားများကို ကြားသိလိုက်ရသောအခါ ကျွန်ုပ် အထူးပင် တုန်လှုပ်သွားတော့သည်။

ထိုမိန်းကလေးမှာ ကျွန်ုပ်တို့ခရီးစဉ်တွင် လိုက်ပါမည်ဟု သိလိုက်ရ၍ဖြစ်သည်။

"ကျုပ်ဆန္ဒကို ပွင့်ပွင့်လင်းလင်းပြောပါရစေ၊ ကျုပ်တို့သွားမယ့်ခရီးဟာ ပန်းခင်းလမ်းမဟုတ်ဘူး၊ အလွန်ဘေးအန္တရာယ်များပြားတဲ့ မပြန်လမ်းလည်း ဖြစ်ချင်ဖြစ်နိုင်တယ်၊ ဒီလိုခရီးမျိုးမှာ နုနယ်တဲ့ မိန်းကလေးတစ်ယောက်ကို မလိုက်စေချင်ဘူး"

ကျွန်ုပ်က ၎င်းတို့ဘာသာစကားဖြင့် ထိုသို့ကွက်ကွက်ပြောဆိုလိုက်ရာ ဦးစိုင်းလုံမှ မည်သို့မျှ တုံ့ပြန်မပြောသော်လည်း ထိုမိန်းကလေးနှင့် မစ္စတာချန်ခိုးပေါင်ကတော့ ကျွန်ုပ်တို့ကို ငြင်းဆန်ပြောဆိုလေ၏။

မိန်းကလေးက စူးရဲသည့်မျက်ဝန်းဖြင့် ကျွန်ုပ်ကို ကြည့်လျက် . . .

"ဒီခရီးမှာ အဘကို တစ်ယောက်တည်းလွှတ်





လိုက်ဖို့ ကျွန်မစိတ်မချဘူး၊ အဘအသက်အရွယ် ကြီးရင့်နေတော့ ကျန်းမာရေးစောင့်ရှောက်ဖို့လည်း လိုအပ်တယ်၊ ကျွန်မကို မတားပါနဲ့ ဆရာ၊ ဘယ်လိုအန္တရာယ်မျိုးမဆို ရင်ဆိုင်ဖို့ ကျွန်မ ဆုံးဖြတ်ပြီးပါပြီ"

မစ္စတာချန်ခိုးပေါင်ကလည်း . . .

"ကျုပ်တို့ခရီးဟာ ခရီးကြမ်းတမ်းခက်ခဲတဲ့အတွက် ကျုပ်တို့အဖွဲ့သားတွေရဲ့ ကျန်းမာရေး ဆေးဝါးကုသရေးအတွက် ဒေါက်တာအဲမီးရှိနေတော့ ကျန်းမာရေးအတွက် အထူးစိုးရိမ်စရာ မလိုတော့ဘူးပေါ့၊ အဲဒီအတွက်လည်း သူတို့မြေးအဘိုး နှစ်နာမှုမရှိအောင် ကျွန်တော်စီစဉ်ပေးထားပါတယ်"

ဟု ပျာပျာသလဲ ဝင်ရောက်ပြောဆို၏။

ကျွန်ုပ်သည် မိန်းကလေးအတွက် အထူးပင်စိုးရိမ်၍ ဟန့်တားလိုက်သော်လည်း သူမ၏အမူအရာတွေက ခိုင်ခိုင်အမာ ဆုံးဖြတ်ပြီးဖြစ်နေ၏။ ထို့ပြင် ခရီးစဉ်တွင် လိုအပ်သည့် ဆေးဝါးကိရိယာများကိုလည်း သူမကိုယ်တိုင် စုဆောင်းထုပ်ပိုးထားပြီး ဖြစ်သည်။

ထိုမိန်းကလေးမှာ မုဆိုးကြီးဦးစိုင်းလုံ၏ တစ်ဦးတည်းသော မြေးမကလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအဲမိုးသည် မန္တလေးပြည်သူ့ဆေးရုံ
တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ သူမ၏အဘိုး ဦး
လုံခရီးစဉ်တွင် လိုက်ပါရန်အတွက် ခွင့်ရက်ရှည်ဖြင့်
ဒေသသို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

စိုင်းဆဲထူးသည် သူ၏ဒေသတွင် အုပ်ချုပ်ရေး
အဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်၍ ဒေါက်တာ
မငယ်ကတည်းက သိကျွမ်းခဲ့ပြီးဖြစ်သည်။

ကျွန်ုပ်သည် လှပနုနယ်သော မိန်းကလေးဖြစ်
မယ့် ရဲဝံ့စွန့်စားသည့် သူမ၏စိတ်ဓာတ်ကို အံ့ဩချီး
သည်။ ခရီးစဉ်အတွက် ကျွန်ုပ်တို့ ပြောဆိုဆွေးနွေး
သည့် စကားများကို သူမက ဂရုတစိုက်နားထောင်နေ

သူမကိုယ်မှ လေသင့်တိုင်းမွှေးနေသော ပေါင်
နှင့် မသိမသာမိတ်ကပ်တို့ထားသည့် မျက်နှာဝိုင်းဝိုင်း
မှာလည်း ခါတိုင်းထက် တင့်တယ်လှပနေတော့သည်။

လှပတင့်တယ်သော ကိုယ်လုံးပိုင်ရှင် ဒေါက်တာ
အဲမိုး၏ ထိုနေ့ဝတ်စားဆင်ယင်ထားသည်မှာ သူမ
အချိုးအစားကျလှသည့် ကိုယ်လုံးကိုယ်ပေါက်ကို လှ
ပြနေသကဲ့သို့ ရှိနေတော့၏။

ဆွယ်တာလက်ရှည် အစိမ်းနုရောင်ကိုဝတ်





အောက်ပိုင်းတွင် သက္ကလတ်ဘောင်းဘီရှည်နှင့် ခြေပိုင်း
တွင် ခြေမျက်စိအထိရှည်သည့် သားရေတောစီးဖိနပ် တစ်
ရံ စီးနင်းထား၏။ လည်ပင်းတွင် ပိုးပဝါနှင့် ဇာယောင်တစ်
ထည် ရစ်ပတ်ထားသည်မှာ သူမ၏ ကျန်းမာဖွံ့ဖြိုး အလှ
တိုးနေသည့်အခြေအနေကို ပိုင်နိုင်စွာ သရုပ်ပြနေသည့်
နှယ် ထူလှပေ၏။

မုဆိုးကြီးဦးစိုင်းလုံ၏ မျက်ဝန်းတွင် သူ၏မြေးမ
လေး ဒေါက်တာအဲမိုးအတွက် အထူးပင်စိုးရိမ်လျက် ရှိ
သည်ကို သူ၏မျက်ဝန်းတွေမှာ သိသာစွာထင်ဟပ်နေ၏။

ဒေါက်တာအဲမိုးကလည်း စိုင်းဆဲထူးနှင့် ကျွန်ုပ်ကို
အလေးထားပြောဆိုနေသဖြင့် မစ္စတာချန်ခိုးပေါင်သည်
မအီမလည် ဖြစ်နေတော့သည်။

သူသည် ကျွန်ုပ်ပြောဆိုနေသည်ကို နားထောင်နေ
သော်လည်း သူ၏အကြည့်တွေက ဒေါက်တာအဲမိုးထံသို့
တရစ်ဝဲဝဲ ကျရောက်နေလေ၏။

ရက်ပိုင်းမျှသာလိုတော့သည့် ခရီးစဉ်အတွက်
ကျွန်ုပ်တို့သည် နာရီအနည်းငယ်ကြာမြင့်သည် အထိ
အပြီးသတ်ညှိနှိုင်းပြီးသည်တွင် မိမိတို့တည်းခိုဆောင်များ
သို့ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှစ၍ ကျွန်ုပ်တို့သည် မိမိတို့ တာဝန်ယူထားသည့် အခန်းကဏ္ဍများကို ဆောင်ရွက်ရင်းဖြင့် မအားမလပ်နိုင်အောင် ရှိနေတော့သည်။

မစ္စတာချန်ခိုးပေါင်သည် ငွေစက္ကူအစား ဒင်္ဂါး အိတ်ကြီးကို တပြပြကိုင်လျက် လားအကောင်သုံးဆယ် ရရှိရေးအတွက် လားတရုတ်များဆီသို့ မျက်နှာချိုသွေးကာ ချဉ်းကပ်လေ၏။

ကျွန်ုပ်တို့သွားမည့်ခရီးမှာ အလွန်ဝေးလံသည့် အရပ်ဒေသဖြစ်၍ လားပိုင်ရှင်များမှာ မငှားဝံ့ဘဲဖြစ်နေ တော့သည်။

ကျွန်ုပ်တို့ ခရီးထွက်မည့်နေ့မတိုင်ခင် တစ်နေ့တွင် ဟိုပုံးမြို့မှ လားပိုင်ရှင်တစ်ဦးထံမှ ကျွန်ုပ်တို့လိုအပ်သည့် လားများကို ရရှိခဲ့သည်။ ထိုသို့ရရှိခဲ့သည်မှာ ပုတ်ပြတ် ကြေးဖြင့် အဆမတန်ပိုက်ဆံပေး၍ ရရှိလိုက်ခြင်းဖြစ် သည်။

၎င်းလားများကို မစ္စတာချန်ခိုးပေါင်၏လူများက လားမောင်းသည့်တာဝန်ယူရမည်ဖြစ်သည်။

နောက်တစ်နေ့နံနက် ခြောက်နာရီတိတိအချိန် တွင် ပစ္စည်းတင်လားသုံးဆယ်ခြံရံလျက် ကျွန်ုပ်နှင့် အဖွဲ့





ဝင်များသည် ကွမ်လုံမြို့အနောက်မြောက်စူးစူး (၄၅) ဒီဂရီ သို့ စတင်ချီတက် ခရီးထွက်ခဲ့ကြသည်။

ဆောင်းနှောင်းရာသီဘက်သို့ ကူးပြောင်းခဲ့ပေမယ့် ရာသီဥတုအခြေအနေမှာ တောတောင်ထူထပ်သည့် ဒေသဖြစ်၍ အချမ်းဓာတ်မှာ လျော့ပါးခြင်းမရှိပေ။

လူစီးနိုင်သည့်လားများပေါ်တွင် ဒေါက်တာအဲမိုး နှင့် မစ္စတာချန်ခိုးပေါင်တို့ နှစ်ယောက်သာ စီးနင်းလိုက်ပါ လျက် ကျန်အဖွဲ့ဝင်များက ခြေကျင်လိုက်ပါကြသည်။

မြို့ကြီးပြကြီးအတွင်းရှိစဉ်က မစ္စတာချန်ခိုးပေါင် သည် ဥရောပတိုက်သား လူကြီးလူကောင်းဝတ်စုံဖြင့် နက် ကတိုင်လည်စည်းတို့ဖြင့် ဟန်ကျဝတ်ဆင်လာသော်လည်း ယခုအခါတွင် တောလိုက်အဝတ်အစား၊ အနွေးထည် ဝတ်ဆင်ထားသည်ကို ကြည့်၍ ကျွန်ုပ်ပြုံးမိသည်။

သူ၏လားတပ်ဖွဲ့မှ လားမောင်းသူ တရုတ်လူမျိုး များမှာလည်း အနွေးထည် ဖြစ်ကတတ်ဆန်း ဝတ်ဆင် ထားပြီး ယမ်းတူးမီးသေနတ် ရိုင်ဖယ်ကိုယ်စီ ဓားမြှောင် ားရှည်များ စသည်ဖြင့် ကိုင်၍ တကယ်တိုက်ပွဲဝင်မည့် လူကြမ်းများကဲ့သို့ သူတို့၏မျက်နှာအမူအရာများမှာ ခက် ထန်လှပေ၏။



www.burmeseclassic.com

www.burmeseclassic.com



လမ်းပန်းအခြေအနေမှာ အစပိုင်းတွင် အခက်အခဲ သိပ်မရှိသော်လည်း ရှစ်မိုင်ခန့်အထိ ခရီးပေါက်ခဲ့ပြီးနောက်ပိုင်းတွင် ကျောက်လမ်း၊ ရွှံ့လမ်းများဖြင့်သာ ရင်ဆိုင်ရသဖြင့် ခရီးမတွင် ဖြစ်ရ၏။

ဦးစိုင်းလုံက ရှေ့ခရီးလေးမိုင်အကွာရှိ တရုတ်ရွာလေးတွင် စခန်းချမှတော်မည်ဖြစ်ကြောင်း သတင်းပို့ပြောဆိုသည့်အတွက် မှန်ပြောင်းတစ်လက်ဖြင့် လမ်း၏အခြေအနေကို အကဲခတ် မှတ်သားနေလျက်က လားများကို ခပ်သုတ်သုတ်ခရီးနှင်ရန် ကျွန်ုပ် အမိန့်ပေးလိုက်ရပေသည်။

တစ်ရွာနှင့်တစ်ရွာ အနည်းဆုံး ရှစ်မိုင်ထက်မနည်း ကွာဝေးလျက်ရှိသည့်အပြင် လူဦးရေအနေနှင့် တစ်ရွာတွင် အိမ်ခြေနှစ်ဆယ်ပန်းကျင်မျှသာရှိသလို တစ်ရွာလုံးစုလိုက်မှ ယောကျ်ားမိန်းမ ငါးဆယ်ခြောက်ဆယ်ထက် မများရှိနေသည့် ရွာသိမ်ရွာငယ်ကလေးများကို ကျွန်ုပ်သည် ကောင်းစွာမှတ်သားထားလိုက်၏။

ညနေငါးနာရီအချိန်တွင် ကျွန်ုပ်တို့အဖွဲ့သည် တရုတ်ရွာကလေးသို့ ဆိုက်ရောက်ခဲ့ကြသည်။ အချိန်မှာလည်း မှောင်စပြုနေပြီဖြစ်၍ အဖွဲ့ဝင်များသည် လားများ





ပေါ်မှပစ္စည်းများကို လူအားနှင့်ချကာ ထိုညအဖို့ ရွာလူကြီးထံခွင့်တောင်း၍ လူမနေသည့် အိမ်လွတ်များတွင် စုစုခွဲ၍ စတည်းချရန် ပြင်ဆင်လိုက်ကြသည်။

အဖွဲ့ဝင်အားလုံးသည် မီးမွှေးသူကမွှေး၊ ချက်ပြုတ်သူက ချက်နှင့် မိမိတို့တာဝန်အလိုက် အလုပ်ရှုပ်နေကြတော့သည်။

ထိုညမှာပင် မစ္စတာချန်ခိုးပေါင်၏ လူယုံအချို့နှင့် ကျွန်ုပ် ထိပ်တိုက်ရင်ဆိုင်ရလေ၏။

ညဦးအချိန်တွင်ဖြစ်သည်။ ရွာအလယ်ပိုင်းဆီမှ သေနတ်သံနှစ်ချက်နှင့်အတူ ဆူဆူညံညံ လှုပ်လှုပ်ရှားရှား အသံများ ထွက်ပေါ်လာလေ၏။ ထိုအသံများကြောင့် စခန်းတစ်ခုလုံး ရုတ်ရုတ်သဲသဲဖြစ်သွားကြ၏။

ကျွန်ုပ်နှင့် စိုင်းဆဲထူးသည် သေနတ်တစ်လက်စီဆွဲကာ သေနတ်သံထွက်ပေါ်ရာဆီသို့ အပြေးထွက်ခဲ့ရလေ၏။ ရုတ်တရက်မြင်လိုက်ရသည့် အခြေအနေကြောင့် ကျွန်ုပ်သည် မခံမရပ်နိုင်အောင် ဒေါသဖြစ်မိသည်။

ဒေသခံအဘိုးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦးကို ဆဲဆိုကန်ကျောက်နေသည်ကို တွေ့ရ၏။ ထိုသူများမှာ မစ္စတာချန်ခိုးပေါင်၏ လားထိန်းရှမ်းတရုတ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးဖြစ်သည်။ သူတို့အနီးသို့ ကျွန်ုပ်တို့ရောက်သွားသော
အခါ အရက်နံ့တထောင်းထောင်းနှင့် ရယ်မောနေသော
ရှမ်းတရုတ်နှစ်ဦးက ရိုင်ဖယ်သေနတ်နှင့် ထိုးချိန်ဖို့ဟန်ပြင်
လိုက်စဉ် ကျွန်ုပ်က ရိုင်ဖယ်ပြောင်းဝကို ဘေးသို့ အလျင်
အမြန်ဆွဲဖယ်လိုက်ပြီး ညာလက်ဝါးစောင်းဖြင့် ၎င်းတို့၏
လည်ကုပ်ကို ခပ်ပြင်းပြင်းခုတ်ချလိုက်ရာ ၎င်းတို့လက်မှ
ရိုင်ဖယ်လွတ်ထွက်သွားပြီး လမ်းဘေးမြောင်းထဲသို့ ပစ်
ကျသွားတော့၏။

ကျွန်ုပ်သည် ထိုမျှမူးယစ်ယမ်းကားသည့် အမြ
အမူများအတွက် ထိုသူများကို မှတ်သားလောက်အောင်
ဆုံးမလိုက်သည်။

မြောင်းထဲသို့ စိုက်လဲနေသူကို တောစီးဖိနပ်ဖြင့်
လေးငါးချက်ဆင့်ကာ ကန်လိုက်သည်ကို ခပ်လှမ်းလှမ်းမှ
ဝိုင်း၍ကြည့်နေကြသည့် ရွာသူကြီးနှင့် ရွာသားများ တွေ့
မြင်သွားသောအခါ ၎င်းတို့သည် ခေါင်းတညိတ်ညိတ်
လည်တညိတ်ညိတ်နှင့် ကျေနပ်သွားကြသည်။

ထိုစဉ်မှာပဲ မစ္စတာချန်ခိုးပေါင်သည် ကျွန်ုပ်တို့
အနီးသို့ ရေးကြီးသုတ်ပျာ ရောက်ရှိလာရာတွင် ကျွန်ုပ်က
သေနတ်နှစ်လက်ကို ပစ်၍ပေးလိုက်ပြီး . . .





"မစ္စတာချန် . . . ခင်ဗျားလူတွေကို ကောင်း
ကောင်းထိန်းသိမ်းပါ၊ ရပ်ရွာလူထုနဲ့ အမြဲတမ်း သင့်မြတ်
နေရမယ့်အစား လက်နက်အားကိုးနဲ့ မတရားနှိပ်စက်နေ
ရင် ကျုပ်တို့ရည်ရွယ်ချက်တွေ ပျက်စီးသွားမယ်ဆိုတာ
နားလည်ထားစမ်းပါ"

ဟု ခပ်တင်းတင်း သတိပေးလိုက်သည်။ ပြီး ထို
နေရာမှ ကျွန်ုပ်လှည့်ထွက်ခဲ့တော့သည်။

မစ္စတာချန်က ပျာပျာသလဲတောင်းပန်ပြီး သူ့
တပည့်များကို ဆဲဆိုကြိမ်းဝါးလေ၏။

အပြန်လမ်းတွင် မစ္စတာချန်ခိုးပေါင် တပည့်များ
အခြေအနေကို စိုင်းဆဲထူးကပြောပြ၏။

"ချန်ရဲ့လူတွေက အရက်သမားနဲ့ ဘိန်းစားချည်း
ပဲ၊ ရောက်လေရာအရပ်မှာ အရက်ရရ၊ မိန်းမရရ အတင်း
ရှာတာပဲ၊ မူးလာရင် ထုံးစံအတိုင်း မိန်းမလိုက်ရှာကြလို့
မှုလိုဖြစ်ကုန်တာပဲ သူငယ်ချင်း"

တည်းခိုအိမ်သို့ ကျွန်ုပ်တို့ပြန်ရောက်သည်တွင်
အအေးဓာတ်မှာ ပိုမိုပြင်းထန်လာသဖြင့် အနွေးထည်များ
ကို ချက်ချင်းဝတ်ဆင်လိုက်ရင်း မီးဖိုဘေးတွင် ဝင်၍မီးလှုံ
လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သာယာလှသော အသံလေးနှင့်အတူ အနွေးထည်များဝတ်ဆင်ထားသည့် ဒေါက်တာအဲမိုးက ကော်ဖီကို ပလပ်စတစ်ပန်းကန်နှင့် လာ၍တိုက်ရှာသည်။

ဦးစိုင်းလုံသည် ခရီးစဉ်တစ်လျှောက်တွင် ကျွန်ုပ်တို့နှင့် ပိုမိုရင်းနှီးလာသကဲ့သို့ တည်းခိုနေထိုင်ရာတွင်လည်း ကျွန်ုပ်တို့နှင့် အတူတကွနေထိုင်၏။ ထိုသို့နေထိုင်သည့်အတွက် မစ္စတာချန်ခိုးပေါင်သည် ဘဝင်ကျခြင်းမရှိလှပေ။ ၎င်းက ဦးစိုင်းလုံနှင့် မြေးဖြစ်သူ ဒေါက်တာအဲမိုးကို သူ၏အစီအစဉ်အတိုင်း သူနှင့် အနီးကပ် တည်းခိုနေထိုင်စေလိုသည်။

ဦးစိုင်းလုံမှာ မစ္စတာချန်ခိုးပေါင်နှင့် ၎င်း၏တပည့်လူယုံများ၏ အမူအကျင့်စရိုက်များကို သိရှိနေ၍ သူ၏မြေးမလေး ဒေါက်တာအဲမိုးအတွက် အထူးပင်စိုးရိမ်သဖြင့် ကျွန်ုပ်တို့အပေါ် မှီခိုအားထားနေခြင်းဖြစ်သည်။

ကျွန်ုပ်သည် နေ့စဉ်မှတ်တမ်းနှင့် လမ်းခရီးအခြေအနေတို့ကို မီးလင်းဖိုမှ မီးအလင်းရောင်ဖြင့် ရေးမှတ်နေစဉ် ဒေါက်တာအဲမိုးကလည်း သူ၏ဆေးဝါးပစ္စည်းစာရင်းကို စစ်ဆေးကြည့်ရှုနေ၏။ မီးလင်းဖိုက လက်ခနဲလက်ခနဲတက်လာသည့် မီးရောင်တွင် လှပကြော့ရှင်းသလောက်





းမို့ကလေးတွေက သဘာဝအတိုင်း နီမြန်းနေသည့် မိုး၏မျက်နှာလေးမှာ တစ်မျိုးကြည့်၍ကောင်းနေတော့ ည်။

ညအမှောင်နှင့်အတူ ရွာဘေးပတ်လည်တွင် သားကောင်များ၏ အော်မြည်သံများ ဆူညံစွာထွက်ပေါ်လျက် ၏။ တစ်ချက်တစ်ချက်တွင် ဟိန်းဟောက်လိုက်သော ျားဟိန်းသံအဆုံးဝယ် ကြောက်စိတ်ဖြင့် ဟိုတိုးဒီပြေး ဖြစ်နေကြသည့် တိရစ္ဆာန်တို့၏အသံများကိုလည်း ကြား နေရ၏။

ကြက်အိပ်ကြက်နိုးဟူသော စကားပုံမှာ ကျွန်ုပ်တို့ ူစုအတွက် ထားခဲ့သည်ဟု ထင်မှတ်ရတော့သည်။

ဤသို့နှင့် တစ်ညတာကို လွန်မြောက်ခဲ့ရ၏။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

### မုဆိုးကြီးဦးစိုးလုံက အစွမ်းပြခြင်း

ကျွန်ုပ်သည် အိပ်ရာမှနိုးသည်နှင့် ရိုင်ဖယ်တစ်လက်ဖြင့် လားများကို စိုးရိမ်တကြီးဖြင့် သွားရောက် ကြည့်ရှုစစ်ဆေးရ၏။

အချိန်မှာ နံနက်ဝေလီဝေလင်းဖြစ်သည်။

မစ္စတာချန်ခိုးပေါင်၏ တပည့်များမှာ အလွန်အကျွံ အရက်များမူးနေကြ၍ ဘာကိုမျှ သတိမရနိုင်ဖြစ်နေလျက် တုံးလုံးပက်လက်နှင့် အိပ်မောကျနေကြသည်။

ထိုသူများကိုကြည့်၍ ကျွန်ုပ်သည် လွန်စွာစိတ်ပျက်မိသဖြင့် ရှေ့ခရီးအတွက် တစ်စုံတစ်ရာသတိပေးပြောကြားရမည်ဟု ဆုံးဖြတ်လိုက်သည်။





အချိန်တစ်ခဏအကြာတွင် စိုင်းဆဲထူးသည်လည်း ရိုင်ဖယ်တစ်လက်ဖြင့် ကျွန်ုပ်အနီးသို့ ရောက်ရှိလာ၏။ ကျွန်ုပ်က ရွာဘေးတစ်လျှောက်တွင် တွေ့ရသည့်ကျားခြေရာများကို ညွှန်ပြလျက် . . .

"ကျားတွေ အထဲဝင်ပြီး မဆွဲဝံ့လို့သာပေါ့၊ ရှေ့အဖို့တော့ တို့တွေ အရမ်းသတိထားရလိမ့်မယ်"

ဟုပြောလိုက်သည့်အခါ စိုင်းဆဲထူးသည် အထိတ်တလန့်ဖြစ်သွားပြီး ကျား၏ခြေရာများကို ကြည့်လေ၏။

အဖွဲ့သားများစုံလင်သည်နှင့် နံနက်စာစားသောက်ကြပြီး ခရီးထွက်ရန် ပြင်ဆင်ကြသည်။

ကျွန်ုပ်က အဖွဲ့ဝင်များအားလုံးကို စုဝေးစေပြီး အောက်ပါအတိုင်း သတိပေးပြောကြားလိုက်၏။

"အခုအချိန်ကစပြီး ကျွန်ုပ်တို့ခရီးစဉ်ဟာ အလွန်နက်ရှိုင်းပြီး လူသူအရောက်အပေါက်မရှိတဲ့ လမ်းခရီးဖြစ်တာကြောင့် အားလုံး သတိဝီရိယရှိရလိမ့်မယ်၊ ကျုပ်တို့စခန်းချတဲ့အခါဖြစ်စေ, ရွာတစ်ရွာရောက်သည့်အခါဖြစ်စေ ကျုပ်အမိန့်မရှိဘဲ သေနတ်ပစ်ဖောက်ခြင်း မပြုပါနဲ့၊ လူကြီးများရဲ့ အမိန့်မပါဘဲ စခန်းအပြင်သို့လည်းကောင်း သေနတ်ဆွဲကိုင်လည်ပတ်ခြင်း မပြုရ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစည်းကမ်းချက်တွေကို မလိုက်နာသူများ
ပြင်းပြင်းထန်ထန် အရေးယူမည်၊ အဖွဲ့တွင် ထည့်သွ
အသုံးပြုခြင်းမှလည်း ရပ်စဲပစ်မည်"

ကျွန်ုပ်သည် အထက်ပါစည်းကမ်းချက်များ
ရှမ်းဘာသာ၊ ကချင်ဘာသာဖြင့် သတိပေးပြောလိုက်
မစ္စတာချန်ခိုးပေါင်၏ အဖွဲ့ဝင်များ သိရှိနားလည်စေ
မစ္စတာချန်ခိုးပေါင်ကို ယူနန်ဘာသာစကားဖြင့် တစ်
ပြောကြားခိုင်းလိုက်သည်။

ထိုစည်းကမ်းချက်များကြောင့် မစ္စတာချန်ခိုးပေါ
၏ အဖွဲ့ဝင်များသည် အကြီးအကျယ် မျက်နှာပျက်သွ
ကြသည်ကို ကျွန်ုပ် ကောင်းစွာသတိပြုမိလိုက်သည်။
သော်လည်း ကျွန်ုပ်၏ အမိန့်စည်းကမ်းချက်များအ
တွင် အနည်းငယ်မျှ စောဒကတက်ခြင်း မပြုကြပေ။

နာရီအတော်ကြာမျှ ခရီးပေါက်ခဲ့သည်တွင်
လမ်းမှာ လမ်းဟူ၍သတ်မှတ်၍မရလောက်အောင်
ဝါးလှပေသည်။ တောတောင်အခြေအနေမှာလည်း
မားလာကြောင်း တွေ့ရပေ၏။

တောင်ကမ်းပါးများသည် တစ်စထက်တစ်စ
မားမြင့်မားလာကြောင်း တွေ့ရသလို သစ်ပင်ဝါးပင်





မှာလည်း နေပျောက်ပင်မကျရောက်နိုင်လောက်အောင် အုပ်ဆိုင်းကာဆီးလျက်ရှိသည်။

ကျွန်ုပ်တို့ ဖြတ်သန်းသွားလာသည့် အနီးဝန်းကျင်မှာ ဆတ်များ၊ ဝက်များ ဖြတ်သန်းသွားလာသည်ကို မကြာခဏတွေ့နေရ၏။ အသားရိက္ခာမလိုသေးသဖြင့် ကျွန်ုပ်သည် ထိုသားကောင်များကို တစ်ချက်တစ်လေမှ ပစ်ခတ်ခြင်းမပြုခဲ့ပေ။

ခြောက်မိုင်ခန့် ခရီးဆက်ခဲ့ကြရာ မြင့်ရာမှ နိမ့်ရာ ချိုင့်ဝှမ်းကြီးများ၊ ကြိမ်ပင်ကြီးများ၊ ထင်းရှူးပင်ကြီးများ ပြည့်နှက်လျက် တချို့နေရာများတွင် ကိုင်းတော၊ သက် ငယ်တောများ ရောနှောပေါက်နေကြောင်းကို တွေ့ရ၏။

လမ်းခရီးမှာ တဖြည်းဖြည်း ခက်ခဲကြမ်းတမ်းလာသဖြင့် မှန်းသလောက် ခရီးမတွင်ဖြစ်နေတော့သည်။ ထိုနေ့အဖို့ ခရီးဆန့်လိုက်လျှင် စုစုပေါင်း (၁၂) မိုင်မျှ ပေါက်ရောက်ခဲ့၏။

ထိုနေ့ညစခန်းကို အတန်ငယ်ကျယ်ဝန်းသည့် ချောင်းရိုးနှင့် ကိုက် (၅၀) မျှအကွာရှိ တောင်ကုန်းစောင်း တစ်ခုတွင် စခန်းချလိုက်တော့သည်။

"ရှေ့ခရီးမှာလည်း ရွာဆိုတာ မရှိတော့ဘူး ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့တွေ အခုလို တောထဲမှာပဲ စခန်းချရလိမ့်မယ်"

ဟု လမ်းပြဦးစိုင်းလုံက ပြောလေ၏။

လားများကို တသွင်သွင်စီးနေသော ချောင်းရိုးဘေး တွင် နေရာချထားလိုက်ပြီး အဖွဲ့ဝင်များသည် မျက်နှာသစ် ခြင်း၊ ရေချိုးခြင်းများ ပြုလုပ်လျက် တစ်ညတာအနားယူရန် ပြင်ဆင်လိုက်ကြသည်။

မုဆိုးကြီးဦးစိုင်းလုံသည် စခန်းဝန်းကျင်တစ်ဝိုက်သို့ လှည့်လည်ပြီး တောတောင်သဘာဝအခြေအနေကို အကဲခတ်စူးစမ်းနေလေ၏။ သူသည် အသက်အရွယ်နှင့် မလိုက်အောင် လှုပ်ရှားမှုများမှာ သန်မာဖျတ်လတ်လွန်း လှသည်။

သူသည် အသက်အရွယ်ငယ်နုစဉ်က လွန်စွာ ထင်ရှားသည့် မုဆိုးကျော်တစ်ဦးဖြစ်သည်။ မုဆိုးအလုပ် ကို နှစ်ကာလများစွာ ဝေးကွာခဲ့ရသော်လည်း ယခုအခါ မှာတော့ သူသည် မလွဲမရှောင်သာသည့် အကြောင်းကိစ္စ ဖြင့် ပြန်လည်လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်။

ကချင်တိုင်းရင်းသူလေး ဒေါက်တာအဲမိုးသည် လည်း ဒေသခံတောင်ပေါ်တိုင်းရင်းသူပီပီ ခက်ခဲကြမ်း တမ်းသည့် ခရီးလမ်းတွင် ယောက်ျားများနှင့်တန်းတူ





သွားလာခဲ့သော်လည်း အနည်းငယ်မျှ ပင်ပန်းနွမ်းနယ် သည့် အရိပ်အယောင် မတွေ့ရသည်မှာ လွန်စွာချီးကျူး ဖွယ် ကောင်းလှပေသည်။

စခန်းရပ်နားနေစဉ် ကျန်ရှိနေသည့် ရရှိသော အလင်းရောင်အချိန်လေးအတွင်း စခန်းအတွင်းသို့ လှည့် လည်ကာ နေမကောင်းသူများ ရှိ,မရှိစစ်ဆေးပြီး လိုအပ် သည့်ဆေးဝါးများကို ကျွေးမွေး၍လည်းကောင်း၊ ဆေးထိုး ရာလိုလျှင်လည်း ဆေးထိုးပေး၍လည်းကောင်း သူမ၏ တာဝန်များကို အပြည့်အဝ ဆောင်ရွက်နေတော့သည်။

ကျွန်ုပ်နှင့် စိုင်းဆဲထူးလည်း စခန်းအတွင်းလှည့် လည်၍ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မိမိသတ်မှတ် ထားရာနေရာသို့ ပြန်ရောက်သည်တွင် မျက်နှာပျက်နေ သော မုဆိုးကြီးဦးစိုင်းလုံကို တွေ့ရလေ၏။

ကျွန်ုပ်က တစ်စုံတစ်ရာ မေးမြန်းခြင်းမပြုခင်မှာပဲ ဦးစိုင်းလုံက . . .

"ဗိုလ်ကြီးတို့ကို ကျွန်တော်စောင့်နေတာ၊ ဒီတော အခြေအနေကို ကျုပ် သိပ်မသင်္ကာဘူး၊ ကျုပ်တို့အားလုံး အညီးကမ်းရှိရှိ သတိဝီရိယရှိရှိနဲ့ နေကြမှဖြစ်မယ်"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးစိုင်းလုံသည် တောတောင်သဘာဝများ၏ အခြေအနေကို အကျွမ်းတဝင်သိရှိသူဖြစ်ရာ ၎င်းသ... ပေးသည့်အတိုင်း ထိုညမှာပင် လွန်စွာထိတ်လန့်ကြော... ရွံ့ဖွယ် အန္တရာယ်ဆိုးနှင့် ရင်ဆိုင်ရတော့သည်။

ထိုညက အဖွဲ့ဝင်များသည် ပင်ပန်းလွန်းသ... ကြောင့် စခန်းပတ်ဝန်းကျင်၌ မီးပုံကြီးများဖိုကာ အိပ်စ... ကြသည်။ နောက်တစ်နေ့နံနက်လင်းစမှာပင် မစ္စတ... ချန်ခိုးပေါင် ရောက်လာပြီး မျက်စိပျက်မျက်နှာပျက်ဖြ... ဤသို့ပြောလေ၏။

"ဒေါက်တာ . . . ညက ကျုပ်တို့လူတစ်ယော... ဘယ်လိုပျောက်သွားမှန်းမသိဘူး၊ ကျုပ်တို့စခန်း... အန္တရာယ်ကျရောက်ပြီ ထင်တယ်"

ကျွန်ုပ်လည်း စဉ်းစားမရဖြစ်သွားပြီး . . .

"ဘယ်လိုဖြစ်တယ်ဆိုတာလဲ . . . အကြော်... ပြောပါဦး"

ဟုပြောလိုက်ရာ သူက "ကျွန်တော်လည်း ရေ... ရာရာ မသိလိုက်ဘူး၊ ခရီးပန်းတာနဲ့ ညကသောက်... များသွားလို့ အအိပ်လွန်သွားတယ်"

"ကဲ . . . ကျုပ်တို့သွားကြည့်ရအောင်"





ကျွန်ုပ်နံဘေးတွင်ရှိနေသော ဦးစိုင်းလုံမှာ ထို...ဖြစ်ကို သဘောပေါက်နားလည်နေပုံရ၏။ သူသည် ...စ်စုံတစ်ရာကို လေးနက်စွာ တွေးတောနေ၏။

၎င်းတို့ပျောက်ဆုံးသွားသည့်နေရာကို ကျွန်ုပ်တို့ ...ရောက်ရှိသွားသောအခါ ကျန်လူများမှာ အထိတ်တလန့် ...ုန်လှုပ်နေကြ ၏။

ထိုအနီးတစ်ဝိုက်ရှိ သစ်ရွက်သစ်ခက်များပေါ် ...ွင် သွေ့ခြောက်စပြုနေပြီဖြစ်သည့် သွေးကွက်များကို ...ိုင်းလုံက သတိပြုမိသွားပြီး . . .

"ဒီသွေးတွေက ဘာလဲ" ဟု မေးလိုက်သောအခါ ...ဖွဲ့သားတစ်ဦးက . . .

"မနေ့က ဒရယ်တစ်ကောင်ရလို့ ဖျက်ထားတဲ့သွေး ...တွပါ" ဟု ပြောလေ၏။

ကျွန်ုပ်သည် ဦးစိုင်းလုံ၏ တွေးခေါ်မြော်မြင်နိုင်စွမ်း ...ည့်အရည်အချင်းကို များစွာချီးကျူးမိ၏။ အကယ်၍ ...ိုပြဿနာကို စုံစမ်းသိရှိနိုင်စွမ်းမရှိခဲ့ပါက ကျွန်ုပ်တို့ ...ဖွဲ့သားများအဖို့ ကြီးစွာသော အသက်အန္တရာယ် ဆုံးရှုံး ...ယ်အဖြစ်နှင့် မလွှဲမသွေရင်ဆိုင်ရပေတော့မည်။

သူသည် ဝါရင့်မုဆိုးကြီးတစ်ဦးပီပီ အနီးဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



သို့ လိုက်လံကြည့်ရှုလေရာ တစ်နေရာသို့အရောက်တွ စွပ်ကြောင်းကြီးတစ်ခုကို တွေ့ရလေ၏။

ထိုစွပ်ကြောင်းကြီးတစ်လျှောက်မှာ ခွဲများကပ် သည်ကိုလည်း သတိပြုမိလိုက်သည်။

ထိုစွပ်ကြောင်းကြီးမှာ ကမ်းစပ်တစ်နေရာဆီ ဦးတည်သွားသည်ကို တွေ့ရသဖြင့် လက်နက်များကိုင် ထိုစွပ်ကြောင်းအတွင်း လိုက်၍ကြည့်ရာ ကမ်းစပ်နှင့် မ မဝေး ချုံတစ်ခုအနီးရောက်သောအခါ ရုပ်ပျက်ဆင်းပျ သေဆုံးနေသောလူတစ်ယောက်ကို လှမ်းမြင်လိုက်ရသ

"ဟာ . . ."

သေဆုံးနေပုံမှာ လွန်စွာထူးဆန်း၏။ တစ်ကို လုံး သွေးများမရှိတော့ဘဲ ဖြူဖတ်ဖြူရော်ဖြစ်ကာ ပိန် လျက်ရှိသည်။

ကျွန်ုပ်တို့လည်း သေဆုံးသူကို အသေအချာ ဆေးကြည့်သောအခါ လည်ပင်းနှင့် ဝမ်းဗိုက်မှာ အပေါ ကြီးများတွေ့ရပြီး ထိုအပေါက်ကြီးများမှ စီးကျနေသ သွေးအချို့ကို တွေ့ရ၏။

ဦးစိုင်းလုံက သေဆုံးနေသူ အနီးပတ်ဝန်းကျင် ဒဏ်ရာများကို အသေအချာစစ်ဆေးကြည့်ပြီး . . .





"အခုလိုအဖြစ်မျိုးကြုံရတာ ဒီလူတွေ မဆင်မခြင် လုပ်ကြလို့ပဲ၊ အန္တရာယ်က ဝေးဝေးမှာမဟုတ်ဘူး၊ နေရာတစ်ဝိုက်မှာပဲ ရှိတယ်"

ဟုပြောလိုက်ရာ အားလုံးမှာ အနီးဝန်းကျင်သို့ ထိတ်တလန့်မျက်လုံးများဖြင့် ကြည့်ကြလေ၏။

"ဒီနေ့အဖို့ ခရီးမဆက်ကြသေးဘူးဆိုရင် ည ရောက်တဲ့အခါ လူသတ်တရားခံကို ကျုပ်ဖမ်းပေးပါ့မယ်"

အခိုင်အမာပြောလိုက်သည့် ထိုစကားကြောင့် ကျွန်ုပ်အပါအဝင် ကျန်သူများလည်း စိတ်ဝင်စားကြသဖြင့် ထိုည ထပ်အိပ်ကြရန် ဆုံးဖြတ်ကြသည်။

ဦးစိုင်းလုံက နေ့လယ်ဖက်တွင် တောကောင်တစ် ကောင်ရရှိအောင် ပစ်ခတ်လေ၏။ အခြားသူများကိုလည်း တောင်ခြေအနီးတစ်ဝိုက်ရှိ ဆားကျင်းများမှ ဆားများ ထုတ်ယူ၍ အိတ်များဖြင့် စခန်းသို့ ယူဆောင်လာစေ ၏၊ ထို့နောက် သစ်ပင်ကြီးများပေါ်တွင် လင့်စင်များထိုးပြီး အားလုံးကို လင့်စင်များပေါ်၌ တက်နေစေ၏။

နေဝင်ခါနီးသောအခါ ဦးစိုင်းလုံက ရရှိထားသော တောကောင်ကိုဖျက်ပြီး ချောင်းထဲတွင်သွားဆေးပြီး အပေါ်သို့ ပြန်ယူလာ၏။ တောကောင်ယူလာရာ လင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်၌ သွေးစက်များ တောက်လျှောက်ကျလာ၏၊ ဦးစိုင်းလုံ၏ ထိုအပြုအမူကိုကြည့်၍ အဖွဲ့ဝင်များမှာ နာ မလည်နိုင် ဖြစ်နေတော့သည်။

ဦးစိုင်းလုံသည် မီးပုံတစ်ခုအနီးမှာ တောကော် ကို တံစို့ထိုးလျက် ကင်ထားလိုက်သည်။ ညဦးပိုင်းအချိ ရောက်သည်နှင့် လရောင်သည် အရှေ့ဘက်မှထွက်လာ သောကြောင့် အလင်းရောင်အနည်းငယ် ရလာ၏။

အတန်ငယ်ညဥ့်နက်လာသောအခါ အဘေ ခါတ်က တစ်စတစ်စ ပြင်းထန်လာသည်။ လင့်စင်ပေါ် တွင်ရှိနေကြသည့် အဖွဲ့သားများအားလုံးသည် အသ ပင် မရှူဝံ့လောက်အောင် ရင်တထိတ်ထိတ်ဖြင့် စော ကြည့်နေစဉ်မှာပဲ ချောင်းစပ်ဘက်မှ ထွက်ပေါ်လာသည် အသံများကို ကြားရလေ၏။

အသံများမှာ သစ်ရွက်သစ်ကိုင်းများပေါ်သို့ ဒလိမ့် တုံးနှင့် ဖိနင်း၍ ထွက်ပေါ်လာသည့်အသံမျိုးဖြစ်သည် အသံများမှာ တဖြည်းဖြည်း ကျယ်လောင်ပြင်းထန်လာပြီ လရောင်ကွက်ကြား စွန်းထင်းနေသော မြေပြင်ပေါ်မှ တရွေ့ရွေ့တက်လာသည့် မည်းမည်းသဏ္ဌာန်ကြီးများကို တွေ့လိုက်ကြရသည်။





ငင်းမည်းမည်းသဏ္ဌာန်ကြီးများမှာ အလျား စ်ပေခန့်ရှိပြီး ခြေသလုံးပေါင်လုံးလောက်ကြီးသော မည်း ည်းသတ္တဝါကြီးများဖြစ်မှန်း သဲသဲကွဲကွဲတွေ့ကြရသည်။

ထိုသတ္တဝါကြီးများ ဦးတည်သွားလာနေသည်မှာ ပုံအနီးတွင် ကင်ထားသော တောကောင်ဆီသို့ဖြစ် ည်။

"ဘာကောင်ကြီးတွေလဲ"

စိုင်းဆဲထူးမှ တအံ့တသြမေးလေ၏။ ဒေါက်တာ မိုးကလည်း . . .

"ဟုတ်ပါရဲ့ . . . ကြောက်စရာကောင်းလိုက်တာ"

ထိုအခါ ဦးစိုင်းလုံက . . .

"အင်မတန်ကြောက်စရာကောင်းတဲ့ သွေးစုပ်မျှော့ ကြီးတွေပေါ့၊ လူလောက်ကိုမဆိုထားနဲ့ ဆင်လိုကြီးမားတဲ့ တိရစ္ဆာန်တွေတောင် ကြောက်ကြရတယ်၊ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် သူတို့ကပ်မိရင် ခွာလို့မရတော့ဘူး၊ ခန္ဓာ ကိုယ်ထဲက ရှိသမျှသွေးကိုစုပ်ယူပြီး ကိုယ်ထဲကသွေး ကုန်သွားမှ ခွာလို့ရတယ်"

"ဟိုလူကိုသတ်သွားတာ ဒီမျှော့ကြီးတွေပေါ့" ဟု ကျွန်ုပ်ကမေးလိုက်ရာ ဦးစိုင်းလုံက . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . သူတို့က သွေးနံ့ရတဲ့ဆီကို လာကြတယ်၊ အခုလည်းကြည့်ပါဦး . . . သူတို့ဘယ်လိုလုပ်ကြမလဲဆိုတာ"

ဦးစိုင်းလုံပြောသကဲ့သို့ အချိန်အနည်းငယ်အတွင်းမှာပဲ လွန်စွာထိတ်လန့်ဖွယ်မြင်ကွင်းကို တွေ့ရလေ၏။

ဒေါက်တာအဲမိုးသည် နုနယ်သည့် မိန်းကလေးသဘာဝအတိုင်း ကြောက်လွန်းသဖြင့် အသားများပင် တဆတ်ဆတ်တုန်ကာ ကျွန်ုပ်၏လက်မောင်းတစ်ဖက်ကို ဖက်ထားလေ၏။

"သိပ်မကြောက်ပါနဲ့ . . . ကိုယ်တို့ရှိပါတယ်"

ဟု ကျွန်ုပ်က အားပေးသော်လည်း ကြောက်စိတ်မပြေနိုင်အောင် ရှိနေဆဲပင်။

အခြားသစ်ပင်ကြီးများပေါ်ရှိ လင့်စင်များပေါ်တွင်ရှိနေကြသည့် မစ္စတာချန်ခိုးပေါင်၏ အဖွဲ့သားများမှာလည်း ကြက်သီးမွေးညင်းထလောက်အောင် ကြောက်ရွံ့နေကြ၏။

မြွေဘုမည်းကြီးများသည် တောကောင်ကို ပတ်ချွဲယူလျက် အလုအယက် သွေးစုပ်နေကြသည်ကို အသည်းယားဖွယ်ရာ မြင်နေရသည်။





ထို့နောက်ပိုင်းကြုံတွေ့ရသည်မှာ ကျွန်ုပ်တို့အား
ုံးအဖို့ အထူးပင် တုန်လှုပ်ချောက်ချားရတော့သည်။

သွေးနံ့ရနေပြီဖြစ်သော မြွေဘုမည်းကြီးများမှာ ကျွန်ုပ်တို့ရှိရာ သစ်ပင်အောက်သို့ ရောက်ရှိလာသောကြောင့်ဖြစ်သည်။

မစ္စတာချန်ခိုးပေါင်သည် ရိုင်ဖယ်သေနတ်ကို ဆွဲကိုင်လျက် . . .

"ဘယ်လိုလုပ်ကြမလဲ ဦးစိုင်းလုံ၊ ဒီကောင်တွေ
သစ်ပင်ပေါ်တက်လာရင် ကျုပ်တို့အားလုံးအခက်ပဲ"

ဟု အထိတ်တလန့်ဖြင့် ပြောလေ၏။

အခြားသစ်ပင်များပေါ်ရှိလင့်စင်ပေါ်မှ အဖွဲ့သား
များမှာလည်း လှုပ်လှုပ်ရွရွဖြစ်နေကြသည်။

ဦးစိုင်းလုံသည် ထိုသို့ကြုံတွေ့ရမည်ကို ကြိုတင်တွက်ဆထားပြီးဖြစ်သည်။

"ဒီကောင်တွေကို သေနတ်နဲ့ပစ်ရင် ရှိသမျှကျည်
ံတွေ ကုန်သွားလိမ့်မယ်၊ ဒီလိုဖြစ်ရတာ ခင်ဗျားပေါ့ဆ
ိုပဲ မစ္စတာချန်၊ စခန်းချကတည်းက ထူးခြားတဲ့
အန္တရာယ်အရိပ်အယောင်ကို ကျုပ်သတိထားမိခဲ့လို့ ခင်
ျားကို ကျုပ်သတိပေးခဲ့တယ်၊ ပါလာတဲ့ရိက္ခာခြောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . သူတို့က သွေးနံ့ရတဲ့ဆီကို လာကြတယ်၊ အခုလည်းကြည့်ပါဦး . . . သူတို့ဘယ်လိုလုပ်ကြမလဲဆိုတာ"

ဦးစိုင်းလုံပြောသကဲ့သို့ အချိန်အနည်းငယ်အတွင်းမှာပဲ လွန်စွာထိတ်လန့်ဖွယ်မြင်ကွင်းကို တွေ့ရလေ၏။

ဒေါက်တာအဲမိုးသည် နုနယ်သည့် မိန်းကလေးသဘာဝအတိုင်း ကြောက်လွန်းသဖြင့် အသားများပင် တဆတ်ဆတ်တုန်ကာ ကျွန်ုပ်၏လက်မောင်းတစ်ဖက်ကို ဖက်ထားလေ၏။

"သိပ်မကြောက်ပါနဲ့ . . . ကိုယ်တို့ရှိပါတယ်"

ဟု ကျွန်ုပ်က အားပေးသော်လည်း ကြောက်စိတ်မပြေနိုင်အောင် ရှိနေဆဲပင်။

အခြားသစ်ပင်ကြီးများပေါ်ရှိ လင့်စင်များပေါ်တွင်ရှိနေကြသည့် မစ္စတာချန်ခိုးပေါင်၏ အဖွဲ့သားများမှာလည်း ကြက်သီးမွေးညင်းထလောက်အောင် ကြောက်ရွံ့နေကြ၏။

မျှောမည်းကြီးများသည် တောကောင်ကို ပတ်ချွဲယူလျက် အလုအယက် သွေးစုပ်နေကြသည်ကို အသည်းယားဖွယ်ရာ မြင်နေရသည်။





ထို့နောက်ပိုင်းကြုံတွေ့ရသည်မှာ ကျွန်ုပ်တို့အားလုံးအဖို့ အထူးပင် တုန်လှုပ်ချောက်ချားရတော့သည်။

သွေးနံ့ရနေပြီဖြစ်သော မျှော့မည်းကြီးများမှာ ကျွန်ုပ်တို့ရှိရာ သစ်ပင်အောက်သို့ ရောက်ရှိလာသောကြောင့်ဖြစ်သည်။

မစ္စတာချန်ခိုးပေါင်သည် ရိုင်ဖယ်သေနတ်ကို ဆွဲကိုင်လျက် . . .

"ဘယ်လိုလုပ်ကြမလဲ ဦးစိုင်းလုံ၊ ဒီကောင်တွေ သစ်ပင်ပေါ်တက်လာရင် ကျုပ်တို့အားလုံးအခက်ပဲ"

ဟု အထိတ်တလန့်ဖြင့် ပြောလေ၏။

အခြားသစ်ပင်များပေါ်ရှိ လင့်စင်ပေါ်မှ အဖွဲ့သားများမှာလည်း လှုပ်လှုပ်ရွရွဖြစ်နေကြသည်။

ဦးစိုင်းလုံသည် ထိုသို့ကြုံတွေ့ရမည်ကို ကြိုတင်တွက်ဆထားပြီးဖြစ်သည်။

"ဒီကောင်တွေကို သေနတ်နဲ့ပစ်ရင် ရှိသမျှကျည်တွေ ကုန်သွားလိမ့်မယ်၊ ဒီလိုဖြစ်ရတာ ခင်ဗျားပေါ့ဆလို့ပဲ မစ္စတာချန်၊ စခန်းချကတည်းက ထူးခြားတဲ့အန္တရာယ်အရိပ်အယောင်ကို ကျုပ်သတိထားမိခဲ့လို့ ခင်ဗျားကို ကျုပ်သတိပေးခဲ့တယ်၊ ပါလာတဲ့ရိက္ခာခြောက်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ချက်ပြုတ်စားသောက်ဖို့ ဒီဒေသခရီးတစ်ဝိုက်က တောကောင်တွေ ပစ်ခတ်တာမျိုးမလုပ်ဖို့ ကျုပ် သတိပေးခဲ့ပေမယ့် ခင်ဗျားတပည့်တွေက ကျုပ်စကားကို အလေးမထားဘဲ တောင်ကောင်ပစ်ခတ်သတ်ဖြတ်ခဲ့တော့ ဒီသတ္တဝါတွေရဲ့အန္တရာယ်နဲ့ ကြုံတွေ့ရတာပေါ့"

ထို့နောက် ဦးစိုင်းလုံက မည်သို့ဆောင်ရွက်ရမည်ကို ပြောလိုက်ပြီး မစ္စတာချန်ခိုးပေါင်ကိုလည်း လင့်စင်များပေါ်ရောက်ရှိနေသည့် သူ၏အဖွဲ့သားများကြားအောင် အော်ပြောခိုင်းလိုက်၏။

ကျွန်ုပ်တို့အား ထိုသတ္တဝါကြီးများ၏ အန္တရာယ်မှ ကယ်တင်လိုက်သည်မှာ ဆားကျင်းများထဲမှ ထုတ်ယူရရှိခဲ့သည့် ဆားများပင်ဖြစ်သည်။

မျှော့မည်းကြီးများသည် လူနံ့ သွေးနံ့ရနေသော သစ်ပင်ပေါ်သို့ ဝိုင်းအုံတက်ရန် ကြိုးစားနေကြသည်။

ဦးစိုင်းလုံက ငါးတောင့်ထိုးဓာတ်မီးဖြင့် သစ်ပင်အောက်ခြေသို့ ထိုးကြည့်ပြီး အခြေအနေကို စောင့်ကြည့်နေရာမှ အားလုံးကြားအောင် အော်ပြောလိုက်၏။

ကျွန်ုပ်တို့အားလုံးသည် ဆားများကို မျှော့ကြီးများအပေါ်သို့ ဖြူးချလိုက်တော့သည်။





တရွေ့ရွေ့လှုပ်ရှားနေသော မျှော့ကြီးများမှာ ၎င်းတို့အပေါ် ကျရောက်လာသည့်ဆားများကြောင့် လျင်မြန်စွာ တွန့်လိမ်ကောက်ကွေးသွားလေ၏။

သစ်ပင်ပေါ်မှလူများကလည်း မိမိတို့ကျဲချလိုက်သော ဆားများကြောင့် မျှော့မည်းကြီးများ မခံနိုင်အောင်ဖြစ်နေသည်ကို တွေ့မြင်ရသောအခါ များစွာအားတက်လာပြီး ရှိသမျှဆားများကို သွန်ကျဲချနေတော့၏။

ဆားများကြောင့် မျှော့မည်းကြီးများ မခံနိုင်အောင်ဖြစ်ပြီး ကိုယ်ထဲမှသွေးများ အန်ထုတ်ရင်းဖြင့် တဖြည်းဖြည်းကျုံ့လို့သွားပြီး နောက်ဆုံးတွင် သစ်ကိုင်းခြောက်တစ်ခုလို တောင့်တောင့်သေးသေးလေးဖြစ်ကာ သေဆုံးသွားကြလေ၏။

အချိန်အတော်ကြာသည်တွင် အားလုံး သစ်ပင်ပေါ်မှဆင်း၍ ကြည့်ရှုလေရာ မျှော့ကြီးများကိုယ်မှ ထွက်သောသွေးများမှာ မြင်မကောင်းအောင် ရဲရဲနီလျက်ရှိနေတော့သည်။

ဦးစိုင်းလုံက . . .

"သွေးစုပ်သတ္တဝါတော်တော်များများဟာ ဆားကိုသိပ်ကြောက်ကြတယ်၊ သူတို့ကိုယ်မှာ အပေါက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေရှိတော့ ကိုယ်ထဲကို ဆားရည်ဝင်တာနဲ့ သေတာပါပဲ"

ထိုအဖြစ်အပျက်မှာ ကျွန်ုပ်အဖို့ ထူဆန်းအံ့ဩဖွယ်အတွေ့အကြုံသစ်တစ်ခုဟု မှတ်တမ်းတင်ရမည် ဖြစ်သည်။

ကျွန်ုပ်သည် ယခုကဲ့သို့ လွန်စွာနက်ရှိုင်းသည့် တောတောင်ကြီးများအတွင်း စွန့်စားသွားရောက်ခဲ့သည့် အတွေ့အကြုံများစွာ ရှိခဲ့သော်လည်း ယခုလို လွန်စွာ ထူးခြားဆန်းကြယ်လှသည့် အန္တရာယ်မျိုးနှင့် ကြုံတွေ့ခဲ့ခြင်း မရှိခဲ့ဖူးချေ။

"ဒီကောင်ကြီးတွေ ဘယ်လိုရောက်လာတာလဲ . . . ပြောပါဦး ဦးစိုင်းလုံ"

"ကျုပ် စောစောကပြောသလိုပေါ့ . . . ဟိုအဖွဲ့တွေက ကိုယ့်သေတွင်း ကိုယ်ရှာသလိုဖြစ်သွားကြတာပေါ့၊ သူတို့က သားကောင်ကို မြွေကြီးတွေရှိတဲ့ချောင်းမှာ သွားပြီးဆေးတော့ သွေးတွေက ချောင်းထဲပြန့်ကုန်ပြီး သွေးနံ့ရလို့ တက်လိုက်လာတာပါပဲ"

ဦးစိုင်းလုံ၏ အပြစ်တင်စကားကြောင့် မစ္စတာချန်ခိုးပေါင်သည် ဘဝင်မကျနိုင်အောင်ဖြစ်လျက် သူ၏အဖွဲ့သားများရှိရာသို့ ထွက်သွားလေ၏။





ခရီးစဉ်စတင်ပြီး ရက်ကာလကြာမြင့်လာသည်နှင့်အမျှ ဦးစိုင်းလုံအပေါ် ဆက်ဆံသည့် မစ္စတာချန်ခိုးပေါင်၏ အမူအရာများမှာ ယခင်ကနှင့်မတူ မောက်မာခက်ထန်လာသည်ကို ကျွန်ုပ် သတိထားမိ၏။

မည်သို့ဆိုစေ ဦးစိုင်းလုံ၏ အသိဉာဏ် အတွေ့အကြုံ ရင့်ကျက်မှုကြောင့် အသက်အန္တရာယ်သေဆုံးဖွယ်အခြေအနေမှ လွတ်မြောက်ခဲ့ရခြင်းမှာ များစွာကျေးဇူးတင်ဖွယ် ကောင်းလှပေ၏။ ထိုနေ့က ဦးစိုင်းလုံ၏စကားများမှာ လွန်စွာမှတ်သားဖွယ် ဖြစ်ရလေ၏။

"ကျုပ်တို့လူ့လောကမှာ စောင့်ထိန်းလိုက်နာရမယ့် စည်းကမ်းတွေ, ကိုယ်ကျင့်တရားတွေ ရှိကြသလို တောတွေ,တောင်တွေမှာလည်း စောင့်ထိန်းလိုက်နာရမယ့် စည်းကမ်းတွေ ရှိတယ်၊ တောတောင်တွေရဲ့ပရိယာယ်ကို သိရှိဖို့လည်း လိုအပ်တယ်၊ ဒီလိုမှမသိရင် မုဆိုးဘဝက သားကောင်ဘဝရောက်ပြီး အသက်ဆုံးရတတ်တယ်၊ ရှေ့ခရီးမှာ ဒီထက်ကြောက်ဖို့ကောင်းတဲ့ အန္တရာယ်တွေ အများကြီးတွေ့နိုင်ပါတယ်၊ ဒါကြောင့် သတိဝီရိယထားကြပါ"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၂ )

## မထင်မှတ်တဲ့ ကျွန်ုပ်လက်စွမ်းပြရခြင်း

ထို့နောက်ပိုင်းနေ့ရက်များတွင် မစ္စတာချန်ခိုးပေါ်
နှင့် ၎င်း၏တပည့်များသည် ၎င်းတို့၏ ပရမ်းပတာနေထိုင်
မှုများကို အတော်အတန် ထိန်းချုပ်နေထိုင်ကြ၏။

ခရီးစဉ်တစ်လျှောက်တွင် သတိပေးပြောဆိုသည့်
စကားများအတိုင်း လိုက်နာနေထိုင်ခဲ့ကြ၏။

ကျွန်ုပ်တို့ထွက်ခွာခဲ့သမျှ ခရီးမှာလည်း ရက်များ
စွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ အန္တရာယ်အချို့နှင့် ရင်ဆိုင်
တွေ့ကြုံရသော်လည်း အသက်ဆုံးရှုံးဖွယ် ကြီးမားသည့်
အန္တရာယ်မျိုး ကြုံတွေ့ခဲ့ရခြင်းမရှိပေ။

စုစုပေါင်း မိုင်(၅၀)ခန့်သို့ ခရီးပေါက်ခဲ့သည်တွင်





စိုင်းဆဲထူးသည် ယခင်ကနှင့်မတူ စိတ်အားထက်သန်နေ
တော့သည်။ သူသည် လွန်စွာကြီးမားသည့် လုပ်ငန်းတာ
ဝန်ကြီးကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်မည့်
စိတ်ဆန္ဒဖြင့် တက်ကြွလျက်ရှိ၏။

ကျွန်ုပ်တို့အဖွဲ့သည် ကြမ်းတမ်းသည့်ခရီးလမ်းကို
ဖြတ်သန်းရင်း နေ့ရက်အချို့ ကုန်လွန်လာခဲ့၏။

တစ်နေ့တွင် လွန်စွာသတိထားနေသည့်ကြားမှ
ကျွန်ုပ်အဖို့ အသက်အန္တရာယ် ဆုံးရှုံးဖွယ်အဖြစ်မျိုး ကြုံ
တွေ့ရ၏။ ကချင်တိုင်းရင်းသူလေး ဒေါက်တာအဲမိုးကြောင့်
ပင် ဖြစ်သည်။

ထိုနေ့နံနက် (၈) နာရီအချိန်တွင် လမ်းပြနေသော
ဦးစိုင်းလုံက ခေတ္တရပ်နားရန်ပြောဆို၏။ အကြောင်းမှာ
လမ်းကြောင်းဟောင်း သုံးလေးခုကိုတွေ့ရသဖြင့် မည်
သည့်လမ်းက လမ်းမှန်ဖြစ်သည်ကို စူးစမ်းရှာဖွေလိုသော
ကြောင့်ဖြစ်သည်။

ခရီးအခြေအနေများမှာလည်း အင်မတန်ထူထပ်
လာသလောက် စိမ့်ကြီးမြိုင်ကြီးများနှင့် လမ်းစပျောက်
ခမန်း သစ်ပင်ဝါးပင်များ ထူထပ်ကာ အောက်ခြေတို့မှာ
လည်း ရှုပ်ထွေးလျက်ရှိ၏။ တောင်များအခြေအနေမှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျောက်သားပိုင်းဆီသို့ ကူးပြောင်းလာသည်ကို
လည်း တွေ့ရ၏။

ဦးစိုင်းလုံနှင့် စိုင်းဆဲထူးဦးဆောင်လျက် အဖွဲ့ဝင်
နှစ်ဦးက သုံးကြောင်းဆုံနေသည့် လမ်းဟောင်းများအတိုင်း
ရှေ့သို့တစ်ဖာလုံခန့်စီ လိုက်၍ကြည့်ရန် ဆုံးဖြတ်သဖြင့်
ထိုနေ့အဖို့ နေ့တစ်ဝက်ခန့်မျှ စခန်းချရပ်နားရန် ဆုံးဖြတ်
လိုက်ရာ အဖွဲ့ဝင်များသည် ခေတ္တနားခွင့်ရသည့်အတွက်
ကျောက်တုံးများပေါ်တွင် စုထိုင် ဆေးလိပ်သောက်သူ
သောက်၊ ရေသောက်သူသောက်နှင့် ရှုပ်ယှက်ခတ်သွား
တော့၏။

ဒေါက်တာအဲမိုးသည် စခန်းအတွင်းလှည့်လည်၍
အဖွဲ့သားများ၏ ကျန်းမာရေးအခြေအနေကို လှည့်လည်
ကြည့်ရှုစစ်ဆေးပြီးနောက် သူမစခန်းချရာဆီသို့ ပြန်
ရောက်သည်တွင် ဆေးဝါးကိရိယာများကို စနစ်တကျ
ကြည့်ရှုစစ်ဆေးလေ၏။

ထိုကိစ္စမှာ စခန်းချနားလေတိုင်း မပျက်မကွက်
ဆောင်ရွက်သည့် သူမတာဝန်တစ်ခု ဖြစ်သည်။

သူမသည် ဆေးပညာကို စိတ်ဝင်စားသကဲ့သို့ မိန်း
ကလေးတို့သဘာဝအတိုင်း သစ်ပင်ပန်းပင်များကိုလည်း





လွန်စွာ စိတ်ဝင်စားသူဖြစ်သည်။ နက်ရှိုင်းသည့် တော
တောင်ကြီးများအတွင်း ပေါက်ရောက်ရှင်သန်လျက်ရှိ
သည့် သစ်ခွပန်းများနှင့် ဂမုန်းမျိုးနွယ်အမျိုးမျိုးတို့ကို တွေ့
မြင်သည့်အခါ စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှုလေ၏။

အချို့ ရှားပါးမျိုးနွယ်ဂမုန်းများ၊ သစ်ခွမျိုးဆန်းများ
ကို ခူးယူပြီး စနစ်တကျထုပ်ပိုးလျက် ၎င်းတို့နှင့်ပတ်သက်
သည့် အချက်အလက်များကို စနစ်တကျ မှတ်တမ်းရေး
သားထား၏။

သူမအား အထူးရင်ခုန်လှုပ်ရှားစေသောအရာမှာ
သစ်ခွမျိုးနွယ်များဖြစ်သည်။

သူမအနေဖြင့် သူမသိရှိနိုင်စွမ်းမရှိသော အချို့
သစ်ခွမျိုးနွယ်များကို ကျွန်ုပ်ထံသို့ ချဉ်းကပ်၍မေးမြန်း၏။

ထိုနေ့တွင် စခန်းသို့ သူမပြန်ရောက်သောအခါ
ကျွန်ုပ်လည်း စခန်းအနီးဝန်းကျင်သို့ လှည့်လည်၍ ကြည့်ရှု
စစ်ဆေးနေချိန်ဖြစ်သည်။

အချိန်အားရနေသဖြင့် သူမသည် စခန်းအနီးတစ်
ဝိုက်ကို လှည့်လည်ကြည့်ရှုလေရာ ဓလေ့သဘာဝအတိုင်း
ပေါက်ရောက်နေသည့် ပန်းမျိုးစုံကို တွေ့လိုက်သဖြင့်
လှည့်လည်ကြည့်ရှုလိုသည့်ဆန္ဒများ ဖြစ်ပေါ်လာ၏။ သူမ



www.burmeseclassic.com

www.burmeseclassic.com



သည် ထိုပန်းများကို လှည့်လည်ကြည့်ရှုရင်းဖြင့် စခန်းနှင့် အတော်အတန်ကွာလှမ်းသည်အထိ ရောက်ရှိသွားသည် ကို သတိမထားလိုက်မိတော့ပေ။

ထိုအဖြစ်ကို သတိပြုမိလိုက်သည့်အချိန်တွင် သူမ အဖို့ များစွာနောက်ကျသွားလေပြီ။

အတော်အတန်မြင့်မားသည့် ကမ္ဘလာပင်ခွ တွင် ပေါက်ရောက်နေသည့် ‹သစ်ခွပန်းပင်ကို သစ်ပင် ပေါ်တက်ရောက်၍ နှုတ်ယူပြီး ပြန်ဆင်းလာချိန်တွင် အန္တရာယ်ဆိုးနှင့် ရင်ဆိုင်ရလေ၏။

သစ်ပင်နှင့် ကိုက်(၃၀)မျှကွာလှမ်းသော ထူထပ် စွာရှိနေသည့် ချုံတောအတွင်းမှ ကျားတစ်ကောင်သည် ရှေ့သို့ ဝေါခနဲ ခုန်ထွက်လာ၏။ ထိုကျား၏အလုံးအထည် မှာ ကျစ်လျစ်သန်မာပြီး ထွားကျိုင်းလှ၏။ ထိုအကောင် ကြီးသည် သစ်ပင်ပေါ်သို့ သူမ,တက်သွားသည်ကို တွေ့ လိုက်သောကြောင့် သစ်ပင်ပေါ်မှ ပြန်ဆင်းလာမည့် သူမ ကို ချောင်းလျက်စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သူမသည် ရှေ့မလှမ်းမကမ်းနေရာမှ ခါးတနွဲ့နွဲ့ဖြင့် ခေါက်ပြန်လျှောက်ရင်း အသင့်ချောင်းနေသော ကျားကြီး ကိုကြည့်၍ ဒူးတဆတ်ဆတ်တုန်လျက် ကြောက်ရွံ့နေ





တော့သည်။

ထိုသို့လျှောက်နေလျက်က ကျားကြီးသည် ရပ် တန့်လိုက်ပြီး သူ၏ကိုယ်လုံးကြီးကို နှိမ့်ချလိုက်၏။ ထို အခြေအနေမှာ သားကောင်အား အမိအရဖမ်းဆီးသတ် ဖြတ်ရန် အသင့်ပြင်လိုက်ခြင်း ဖြစ်သည်။

သို့သော် ထိုအခိုက်အတန့်မှာပင် ကျားကြီး၏ဦး တည်ရာလမ်းကြောင်း ပြောင်းလဲသွား၏။ ရုတ်တရက် ထွက်ပေါ်လာသည့် “ဟေး . . . ဟေး . . .” ဟူသော အသံကြောင့်ပင် ဖြစ်သည်။

ထိုအသံမှာ ကျွန်ုပ်အော်ဟစ်လိုက်သော အသံ ဖြစ်သည်။ ထိုခဏမှာပဲ ဒေါက်တာအဲမိုး၏ ဆိုးဝါးသည့် ကံကြမ္မာသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာတော့၏။

ကျွန်ုပ်အတွက် ကံဆိုးသည်မှာ ကျွန်ုပ်တွင် ရိုင် ဖယ်သေနတ် ယူဆောင်မလာခဲ့မိခြင်းပင် ဖြစ်သည်။

ကျွန်ုပ်တွင် ကျားကြီးနှင့် ရင်ဆိုင်တိုက်ခိုက်ရန် အသွားထက်လှသည့် ရဲဒင်းတစ်လက်သာရှိ၏။ ထိုရဲဒင်း ကို ဝါးခုတ်ရန်အတွက် ယူဆောင်လာခြင်းဖြစ်သည်။ ည ဖက် စခန်းချရပ်နားစဉ် မီးပုံအတွင်းသို့ ဝါးဆစ်ပိတ်များ ထည့်၍ မီးရှို့ရသဖြင့် ထိုသို့အသုံးပြုရန် ဝါးအများအပြား



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ရောက်သည့်နေရာကိုရှာဖွေရင်းဖြင့် ၎င်းနေရာသို့
တိုက်ဆိုင်စွာ ရောက်ရှိလာခြင်းဖြစ်သည်။

ကျွန်ုပ်သည် ဒေါက်တာအဲမိုးနှင့် ထိုကျားကြီး ရင်ဆိုင်နေသည်ကို မြင်လိုက်သည့်ခဏမှာပဲ ဒေါက်တာအဲမို အတွက် လွန်စွာစိုးရိမ်မိသဖြင့် ဘာကိုမှစဉ်းစားမနေတော့ဘဲ ထိုသတ္တဝါကြီးနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်၏။

ကျွန်ုပ်အဖို့ ထိပ်တိုက်ရင်ဆိုင်ရုံမှလွဲ၍ အခြားနည်းလမ်းများမရှိတော့သဖြင့် ခါးမှရဲဒင်းကြီးကို အသင့်ထုတ်ကိုင်လိုက်၏။ ကျားကြီးက ဝေါခနဲဟိန်း၍ မာန်သွင်းကာ ကျွန်ုပ်ဆီသို့ ဦးတည်လိုက်လေ၏။

ကျွန်ုပ်သည် ကျွန်းပင်ကြီးအား ကျောမှီရပ်လျက် တောကောင်၏မျက်ဝန်းတွေကို စူးစိုက်ကြည့်နေလိုက်သည်။

ကျွန်ုပ်က သစ်ပင်ရှေ့သို့ အနည်းငယ်ထွက်ပေးလိုက်သည်နှင့် ကျားကြီးသည် ကျွန်ုပ်ထံသို့ မျက်နှာချင်းဆိုင် ခုန်အုပ်လေ၏။

ကျွန်ုပ်သည် ထိုကျားကြီးကို ရဲဝံ့စွာရင်ဆိုင်ရန် ဆုံးဖြတ်ပြီးဖြစ်၍ ကျွန်ုပ်အပေါ် မိုးဝင်လာသည့် ကျား၏ ဦးခေါင်းအား ရဲဒင်းဖြင့်ခုတ်ချလိုက်ပြီး ကြောင်တစ်ကော





ကဲ့သို့ လျင်မြန်စွာ နံဘေးသို့ရှောင်တိမ်းလိုက်၏။

ဒုတ်ခနဲမြည်သံနှင့်အတူ လက်ထဲမှာ စေးစေးပိုင်ပိုင် ခံစားလိုက်ရ၍ ကျားခေါင်းကို မိမိရရခုတ်မိလိုက်ကြောင်း သိလိုက်လေ၏။

ကျားသည် မြေပေါ်သို့ ဝုန်းခနဲပစ်ကျသွားပြီး တဝေါင်းဝေါင်းမာန်ဖီလျက် လူးလိမ့်နေ၏။ ကျွန်ုပ်သည်လည်း ခန္ဓာကိုယ်ကို တည့်မတ်စေရန် မနည်းအားယူလိုက်ရ၏။

ကျွန်ုပ်အပေါ် အုပ်မိုးလာစဉ်က ကျားကြီးပုတ်လိုက်သည့် လက်မှာ ကျွန်ုပ်၏ညာဘက်ပခုံးကို ဆွဲချလိုက်သလိုဖြစ်သွား၍ အင်္ကျီစုတ်ပြဲသွားပြီး ပခုံးသားများ ပွန်းပဲ့သွားသောကြောင့် ဖြစ်သည်။

ကျွန်ုပ်သည် ဒဏ်ရာကို ဂရုမစိုက်အားဘဲ ထိုကျားကြီးနှင့် ထပ်မံရင်ဆိုင်ရန် အသင့်ပြင်ဆင်လိုက်ရ၏။

ဒေါက်တာအဲမိုးမှာ ကျွန်ုပ်အတွက် အထူးပင်စိုးရိမ်တုန်လှုပ်လျက်ရှိ၏။ ကျားနာသွားပြီဆိုလျှင် လွန်စွာအန္တရာယ်များ၏။

ထို့ကြောင့် ယခုတစ်ကြိမ်တွင် ပွဲသိမ်းတိုက်ခိုက်ခြင်းဖြင့် အဆုံးသတ်ရန် အကွက်ကောင်းကို ချောင်းနေရ



www.burmeseclassic.com

www.burmeseclassic.com



၏။

ကျားက မြေတွင်လူးလှိမ့်နေရာမှ နောက်တစ်ကြိမ် ခုန်အုပ်ရန် ကျွန်ုပ်ဘက်သို့ မျက်နှာလှည့်လိုက်စဉ်မှာပဲ ကျွန်ုပ်သည် ရဲဒင်းကိုမြှောက်လိုက်ပြီး ပစ်ပေါက်လိုက်ရာ ရဲဒင်းအသွားမှာ ကျားဦးခေါင်းတစ်ဝက်ခန့် မြုပ်ဝင်သွားပြီ ခေတ္တမျှသာလူးလှိမ့်ရှားပြီးနောက် ငြိမ်ကျသွားတော့သည်။

ထိုခဏမှာပဲ ဒဏ်ရာမှ တစစ်စစ် နာကျင်ကိုက်ခဲ လာသဖြင့် ကျွန်ုပ်သည် လမ်းလျှောက်ဖို့ကိုပင် မတတ်နိုင် အောင်ဖြစ်နေတော့သည်။ သို့သော်လည်း ကျားဦးခေါင်း အတွင်း မြုပ်ဝင်နေသည့် ရဲဒင်းကိုတော့ ရှိသမျှခွန်အား ဖြင့် နှုတ်ယူလိုက်သည်။ ထိုစဉ်မှာပဲ ကျွန်ုပ်၏ အမြင် အာရုံများ ဝေဝါးလာပြီး ကျွန်ုပ် နောက်ဆုံးသိလိုက်ရသည် မှာ စိုးရိမ်သည့်စကားသံလေးဖြင့် လာရောက်တွဲခေါ်သည် ဒေါက်တာအဲမိုး၏ စကားသံလေးဖြစ်သည်။

ကျွန်ုပ်ရရှိသည့်ဒဏ်ရာမှာ အသက်အန္တရာယ် စိုးရိမ်ဖွယ် အခြေအနေမျိုး မဖြစ်ခဲ့သည်မှာ များစွာ ကံ ကောင်းလှပေ၏။ ဒဏ်ရာကြောင့် သတိလစ်မေ့မြောသွား ခြင်းမှာ တစ်ညသာလျှင် ဖြစ်သည်။

အကယ်၍ ဒေါက်တာအဲမိုးကသာ အနီးကပ်





ကြည့်ရှုကုသခြင်း မရှိပါက ထိုဒဏ်ရာ သက်သာပျောက် ကင်းရန် ရက်ကာလများစွာ ကြာမြင့်ပါလိမ့်မည်။

ကျားကြီးမှာ မြေပြန့်မှ ကျားကြီးများထက် တစ် ဆနိုးပါး ကြီးမားလှသည့် ကျားကြီးမျိုးနွယ်တစ်ကောင် ဖြစ်သည်။ ၎င်းကျားကြီးအား ရင်ဆိုင်သတ်ဖြတ်ပြီးသည့် အချိန်တစ်ခဏအတွင်းမှာပဲ ဦးစိုင်းလုံ၊ စိုင်းဆဲထူးနှင့် မစ္စတာချန်ခိုးပေါင်တို့ အဖွဲ့သားအချို့နှင့်အတူ ထိုနေရာ သို့ရောက်ရှိလာလေရာ ကျားကြီးအား ရင်ဆိုင် သတ်ဖြတ် ခဲ့သည့် ကျွန်ုပ်ကိုကြည့်၍ အံ့သြချီးကျူးကြလေသည်။

ဝါရင့်မုဆိုးကြီး ဦးစိုင်းလုံက ကျွန်ုပ်ကဲ့သို့ ရဲစွမ်း သတ္တိရှိသူမျိုးကို မတွေ့ဖူးကြောင်း လှိုက်လှိုက်လှဲလှဲ ချီးကျူး ပြောဆိုလေ၏။ သူ၏မြေးမလေးအဲမိုး၏ အသက် အန္တရာယ် သေဆုံးဖွယ်အဖြစ်မှ မိမိအသက်ကိုရင်း၍ ကယ်တင်လိုက်သည့် ကျွန်ုပ်ကို ကျေးဇူးတင်မဆုံး ဖြစ်နေ တော့သည်။

ဒဏ်ရာသက်သာပျောက်ကင်းသည်အထိ စခန်း ချရပ်နားရန် စိုင်းဆဲထူးက ပြောဆိုသော်လည်း ကျွန်ုပ် အတွက်နှင့် ခရီးကြန့်ကြာမှုမျိုး မဖြစ်စေလိုသည့်အတွက် ဒဏ်ရာအနည်းငယ် သက်သာသည်နှင့် ခရီးစတင်မည်



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ခေါင်းဆောင်တစ်ဦးအနေနှင့် ကျွန်ုပ်ဆုံးဖြတ်လိုက်သည်။

ဒေါက်တာအဲမိုးသည် ထိုအချိန်မှစ၍ ကျွန်ုပ်အနီး၌သာ ဒဏ်ရာကို ဆေးဝါးကုသရင်းဖြင့် အမြဲလိုလိုရှိနေတော့သည်။ ရိုးသားသည့် သူမ၏မျက်ဝန်းတွေမှာ ကျွန်ုပ်အပေါ် ယုံကြည်ကိုးစားသည့် အရိပ်အယောင်တွေ ထင်ဟပ်နေတော့သည်။

သူမ၏တာဝန်အရ အဖွဲ့သားများ၏ ကျန်းမာရေးအခြေအနေကို လှည့်လည်ကြည့်ရှုပြီးသည်နှင့် ကျွန်ုပ်အနီးသို့ ရောက်လာစမြဲဖြစ်သည်။

ကျွန်ုပ်တို့၏ နေထိုင်ဆက်ဆံမှုများကို တွေ့မြင်နေရသော မစ္စတာချန်ခိုးပေါင်မှာ လွန်စွာမကျေမနပ်ဖြစ်လျက်ရှိနေလေရာ ၎င်းက ထိုမကျေမနပ်ဖြစ်မှုများအတွက် ဦးစိုင်းလုံကို စိတ်အနှောင့်အယှက်ဖြစ်အောင် ဆက်ဆံနေတော့၏။

ဦးစိုင်းလုံတို့မြေအဘိုးနှစ်ယောက်အပေါ် မစ္စတာချန်ခိုးပေါင်၏ ဩဇာအရှိန် အဘယ်မျှကြီးမားသည်ကို မထင်မှတ်ဘဲ ကျွန်ုပ်သိရှိခဲ့ရသည်။

ထိုအခါ ရိုးသားပွင့်လင်းသည့် ဦးစိုင်းလုံတို့မိသား





အတွက် များစွာစိတ်မကောင်းဖြစ်မိသည်။ မစ္စတာချန်းပေါင်၏ ရိုးသားသည့် မိမိတို့ဒေသခံ တောင်ပေါ်တိုင်းရင်းသားများအပေါ်တွင် စီးပွားရေးနေအရှိန်အဝါဖြင့် လက်ကျသည့်စိတ်ခံတက်ကို သိရှိလိုက်သဖြင့် လွန်စွာဒေါသဖြစ်မိသည်။

ထိုအဖြစ်အပျက်ကို ကျွန်ုပ်သိရှိရသည်မှာ ဒေါက်တာအဲမိုးထံမှ ဖြစ်သည်။

ထိုနေ့က နှင်းတွေတဖျောဖျောနှင့် ကျဆင်းလျက်ရှိ၏။ ကျွန်ုပ်၏ဒဏ်ရာကို ဆေးထည့်ဆေးစည်းပေးရင်း အနွေးဓာတ်ရရှိစေရန် မီးဖိုအနီး၌ထိုင်စေလျက် ဒေါက်တာအဲမိုးက ကော်ဖီပူပူတစ်ခွက်ကို ဖျော်ပေးလေ၏။

သိသာစွာညှိုးငယ်သော သူမမျက်နှာအမူအရာကို ကျွန်ုပ် သတိထားမိ၏။ ကျွန်ုပ် ကော်ဖီသောက်နေလျက်က မီးဖိုအလင်းဖြင့် သူမကို အကဲခတ်နေလေရာ သူမသည် မီးဖိုဆီသို့ အကြည့်ကိုပို့လျက် တစ်စုံတစ်ရာအတွက် လေးလံခံစားနေရသကဲ့သို့ မကြာခဏ သက်ပြင်းချလေ၏။

ကျွန်ုပ်က ရဲဘော်ရဲဘက်စိတ်ဖြင့် မေးမြန်းသည့်အခါ သူမက "မစ္စတာချန်ကြောင့် အားကြီးစိတ်ညစ်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆရာရယ်” ဟု သက်ပြင်းရှိုက်သံနှင့်အတူ ပြော
လေ၏။

ထိုအခါ ကျွန်ုပ်,မသိရှိရသည့် မစ္စတာချန်ခိုးပေါ်
နှင့် သူမတို့၏ ဤခရီးစဉ်နှင့်ပတ်သက်ပြီး သဘော
ညှိနှိုင်းခဲ့ကြသည့် စိတ်ဝင်စားဖွယ် အဖြစ်အပျက်များ
သိရတော့သည်။

ထိုအဖြစ်အပျက်များနှင့်ပတ်သက်၍ မစ္စတာချ
ခိုးပေါင်သည် ကျွန်ုပ်နှင့် စိုင်းဆဲထူးကို အသိပေးပြော
ခြင်း မရှိခဲ့သည်မှာလည်း မစ္စတာချန်ခိုးပေါင်၏ မရိုးသ
သော စိတ်ထားဖြစ်သည်ကို နောင်အခါ ကျွန်ုပ်သိရှိခဲ့
သည်။

ဦးစိုင်းလုံသည် ငယ်စဉ်ကတည်းက မုဆိုးအလုပ်
ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သူဖြစ်သည်။ လွန်ခဲ့သ
ဆယ်စုနှစ် သုံးခုကျော်လောက်က သူနှင့် သူ၏မိတ်
မုဆိုးနှစ်ဦးတို့သည် ရှားပါးမျိုးနွယ်ဖြစ်သည့် ဝက်ဝံဖြူ
ပစ်ခတ်ဖမ်းဆီးရန် လွန်စွာတောတောင်ထူထပ်သ
တရုတ်-မြန်မာ နယ်ခြားဒေသသို့ စွန့်စားထွက်ခွာခဲ့
သည်။

ရည်ရွယ်ချက်မှာ ဝက်ဝံဖြူပစ်ခတ်ဖမ်းဆီးရန် ဖြ





သော်လည်း ၎င်းဝက်ဝံဖြူပစ်ခတ်ဖမ်းဆီးနိုင်ခြင်း မရှိခဲ့ပါ
က ထိုအရပ်ဒေသတွင် ပေါက်ရောက်သည့် ဆေးဖက်ဝင်
န်းတောက်မြစ်၊ မချစ်ဥ အစရှိသည်တို့ကိုရှာဖွေ၍ မိမိ
ဒေသသို့ပြန်ရန် ညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

လွန်စွာအဖိုးတန်ရှားပါးလှသည့် ကတိုးကောင်၊
တောင်ဆိတ် စသည့်သတ္တဝါများမှာလည်း ထိုဒေသတွင်
ကျင်လည် ကျက်စားလျက်ရှိသဖြင့် အခြေအနေပေးပါက
ရှာဖွေပစ်ခတ်ရန် ရည်ရွယ်ထား၏။

အသက်အရွယ်အားဖြင့် ငယ်ရွယ်ကြသူများဖြစ်၍
ရဲဝံ့စွန့်စားလိုသည့် စိတ်ဆန္ဒဖြင့် သူတို့သည် ရက်ကာလ
ကြာမြင့်စွာ သွားလာနေလျက်က လှိုင်ခမ်းကျင်တောင်
တန်းတစ်ဝိုက်သို့ အရောက်တွင် လမ်းမှားလျက် တော
နက်အတွင်းသို့ ရောက်မှန်းမသိ ရောက်ခဲ့ကြသည်။

ကံအားလျော်စွာ ၎င်းတို့သည် ဆေးဖက်ဝင် သယံ
ဇာတများကို တူးဖော်ရရှိရုံသာမက ကတိုးကောင်၊ တောင်
ဆိတ် သတ္တဝါများကိုလည်း ပစ်ခတ်ရရှိခဲ့ကြသည်။ သူတို့
သည် မိမိဒေသကို ပြန်လည်ရောက်ရှိလိုသည့် ဆန္ဒဇော
ဖြင့် လမ်းအမှန်ကိုရှာဖွေနေလျက်က သူတို့တစ်သက်တွင်
တစ်ကြိမ်တစ်ခါမှ မကြုံဖူးသည့် ထူးဆန်းအံ့သြဖွယ်သည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနှင့် ရင်ဆိုင်ကြရ၏။

အဘိုးအိုတစ်ဦး ဆံနွယ်များ ဖားလျားချထားသည့် ဦးခေါင်းသဏ္ဌာန်ကဲ့သို့ တည်ရှိနေသည့် ထူးဆန်းသော တောင်တစ်လုံးကို တွေ့ရလေ၏။ ၎င်းတောင်သည် မြင့် မားသည့်တောင်တန်းကြီးများ၊ တောင်စွယ်တောင်ထွတ် တောင်ကမ်းပါးယံများ ပတ်လည်ဝန်းရံထားသည့်အလယ် တွင် အခြားတောင်များနှင့်အတူ ရောနှောတည်ရှိနေ၏။

"သိပ်ကိုထူးဆန်းတယ်ဟေး၊ အဲဒီတောင်ကြီးကို ကြည့်နေရင်း စိတ်ထဲမှာ တစ်မျိုးကြီးခံစားရတယ်"

"ဟုတ်တယ် ဆလိုင်း . . . ကြည့်စတုန်းက ကြောက်ရွံ့ခံစားရပေမယ့် ကြည့်နေရင်းမှာပဲ အဲဒီတောင် ကြီးဆီကို အရောက်သွားချင်လာတယ်"

ဦးစိုင်းလုံ၏မိတ်ဆွေ မုဆိုးနှစ်ဦးက ထူးဆန်းသည့် ထိုတောင်ကြီးကိုကြည့်ရင်း ပြောဆိုနေကြ၏။ သူတို့ပြော သကဲ့သို့ပင် ဦးစိုင်းလုံမှာလည်း ကြည့်နေလျက်က ထို တောင်ကြီးက သူ့အား အရောက်လာရန် ဖိတ်ခေါ်နေ သလို ခံစားနေရ၏။

မြူနှင်းများ လွင့်ပါးသွားပြီဖြစ်၍ တောင်ကြီး၏ အသွင်သဏ္ဌာန်မှာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာလေရာ





သူတို့သည် ထိုနေရာသို့ အရောက်သွားပြီးမှ မိမိတို့ပြန်ရ မည့်လမ်းစကို ရှာဖွေရန် ဆုံးဖြတ်လိုက်ကြသည်။

ပါလာသည့်ရိက္ခာခြောက်များကို ခွဲဝေစားသောက် ပြီးနောက် ထိုတောင်ကြီးရှိရာသို့ ခရီးဆက်ခဲ့ကြသည်။ အမြင်မှာ နီးသည်ဟုထင်မှတ်ရသော်လည်း တောင်ကမ်း ပါးယံများ၊ ချောင်းရိုးများကို ဖြတ်သန်းသွားလာသည့် အတွက် ညနေစောင်းအချိန်ရောက်မှ ၎င်းတောင်ကြီးအနီး တစ်ဝိုက်သို့ ရောက်ရှိခဲ့ကြသည်။

ဦးစိုင်းလုံနှင့် မိတ်ဆွေနှစ်ဦးသည် ညနေခင်း ဆည်းဆာအောက်ဝယ် ငွားငွားစွင့်စွင့် မြင်လိုက်ရသည့် တောင်ကြီးကို ကြည့်၍ အသက်ပင်မရှူနိုင်လောက် အောင် အံ့ဩနေကြလေ၏။

ဦးစိုင်းလုံက မုဆိုးပီပီ တောတောင်၏အခြေအနေ ကို ဂရုတစိုက် လေ့လာစူးစမ်း၏။ ထိုအခါ ထူးခြားသည့် အခြေအနေကို သတိပြုမိလိုက်၏။

၎င်းတောင်ကြီးအနီးအဝိုက်တွင် တောကောင်များ သွားလာလှုပ်ရှားသည့် အရိပ်လက္ခဏာများကို အနည်း ငယ်မျှ မတွေ့ရချေ။

ထိုအခြေအနေကို သူ၏မိတ်ဆွေများအား ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



ပြီး သတိဝီရိယဖြင့်နေထိုင်ရန် သတိပေးပြောဆို၏။ အချိ မှာလည်း မှောင်စပျိုးနေပြီဖြစ်သည်။

ဦးစိုင်းလုံက ထိုညကို လင့်စင်ပေါ်တွင် တစ်ည တာ စခန်းချပြီး နောက်တစ်နေ့မနက်ရောက်မှ ၎င်းတော ကြီးအတွင်းသို့ ဝင်ရောက်ရန် ပြောဆိုသည်ကို ၎င်းမိတ် ဆွေတစ်ဦးက . . .

"မုဆိုးလုပ်နေပြီး ဘာလို့ ဒီလောက်တောင် သွေ ပျက်နေတာလဲ စိုင်းလုံရာ၊ ခုလည်း အလင်းရောင်ရှိသေ တာပဲ၊ အန္တရာယ်ကျရောက်လာလို့ တိုက်ခိုက်ရမယ် ဆို ရင်လည်း တို့မှာ လက်နက်အပြည့်အစုံပါတာပဲ"

နောက်မိတ်ဆွေတစ်ဦးကလည်း . . .

"ငါ့စိတ်ထဲမှာ ဒီတောင်ကြီးက တို့ကို အဖိုးမဖြတ် နိုင်တဲ့ ရတနာပစ္စည်းတွေ ပေးနေတယ်လို့ ခံစားရတယ် နတ်ကောင်းနတ်မြတ်တွေက တို့ကို ကူညီမစလိုက်လို့ ဒီ နေရာကို ရောက်လာတာပဲ"

ဟုပြောပြီး သဘောကျစွာရယ်လေ၏။

ဦးစိုင်းလုံမှာ အဖွဲ့၏စည်းကမ်းအတိုင်း မိမိဆ ထက် အများ၏ဆန္ဒကို လိုက်လျောရမည်ဖြစ်၍ စောဒက တက်မနေတော့ဘဲ ၎င်းတို့၏ဆန္ဒအတိုင်း ထိုတောင်ကြီ





အတွင်းသို့ ဝင်ရောက်ရန် သဘောတူလိုက်၏။

တောင်ကြီး၏အတွင်းသို့ဝင်ရောက်ရန် တစ်ခု တည်းသောနေရာမှာ အဘိုးအိုတစ်ဦး၏ ပါးစပ်ပေါက်နှင့် သဏ္ဌာန်တူသည့် လိုဏ်ခေါင်းပေါ်မှဖြစ်သည်။ လိုဏ် ခေါင်းအဝသို့ရောက်ရှိရန် တောင်းကမ်းပါးယံအတွင်း သွားလာရသဖြင့် လိုဏ်ခေါင်းပေါက်အနီးသို့ ရောက်သော အခါ ဝန်းကျင်တစ်ခွင်သည် အမှောင်ထုကြီးစိုးသွားလေ ၏။

သူတို့သည် အသင့်ယူဆောင်လာသော မီးတုတ် များကို ထွန်းညှိလိုက်၏။ ဦးစိုင်းလုံမှာ သတိဝီရိယကြီးစွာ ဖြင့် အခြေအနေကို စောင့်ကြည့်နေသော်လည်း သူ၏မိတ် ဆွေနှစ်ဦးကတော့ ဆန္ဒစောလျက်ရှိနေကြ၏။

လိုဏ်ခေါင်းအတွင်းသွားလာရင်းဖြင့် လိုဏ်ခေါင်း အတွင်း၌ လမ်းကြောင်းအနေအထားမှာ ရှုပ်ထွေးလှ သဖြင့် ဦးစိုင်းလုံက ထွက်လမ်းမှတ်မိစေရန် သင်္ကေတဖြင့် အမှတ်အသားပြုလျက် သွားလာနေရသဖြင့် နောက်တွင် ကျန်ရှိနေသလို ဖြစ်နေ၏။

လိုဏ်ခေါင်းအတွင်း သွားလာနေသည်မှာ နာရီ ဝက်နည်းငယ် ကြာမြင့်သည်တွင် ဆိုးဝါးသည့်အနံ့ဆိုးသက်



www.burmeseclassic.com

www.burmeseclassic.com



များ ရရှိကြလေသည်။ တစ်ဆက်တည်းဆိုသလို သူတို့သည် မြေပြင်ပေါ်တွင် အနံ့အပြားရှိနေသည့် လူအရိုးခြောက်များ၊ လက်နက်ကိရိယာများကို တွေ့လိုက်ရ၏။

ဦးစိုင်းလုံမှာ ထိုနေရာမှလှည့်ပြန်ရန် ဆန္ဒရှိသော်လည်း ၎င်း၏မိတ်ဆွေနှစ်ဦးကတော့ ထိုဆန္ဒမျိုး အနည်းငယ်မျှမရှိကြချေ။

ဦးစိုင်းလုံက ရုတ်တရက် အန္တရာယ်ကျရောက်လာပါက ရင်ဆိုင်တိုက်ခိုက်သည့်အခါ ညအချိန်ဖြစ်နေ၍ မိမိတို့အရေးနိမ့်ပါးမည်ကို ကြိုတင်တွက်ဆမိသောကြောင့်ဖြစ်သည်။

သူစိုးရိမ်သကဲ့သို့ တွေးခေါ်မြော်မြင်မှုမရှိသော သူ၏မိတ်ဆွေနှစ်ဦးကြောင့် အချိန်အနည်းငယ်အတွင်းမှာပဲ အန္တရာယ်ဆိုးနှင့် ရင်ဆိုင်ခဲ့ရသည်။

ရှေ့ကိုက် (၃၀) ခန့် ရောက်ရှိသည့်အခါ သူတို့ကိုင်ဆောင်ထားသည့် မီးတုတ်များ မီးငြိမ်းသွား၏။ ထိုသို့ငြိမ်းသွားသည်မှာ နှစ်ကြိမ်သုံးကြိမ်မျှ ရှိပြီဖြစ်သည်။ ဦးစိုင်းလုံမှာ အန္တရာယ်အငွေ့အသက်ကို မုဆိုးအသိဖြင့် သိရှိလိုက်၍ လက်နက်ကို အသင့်ပြင်ဆင်လိုက်သော်လည်း ၎င်း၏မိတ်ဆွေနှစ်ဦးကတော့ ဘာကိုမှ သတိမထားနိုင်





လောက်အောင်ဖြစ်သွားပြီး အတန်ငယ်ကွာလှမ်းသောနေရာတွင် သေတ္တာကြီးများကို မြင်လိုက်ရသဖြင့် လွန်စွာပျော်ရွှင်သွားလေ၏။

၎င်းတို့နှစ်ဦး ထိုသေတ္တာကြီးများဆီသို့ ပြေးထွက်သွားသည်ကို ဟန့်တားဖို့ ဦးစိုင်းလုံက ပြင်ဆင်လိုက်သော်လည်း များစွာနောက်ကျသွားလေပြီ။

သူသည် နေရာမှာပင်ရပ်လျက် ထိုနေရာသို့ကြည့်နေစဉ်မှာ သူ၏မိတ်ဆွေနှစ်ဦးက ထိုသေတ္တာကြီးများကို အနီးအနားတွင်တွေ့ရသည့် လက်နက်ပစ္စည်းများဖြင့် သေတ္တာအဖုံးကို ထုရိုက်၍ဖွင့်နေကြသည်။

ထိုအသံများကြားမှ ထူးခြားစွာထွက်ပေါ်နေသည့်အသံကို ဦးစိုင်းလုံ သတိပြုမိလိုက်၍ သူ၏မိတ်ဆွေများအား လှမ်းအော်သတိပေးလိုက်သော်လည်း ၎င်းတို့မှာကြားနိုင်စွမ်းမရှိတော့ချေ။

တဒုံးဒုံးထုရိုက်သံများကြားမှ ကြားနေရသည့်အသံမှာ တဖြည်းဖြည်းကျယ်လောင်လာသည်တွင် ဦးစိုင်းလုံ၏မိတ်ဆွေနှစ်ဦးလည်း သတိပြုမိသွား၏။

ထိုခဏမှာပဲ သူတို့၏မီးတုတ်များ မီးငြိမ်းသွားလေ၏။ မီးတုတ်ပြန်လည်ထွန်းညှိဖို့ကိုပင် အချိန်မရလော



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်ပျက်မှုမှာ လွန်စွာမြန်ဆန်၏။

ဂူနံရံများ သိမ့်ခနဲတုန်ခါသွားပြီး သူ၏မိတ်ဆွေ နှစ်ဦး တိုက်ခိုက်သံအနည်းငယ်မျှသာ ထွက်ပေါ်ပြီး နောက် အထိတ်တလန့်အော်သံနှင့်အတူ ပျောက်ကွယ် သွား၏။ ထိုအသံများမှာ အချိန်တစ်ခဏအတွင်း ပြန် လည်ငြိမ်သက်သွား၏။

ဦးစိုင်းလုံသည် အိပ်မက်မှုန်းထလာသကဲ့သို့ ေ ကြောင်နေရာမှ အသိပြန်ဝင်လာပြီး မီးတုတ်ကိုထွန်းညှိ လိုက်ရာ မီးတုတ်အလင်းရောင်ဖြင့် မြင်လိုက်ရသည့်မြင် ကွင်းကြောင့် သွေးပျက်မတတ် ကြောက်ရွံ့တုန်လှုပ်သွား လေ၏။

ထိုမြင်ကွင်းမှာ သွေးအိုင်များအတွင်း၌ ပြတ် တောက်ကျန်ရစ်ခဲ့သည့် သူ့မိတ်ဆွေများ၏ ခန္ဓာကိုယ် အစိတ်အပိုင်းများ ဖြစ်သည်။

သူတို့သည် လွန်စွာဆိုးသွမ်းသည့် တောကော ကြီးများနှင့် ရင်ဆိုင်သတ်ဖြတ်နိုင်စွမ်းသည့် မုဆိုးကြီးများ ဖြစ်သော်လည်း ထိုမျှဆိုးဝါးသည့် အန္တရာယ်ဆိုးကြီးနှင့် ရင်ဆိုင်ရသည့်အခါ တစ်သက်တွင်မကြုံဖူးသည့် တုန်လှုပ် ချောက်ချားမှုမျိုး ခံစားခဲ့ရသည်။





သူသည် မည်သို့ဆုံးဖြတ်ရမှန်းမသိအောင် တွေ ဝေနေစဉ်မှာပဲ ကိုင်ထားသည့်မီးတုတ်မှာ မီးငြိမ်းသွားလေ ရာ မီးပြန်ထွန်းညှိခြင်းမပြုဘဲ ၎င်းအဖြစ်မှာ အန္တရာယ်၏ ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း သိရှိလိုက်၍ လက်နက်ကို အသင့်ပြင်လိုက်၏။

အမှောင်ထုအတွင်းမှာ ကျင့်သားရနေသည်ဖြစ်၍ လိုဏ်ခေါင်းတစ်လျှောက် ရွေ့လျားလာသည့် နီရဲရဲအလုံး နှစ်လုံးကို မြင်လိုက်ရ၏။ သူသည် မုဆိုးဒူးထောက်ထိုင် လျက် ယမ်းတူးမီးသေနတ်ဖြင့် တဖြည်းဖြည်းရွေ့လျားလာ သည့် နီရဲရဲအလုံးကြီး နှစ်လုံးဆီသို့ ချိန်ရွယ်ပြီး ပစ်ချလိုက် ၏။

ယမ်းပေါက်ကွဲသံမှာ လိုဏ်ခေါင်းအတွင်း ဟိန်းထ ပြီး ကျယ်လောင်စွာထွက်ပေါ်သွား၏။ သို့သော် ထိုနီရဲရဲ အလုံးကြီးနှစ်လုံးမှာ နောက်တွန့်မသွားဘဲ ရုတ်တရက် ရပ်တန့်ပြီး ရှေ့သို့တိုးလာလေရာ သူသည် အခြေအနေကို ကောင်းစွာသိရှိလိုက်၏။

ထိုသတ္တဝါမှာ မည်သို့သောသတ္တဝါမျိုး ဖြစ်မလဲ။

ထိုအကြောင်းကိုစဉ်းစားနေပါက သူသည် သူ၏ မိတ်ဆွေများကဲ့သို့ပင် စက္ကန့်ပိုင်းအတွင်း သေဆုံးမည်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရလိမ့်မည်ဖြစ်၍ အချိန်မဆိုင်းဘဲ ထိုနေရာမှ ပြေး
ထွက်ခဲ့လေ၏။

သူ၏နောက်ဘက်ဆီမှ တရှီးရှီးအသံကို ကြားနေ
ရသော်လည်း သူသည် ရပ်တန့်ခြင်းမရှိ ပြေးထွက်ခဲ့သည်။
ဂူပေါက်ဝဆီသို့ အခက်အခဲမရှိ ပြန်လည်ရောက်ရှိလာ
ခြင်းမှာ ဂူအတွင်းဝင်ရောက်စဉ်က မုဆိုးအသိဖြင့် လမ်း
ကြောင်းများကို မှတ်သားခဲ့၍ ဖြစ်သည်။

✣ ✣ ✣

**အခန်း ( ၁၃ )**

အန္တရာယ်ကြားကမိန်းမချောလေး

"ဒီအန္တရာယ်ဆိုးကြီးက အဘစိုင်းလုံလွတ်မြောက်
ခဲ့ပေမယ့် သူ့မိတ်ဆွေတွေရဲ့အဖြစ်ကို မြင်ယောင်မိပြီး
ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်မှုရှိအောင် မနည်းကြိုးစားခဲ့
ရတယ်၊ အဘဟာ ရက်ကာလကြာမြင့်တဲ့အထိ အဲဒီ
ဒေသမှာ တဝဲလည်လည်ဖြစ်နေပြီး လမ်းကြောင်းအမှန်
ကို ရှာဖွေတွေ့ရှိခဲ့တယ်၊ သူ့မိတ်ဆွေနှစ်ဦး ရင်ဆိုင်ခဲ့ရတဲ့
အန္တရာယ်ဆိုးက အဘစိုင်းလုံကို အိပ်မက်ဆိုးတစ်ခုလို
အမြဲခြောက်လှန့်နေခဲ့တယ်၊ ဒီလိုနဲ့ နှစ်အတန်ကြာတော့
အဲဒီဒေသကို နောက်တစ်ကြိမ်သွားရောက်ဖို့ အကြောင်း
တိုက်ခိုက်လာခဲ့တယ်၊ မှတ်မှတ်ရရပြောရရင် ကျွန်မ သုံး



www.burmeseclassic.com

www.burmeseclassic.com



နှစ်အရွယ်လောက်မှာပေါ့၊ ကျွန်မအဖေ ဦးအိုက်ပန်က
လည်း အဘစိုင်းလုံလို မှုဆိုးအလုပ်နဲ့ အသက်မွေးဝမ်း
ကျောင်းပြုသူပါပဲ၊ ကျွန်မအမေက ကျွန်မကိုမွေးပြီး တစ်
နှစ်လောက်အကြာမှ ဘာမဟုတ်တဲ့ရောဂါလေးနဲ့ သေဆုံး
ခဲ့ရတယ်”

“ကျွန်မတို့ တောင်ပေါ်ဒေသတွေရဲ့ အသိပညာ
နိမ့်ကျမှုတွေကြောင့် ကျွန်မအမေဟာ မသေသင့်ဘဲ သေ
ဆုံးခဲ့ရတယ်၊ အဘဦးစိုင်းလုံနဲ့ ကျွန်မအဖေ ဦးအိုက်ပန်
တို့က ကျွန်မကို အလွန်မျှော်လင့်အားထားကြတယ်၊ ကျွန်
မကို တောင်ပေါ်ဒေသက အများသူငါလို တောင်ပေါ်
တက် သစ်ခုတ်ဝါးခုတ် ဆေးမြစ်တူးတဲ့ သမားရိုးကျဘဝ
မျိုး မဖြစ်စေလိုဘူး”

“ခေတ်ပညာသင်ယူစေပြီး ပညာတတ်ဘဝမျိုးဖြစ်
အောင် မျှော်မှန်းထားကြတယ်၊ အဲဒီလိုအခြေအနေမျိုး
ဖြစ်ဖို့ဆိုတာ ငွေကြေးပြည့်စုံဖို့ လိုတယ်မဟုတ်လား၊ ဒါ
ကြောင့်လည်း အကြောင်းတိုက်ဆိုင်လာတဲ့အတွက် အဘ
စိုင်းလုံဟာ အဲဒီမိစ္ဆာတောင်ကြီးကို ဒုတိယအကြိမ်ရောက်
ခဲ့ရတယ်၊ ဒီတစ်ခါမှာတော့ အဘဦးစိုင်းလုံဟာ သူကိုယ်
တိုင် ကံဆိုးခဲ့ရတယ်၊ အဲဒီခရီးမှာ ကျွန်မအဖေဦးအိုက်ပန်





သေဆုံးခဲ့ရသလိုပဲ အဖေဦးအိုက်ပန်နဲ့အတူ အကျိုးတူ
သွားရောက်ခဲ့တဲ့တရုတ်ကုန်သည်တစ်ဦးလည်း အန္တရာယ်
ဆိုးကျရောက်ပြီး သေဆုံးခဲ့ရတယ်”

ဒေါက်တာအဲမိုးသည် ကချင်စကားသံဝဲဝဲဖြင့်
ကျွန်ုပ်အားပြောပြနေသည်ကို နားထောင်ရင်းဖြင့် ကျွန်ုပ်
လည်း သူမတို့မိသားစုအတွက် စိတ်မကောင်းဖြစ်မိသည်။

ကော်ဖီသောက်ပြီးနောက် ဂိုးလ်ဒင်းဖလိတ် စီးက
ရက်တစ်လိပ်ထုတ်၍ မီးညှိဖွာရှိုက်စဉ်မှာပဲ ဦးစိုင်းလုံနှင့်
သူမဖခင်တို့ ရင်ဆိုင်ကြုံတွေ့ရပုံကို ပြောပြလေ၏။

(မုဆိုးကြီးဦးစိုင်းလုံဦးဆောင်လျက် တရုတ်ကုန်
သည် မစ္စတာဝမ်ခိုးပေါင်နှင့် သူ၏သားမက် ဒေါက်တာ
အဲမိုး၏ဖခင် ဦးအိုက်ပန်တို့ အန္တရာယ်ဆိုးနှင့် ကျရောက်ခဲ့
ကြသည့်ဖြစ်ပျက်မှုများကို စာဖတ်ပရိသတ်များ ဦးဦး
ဖျားဖျားဖတ်ရှုစေလိုသောစေတနာဖြင့် ဤဝတ္ထု၏အဖွင့်
နိဒါန်းတွင် ဖော်ပြခဲ့ပါသည်။ စာရေးသူ)

ညဥ့်နက်လာသည်နှင့်အမျှ ဆီးနှင်းများကျဆင်း
လာသံမှာ ပိုလို့ဆူညံလို့လာ၏။ ရှည်လျားစွာရှင်းပြနေ
သည့် ဒေါက်တာအဲမိုး၏စကားသံများ ပြီးဆုံးသည့်အခါ
အချိန်မှာ ညဥ့်နက်ပိုင်းသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်ုပ်အတွက် သက်သောင့်သက်သာ ဖြစ်စေရန် အိပ်ရာကိုပြင်ဆင်ပေးပြီးသည်နှင့် ကျွန်ုပ်အား နှုတ်ဆက်၍ သူမအိပ်စင်ရှိရာသို့ ထွက်ခွာသွားလေ၏။

ထိုညအဖို့ ကျွန်ုပ်သည် အိပ်၍မရနိုင်လောက် အောင် အတွေးအာရုံများ အမျှင်တန်းနေတော့သည်။

ကျွန်ုပ်တို့ ကောလိပ်ကျောင်းသားဘဝက ကျူရီယို ဆိုင်မှ အစပြု၍ စိုင်းဆဲထူး၏ ထူးခြားစွာပြောင်းလဲသွား သည့် အမူအကျင့်များမှစ၍ ကျူရီယိုဆိုင်ရှင်ဦးမိုးထိ ကြုံ တွေ့ရင်ဆိုင်ခဲ့ရသည့် ဖြစ်ပျက်မှုများ၊ ၎င်းဖြစ်ပျက်မှုများ တွင် အဓိကပါဝင်ပတ်သက်နေသည့် ထူးခြားသည့် ဘုန်း တော်ကြီးတစ်ပါးနှင့် ရှေးဟောင်းပစ္စည်း ဆင်စွယ်ရိုးတပ် မောက်တိုဓားတစ်လက်မှအစပြု၍ ယခုကြားသိရသည့် ဦးစိုင်းလုံတို့မိသားစု၏ ဖြစ်ပျက်မှုများနှင့်ဆက်စပ်ပြီး တွေး တောနေမိသည်။

ထိုဖြစ်ပျက်မှုများသည် မည်သို့သောအကျိုးတရား ကြောင့် ယခုလိုအကြောင်းတရားတစ်ခုတည်း ပေါင်းဆုံ နေကြရသလဲ။

ထိုသို့ တစ်စုတစ်စည်းတည်း ပေါင်းဆုံမိစေရန် အဆုံးသတ်ဖန်တီးလိုက်သည်မှာ ဒေါက်တာအဲမိုး၏ဖခင်





ဦးအိုက်ပန်သေဆုံးစဉ်က ရရှိလိုက်သည့် ရှေးဟောင်း ပစ္စည်း ကြေးလင်ပန်းများကြောင့်ဖြစ်သည်။

ထိုစဉ်က ဦးစိုင်းလုံနှင့် ဦးအိုက်ပန်ကို ၎င်းလူအို တောင်ကြီးဆီသို့ သွားရောက်ရန် အခကြေးငွေများစွာဖြင့် ငှားရမ်းသည့် တရုတ်ကုန်သည်မှာ မစ္စတာချန်ခိုးပေါင်၏ ညီတော်စပ်သူ မစ္စတာဝမ်ခိုးပေါင်ဖြစ်သည်။

ဦးအိုက်ပန်ထံတွင် မစ္စတာချန်ခိုးပေါင်နှင့် သူ၏ ညီ မစ္စတာဝမ်ခိုးပေါင်တို့သည် ၎င်းတို့အဘိုးဖြစ်သူ၏ မှတ်တမ်းတွင် ရေးသားခဲ့သည့် ဖြစ်ပျက်မှုများကို သိထား ကြသူများဖြစ်၍ ၎င်းလူအိုတောင်ကြီးတွင် မြန်မာစစ် သူကြီးသူရိယ ပုန်းခိုစဉ်က စစ်သူကြီးယူဆောင်သွားသည့် ရတနာအမြောက်အမြားမှာ ၎င်းတောင်ကြီးတွင်ရှိနေ ကြောင်း သိရှိထားကြ၏။

မျိုးရိုးစဉ်ဆက် ပြတ်တောက်သွားပြီဖြစ်၍ ၎င်းလူ အိုတောင်ကြီးရှိရာ လမ်းကြောင်းကို နောက်မျိုးဆက်များ သိရှိနိုင်စွမ်း မရှိကြတော့သဖြင့် ၎င်းဖြစ်ပျက်မှုမှာ ကာလ ရွေ့လျားလာသည်နှင့်အမျှ လူတို့၏ပါးစပ်ဖျားတွင် ဒဏ္ဍာ ရီပုံပြင်တစ်ခုပမာ ပြောစမှတ်ဖြစ်သွားလေ၏။

မစ္စတာချန်ခိုးပေါင်သည် ၎င်း၏ညီဖြစ်သူ ထို



www.burmeseclassic.com

www.burmeseclassic.com



ဒေသသို့ စွန့်စွန့်စားစား သွားရောက်ခဲ့ပြီး ဘေးအန္တရာယ်ဆိုးနှင့် ကြုံတွေ့ရသဖြင့် သေဆုံးခဲ့ရသည်ကို သိရှိခဲ့၏။

ထိုသတင်းကို နှစ်ကာလများစွာကြာမြင့်မှ ၎င်း၏ညီနှင့်အတူ လမ်းပြအဖြစ် သွားရောက်ခဲ့သည့် ဦးစိုင်းလုံထံမှ ကြားသိခဲ့ရခြင်းဖြစ်သည်။

ဖြစ်ပျက်မှုများကို သိရှိပြီးနောက် သူသည် လွန်စွာစိတ်အားထက်သန်သွားလေ၏။ ဦးစိုင်းလုံနှင့် သိကျွမ်းစဉ်က ဒေါက်တာအဲမိုးမှာ ဆယ်တန်းအောင်ပြီးခါစအချိန်ပင်ဖြစ်သည်။

မစ္စတာချန်ခိုးပေါင်၏ စီးပွားရေးလုပ်ငန်းများကို ဦးစိုင်းလုံတို့တောင်ပေါ်ဒေသများတွင် တည်ထောင်ဖွင့်လှစ်ထားခဲ့၏။ ၎င်း၏ အဓိကစီးပွားရေးလုပ်ငန်းအများစုမှာ စားသောက်ဆိုင်၊ တည်းခိုခန်းနှင့် ငွေတိုးချေးသည့်လုပ်ငန်းများ ဖြစ်သည်။

ယခင်က ရိုးသားသည့် တောင်ပေါ်ဒေသ လူငယ်လူရွယ်များမှာ နှစ်ကာလအနည်းငယ်အတွင်း မစ္စတာချန်ခိုးပေါင်၏ စီးပွားရေးစားကျက်အတွင်း၌ သားကောင်များအဖြစ်သို့ ကျရောက်သွားကြ၏။ မစ္စတာချန်ခိုးပေါင်၏ အဓိကစီးပွားရေး မဟာဗျူဟာမှာ အလျော်အစားနိယာမ





ပင် ဖြစ်သည်။

အစပိုင်းတွင် အပျော်အပါး၊ အစားအသောက်ရုပ်ဝတ္ထုပစ္စည်းများဖြင့် လိုက်လျောပေးဆပ်ပြီး မိမိ၏စားကျက်အတွင်း ဝင်ရောက်လာစေရန် ဆွဲဆောင်လေ၏။ လူငယ်လူရွယ်အများစုမှာ တဖြည်းဖြည်း ၎င်း၏ပရိယာယ်အတွင်း ရောက်ရှိသည်နှင့် သူ၏အကျိုးစီးပွားအတွက် ထိုလူငယ်များကို အပြည့်အဝ အသုံးချလေ၏။

မစ္စတာချန်ခိုးပေါင်သည် မင်းသားမျက်နှာဖုံးစွပ်ထားပြီး ဘီလူးတစ်ကောင်ဖြစ်မှန်းကို အချိန်အတော်လွန်မှ သိကြရသဖြင့် မည်သို့မှမတတ်နိုင်ဘဲ ဖြစ်ရလေ၏။

ဦးစိုင်းလုံမှာလည်း ထိုသို့ပင် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ဒေါက်တာအဲမိုးမှာ အဘိုးဖြစ်သူအတွက် များစွာစိတ်မကောင်းဖြစ်ရလေ၏။ အကြောင်းမှာ ထိုသို့ဖြစ်ရခြင်းသည် သူမနှင့် အဓိက သက်ဆိုင်နေသောကြောင့် ဖြစ်သည်။

ဆေးတက္ကသိုလ်တက်ရန် ငွေကြေးများစွာလိုအပ်သည့်အချိန်တွင် တောင်ယာလုပ်ကိုင်၍ ရရှိသည့်ငွေကြေးဖြင့် မတတ်နိုင်ဖြစ်နေလေရာ မစ္စတာချန်ခိုးပေါင်က ကန်ကျငွေများကို လိုလိုလားလား စိုက်ထုတ်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က မည်သည့်အကြောင်းနှင့် ထိုသို့စိုက်ထုတ်ပေးသည်ကို သူမ မသိရှိခဲ့ပေ။ မစ္စတာချန်ခိုးပေါင်မှာ မိမိရရှိသည့် အခွင့်အရေးကို တစ်ပါးသူ ဖြင်း၍မရနိုင်လောက်အောင် ချည်ပြီးတုပ်ပြီး တုပ်နှောင်ခဲ့လေ၏။

သူမ ဆရာဝန်ဖြစ်ပြီး မန္တလေးဆေးရုံ၌ တစ်နှစ်မျှတာဝန်ထမ်းဆောင်ပြီးသည့်အချိန်မှ ထိုအဖြစ်ကိုသိရှိရ၏။ သူမ၏အဘိုး ဦးစိုင်းလုံကို ရတနာသိုက်ရှိရာ လူအိုတောင်သို့ လမ်းပြအဖြစ် ပို့ဆောင်ပေးရန် အတင်းအကျပ်တောင်းဆိုတော့၏။

အကယ်၍ ၎င်းဆန္ဒအတိုင်း လိုက်လျောခြင်းမရှိပါက ၎င်းစိုက်ထုတ်ထားသည့် ငွေကြေးများကို မတန်တဆအတိုးဖြင့် ပေးချေရမည်ဟုပြောဆို၏။

မတတ်သာတော့သည့်အဆုံးတွင် ဦးစိုင်းလုံသည် ၎င်းဆန္ဒကိုလိုက်လျောခဲ့ရပြီး လူအိုတောင်ကြီးဆီသို့ ဒုတိယအကြိမ် ရောက်ရှိစဉ်က ရရှိခဲ့သည့် ရှေးဟောင်းကြေးလင်ပန်းများကိုလည်း ပေးအပ်လိုက်ရသည်။

ဦးစိုင်းလုံပြောပြချက်အရ ၎င်းတောင်ကြီးမှာ တရုတ်-မြန်မာနယ်စပ်တစ်လျှောက်ရှိ နက်ရှိုင်းသည့်တောတောင်ကြီးများ ထူထပ်သည့်ဒေသတွင်ဖြစ်လေရာ





လွန်စွာဘေးအန္တရာယ်များပြားသဖြင့် လူအင်အား၊ လက်နက်အင်အားများစွာဖြင့် သွားရောက်မှဖြစ်မည်ကို သိရှိထား၏။

ထိုအခါ သူနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးခင်မင်သည့် စစ်မှုထမ်းဟောင်း အငြိမ်းစားအရာရှိတစ်ဦးဖြစ်သူ စိုင်းဆဲထူးနှင့် တွေ့ဆုံပြီး ဦးစိုင်းလုံထံမှရရှိခဲ့သည့် ကြေးလင်ပန်းကိုပေးအပ်ပြီးနောက် ထိုခရီးစဉ်တွင် အကျိုးတူပူးပေါင်းပါဝင်ရန် စည်းရုံးခဲ့ခြင်းဖြစ်သည်။

မုဆိုးကြီးဦးစိုင်းလုံအပေါ်တွင် မစ္စတာချန်ခိုးပေါင်သည် ခရီးစဉ်၌ မည်သည့်ကိစ္စကိုမဆို သူ့ဘက်တွင်ရှိစေလိုသည်။ သို့သော်လည်း ဦးစိုင်းလုံနှင့် ဒေါက်တာအဲမိုးတို့က သူတို့၏တာဝန်ဝတ္တရားအတိုင်း တိကျစွာဆောင်ရွက်ပြီးသည်နှင့် ကျွန်ုပ်နှင့် စိုင်းဆဲထူးအနီးတွင်သာ ရှိနေသည်ကို ၎င်းက ဦးစိုင်းလုံအပေါ် လွန်စွာဒေါသထွက်လျက်ရှိ၏။

ကျွန်ုပ်သည် မျက်ဝန်းကိုမှေးထားသော်လည်း ကျွန်ုပ်၏အတွေးမျှင်များက အိပ်စက်မရနိုင်လောက်အောင် ထိန်းချုပ်ထားလေ၏။

ကျွန်ုပ်က အိပ်မပျော်သေးသဖြင့် စီးကရက်



www.burmeseclassic.com

www.burmeseclassic.com



သောက်ရန် အိပ်ရာမှထလျက် စီးကရက်တစ်လိပ် ထုတ်ယူလိုက်သည်။ မီးဖိုမှ မီးရှိန်သည် အနည်းငယ်လျော့ကျနေသော်လည်း အနွေးဓာတ်ကို ရရှိနေဆဲဖြစ်သည်။

ထိုစဉ် အသားကျလေ့ကျင့်ထားသည့် ကျွန်ုပ်၏ အသိက ထူးခြားမှုတစ်ခုကို သတိပြုမိလိုက်၍ ကျွန်ုပ်နံဘေးတွင် အသင့်ရှိနေသည့် ပစ္စတိုသေနတ်ကိုဆွဲယူ၍ တဲတံခါးဝဆီသို့ ထိုးချိန်လိုက်ပြီး တစ်ပြိုင်နက် မတ်တတ်ထရပ်လိုက်သည်။

အရိပ်တစ်ခု လျှင်မြန်စွာပျောက်ကွယ်သွားသဖြင့် တံခါးဝအပြင်သို့ ကျွန်ုပ်ထွက်သွားလိုက်သောအခါ ၎င်းအရိပ်မှာ စီတန်းလျက်ရှိနေသော ရွက်ဖျင်တဲများကြားမှ ရိပ်ခနဲပျောက်ကွယ်သွား၏။

ထို့နောက် အနီးဝန်းကျင်ကို လှည့်လည်ကြည့်ရှုပြီး တစ်စုံတစ်ရာထူးခြားမှုမတွေ့သဖြင့် ကျွန်ုပ်လည်း အိပ်ရာဆီသို့ပြန်လာခဲ့၏။

✣ ✣ ✣

# အခန်း ( ၁၄ )

## လူအိုတောင်ကြီး၏ဖိတ်ခေါ်သံ

နောက်တစ်နေ့မနက်ပိုင်းတွင် စိုင်းဆဲထူးနှင့်တွေ့သောအခါ ညက ကျွန်ုပ်ကြုံတွေ့ရသည့်အခြေအနေကို ပြောပြပြီး. . .

"ငါမသက်ာဘူး ဆဲထူး၊ ရွှေခရီးမှာ ငါတို့တစ်ဖွဲ့လုံး သတိဝီရိယကြီးကြီးနဲ့ နေထိုင်မှဖြစ်လိမ့်မယ်"

"ငါလည်း မစ္စတာချန်ရဲ့ အမူအရာတွေကို ခုရက်ပိုင်းမှာ သိပ်မသင်္ကာဘူး၊ သူ့လက်အောက်မှာ တပည့်တပန်းတွေ အများကြီး လိုက်ပါလာတော့ တို့အဖွဲ့အင်အားလောက်ကို အချိန်မရွေး တိုက်ခိုက်နိုင်တယ်လို့ အပိုင်တွက်ထားပုံရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်နိုင်ခြေ အများကြီးရှိတာပေါ့ကွာ၊ သစ်ပ
သစ်ကိုင်းတွေ ကောက်ကွေးနေတာကို မြင်နိုင်ပေမယ့်
လူတစ်ယောက်ရဲ့စိတ်ထဲက မရိုးသားတဲ့စိတ်အကြံတွေ
အလွယ်တကူ ဘယ်မြင်နိုင်မလဲ၊ တို့သတိထားရမှာ
မစ္စတာချန်ဟာ စီးပွားရေးသမားပီပီ အကျိုးအမြတ်
အဓိကထားတဲ့ လူစားမျိုး၊ မင်းတို့ ငါတို့တွေက ကတိသ
နဲ့ ကိုယ်ကျင့်တရားကို အဓိကထားတဲ့သူတွေပဲလေ၊
ရှည်မှာ သစ္စာဖျက်တဲ့လူက သစ္စာရဲ့ဒဏ်ခတ်ခြင်းကို ခံ
ရစမြဲဆိုတာ လောကကြီးရဲ့ နိယာမတစ်ခုပဲလေ"

ကျွန်ုပ်သည် ရှေ့ခရီးစဉ်နှင့်ပတ်သက်၍ စိုင်း
ထူးနှင့် ပြောဆိုဆွေးနွေးနေရင်းက မစ္စတာချန်ခိုးပေါင်
မရိုးဖြောင့်သည့်အမူအကျင့်များကို တွေ့လာရသဖြင့်
အဖို့ မည်သို့နေထိုင်သွားလာရမည်ကို အကွက်ချစီစဉ်
ကြသည်။

အထူးသဖြင့် မုဆိုးကြီးဦးစိုင်းလုံနှင့် သူ၏မြေး
လေး ဒေါက်တာအဲမိုးတို့၏ လုံခြုံမှုရှိစေရေးအတွက်
လည်း ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ကျွန်ုပ်သည် ခရီးသွားလာရင်း စနစ်တကျ ဆေး
ကုသမှုခံခဲ့ရသည့်အတွက် ကျွန်ုပ်၏ဒဏ်ရာများမှာလည်း





ကတိအခြေအနေအတိုင်း ပြန်လည်ကောင်းမွန်လာခဲ့
သဖြင့် စိုင်းဆဲထူးမှာ ကျွန်ုပ်တို့အဖွဲ့သားများအတွက်
လွန်စွာအားရကျေနပ်နေတော့၏။

ကျွန်ုပ်တို့အဖွဲ့သားများသည် သုံးရက်ခန့် မရပ်
မနား ခရီးဆက်ခဲ့ကြသည်။ လမ်းခရီးမှာ လျှိုများ၊ တောင်
ကွမ်းပါးယံများ၊ အောက်ခြေရှုပ်ထွေးသည့် ချုံနွယ်များ
သည်တို့ကို ပင်ပန်းကြီးစွာ ဖြတ်သန်းခဲ့ရသည်။

ဦးစိုင်းလုံက ကျွန်ုပ်တို့သွားရောက်မည့်ခရီးမှာ
လွန်စွာနီးကပ်နေပြီဖြစ်ကြောင်း သတိပေးပြောဆို၏။

ဒေါက်တာအဲမိုးမှာ လွန်စွာမအားမလပ် ဖြစ်နေ
တော့၏။ အကြောင်းကား ကြမ်းတမ်းသည့် လမ်းခရီးတစ်
လျှောက် ပင်ပန်းကြီးစွာ သွားလာခဲ့ရသဖြင့် အဖွဲ့သား
အချို့တွင် ထိခိုက်ဒဏ်ရာရသူများနှင့် အဖျားအနာစွဲကပ်
နေကြ၍ ဖြစ်သည်။

အထူးသဖြင့် အသွားအလာ အနေအထိုင် မဆင်
ခြင်ကြသော မစ္စတာချန်ခိုးပေါင်၏ လက်အောက်အဖွဲ့
သားအချို့ ဖြစ်သည်။

ကျွန်ုပ်တို့စခန်းချရာ ချောင်းကြီး၏ဘေး အနောက်
ဘက်တစ်လျှောက်တွင် မီးခိုးတလူလူနှင့် လှုပ်လှုပ်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



လူတစ်စုကို တွေ့လိုက်ရသည်။ မိုးကာတဲများမှာ တော နံရံတစ်လျှောက်တွင် စီတန်းကာထိုးလျက်လည်းကော ချက်ရေးပြုတ်ရေးတာဝန် စီစဉ်နေသည့် အိုးကြီးအိုး များနှင့် ဥစ္စာသိုက်ရှာဖွေနေကြသည့် ကျွန်ုပ်တို့အဖွဲ့ လှုပ်ရှားမှုများပင် ဖြစ်သည်။

အရှေ့နှင့် အနောက်ဘက်ကမ်း အကွာအဝေး ကို (၂၀၀) ခန့်အကျယ်ရှိသည့် ချောင်းကြီးတစ်လျှောက်မှ လည်း ရေတံခွန်ကြီးများက အောက်သို့ကျဆင်းလျက် ပြ ထန်သောအဟုန်ဖြင့် ဂဲဂယက်ကြီးများထအောင် စီးဆ နေလေ၏။

ချောင်းဟိုဘက်ကမ်း ဒီဘက်ကမ်းတစ်လျှောက် သဘာဝအတိုင်း ကူးသန်းဆက်စပ်ကာ ခြေသလုံးခ လက်ကောက်ဝတ်ခန့် ရိုးနွယ်ကြိမ်နွယ်ကြီးများကလည်း ရှုပ်ယှက်ခတ်ကာ မှိုတွယ်ပေါက်ရောက်နေ၏။ ရေဝမ်း တင်ကျိုးမောက်၊ ဒင် စသည့် ရေငှက်မျိုးစုံတို့မှာ မ စောက်သော ကမ်းခြေတစ်လျှောက်တွင် လူးလာတုံ့ပြ ပျော်မြူးကူးသန်းနေကြသည်။

အရှေ့အနောက် တောင်မြောက်စသည့် အရပ် လေးမျက်နှာကို မျှော်၍ကြည့်လိုက်ပါက တောင်ခိုးဝေ





တက်ဝယ် ဆီးနှင်းများဖုံးလွှမ်းနေသည့် ဆိတ်ငြိမ်စွာ အိပ် မောကျနေသည့် လူတစ်ယောက်ပမာ ရှုမျှော်မဆုံးအောင် တောင်တန်းကြီးတွေ ရစ်ကာပတ်ဝိုင်းလျက် ရှိနေလေ၏။ ထိုအရာများသည် လှိုင်ခမ်းကျင်တောင်တန်းအတွင်းကျ ကျမှတစ်ဆင့် ရှစ်မိုင်မျှ ရွှေ့ပြောင်းခဲ့ကြသည့် ကျွန်ုပ်တို့၏ အခြေခံဒုတိယစခန်း၏ မြင်ကွင်းပင် ဖြစ်လေတော့၏။

ကျွန်ုပ်တို့အဖွဲ့သားများသည် ထိုစခန်းတွင် နှစ် ရက်ကြာမျှ စခန်းချရပ်နားပြီး ရှေ့ခရီးစဉ်အတွက် ကြိုတင် ပြင်ဆင်ခဲ့ကြသည့် သုံးရက်မြောက်နေ့ နံနက်လင်းသည် နှင့် ကျွန်ုပ်က ဆက်လက်ခရီးဆက်ရန် အဖွဲ့သားများအား လုံးကို အရေးတကြီး ပြင်ဆင်ခိုင်းလိုက်သည်။ ထိုအခါ အဖွဲ့သားများမှာ မိုးကာတဲများကို ချက်ချင်းဖြုတ်ကာ ထုပ် ပိုးခြင်း၊ ရိက္ခာနှင့်ပစ္စည်းများကို လားများပေါ်သို့ စနစ် တကျတင်ဆောင်ခြင်း၊ ဒဏ်ရာရရှိသူများနှင့် အပြင်း ဖျား နာနေသော အဖွဲ့သားနှစ်ဦးကို တင်စရာပစ္စည်းမရှိဘဲ တွဲယူလာခဲ့ရသည့် လားလေးကောင်ပေါ်တွင် ပုခက်များ ဖြင့်တုပ်နှောင်၍ တင်ဆောင်လိုက်ကြသည်။

ကျွန်ုပ်သည် ရှေ့ဆုံးမှနေ၍ မြေပုံကြမ်းတစ်ချပ်ကို ကြည့်ကာ အနောက်တောင်ဘက်သို့ (၄၅) ဒီဂရီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ချီတက်ခဲ့ရာ မကြာမီ လူသွားလမ်းကလေးသို့ ရောက်
လာ၏။ ထို့နောက် ပေ (၃၀) ခန့် ကျယ်ဝန်းသော ချော
ရိုးအတိုင်း ဆက်လက်ချီတက်ခဲ့ရာ နှစ်မိုင်မျှ ခရီးရော
ခဲ့သည်တွင် ညီညာပြောင့်တန်းနေသော ကျောက်လ
ကျယ်ကြီးတစ်လမ်းကို တွေ့လိုက်ရသည်။ ထိုလမ်းကျ
ကြီးအတွင်း မြောက်စူးစူးသို့ ချီတက်ခဲ့၏။ လမ်းမကြီး
ဘေးတစ်ဖက်တစ်ချက်တွင် တောင်တန်းကြီးများ ကာ
ထားလေ၏။

ကျောက်လမ်းကြီးအဆုံးသို့ ရောက်သောအခါ
ခန်းနေသော ချောင်းတစ်ခုကို တွေ့ရပြန်၏။ ၎င်းချော
ကိုရောက်သည်နှင့် ဦးစိုင်းလုံမှာ များစွာတက်ကြွရွှင်လ
လျက် ကျွန်ုပ်တို့ခရီးမှာ မကြာမီရောက်ရှိတော့မည်
ပြောဆိုလေ၏။

ကျွန်ုပ်တို့အဖွဲ့သည် ရပ်နားခြင်းမပြုတော့ဘဲ
ချောင်းအတွင်းသို့ဖြတ်၍ဆင်းခဲ့ပြီး အထက်သို့ (၈)
ခွဲခန့် ချီတက်ခဲ့ရာ ချောင်းရိုးဆုံးသည်တွင် ပေ (၅၀၀)
ခန့်မြင့်သော ကျောက်တောင်တစ်ခုကို ပင်ပန်းကြီးစွာ
တက်ခဲ့ပြီးသည်တွင် . . .

ဒုက္ခအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးခံခဲ့ကြသည်





ျွန်ုပ်တို့အဖွဲ့သားအားလုံးအဖို့ တောင်ထိပ်မှ နှစ်မိုင်ခန့်
တွင်း၀ယ် တစ်လုံးချင်း ထီးထီးတည်ရှိနေသည့် လွန်စွာ
းဆန်းဖွယ်တောင်တစ်လုံးကို တွေ့မြင်ရတော့၏။

ကျွန်ုပ်တို့အဖွဲ့ဝင်များအားလုံးအဖို့ တစ်သက်တွင်
တစ်ခါမှမတွေ့ဖူးသည့် ထူးခြားဆန်းကြယ်လှသည့်
တောင်ကြီးကို ငေးကြည့်ကာ မည်သူမျှ စကားတစ်ခွန်းမျှ
မပြောနိုင်လောက်အောင် အံ့သြနေကြ၏။

တောင်ကြီး၏ပုံသဏ္ဌာန်မှာ ကြည့်နေလျက်က
ဖြည်းဖြည်း ရုပ်လုံးပေါ်လာသကဲ့သို့ ထင်ရှားလာ၏။
ိုမင်းရင့်ရော်နေသည့် အဘိုးအိုတစ်ဦး၏ ဦးခေါင်း
သဏ္ဌာန်ကဲ့သို့ ရှိနေပြီး ပါးစပ်နေရာတွင် ပါးစပ်၊ နှာခေါင်း
နေရာတွင် နှာခေါင်း၊ မျက်လုံးနေရာတွင် မျက်လုံး စသဖြင့်
ူနေရာနှင့်သူ ပီပြင်စွာရှိနေပြီး ပါးစပ်ကြီးကလည်း အမြဲ
ဟလျက်ရှိနေလေရာ မြင်ကွင်းမှာ တစ်စုံတစ်ရာကို
မျှော်လင့်နေသကဲ့သို့ ထင်မှတ်နေရတော့၏။

ထိုတောင်ကြီးကိုကြည့်နေလျက်က အားလုံး၏
စိတ်ခံစားမှုများမှာ မိမိတို့အား ထိုနေရာသို့ ဖိတ်ခေါ်နေ
သကဲ့သို့ သွားရောက်လိုသည့် စိတ်ဆန္ဒများ ဖြစ်ပေါ်နေ
တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မှန်ပြောင်းကိုထုတ်ကာ ၎င်းလူအို တောင်ကြီးကို အားရပါးရလေ့လာကြည့်ရှုလိုက်ပြီး . . .

"မြင်ကွင်းမှာတော့ ကြောက်စရာသတ္တဝါ မတွေ့ရဘူး၊ ငှက်အုပ်တချို့ ပျံသန်းနေတာကိုပဲ တွေ့ရတယ်"

ဟုပြောလိုက်ပြီး မစ္စတာချန်ခိုးပေါင်နှင့် အဖွဲ့သားများသည် အားလုံးကို အကဲခတ်ကြည့်ရှုလိုက်၏။ ကျွန်ုပ်က အချိန်တုံ့ဆိုင်းမနေတော့ဘဲ . . .

"ကဲ . . . ဘယ်လိုလဲ . . . ရှေးအစဉ်အဆက်က ဒဏ္ဍာရီပုံပြင်လို့ လူတွေပြောဆိုနေကြတဲ့ လူအိုတောင်ကြီး တချို့ကတော့ မိစ္ဆာတောင်ကြီးလို့ ပြောခဲ့ကြတဲ့ တောင်ကြီးကို ကျုပ်တို့ ရောက်ရှိခဲ့ကြပြီ၊ ဒါဟာ အိပ်မက်မဟုတ်ဘူး၊ ကျုပ်တို့ မဆုတ်မနစ် ဇွဲရှိရှိနဲ့ရှာဖွေခဲ့ကြလို့ ရောက်ရှိလာကြတာဖြစ်တယ်"

ဟုပြောလိုက်ပြီး မစ္စတာချန်ခိုးပေါင်ကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး သူ၏ဆန္ဒကို မေးလိုက်၏။

မစ္စတာချန်ခိုးပေါင်က လက်ဝါးနှစ်ဖက်ကို အားရပါးရ ဆုပ်ခြေလိုက်ပြီး . . .

"အို . . . ရွှေငွေလာရှာတာ ဒီလောက်ဒုက္ခခံပြီး ရောက်လာပြီးမှ ဘာကြောက်စရာရှိရှိ၊ ဘယ်လိုအန္တရာယ်တွေ တွေ့တွေ့ ကျွန်တော် အရောက်သွားမယ်"

ဟု ခပ်တင်းတင်းပြောလေရာ ၎င်း၏တပည့်တွေကလည်း သူ့ဆရာလေသံအတိုင်း တရုတ်ဘာသာနှင့် သဘောတူကြောင်း ပြောကြလေ၏။

ထိုအခါ ကျွန်ုပ်က ကျွန်ုပ်၏ဆန္ဒအတိုင်း ပြတ်သားစွာ ပြောဆိုလိုက်၏။

"ခင်ဗျားတို့အားလုံးကို ခုကတည်းက ကျုပ်သတိပေးလိုက်မယ်၊ ကျုပ်တို့ဟာ ဘဝတူရဲဘော်ရဲဘက်တွေဖြစ်လို့ ဘယ်လိုဒုက္ခအကျပ်အတည်းနဲ့ဖြစ်စေ၊ နှစ်သက်စရာ ရွှေငွေရတနာတွေကို အကြောင်းပြုလို့ဖြစ်စေ သစ္စာမပျက်ကြဖို့၊ သစ္စာမဖောက်မိကြဖို့ သာအတူ နာအတူ ရဲဘော်ရဲဘက်စိတ်နဲ့ ဘယ်လောက်အန္တရာယ်ကြီးကြီး၊ ဘေးဥပါဒ်တွေ့တွေ့ အသက်နဲ့လဲပြီး ကာကွယ်ကြရမယ်၊ သစ္စာဖောက်ခဲ့ရင်တော့ ခင်ဗျားတို့ကံကြမ္မာအတိုင်း ခံကြပေတော့ . . . ဘယ်လိုလဲ မစ္စတာချန်"

ကျွန်ုပ်က မစ္စတာချန်ခိုးပေါင်အနီး တိုးကပ်၍မေးလိုက်ရာ သူက မျက်လုံးလေး ပေကလပ်ပေကလပ်နှင့် . . .

"အား . . . ဟုတ်ပါတယ်၊ ကောင်းပါတယ်၊ ကျွန်







www.burmeseclassic.com

www.burmeseclassic.com



တော့်ဆန္ဒကလည်း အဲဒီသဘောပါပဲ”

ဟု ထစ်ထစ်ငေါ့ငေါ့ ဝန်ခံပြောဆို၏။

ထို့နောက် ကျွန်ုပ်ကဦးဆောင်၍ ရှေ့ဆုံးမှချီတက်လိုက်ရာ မစ္စတာချန်ခိုးပေါင်ကလည်း သူ့တပည့်သားတွေကို လက်ဝှေ့ယမ်းကာ လှုံ့ဆော်ရင်း တရုတ်ဘာသာနှင့် . . .

“တို့ချမ်းသာတော့မယ်ဟေ့၊ ဘာလို့နှေးနေကြတာလဲ . . . မြန်မြန်တက်ကြစမ်း”

ဟု ရယ်မောရင်း အမိန့်ပေးလိုက်လေ၏။

ကျွန်ုပ်တို့လူစုသည် လူအိုတောင်ကြီးဆီသို့ အလျင်အမြန် ခရီးဆက်ကြရာ တစ်မိုင်ကျော်ကျော်ခန့် လွန်ခဲ့သည်တွင် ပကတိကျောက်ဖျာများဖြင့် သဘာဝအတိုင်းဖြစ်ပေါ်နေသော လူအိုတောင်ကြီးခြေရင်းသို့ ဆိုက်ရောက်မိကြ၏။ တောင်ခြေရင်းသို့ ချဉ်းကပ်မိသည်နှင့် ထူးခြားသည့်အတွေ့အထိကို ခံစားလိုက်ရ၏။ ကျောထဲရင်ထဲက စိမ့်လာသကဲ့သို့ အေးမြသည့်အအေးဒဏ်ကို ခံစားလိုက်ရခြင်းဖြစ်သည်။

တောင်ခြေသို့ချဉ်းကပ်လာမိသောအခါ ကျွန်ုပ်သည် မြေပြင်နှင့် တောင်နံရံကျောက်သားများကို တူ





ကလေးတစ်ချောင်းနှင့် တီးခေါက်၍လည်းကောင်း၊ စမ်းရေကြည်များအတွင်း၌ သံဝါဩြောင့်ရှင်များကို နှိုက်၍လည်းကောင်း စမ်းသပ်လေ့လာကြည့်ရှုလိုက်သည်။

ကျွန်ုပ်သည် ညကြည့်ဒိုင်ခွက်နှင့် လက်ပတ်နာရီကို ငုံ့၍ကြည့်လိုက်ရာ အချိန်မှာ ညနေခြောက်နာရီခွဲနေပြီဖြစ်၍ မနက်ဖြန်နံနက်မှစ၍ မြင်မြင်ထင်ထင်နှင့် စိတ်ချလက်ချဝင်ရောက်ကြရန် အဖွဲ့သားများကို အမိန့်ပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

### လူအိုတောင်ကြီးအတွင်းကအန္တရာယ်

ထိုညက ကျွန်ုပ်တို့အဖွဲ့သားများသည် နောက်တစ်နေ့နံနက်တွင် လူအိုတောင်ကြီးအတွင်းသို့ ဝင်ရောက်ရမည်ဖြစ်၍ စိတ်အားထက်သန်စွာဖြင့် စခန်းချရပ်နားမှု ကြလေ၏။ သို့သော်လည်း ကြမ်းတမ်းခက်ခဲသည့်ခရီးကို အပြင်းချီတက်ခဲ့ရသဖြင့် ပင်ပန်းနွမ်းနယ်နေကြလေရာ ၎င်းတို့အိပ်ရာမှနိုးထသည့်အခါ အတော်အတန် နေမြင့်နေပြီဖြစ်၏။

လွန်စွာအလေးထားရမည့်အချိန် ရောက်ရှိနေသောကြောင့် ကျွန်ုပ်နှင့် စိုင်းဆဲထူးမှာ ဝီရိယထားလျက် နံနက်လင်း အရုဏ်မတိုင်မီ အိပ်ရာမှထခဲ့ကြ၏။





ကျွန်ုပ်တို့ထက် ဝီရိယကောင်းလှသူမှာ ဒေါက်တာအဲမိုး ဖြစ်သည်။ သူမသည် ကျွန်ုပ်တို့ အိပ်ပျော်နေသည်ကို အနှောင့်အယှက်မပေးလိုသဖြင့် သူမ၏အဘိုး ဦးစိုင်းလုံကို အဖော်ပြုလျက် အဖျားဝေဒနာ စွဲကပ်ခံစားနေရသည့်လူနာများကို ဆေးဝါးကုသရန် ထွက်ခွာသွားလေ၏။

စိုင်းဆဲထူး၏အမူအရာမှာ များစွာထူးခြားနေ၏။ သူသည် ကိုယ်လက်သန့်စင်ပြီး ကျွန်ုပ်နှင့်အတူ ကော်ဖီသောက်နေလျက်က တစ်စုံတစ်ရာကို လေးနက်စွာ တွေးတောနေလေ၏။ ကျွန်ုပ်မေးမြန်းခြင်းမပြုခင်မှာပဲ သူက ဖွင့်ဟပြောပြလေရာ သူ၏ စကားများကို ကြားရပြီးနောက် ကျွန်ုပ်အဖို့ များစွာအံ့ဩသွားတော့သည်။

“တကယ်ပဲ သူငယ်ချင်း . . . ဒီလိုအိပ်မက်မျိုး တစ်ခါမှ ငါမမက်ခဲ့ဖူးဘူး၊ အတော့်ကိုထူးခြားတယ်၊ အနီးစပ်ဆုံးဥပမာပြောရရင် မင်းကို ငါပြောပြခဲ့ဖူးတဲ့ ငါ သုံးနှစ်သားအရွယ်လောက်တုန်းက ငါ့အဖေက ငါ့ညာဘက်ရင်အုံမှာ ဆေးမင်ထိုးပေးတဲ့အခါမှာ ငါ့အာရုံခံစားမှုတွေထဲမှာ ကြားနေရတဲ့အသံမျိုးတွေ ကြားနေရတယ်၊ အဲဒီအသံတွေရဲ့ အဓိပ္ပာယ်ကို ခွဲခြားမသိနိုင်ပေမယ့် သေချာတာက အခက်အခဲအကျပ်အတည်းအတွင်းက လွတ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်တော့မှာဖြစ်လို့ ပျော်ရွှင်နေကြတဲ့အသံတွေ၊ သူတို့ လက်နက်ကိရိယာတွေ တစ်ခုနဲ့တစ်ခု ထိခတ်တဲ့အသံ မျိုးတွေ ကြားနေရတယ်၊ အားလုံးကိုခြုံပြီးတွေးယူရရင် တစ်နေရာကို အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းဖို့ အသင့် ပြင်ဆင်နေတဲ့ အသံမျိုးတွေ . . .”

ခရီးစဉ်တစ်လျှောက်တွင် စိုင်းဆဲထူးသည် ထိုသို့ သောအိပ်မက်မျိုး မြင်မက်ခြင်းမရှိခဲ့ချေ။ ကျွန်ုပ်တို့နှစ်ဦး သာလျှင် သိနားလည်ထားသည့် အကြောင်းတရားများ အပေါ် သုံးသပ်တွေးတောပါက ထိုအိပ်မက်သည် ထူးခြား သော နိမိတ်ပြသင်္ကေတဟု ယူဆရမည်ဖြစ်သည်။

ကျွန်ုပ်နှင့် စိုင်းဆဲထူးသည် ဖြစ်နိုင်ခြေရှိမည့် အယူအဆများကို ဆွေးနွေးပြောဆိုနေရင်းမှာပဲ အခန်း အတွင်း၌ လွန်စွာထူးခြားသည့်အကြောင်းတစ်ခုနှင့် ရင်ဆိုင်ရလေ၏။

“ဗိုလ်ကြီး . . ဗိုလ်ကြီး . . မစ္စတာချန်နဲ့ သူ့တပည့် တွေ ဘယ်ရယ်လို့မသိရဘဲ ထွက်သွားကြတယ်၊ ကျုပ်နဲ့ မြေးလေးအဲမိုးကိုတွေ့တာတောင် ဘယ်သွားမယ်လို့ ပြော ဖော်မရဘူး၊ သူတို့ကြည့်ရတာ သိပ်အရေးကြီးနေတဲ့ ပုံပဲ”

ဦးစိုင်းလုံက ကျွန်ုပ်တို့ရှိရာ ရွက်ဖျင်တဲအတွင်း





ဝင်ရောက်ပြီး အလောတကြီးပြောလေ၏။ သူ၏နောက် တွင် ဒေါက်တာအဲမိုးက ဆေးလွယ်အိတ်ကို လွယ်လျက်ရှိ နေ၏။

အချိန်မဆိုင်းဘဲ စခန်းတစ်ခုလုံးကို ကြည့်ရှုသော အခါ ဖျားနာနေသူများနှင့် လားစောင့်တရုတ်လေးငါးဦး သာ ကျန်ရစ်ခဲ့ကြောင်း တွေ့ရ၏။ ကျွန်ုပ်က တောင်ကြီး၏ ပါးစပ်ပေါက်နှင့် သဏ္ဌာန်တူသည့် လိုဏ်ခေါင်းဆီသို့ ကြည့်လိုက်ပြီး . . .

“ဆဲထူးရေ . . . ဒီကောင်ကြီး သိပ်ခြေများလာပြီ ဟေ့၊ တို့အဖွဲ့တွေ တစ်ခုခုစီစဉ်ထားမှ ဖြစ်လိမ့်မယ်”

ဟု ပြောဆိုလိုက်ရာ ဆဲထူးကလည်း . . .

“ငါလည်း ဒီကိစ္စကို ကြုံပြီးစဉ်းစားပြီးပါပြီ၊ ဒီကောင်ကြီးက နောက်ပိုင်း ပြောင်းပြောင်းတင်းတင်း အမူ အရာပျက်လာတယ်၊ ညကို ကင်းမပြတ်ချထားဖို့ ငါစီစဉ် ထားလိုက်မယ်”

ဟုပြောဆိုလျက် သူ၏အဖွဲ့သားများဆီသို့ ထွက် ခွာသွားလေ၏။

ဤခရီးထွက်ခွာရန် အကျိုးတူပူးပေါင်းစဉ်က မစ္စတာချန်ပူးပေါင်းသည် အပြောလွယ်လွယ်ဖြင့် မတန်



www.burmeseclassic.com

www.burmeseclassic.com



မရာ ကတိစကားများကို ဖောဖောသီသီ သုံးစွဲပြောဆိုခဲ့သော်လည်း ယခု အကျိုးအမြတ် အမှန်တကယ်ရရှိတော့မည့်အနေအထားကို ရောက်ရှိသည်နှင့် သူသည် သူ၏အတ္တအကျိုးစီးပွားကိုသာ ရှေးရှုသူဖြစ်ကြောင်း ကိုယ်တွေ့သိရတော့၏။ ထိုစဉ်က ကျွန်ုပ်အနေဖြင့် ချည်ပြီးတုပ်ပြီးဆောင်ရွက်ခြင်းမပြုခဲ့ပါက သူသည် ဘယ်လောက်များထင်ရာစိုင်းပြီး လုပ်ကိုင်လေမလဲ။

ကျွန်ုပ်တို့အဖွဲ့သားများမှာ လူအိုတောင်ကြီး၏အောက်နှင့် မနီးမဝေးတွင် စခန်းချရပ်နားနေကြသဖြင့်ဧင်းတောင်ဆီသို့ ခရီးဆက်ပါက အချိန်အနည်းငယ်မျှသာ ကြာမြင့်မည်ဖြစ်သည်။

လက်နက်ခဲယမ်းအပြည့်အစုံဖြင့် စခန်းမှထွက်ခွာ၍ လူအိုတောင်ကြီး၏ ပါးစပ်သဏ္ဌာန် လိုဏ်အပေါ်သို့အရောက်တွင် အရေးတကြီးအမူအရာဖြင့် ပြေးထွက်လာသော မစ္စတာချန်ခိုးပေါင်နှင့် ဧင်း၏ တရုတ်အဖွဲ့ဝင်များကို တွေ့လိုက်ရ၏။ သူတို့သည် နောက်ပိုင်းကိုလှည့်ကြည့်လှည့်ကြည့်ဖြင့် အန္တရာယ်တစ်စုံတစ်ခုက သူတို့နောက်မှလိုက်ပါနေသကဲ့သို့ စိုးရိမ်ထိတ်လန့်နေကြ၏။

"ဗိုလ်ကြီး . . . ဒီတရုတ်ဟာ သူညီဝမ်ခိုးပေါ်





အတိုင်းပဲ . . . အားကြီးလောဘကြီးတယ်၊ သူ့ကို ကောင်းကောင်းသတိထားရလိမ့်မယ်၊ နို့မဟုတ်ရင် သူ့ကြောင့်ကျန်တဲ့လူတွေ ဒုက္ခရောက်ကုန်လိမ့်မယ်"

မုဆိုးကြီးဦးစိုင်းလုံက ကျွန်ုပ်အနီးသို့တိုးကပ်ရင်းသတိပေးပြောလိုက်ခြင်းဖြစ်သည်။

ကျွန်ုပ်တို့အဖွဲ့နှင့် တွေ့ဆုံသည့်အခါ သူသည်ရုတ်တရက် အံ့အားသင့်သွားပြီးမှ ပြုံးရွှင်သောမျက်နှာဖြင့်. . .

"ကျွန်တော်က ဒေါက်တာတို့အဖွဲ့ လွယ်လွယ်ကူကူ လိုက်ပါလို့ရအောင် ဘယ်လိုလမ်းကိုရွေးချယ်ရမလဲဆိုတာ လျှောက်ပြီးလေ့လာကြည့်တဲ့သဘောပါ"

ဟုပြောပြီး သူတို့ မည်သို့ရင်ဆိုင်ခဲ့ရပုံကိုလည်းရှင်းပြလေရာ ဦးစိုင်းလုံမှာ ကျွန်ုပ်ကို အထိတ်တလန့်ကြည့်လေ၏။

လေယာဉ်ပျံကြီးတစ်စီး ကပ်ပြီးထိုးဆင်းသလို ရှိခနဲအသံကြီး ထွက်ပေါ်လာပြီး တောင်ပေါ်က ကျောက်ခဲတွေ ကျဆင်းလာသဖြင့် သူတို့အဖွဲ့လည်း လန့်ပြီးထွက်ပြေးခဲ့ကြောင်း၊ အနီးတစ်ဝိုက်ရှိ မြေကြီးပေါ်တွင် လေးလံခန့်ကျယ်သည့် စွပ်ကြောင်းရာကြီးကို တွေ့ရကြောင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ဒီမှာ မစ္စတာချန် . . . အခု ကျုပ်တို့ရောက်နေ တဲ့နေရာဟာ ဆယ်စုနှစ်တစ်စုမှာ လူတစ်ယောက်ရောက် ဖို့ ခဲယဉ်းတယ်၊ ဒီဒေသရဲ့ ရေမြေတွေပေါ်မှာ ကျုပ်တို့ ခြေရာတွေကလွဲပြီး ဘယ်လိုလူတစ်ဦးတစ်ယောက်ရဲ့ ခြေ ရာမှ မတွေ့ရဘူး၊ လောဘတိုက်ပြီး ခင်ဗျားထင်ရာစွတ် သွားရင် တစ်ချိန်ချိန်မှာ အန္တရာယ်ကြီးတစ်ခုနဲ့ ရင်ဆိုင် တွေ့ရမှာ သေချာတယ်၊ ဒီတောင်ကြီးရဲ့ အခြေအနေ သဘာဝကို ခင်ဗျားလည်း သိသင့်သလောက် သိထားပြီ သားပါ၊ ဒီလိုနေရာမျိုးမှာ ကျုပ်တို့အချင်းချင်း အစုလိုက် အပြုံလိုက်နေနိုင်မှ စိတ်ချရတယ်ဆိုတဲ့အဆင့်ပဲရှိတယ်၊ မမျှော်လင့်တဲ့အန္တရာယ်တွေရှိနေတယ်ဆိုတာ မစ္စတာချန် ကောင်းကောင်းသတိပြုပါ"

ကျွန်ုပ်က ခပ်တင်းတင်းပြောဆိုလိုက်လေရာ သူ သည် ခေါင်းတညိတ်ညိတ် လည်တခါခါဖြင့် တောင်းပန် ရင်း သူ၏အမှားကို ဝန်ခံလိုက်ပြန်၏။

"ကောင်းပြီမစ္စတာချန် . . အဖွဲ့ခေါင်းဆောင်တစ် ဦးဖြစ်တဲ့ ကျုပ်အနေနဲ့ အခုဆုံးဖြတ်တဲ့အတိုင်းလိုက်နာပါ"

ဟုပြောပြီး ကျွန်ုပ်သည် အဖွဲ့သားများအားလုံး





ပြားအောင် လေသံကိုမြှင့်၍ အမိန့်ပေးလိုက်လေ၏။

"ကျုပ်တို့အဖွဲ့တွေ ဒီတောင်ကြီးရဲ့ လိုဏ်ခေါင်း ဝကို အရောက်ချီတက်ကြမယ်၊ ညကို အဲဒီမှာစခန်းချ ပြီး ခင်ဗျားတို့အားလုံး ကောင်းကောင်းအနားယူကြပါ၊ နောက်တစ်နေ့ မနက်လင်းတာနဲ့ လိုဏ်ခေါင်းအတွင်း ဝင်ရောက်ကြမယ်၊ ဘေးအန္တရာယ် ကြုံတွေ့တဲ့အခါမှာ ရင်ဆိုင်ဖို့ဆိုတာ ခွန်အားပြည့်ဝနေဖို့လိုတယ်၊ ဆန္ဒ စောပြီး ထင်ရာမစိုင်းကြပါနဲ့"

ကျွန်ုပ်၏အမိန့်ကို အားလုံးက လက်ခံသဘောတူ ကြောင်း တုံ့ပြန်ရရှိသဖြင့် ကျွန်ုပ်ကဦးဆောင်၍ ရှေ့ခရီးကို ဆက်လက်ချီတက်ရာ ညနေစောင်းမတိုင်မီအချိန်တွင် ရင်းတောင်ကြီး၏ လိုဏ်ခေါင်းဝသို့ ရောက်ရှိကြလေ၏။

ကျွန်ုပ်က အစစအရာရာအထိ ဝီရိယရှိကြစေဖို့ သတိပေးပြောကြားပြီးနောက် အိပ်ရာမဝင်ခင်အချိန်တွင် ဦးစိုင်းလုံနှင့် စကားများစွာ ပြောဆိုဆွေးနွေး၏။ လွန်ခဲ့ သည့်ဆယ်စုနှစ်နှင့် နှစ်စုကျော်ကာလက တရုတ်ကုန် သည်တစ်ဦးနှင့် ရောက်ရှိခဲ့စဉ်က ရင်ဆိုင်ကြုံတွေ့ရပုံ များကို မေးမြန်းခြင်းဖြစ်သည်။

ထိုညမှာပင် ကျွန်ုပ်တို့အဖို့ အန္တရာယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို ကြိုတင်ရရှိလိုက်ကြသည်။

ကျွန်ုပ်သည် ခပ်စောစောအိပ်ရာဝင်ပြီး ညသ နာရီခွဲအချိန်တွင် အိပ်ရာမှထလျက် စိုင်းဆဲထူးနှင့်အ ဂူဝဘက်သို့ မျက်နှာလှည့်လျက် ကင်းစောင့်နေစဉ်အ တွင် ဖြစ်သည်။ ဆိတ်ငြိမ်သော ဝန်းကျင်တစ်ခွင် နှင်းကျသံများနှင့် တစ်ချီတစ်ချီတွင် လေပြင်းတိုက်ခတ် များက ညဥ့်ယံကို လွှမ်းမိုးထား၏။

မီးအရှိန်လျော့ကျနေသည့် မီးဖိုအတွင်းသို့ ထ များထည့်ပြီး မီးအရှိန်မြှင့်တင်လိုက်၏။ မီးဖိုမှ တဖျစ် မီးလောင်ကျွမ်းသံများကြားတွင် သိသာထင်ရှားစွာ ကြ လိုက်ရသည့် ရှိုးခနဲအသံကြီးကို ·သတိပြုမိလိုက်၏။

ဂှင်းအသံကြီးများ သုံးလေးခွန်းဆင့်ကာ ထွ ပေါ်လာသည်တွင် ဘေးမှ ပတ်ပတ်လည်ကာရံ စခန်းချထားသည့် အတွင်းမှ လားများသည် ကြောက်လ တုန်လှုပ်စွာဖြင့် တရုန်းရုန်းဖြစ်သွားလေ၏။ ထိုအ စခန်းရှိလူအားလုံးသည် အထိတ်တလန့်ဖြစ်သွားကြ လက်နက်များဆွဲကိုင်၍ မတွေ့မမြင်ရသည့် ရန်သူအ ကြီးကို ရင်ဆိုင်တိုက်ခိုက်ရန် အသင့်ပြင်လိုက်ကြသည်

ထိုအသံကြီးထွက်ပေါ်လာသည်မှာ ဂူအတွင်းပိုင်





ဆိမှ ဖြစ်သည်။ ဦးစိုင်းလုံက ကျွန်ုပ်အနီးသို့ တိုးကပ်လာ ပြီး . . .

"ဗိုလ်ကြီး သတိထားပါ၊ ကျုပ်မိတ်ဆွေနှစ်ဦးနဲ့ မစ္စတာ ချန့်ခိုးပေါင်ရဲ့ညီ ဝမ်ခိုးပေါင်တို့ ရင်ဆိုင်ခဲ့ရတာ ဒီမမြင်ရတဲ့ သတ္တဝါကြီးပဲ"

ဟုပြောပြီး ကျွန်ုပ်နှင့်အတူ လက်နက်ကို အသင့် ကိုင်တွယ်ထားလေ၏။

ကျွန်ုပ်လည်း (၅၀၀) ဘို့ နှစ်လုံးပြူးရိုင်ဖယ်ကြီးကို ကျည်ဆံအမာကြီးများထည့်ကာ အသံထွက်ပေါ်လာရာ လိုဏ်ဂူအတွင်းဆီသို့ ချိန်ရွယ်ထားလိုက်၏။ တစ်ဆက် တည်းပင် အဖွဲ့သားများအားလုံးကို နေရာအသင့်ယူထား ခိုင်းလိုက်ပြီး မည်သူမျှအရဲစွန့်၍ ရှေ့သို့ တိုးတိုးမလာစေ ရန် အမိန့်ပေးလိုက်၏။

မစ္စတာချန့်ခိုးပေါင်မှာ ရိုင်ဖယ်သေနတ်ကို ကိုင် လျက် ကုပ်ချောင်းချောင်းဖြင့် ကျွန်ုပ်အနီးသို့ တိုးကပ် ရောက်ရှိလာ၏။ သူသည် မျက်နှာငယ်လေးနှင့် မျက်လုံး ပေကလပ်ပေကလပ်ဖြင့် များစွာကြောက်ရွံ့နေတော့၏။

ထိုညအဖို့ ကျွန်ုပ်တို့အားလုံး ကံကောင်းသည်ဟု ပြောရမည်ဖြစ်၏။ ထိုကြောက်မက်ဖွယ်ရာ အသံကြီးမှာ

www.burmeseclassic.com



အချိန်တစ်ခဏအတွင်း တဖြည်းဖြည်းပျောက်ကွယ်သွား လေ၏။ ထိုညအဖို့ စခန်းရှိလူအားလုံး အိပ်မပျော်နိုင်ကြဘဲ မိမိတို့ထင်ရာမြင်ရာကို စမ်းတဝါးဝါးပြောဆိုနေကြ၏။

"မကောင်းဆိုးဝါးကောင်ကြီး ဖြစ်မယ်၊ အားကြီး ကြောက်စရာကောင်းတယ်"

"ဒါကြောင့် ဒီတောင်ကြီးကို ကြားဖူးတဲ့လူတိုင်းက မိစ္ဆာတောင်ကြီးလို့ပြောတာပေါ့"

"နတ်ကြီးတယ်လို့ပြောတာ မှန်နေပြီဟေ့၊ တို့တွေ လာတာကိုမကြိုက်လို့ အသံနဲ့မောင်းထုတ်တာဖြစ်မယ်"

ဦးစိုင်းလုံက သူရောက်ရှိခဲ့စဉ်ကလည်း ထိုအသံကြီးကို ကြားခဲ့ရကြောင်း၊ ယခုနှစ်ကာလများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ထိုသို့ပင် ကြားနေရသဖြင့် စဉ်းစားမရနိုင်အောင်ဖြစ်မိကြောင်း စသဖြင့် ပြောဆိုလေ၏။

စိုင်းဆဲထူးကလည်း သူ၏အယူအဆကို ပြောပြပြန်၏။

"ဘယ်လိုအကြောင်းနဲ့ဖြစ်ဖြစ် အန္တရာယ်ဟာ တို့လက်တစ်ကမ်းမှာ ရောက်နေပြီဆိုတာ သေချာတယ်၊ အထူးခြားဆုံးက လားတွေပဲ၊ ဒီသတ္တဝါတွေဟာ သူတို့ကို အန္တရာယ်ပေးနိုင်တဲ့ အသံကို သိပ်သိကြတယ်"





ထိုညက ထပ်မံ၍ အန္တရာယ်တစ်စုံတစ်ရာ ကျရောက်ခြင်းမရှိတော့ဘဲ အဖွဲ့သားများမှာ ကြက်အိပ်ကြက်နိုးနှင့်ပင် မိုးစင်စင်လင်းခဲ့ကြသည်။ မိုးလင်းသည်နှင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း နံနက်စာစားသောက်ပြီး လိုဏ်ခေါင်းအတွင်းဝင်ရောက်ရန် ပြင်ဆင်ကြတော့သည်။

ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးများ၊ မီးခြစ်များ၊ ကြိုးခွေများ၊ စူး၊ ပေါက်တူး၊ တူးရွင်း၊ ရဲဒင်းစသည့် ကိရိယာများနှင့် ရေဘူးများကို ရေအပြည့်ထည့်ခိုင်းပြီးသည်နှင့် လိုဏ်ဂူကြီးအပေါ်သို့ ရှေ့မှဦးဆောင်လျက် ချီတက်ထွက်ခွာလာခဲ့၏။

ကျွန်ုပ်တို့တွင် ငါးထောင့်ထိုးဓာတ်မီးများ ကိုယ်စီကိုင်ဆောင်ခဲ့ကြသဖြင့် မည်းမှောင်လှသည့် လိုဏ်ခေါင်းလမ်းတစ်လျှောက်တွင် ဓာတ်မီးအလင်းဖြင့် လင်းထိန်နေတော့၏။ ကျွန်ုပ်တို့အဖို့ အထူးသတိထားရမှာက အသံသာကြားရပြီး အကောင်အထည်မမြင်ရသည့် ဘာမှန်းမသိသော သတ္တဝါကြီးဖြစ်သည်။

လိုဏ်ခေါင်းအတွင်း အတော်အတန် ခရီးရောက်ခဲ့သော်လည်း အန္တရာယ်အရိပ်အရောင်ကို အနည်းငယ်မျှ မတွေ့ရသဖြင့် ရှေ့သို့တိုး၍ဝင်ရောက်ခဲ့ရာ အမိုးမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြက်ဆီမှ တည့်မတ်စွာကျရောက်နေသော အလင်းတန်း ကြီးကို တစ်နေရာတွင် မြင်လိုက်ရ၏။ ညအခါဝင်ရောက် ပါက ထိုအလင်းတန်းကြီးကို တွေ့မြင်နိုင်မည်မဟုတ်ချေ။ ၎င်းအလင်းတန်းကြီးကို ကျော်ဖြတ်ပြီးနောက် ကိုက်သုံးရာ ခန့်ရောက်ရှိသည့်အခါ ထူးခြားမှုများကို စတင်တွေ့ရှိရ တော့၏။

အလင်းအားကောင်းလှသည့် ဓာတ်မီးများ၏ အလင်းဖြင့် မြင်ရသည့်မြင်ကွင်းမှာ စိတ်မချမ်းမြေ့ဖွယ် ကောင်းလှ၏။ လူရိုးအစုအပုံများကို ပြန့်ကျဲစွာ တွေ့လိုက် ခြင်းဖြစ်သည်။ ရိလျက်ဆွေးနေသော အဝတ်အစားများ၊ စပါးခွံများလို ပစ္စည်းများအပြင်၊ ကြေးအိုးကြေးခွက် စသည်တို့ကိုလည်း တွေ့ရ၏။ ဓားများ၊ လှံများ၊ တူးမီး သေနတ်များကို နံရံတွင် ထောင်လျက်လဲလျက် သံချေး အထပ်ထပ်တက်နေသည်ကိုလည်း တွေ့ရပြန်၏။

တဖြည်းဖြည်းတိုးသွားရင်းက ထိုအရာများကို မြင် နေရသဖြင့် အဖွဲ့သားများထဲမှ သွေးပျက်သူအချို့မှာ အသံများထွက်သည်အထိ ထိတ်လန့်နေကြ၏။ ကျွန်ုပ်တို့ လည်း သတိကြီးစွာဖြင့် ရှေ့သို့ တစ်လှမ်းချင်းဝင်ရောက် ခဲ့ရာ ခြေလှမ်းငါးဆယ်အကွာတွင် သီးသန့်အခန်းတစ်ခုကို





တွေ့လိုက်ရသဖြင့် ၎င်းအခန်းတွင်း ဝင်လိုက်သည်နှင့် ...တစ်ယောက်၏ အရိုးစုကို တွေ့လိုက်ရလေ၏။

ဓာတ်မီးဖြင့်ထိုးကြည့်လိုက်ရာ ဆွေးမြည့်လျက် ...လျက်သားကျနေသည့် သစ်သားခုတင်တစ်လုံးပေါ်မှ ...ရိုးစုတစ်ပုံ ဖြစ်ကြောင်း သိရှိရ၏။ တစ်ဆက်တည်းပင် ...ပ်သေးသေး ကျောက်သေတ္တာတစ်လုံးကို သူ၏ခြေရင်း ...ကတ်တွင် တွေ့ရပြန်၏။ ကျွန်ုပ်သည် ဓာတ်မီးအလင်းဖြင့် ...င်းအခန်း၏အနေအထားကို လေ့လာကြည့်ရှုရာ နံရံများ ...င့် အံကျနေသည့် တံခါးများကဲ့သို့ ဖြစ်နေတာကို သိရှိ ...ိုက်သဖြင့် လူအင်အားဖြင့် တွန်းကန်ဖွင့်လိုက်သည့်အခါ ...င်းတံခါးရွက်များမှာ ရွေ့လျားသွားပြီး အလင်းရောင်ဖွေး ...ဖွေးများ တစ်မုဟုတ်ချင်း ရရှိသွား၏။

ထိုအလင်းရောင်ဖြင့် အခန်း၏အခြေအနေကို ...ကြည့်ရှုလိုက်ရာ အခန်းထောင့်တစ်နေရာတွင် စီတန်း ...လျက်ရှိနေသည့် သေတ္တာလေးလုံးကို တွေ့လိုက်ရ၏။ ...စွန်ဆုံးသေတ္တာမှာ အံအပုံးဖွင့်လျက်ရှိနေသဖြင့် အနီး ...ကပ်ကြည့်လိုက်သည်တွင် တစ်စုံတစ်ခုဖြင့် ထုရိုက်ဖွင့် ...ထားကြောင်းတွေ့ရ၏။ ပထမဦးဆုံး ၎င်းသေတ္တာကို ဖွင့် ...လိုက်သည့်အခါ အတွင်း၌ ရှေးဟောင်းအသုံးအဆောင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းအချို့နှင့်ပေပုရပိုက်များကို ပြန့်ကျဲစွာတွေ့ရလေ၏။

"ဒီသေတ္တာဟာ နဂိုက အခိုင်အမာပိတ်ထားတာ ဖြစ်မယ်၊ တစ်ဦးတစ်ယောက်က ရိုက်ဖွင့်လို့ အခုလို ပွင့်သွားတာ၊ အတွင်းကပစ္စည်းတွေရဲ့ အနေအထားက လည်း ပြန့်ကျဲနေတော့ ဒီထဲကပစ္စည်းအချို့ကို မွှေနှောက် ထုတ်ယူသွားလိမ့်မယ်"

ကျွန်ုပ်က ထိုသို့ပြောလိုက်သည်နှင့် ဦးစိုင်းလုံက သူ၏ ထင်မြင်ချက်ကို ပြော၏။

"ဗိုလ်ကြီးပြောတာ အများကြီးဖြစ်နိုင်တယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်တုန်းက ကျုပ်နဲ့အတူလိုက်ပါလာတဲ့ မစ္စတာဝမ်ခိုးပေါင်ဟာ ဒီအခန်းထဲထိ ရောက်လာပြီး အဲဒီ သေတ္တာထဲက ကြေးလင်ပန်းချပ်တွေကို ထုတ်ယူလာခဲ့ တာ ဖြစ်မယ်"

"ဒီလိုဆိုရင် နောက်သေတ္တာသုံးလုံးကို ကျုပ်တို့ဖွင့် ကြည့်ရအောင်"

ကျွန်ုပ်က ထိုသို့ပြောလိုက်သည်နှင့် အဖွဲ့သားများ က သေတ္တာအဖုံးများကို မိမိတို့တွင်ပါလာသည့်လက်နက် ကိရိယာများဖြင့် ဖွင့်ကြလေရာ ဝင်းမှည့်နေသော ရွှေတုံး များကို တွေ့ရလေတော့၏။ ချန်ခိုးပေါင်၏မျက်လုံးတွေမှာ





အကြီးအကျယ် ဝမ်းမြောက်သွားပြီး မျက်လုံးတွေမှာ အပြင်သို့ပြူးထွက်လာခမန်း ဖြစ်နေလေ၏။

ကျွန်ုပ်တို့အနီးတွင် ကပ်၍ရှိနေသော ဒေါက်တာ အဲမိုး က "ရွှေတွေရဲ့အရည်အသွေးက တရုတ်ရွှေတွေပဲ" ဟု တအံ့တသြပြောလေ၏။ မစ္စတာချန်ခိုးပေါင်က ဂနာမငြိမ်ဖြစ်နေသည့် အမူအရာဖြင့် . . .

"ရတနာတွေက ဒီထက်မက ရှိနိုင်ပါသေးတယ်၊ ကျွန်တော်တို့ မြန်မြန်ရှာကြရအောင်"

ဟု အလောတကြီးပြောလေရာ ကျွန်ုပ်က ၎င်း၏ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လိုက်ပြီး . . .

"ခင်ဗျားပြောသလို တခြားနေရာတွေမှာ ရှိနိုင်ပါ တယ်၊ ဒါပေမဲ့ ဒီနေ့အဖို့ ဒီလောက်နဲ့ကျေနပ်ပါလို့ ကျုပ် ပြောပါရစေ၊ ကျုပ် အခု လမ်းသိနေပြီပဲ၊ ဒီအချိန်ထက် နောက်ကျသွားလို့ အမှောင်ကြီးစိုးလာရင် ဂူအပြင်ကို ထွက်ရခက်လိမ့်မယ်၊ နောက်နေ့တွေ အများကြီးရှိပါသေး တယ် မစ္စတာချန်"

ဟု အမိန့်ပေးသလိုဖြင့် ခပ်တင်းတင်းပြောဆို လိုက်၏။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

### သူတစ်လှည့် ကိုယ်တစ်လှည့်

ကျွန်ုပ်တို့ စခန်းပြန်ရောက်သောအခါ အချိန်မှာ ညနေစောင်းနေပြီဖြစ်သည်။ ကျွန်ုပ်က ညနေစာကို စောစီးစွာစားသောက်ကြရန် အမိန့်ပေးပြီး ယခင်နေ့များကထက် ပိုပြီး ကင်းလုံခြုံရေးကို ဂရုစိုက်ရန် ကိုယ်တိုင်တာဝန်ခွဲဝေပေးလိုက်သည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ကင်းအလှည့်ကို ဝင်ရောက်တာဝန်ယူလိုက်၏။

ထိုညက အန္တရာယ်အရိပ်အငွေ့ဟူ၍ အနည်းငယ်မျှ မတွေ့ရသော်လည်း နောက်တစ်နေ့ မနက်ခင်းမှာတော့ မစ္စတာချန်ခိုးပေါင်ကြောင့် စိတ်ကသိကအောက်ဖြစ်ရလေ၏။





"သိပ်ကိုထူးခြားနေပါလား မစ္စတာချန်၊ မနေ့ကတော့ ခင်ဗျားကိုယ်တိုင် တက်ကြွနေပြီး ဒီနေ့ကျမှ ဘယ်လိုဖြစ်တာလဲ၊ ကျုပ်က ဒီနေ့ကို ဂူလမ်းကြောင်းတစ်လျှောက် နေရာအနှံ့ကြည့်ရှုဖို့ ဆုံးဖြတ်ထားတာ"

ထိုစကားမှာ ကျွန်ုပ် အမှန်တကယ်ဆုံးဖြတ်ထားသည့်အတိုင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။ မစ္စတာချန်ခိုးပေါင်က အိပ်ရာအတွင်း၌ လူးလှိမ့်နေလျက်က . . .

"ကျွန် . . . ကျွန်တော့်ကို နားလည်ပေးပါ ဒေါက်တာရယ်၊ ကျွန်တော် တကယ့်ကို မခံမရပ်နိုင်အောင် ကိုက်အောင့်နေလို့ပါ၊ ဒေါက်တာဟာ တကယ့်ကို ရဲဘော်ရဲဘက်စိတ်ရှိတာကို ကျွန်တော်ယုံကြည်ပြီးသားပါ၊ ကျွန်တော် ဘယ်လိုမှသဘောမထားပါဘူး၊ တစ်ဆိတ် ဒေါက်တာအဲမိုးကို ကျွန်တော့်ဝေဒနာ ကြည့်ရှုပေးဖို့ ထားခဲ့ပါနော်"

ဟု တောင်းပန်ပြောဆိုလေ၏။ ဒေါက်တာအဲမိုးက ဆေးပစ္စည်းကိရိယာများဖြင့် သူ၏အခြေအနေကို စမ်းသပ်လိုက်ပြီး . . .

"ကိုယ်ပူတာမျိုး မတွေ့ရဘူး၊ အစားများသွားလို့ ရိုးဗိုက်နာတာပါ၊ တအောင့်ဆိုရင် သက်သာသွားပါပိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဗိုက်နာပျောက်တဲ့ဆေး ကျွန်မတိုက်ပေးခဲ့ပါမယ်၊ ကျွန်မလည်း ဒီနေ့ လိုဏ်ခေါင်းကြီးအခြေအနေကို ကိုယ်တိုင်လေ့လာချင်လို့ လိုက်သွားမှဖြစ်မယ်”

ဟုပြောပြီး ဆေးအချို့ကို ကပျာကယာတိုက်ကျွေးလိုက်ပြီး ထိုနေရာမှထကာ ကျွန်ုပ်တို့အနီးသို့ ထွက်လာလေ၏။

ကျွန်ုပ်လည်း မစ္စတာချန်ခိုးပေါင်ကို နှုတ်ဆက်ပြီး ထိုနေရာမှထွက်ခွာလာရာ ဒေါက်တာအဲမိုးက ကျုပ်အနီးတိုးကပ်လျက် “သူဘာမှဖြစ်တာမဟုတ်ဘူး၊ သက်သက်ညာနေတာပါ” ဟု လေသံခပ်တင်းတင်းဖြင့် ပြောလေ၏။

“ကျွန်တော်လည်း အဲဒီအတိုင်းဖြစ်မယ်လို့ တွေးထားပြီးသားပါ အဲမိုး”

“ဒါကြောင့် အမြင်ကတ်ကတ်နဲ့ ဝမ်းနှုတ်ဆေးတွေ တိုက်ပစ်ခဲ့တယ်”

ဟု သူမက ရယ်မောရင်းပြောလေ၏။

ကျွန်ုပ်သည် ကြိုတင်အကွက်ချစီစဉ်ထားသည့်အတိုင်း ကျွန်ုပ်တို့အဖွဲ့ဝင်ငါးဦးကို ကျွန်ုပ်တို့မရှိခိုက် နောက်ပိုင်းလုံခြုံရေးကို အရေးဂရုစိုက်ကြရန် စနစ်တကျမှာကြားလိုက်သည်။ လုံခြုံရေးအသိဖြင့် မည်သို့နေထိုင်ရ





မည်ကိုလည်း မနေ့ညကတည်းက ပြောပြခဲ့ပြီးဖြစ်၍ အထူးပြောစရာမလိုတော့သဖြင့် လိုဏ်ခေါင်းဆီသို့ ထွက်ခွာလာခဲ့၏။

ကျွန်ုပ်တို့သည် ယခင်နေ့ကတည်းက ဝင်ရောက်ခဲ့ပြီးဖြစ်၍ အချိန်တိုတိုအတွင်း ခရီးများစွာပေါက်ရောက်ခဲ့၏။ ယခင်နေ့က သတိမထားမိခဲ့သော နေရာများကိုလည်း စူးစမ်းလေ့လာရာ တစ်နေရာသို့အရောက်တွင် မသက်ာဖွယ်နံရံတစ်ခုကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်က အခန်းနံရံကို တူဖြင့်ခေါက်လိုက်သည် တွင် တစ်ဖက်တွင် အခန်းလွတ်တစ်ခုရှိနေကြောင်း သိရှိလိုက်၏။

“ဆဲထူးရေ . . . ဒီနေရာဟာ တံခါးပေါက်တစ်ခုဖြစ်ရမယ်၊ တို့အားလုံး တွန်းကြည့်ရအောင်”

ကျွန်ုပ်၊ ဦးစိုင်းလုံ၊ စိုင်းဆဲထူးနှင့် အဲမိုးတို့ လေးယောက် အားဖြင့်တွန်းလိုက်ရာ မကြာမီ ကျွန်ုပ်တွေးထင်သကဲ့သို့ ကျောက်နံရံကြီးဖြစ်ကြောင်း တွေ့ရလေ၏။ နံရံကြီးမှာ တကျွိကျွိဖြင့် အတွင်းသို့ကျွံဝင်သွားပြီး ထိုတံခါးပေါက်အတွင်းသို့ ဓာတ်မီးအလင်းဖြင့် ဝင်ရောက်ခဲ့ရာ လှည်းတစ်စီး ချောင်ချောင်လည်လည် မောင်းထွက်နိုင်သည့် ကျောက်လမ်းမကြီးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းမကြီးအတိုင်း ဆက်လက်သွားရောက်ရ တိုင်ပင်စဉ်မှာပဲ တဒိုင်းဒိုင်းထွက်ပေါ်လာသည့် ရိုင်ဖယ် သေနတ်သံများကို ကြားလိုက်ရ၏။

"ဟာ . . . တို့စခန်းမှာ တစ်ခုခုတော့ ထူးခြားနေ ပြီ၊ အန္တရာယ်တော့ ကျရောက်နေတာ သေချာတယ်"

သေနတ်သံများမှာ ပိုမိုပြင်းထန်လာ၏။

ကျွန်ုပ်က ရှေ့မှဦးဆောင်လျက် လိုဏ်ခေါင်းလမ်း အတိုင်း တစ်ဟုန်ထိုးပြေးထွက်ခဲ့ရာ ဂူဝဆီသို့အရောက် တွင် မြင်လိုက်ရသည့်အနေအထားကြောင့် မကျေမနပ် တောက်ခေါက်လိုက်တော့သည်။

ကချင်ရဲဘော်လေးခွန်လန်းက ရိုင်ဖယ်နှင့် ပစ် ခတ်နေရာမှ . . .

"ဟိုတရုတ်ကြီးနဲ့ သူ့တပည့်တွေ ထွက်ပြေးကြပြီ ဗိုလ်ကြီး၊ ခွန်လန်းနဲ့ နော်တူးကိုပစ်ပြီး သူတို့ပစ္စည်းတွေ ယူပြီး ထွက်ပြေးပြီ"

"ငါထင်ထားတဲ့အတိုင်း တစ်ထပ်တည်းပဲ ဆဲထူး၊ ဒီကောင်ကြီး ညစ်ပတ်တော့မယ်ဆိုတာ"

ကျွန်ုပ်က ရိုင်ဖယ်ကို ကျည်အသင့်ထိုးလျက် တောင်ကမ်းပါးစွန်းများကို အကာအကွယ်ယူကာ အပြေး





တက်ခဲ့ပြီး အခြေအနေကိုကြည့်ရှုလိုက်ရာ တောစပ်များ တစ်လျှောက် လားများကိုဒုန်းစိုင်းသွားသည့် ချန်ခိုးပေါင် တို့ လူတစ်စုကို တွေ့လိုက်ရ၏။

"နေနှင့်ကြဦးပေါ့ကွာ၊ မင်းရဲ့ကောက်ကျစ်မှုတွေ ဟာ မင်းကို သေတွင်းပို့လိမ့်မယ်"

စိုင်းအဲထူး၊ ဦးစိုင်းလုံနှင့် အဲမိုးတို့က ဒဏ်ရာရ နေသော ကျွန်ုပ်တို့အဖွဲ့သားနှစ်ဦးကို အရေးပေါ် ဆေးဝါး ကုသမှုများ ပြုလုပ်နေကြ၏။ စိုင်းဆဲထူးမှာ ကျွန်ုပ်ကို ကြည့်၍ မျှော်လင့်ချက်ကင်းမဲ့နေသူပမာ အမူအရာပျက် နေတော့၏။ သူ မည်သို့ခံစားနေရကြောင်း ကျွန်ုပ်သိရှိ လိုက်၏။

ချန်ခိုးပေါင်တို့အဖွဲ့က လက်နက်ခဲယမ်းများနှင့် ရိက္ခာထုပ်များကို လုယက်ယူဆောင်သွားသောကြောင့် ဖြစ်သည်။ ကျွန်ုပ်က သူ၏ပခုံးကို ခပ်တင်းတင်းဆုပ် ကိုင်လိုက်ပြီး . . .

"ဒီလိုအရေးကိစ္စတွေကိုမြင်လို့ ငါ ကြိုပြီးစိစဉ်ထား ပါတယ် သူငယ်ချင်းရာ" ဟုပြောပြီး အတန်ငယ်ကွာလှမ်း သော လျှိုကြီးတစ်နေရာသို့ ခေါ်ဆောင်သွား၏။ လျှို အတွင်း၌ တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် သူသည်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်းပင်းကို ပွေ့ဖက်ရင်း . . .

"မင်းကြောင့် တို့အားလုံး အသက်ရှင်ရတော့မယ် သူငယ်ချင်း၊ ရဲဝံ့စွန့်စားတဲ့သတ္တိနဲ့ ပြည့်ဝသလို ရန်သူရဲ့ပရိယာယ်ကို တွက်ဆပြီး အမြဲတမ်းအသာစီးယူနိုင်တဲ့ မင်းရဲ့ စွမ်းရည်ကို ငါ သိပ်ကိုချီးကျူးတယ် သူငယ်ချင်း"

ဟု အားပါးတရပြောလိုက်လေ၏။ ကျွန်ုပ် ပြုံး၍သာ နေလိုက်သည်။

ကျွန်ုပ်သည် ချန်ခိုးပေါင်၏ ကောက်ကျစ်လာမည့် ပရိယာယ်ကို ကြိုတင်တွက်ဆ၍ ခရီးစဉ်မှာ အသက်တမျှ တန်ဖိုးရှိသည့် လက်နက်ကိရိယာများနှင့် ဆေးပစ္စည်းများကို လှိုအတွင်း၌ သိုဝှက်ထားပြီး ထိုအရာများနှင့် သဏ္ဍာန်တူစေရန် ကျောက်ခဲများကို အိတ်ဖြင့်ထုပ်၍ ပစ္စည်းချင်းလဲလှယ်ထားခဲ့သည်။

ရင်းပစ္စည်းများကိုသယ်ယူပြီး စစ်ဆေးကြည့်ရှုရာ တော်မီဂန်း၊ ကာဘိုင်နှင့် စက်သေနတ် (ဘရင်း) နှင့် လက်နက်ကျည်ကပ်၊ ကျည်တောင့်များ၊ လက်ပစ်ဗုံး သေတ္တာများကို တွေ့ရလေ၏။

ကျွန်ုပ်တို့သည် လက်နက်ပစ္စည်းများကို အလျင်အမြန် တပ်ဆင်ပြီး ကာကွယ်ရေးစနစ်တို့ ရှိသည့်လူအင်





အားဖြင့် စနစ်တကျပြင်ဆင်ကြ၏။ အဲမိုးသည် ကျွန်ုပ်ထံသို့ ရဲဝံ့စွာရောက်ရှိလာပြီး . . .

"ဆရာ . . . ကျွန်မကိုလည်း ကာဘိုင်တစ်လက်ပေးပါ၊ မန္တလေးတက္ကသိုလ်မှာတုန်းက အပျော်တမ်း သေနတ်ပစ်အဖွဲ့မှာ ဝင်ရောက်ပြီးလေ့ကျင့်ခဲ့တာကို ဒီနေရာမှာ အသုံးချပါရစေ၊ ဆေးထိုးအပ်ကိုင်နေရပေမယ့် အရေးကြုံရင် သေနတ်လည်း ကိုင်သင့်ကိုင်ရမှာပေါ့"

ဟု ပြောလေရာ ကျွန်ုပ်လည်း သူမ၏အစွမ်းအစကို သိလိုက်ရသဖြင့် များစွာချီးကျူးမိသည်။

ကျွန်ုပ်သည် လိုဏ်ဂူကြီးအတွင်း ဝင်ရောက်လေ့လာဖို့ကို ဦးစားမပေးနိုင်တော့ဘဲ ကာကွယ်ရေးအစီအစဉ်များကို မနားတမ်းဆောင်ရွက်နေရ၏။ အကာအကွယ်အတွက် ပြုပြင်နိုင်သမျှကို ပြုပြင်ပြီး ရန်သူများ လာရောက်တိုက်ခိုက်လျှင် အသေးစိတ် ခုခံပစ်ခတ်နိုင်ရေးအတွက် စီစဉ်ရလေ၏။

ထိုသို့စီစဉ်ဆောင်ရွက်နေခိုက် ဆင့်ကာထွက်ပေါ်လာသည့် ရိုင်ဖယ်သံများကို အဝေးမှကြားလိုက်ရသဖြင့် ကျွန်ုပ်လည်း မှန်ပြောင်းဖြင့် လှမ်း၍ကြည့်လိုက်ရာ ကျွန်ုပ်တို့ဆီသို့ ဒုန်းစိုင်းကာ မောင်းနှင်လာသည့် လားများကို



www.burmeseclassic.com

www.burmeseclassic.com



တသိကြီးတွေ့လိုက်ရ၏။ သေနတ်သံများထွက်ပေါ် ခြင်းမှာ ၎င်းလားများကို လှမ်း၍ပစ်ခတ်နေကြောင်း သိ သဖြင့် ကျွန်ုပ်လည်း နားမလည်နိုင်အောင် ဖြစ်သွား

"ဟေ့ . . . အားလုံးအသင့်ရှိနေကြနော်၊ ငါ့အ မရမချင်း မပစ်နဲ့"

ကျွန်ုပ်က ဆန္ဒစောပြီး ပစ်ခတ်ခြင်းမပြုရန် သ ပေးလိုက်ပြီး အခြေအနေကို စောင့်ကြည့်နေလိုက်၏

အုံ့ဩစရာကောင်းလှပေ၏။ ၎င်းလားမျာ ဦးဆောင်လျက် မောင်းနှင်လာသူမှာ တရုတ်တစ်ဦး ကြောင်း သဲကွဲစွာ မြင်တွေ့လိုက်ရ၏။ ထိုတရုတ်သ ချန်ခိုးပေါင်အဖွဲ့မှဖြစ်ပြီး သူ၏အမည်မှာ လောရှူးဖြစ် ချန်ခိုးပေါင်အားထားရသည့် လက်ရင်းတပည့်ဖြစ်သ

ကျွန်ုပ်က သေချာသည့် ပစ်မှတ်ဧရိယာအတွ ရောက်ရှိလာသည့် ၎င်းတရုတ်ကို ရိုင်ဖယ်ဖြင့်ချိန်ရွ လျက် ၎င်းဆီသို့ ချဉ်းကပ်သွားလေရာ . . .

"ဗျို့ . . . ဗိုလ်ကြီး . . . ကျုပ်ကို အဲလိုမကျိ ပါနဲ့"

ဟုပြောပြီး ၎င်းက အားပါးတရရယ်လေ၏ ကျွန်ုပ်၏ ခြေလှမ်းများမှာ တုံ့ခနဲရပ်တန့်သွားပြီး မျက်





တွလည်း ပေးကြောင်သွားတော့၏။

မြန်မာစကားကို မြန်မာသံစစ်စစ်ဖြင့် ကြားလိုက်ရ ပြီး ထိုခဏမှာပဲ ကျွန်ုပ်၏အံ့ဩတွေဝေမှုများ ကွယ် ပျောက်လျက် ကြည်နူးပျော်ရွှင်မှုများကို ရုတ်ခြည်းခံစား လိုက်ရ၏။

ကျွန်ုပ်သည် ချိန်ရွယ်ထားသည့်ရိုင်ဖယ်ကို ပခုံး တွင် လွယ်လိုက်ပြီး ထိုသူကို အားပါးတရ ပွေ့ဖက်လိုက် တော့သည်။

"ကျော်စွာ . . . မင်း . . . မင်း ကျော်စွာမဟုတ် လား၊ ဟား . . . ကြည့်စမ်း . . . အားကြီးလည်တဲ့ကောင် . . . ဟား . . . ဟား"

ကျန်သူများမှာ ကျွန်ုပ်တို့နှစ်ဦးကိုကြည့်၍ နား မလည်နိုင်အောင် ဖြစ်နေကြ၏။

ထိုခဏမှာပဲ ကျော်စွာသည် သူ၏ခန္ဓာကိုယ်ပေါ် က တရုတ်ကဲ့သို့ သဏ္ဌာန်တူလုပ်ဆောင်ထားသမျှကို ခွာ ချလိုက်ပြီဖြစ်၍ မြန်မာတစ်ဦးအသွင်အပြင်မျိုး ထွက်ပေါ် လာ၏။

ကျော်စွာဟူသောလူငယ်သည် တော်လှန်ရေး ကာလတစ်လျှောက်တွင် ကျွန်ုပ်နှင့်လက်တွဲခဲ့သည့် လွန်



www.burmeseclassic.com

www.burmeseclassic.com



စွာသစ္စာရှိသည့် လက်ရင်းတပည့်တစ်ဦး ဖြစ်သည်။ ရဲစွမ်း သတ္တိရှိသကဲ့သို့ တိုက်ခိုက်စွမ်းရည် မြင့်မားသူဖြစ်သည်၊ ဖက်ဆစ်ဂျပန်များနှင့် တိုက်ခိုက်စဉ်က အင်ဖာစစ်မြေပြင် တွင် ရန်သူ့စစ်စခန်းအမြောက်အမြားကို အတွင်းသူလျှို အဖြစ် ဝင်ရောက်ပြီး သက်စွန့်ဆံဖျား ဆောင်ရွက်ခဲ့သူဖြစ် သည်။

ကျွန်ုပ်ထံမှ ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာများကို စနစ်တကျ သင်ယူတတ်မြောက်ခဲ့ပြီး ရန်သူ၏အတွင်း စည်းသို့ ထိုပညာကိုအသုံးချပြီး မည်သို့ဝင်ရောက်ရမည် ကိုလည်း ကောင်းစွာကျွမ်းကျင်သူဖြစ်သည်။ သူသည် ထို ပညာကိုအသုံးပြု၍ ချန်ခိုးပေါင်၏ လူရင်းတပည့်အဖြစ် လိုက်ပါလာသည်ကို ကျွန်ုပ် အနည်းငယ်မျှပင် မရိပ်မိချေ။

ကျွန်ုပ်က စိုင်းဆဲထူးနှင့် အဖွဲ့သားများ နားလည် အောင် ရှင်းပြလိုက်ရာ ၎င်းတို့ကလည်း ကျော်စွာ၏စွန့်စား မှုများကို လှိုက်လှိုက်လှဲလှဲ ချီးကျူးဂုဏ်ပြုကြ၏။ လွန်စွာ အားတက်ဖွယ်ကောင်းလှပေ၏။

ကျော်စွာပြောပြ၍ မစ္စတာချန်ခိုးပေါင်၏ အစပိုင်း ကာလကတည်းက အကွက်ချစီစဉ်ခဲ့သည့် ကောက်ကျစ် ယုတ်မာမှုများကို သိရတော့၏။





"ချန်ဟာ သိပ်ညစ်တဲ့အကောင်ဆိုတာ အရင်က တည်းက ကျွန်တော်သိထားခဲ့တယ်၊ နိမ့်ဟူးက မထွက်ခင် ကတည်းက လားတွေဝယ်လို့ရလျက်သားနဲ့ မရချင်ဟန် ဆောင်ခဲ့တာကို သူ့တပည့်တစ်ဦးဆီက ကြားခဲ့ရတယ်၊ သူ့ရဲ့လက်ရုန်းတပည့်တွေ နောက်ကလိုက်ပါနိုင်အောင် အချိန်ဆွဲထားတာပေါ့"

"အင်း . . . လုပ်ပုံကိုင်ပုံကတော့ ပိရိလိုက်တာ၊ ဆက်စမ်းပါဦး . . . သူ့အဖွဲ့ထဲ မင်းရောက်ရှိခဲ့ပုံကို"

ကျော်စွာက သူ့ပုံစံအတိုင်း အားရပါးရရယ်လိုက် ပြီး . . .

"ဗိုလ်ကြီးကြောင့်ပေါ့ဗျာ၊ စစ်တပ်က အငြိမ်းစား ယူပြီး နောက်ပိုင်းမှာ နိမ့်ဟူးမြို့ကလေးမှာ လားမွေးပြီး အသက်မွေးဝမ်းကျောင်းပြုနေခဲ့တယ်၊ နိမ့်ဟူးဈေးတန်းထဲ က စားသောက်ဆိုင်တစ်ဆိုင်မှာ သူတို့ပြောဆိုနေတာကို ကျွန်တော်ကြားလိုက်တယ်၊ သူ့တပည့်တစ်ယောက်ကို ကျွေးမွေးဧည့်ခံပြီး ချဉ်းကပ်မေးကြည့်တော့ ရတနာသိုက် ရှာဖွေရေးအတွက် ချန်တို့တိုင်ပင်ဆွေးနွေးနေတာကို သိရတယ်၊ ပြီးတော့ အဲဒီအဖွဲ့ကို ဦးဆောင်မယ့် ခေါင်း ဆောင်က မြန်မာလူမျိုး ဒေါက်တာထင်အောင်ဇေယျတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အားကြီးစိတ်ဝင်စားတယ်၊ ပြီးတော့
ဒေါက်တာထင်အောင်ကျော်ဆိုတာ ဗိုလ်ကြီးမှန်း ကျွန်
တော်သိလိုက်တော့ သူနဲ့ပူးပေါင်းဆောင်ရွက်မယ့် ဗိုလ်
ကြီးတို့အတွက် အထူးစိုးရိမ်မိတယ်၊ ဒီလူဟာ အင်မတန်
ကောက်ကျစ်တဲ့ စီးပွားရေးသမားဆိုတာ ကျွန်တော်သိ
တာပေါ့။ ဒါကြောင့် နောက်ယောင်ခံ စုံစမ်းလိုက်တော့
ကျွန်တော်တွေးသလိုပဲ အဆုံးသတ်မှာ ဗိုလ်ကြီးတို့ကို
လက်စတုန်းသုတ်သင်ဖို့ကြံရွယ်ထားမှန်း သိလိုက်ရတယ်။

ဒါနဲ့ ကျွန်တော်လည်း တော်လှန်ရေးကာလ
အသုံးပြုခဲ့တဲ့ ပရိယာယ်တွေနဲ့ သူတို့အဖွဲ့ထဲကို ဝင်ရောက်
ခဲ့တာပေါ့၊ သိပ်ပြီးမခဲယဉ်းလိုက်ပါဘူး ဗိုလ်ကြီးရယ်
. . . နိမ့်ဟူးဈေးထဲမှာ ချန်ခိုးပေါင်တို့ လူမိုက်တပည့်တွေ
ကို အကြောင်းရှာပြီး ရန်စလိုက်တာနဲ့ ကျွန်တော်လိုချင်
တဲ့အကွက်ထဲ တန်းရောက်သွားတယ်၊ သူ့တပည့်သုံး
ယောက်ကို ခပ်ပြင်းပြင်းတိုက်ခိုက်ပြလိုက်တော့ ချန်ခိုး
ပေါင်က သဘောကျသွားပြီး ရတနာသိုက်ခရီးစဉ်မှာ သူ့
လက်ရုံးတပည့်အဖြစ်လိုက်ပါဖို့ စည်းရုံးတော့တာပေါ့၊
ကျွန်တော့်လားဆယ်ကောင်ကိုလည်း မတန်တဆအ
ကြေးငွေပေးပြီး ငှားရမ်းခဲ့တော့ ကျွန်တော်လည်း သူ့ခင်





တဲ့လမ်းကြောင်းအတိုင်း အလိုက်သင့် မျောဝင်လိုက်
ယ်၊ ဟဲ . . . ဟဲ . . . အဲဒီအချိန်ကစပြီး ကျွန်တော်
ည်း တရုတ်အရေခွံခြုံလိုက်ရတာပေါ့ ဗိုလ်ကြီးရာ . . .
. . . ဟား . . . ဟား"

"ပိုင်ပါ့ကွာ . . . မင်းကို အခုလိုပုံစံမျိုးနဲ့ မြင်ရတာ
သိပ်အားရတယ်"

ကျော်စွာထံမှရရှိသည့် အချက်အလက်များမှာ
ျနိပ်တို့အတွက် ရန်သူကို တုံ့ပြန်တိုက်ခိုက်ရာတွင် ထိ
ရောက်မှုရှိသည့် နည်းဗျူဟာများဖြစ်သည်။

"ချန်ရဲ့လက်ရုံးတပည့်တွေက တရုတ်ဖြူစစ်ဗိုလ်
ဟောင်း ခေါ်ပြဗိုလ်တွေချည်းပဲ၊ သူဟာ လမ်းခရီးတစ်
လျှောက်မှာ ဗိုလ်ကြီးတို့မသိအောင် အမှတ်အသားတွေ
ထားခဲ့တယ်၊ နောက်ကလိုက်လာမယ့် သူ့တပည့်တွေ
သိအောင်ပေါ့။ ပြီးတော့ တိတ်တဆိတ် စကားပြောတဲ့
ကတ်တစ်လုံးနဲ့ ညဆယ်နာရီတိတိအချိန်မှာ နောက်က
လိုက်လာတဲ့ သူ့လူတွေနဲ့ အချိတ်အဆက်လုပ်ပြီး စကား
ပြောဆက်သွယ်တယ်၊ အခု နောက်က လိုက်လာတဲ့ သူ့
တပည့်တွေနဲ့ချိတ်ဆက်ပြီး ဗိုလ်ကြီးတို့ကို လူအင်အား
အလုံးအရင်းနဲ့ တိုက်ခိုက်သတ်ဖြတ်ဖို့ ရည်ရွယ်ထားတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအဲမိုးကိုလည်း ဒီနေ့မနက်မှာ ဗိုလ်ကြီးတို့
နောက် မလိုက်ဖို့တားတာကလည်း သူထွက်ပြေးရင် အပါ
အရခေါ်သွားဖို့ စီစဉ်ထားလို့ပေါ့”

“တဏှာရူး . . . ခွေးတရုတ်”

ဟု ဒေါက်တာအဲမိုးက မျက်နှာနီမြန်းလျက် စိတ်
ဆိုးနေရာမှ ကျိန်ဆဲလေ၏။

✣ ✣ ✣

အခန်း ( ၁၇ )

မုဆိုးကြီးခေါက်ကြမ္မာ

ကျော်စွာသည် လူကိုယ်တိုင်သာမက ဝန်တင်
လားများကိုပါ ယူဆောင်လာသည့်အတွက် ကျွန်ုပ်တို့အဖွဲ့
သားများမှာ အတိုင်းထက်အလွန် စိတ်အားတက်ကြွသွား
လေ၏။ သူ၏လှုပ်ရှားမှုများမှာ တော်လှန်ရေးကာလတုန်း
က ရန်သူနှင့်ရင်ဆိုင်ရာတွင် သွက်လက်လျင်မြန်သည့်
လှုပ်ရှားမှုမျိုးဖြစ်သည်။

ကျွန်ုပ်တာဝန်ပေးလိုက်သည့်အတိုင်း သူသည် ည
အချိန် ရောက်ရှိမလာမီ ဂူဝအပြင်ဘက်၌ မြေမြှုပ်မိုင်းများ
ကို စနစ်တကျ အထပ်ထပ်ထောင်လေ၏။ ကျွန်ုပ်ချမှတ်
သည့် နည်းဗျူဟာမှာ ဤမြေမြှုပ်မိုင်းများက ပထမခံ



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းဖြစ်သည်။ ဒုတိယခံစစ်ကြောင်း၊ တတိယခံစစ်ကြောင်းကိုလည်း စနစ်တကျပြင်ဆင်ပြီးနောက်တွင် အဖွဲ့သားများအားလုံးကို ညနေစာစားသောက်ကြရန် အမိန့်ပေးလိုက်၏။

ကျွန်ုပ်သည် တောတစ်လျှောက်ကို မှန်ပြောင်းနှင့်ကင်းထောက်ကြည့်လိုက်ရာ လှုပ်လှုပ်ရွရွနှင့် ချီတက်တိုက်ခိုက်ရန် အသင့်ပြင်နေကြသည့် ချန်ခိုးပေါင်၏ တရုတ်ဖြူတပ်ဖွဲ့များကို တွေ့လိုက်ရ၏။ ကျွန်ုပ်က တွေ့ရှိရသည့် အခြေအနေကို စိုင်းဆဲထူးနှင့် အဖွဲ့သားများကြားအောင် လှမ်းအော်ပြောလိုက်၏။

"ဒီကောင်တွေအင်အားစု မသေးဘူးကွ၊ ခန့်မှန်းခြေ သုံးရာလောက်ရှိမယ်၊ မောင်းပြန်လက်နက်တွေကိုယ်စီကိုင်ထားကြတယ်"

ထိုအခါ စိုင်းဆဲထူးက ရိုင်ဖယ်သေနတ်အတွင်းကျည်ကတ်ကိုထည့်လိုက်ပြီး . . .

"ဒီလိုပွဲမျိုး မနွဲ့ရတာကြာပြီ၊ အင်အားချင်းမမျှပေမယ့် တို့တိုင်းရင်းသားတွေရဲ့ သတ္တိသွေးမနည်းဘူးဆိုတာပြရသေးတာပေါ့ကွာ"

ဟုပြောပြီး အားပါးတရ ရယ်မောလေ၏။





အနောက်ဘက်တောင်တန်းပေါ်သို့ နေလုံးကြီးမေးတင် စပြုလာသည်နှင့် အအေးဓာတ်ကလည်း တစ်ဟုန်ထိုး ကျဆင်းလာတော့၏။ ထိုအခါ တဝူးဝူးတိုက်ခတ်နေသော လေထဲဝယ် နှင်းထုက ရောနှောလိုက်ပါလာ၏။

"ဟော့ . . ကျော်စွာ . . . မင်းရဲ့လားတွေကို သေနတ်ကျည်ဆံလွတ်မယ့် လိုဏ်ခေါင်းအပေါ် ထပ်ကို မောင်းသွားပြီး အစာကောင်းကောင်းကျွေးထား"

ဟု ကျွန်ုပ်ကပြောသည်နှင့် ကျော်စွာက စစ်သုံးရိုင်ဖယ်တစ်လက်နှင့် ကျည်ကတ်များကိုယူဆောင်ပြီး သူ၏လားများကို မောင်းနှင်ထွက်သွား၏။

ညအမှောင်သည် မကြာမတင်ကာလဝယ် ဆိုက်ရောက်လာချေပြီ။ ကျွန်ုပ်သည် တော်မီဂန်းကိုလွယ်ကာ ဝှဝနှင့် အတွင်းဘက်တစ်လျှောက်ဝယ် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အလစ်အငိုက်တွင် အတိုက်မခံရစေရန် ကျွန်ုပ်၏ရဲဘော်များကို နှိုးဆော်ကွပ်ကဲနေရ၏။

ညဉ့်ဦးယံကျော်လွန်၍ ညဉ့်နက်ပိုင်းသို့ တဖြည်းဖြည်း ရောက်ရှိလာ၏။ ကျွန်ုပ်တို့သည် သေနတ်ကိုယ်စီကိုင်ကာ နားတစွင့်စွင့်နှင့် ရှိနေခိုက်တွင် လေချွန်သံကြီးကဲ့သို့ ကြီးမားကျယ်လောင်သော ရှိုးခနဲအသံကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လေးငါးချက်ဆင့်၍ ကြားလိုက်ရ၏။ ထိုအသံကြီးမှ
ညှဉ့်အမှောင်ဖြစ်နေ၍ မည်သည့်အရပ်က ထွက်ပေါ်လာ
မှန်း မသိအောင် တောင်ပေါ်ကလိုလို တောင်အော
ကလိုလို ဇဝေဇဝါဖြစ်ရလေ၏။

ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးကို ညာလက်မှ
ကိုင်ထားရင်း တော်မီဂန်းကို အသင့်ကိုင်လျက် နား
လိုက်၏။ ထိုအသံကြီးမှာ ဆက်လက်ထွက်ပေါ်လာခြ
မရှိဘဲ ပြန်လည်ငြိမ်သက်သွားပြန်၏။

ကျွန်ုပ်သည် အခြေအနေအရ တစ်မျိုးစဉ်းစား
ပြန်၏။

"ဟိုနေ့ညက ဘာမှန်းမသိတဲ့ အကောင်ကြီးဖြ
မယ် စိုင်းဆဲထူး၊ တို့အားလုံး စက်ပစ်သေနတ်ကြီးတွေ
ပြောင်းကိုင်ကြရင်ကောင်းမယ်"

ဟုပြောပြီး ကျွန်ုပ်ကဦးဆောင်၍ တိုက်ရေးခို
ရေးအတွက်သာ အသုံးဝင်သည့် ကျည်ဆံအငယ်စာ
သေနတ်များနှင့် ကျည်အားယမ်းအားကောင်းလှသည်
ဆင်ပစ်သေနတ်ကြီးများကို လဲလှယ်ကိုင်ဆောင်လိုက်၏
ထိုခဏမှာပဲ ရိုင်ဖယ်သေနတ်သံ သုံးလေးချက်ဆင့်က
ထွက်ပေါ်လာ၏။





ထိုအသံမှာ လိုဏ်အပေါ်ထပ်ရှိ ကျော်စွာပစ်ခတ်
၍ ထွက်ပေါ်လာသည့် သေနတ်သံများဖြစ်သည်။ လား
များ၏ ဝရုန်းသုန်းကားအော်သံများလည်း ထွက်ပေါ်လာ
၏။

ကျွန်ုပ်နှင့် စိုင်းဆဲထူးလည်း အလျင်အမြန်ပြေး
လျက် ရောက်ရှိသွားရာ အတင်းပြေးကာ ခုန်ပေါက်ပြေး
ဆင်းလာသည့် လားများကို မနည်းရှောင်လိုက်ရ၏။
ကျော်စွာသည် တစ်နေရာသို့ချိန်ကာ ပစ်ခတ်နေ
သည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း သူပစ်ခတ်သည့်
နေရာကို လက်နှိပ်ဓာတ်မီးနှင့် အတင်းထိုးကြည့်လိုက်မှ
ကြောက်စရာမြင်ကွင်းတစ်ရပ်ကို တွေ့လိုက်ရလေ၏။
ကျွန်ုပ်တစ်သက်တွင် တစ်ခါမှမမြင်ဖူးသည့် ကြီး
မားသလောက် နက်မှောင်လွန်းလှသည့် မြွေကြီးတစ်
ကောင်၏ ခေါင်းပိုင်းကြီးကို တွေ့လိုက်ရ၏။ ထိုသတ္တဝါ
ကြီးက လားတစ်ကောင်ကို ခါးလယ်မှကိုက်ချီလျက် ပါး
ပျဉ်းကြီးတလှုပ်လှုပ်နှင့် မြင်ရသည်မှာ အသည်းယားဖွယ်
ကောင်းလှပေ၏။

ကျွန်ုပ်သည် အဆင်းအတက် ကျောက်လမ်းမကြီး
ပြည့်ခမန်း တွေ့လိုက်ရသည့် မြွေကြီးကို လက်ထဲ တော်မီ



www.burmeseclassic.com

www.burmeseclassic.com



ဂန်းနှင့် မြွေကြီး၏မျက်လုံးများကို ချိန်ရွယ်ကာ တရစပ်ပစ်ချလိုက်သည်။

မောင်းပြန်အပြည့်ပစ်ခတ်နည်းအရ ကျည်ကတ်တစ်ကတ်လုံးသွင်းကာ ပစ်ခတ်လိုက်သဖြင့် မြွေကြီးမှာ ရှူးခနဲနှာမှုတ်သံကြီးနှင့်အတူ တွန့်လိမ်သွားပြီး လားကိုပါပါးစပ်မှ အတင်းကိုက်ချီလျက် လျင်မြန်လှသည့်အရှိန်ဖြင့် နောက်သို့ဆုတ်ပြေးတော့၏။

မြွေကြီးဆုတ်ခွာသွားရာ လမ်းတစ်လျှောက်ကို စိုင်းဆဲထူးက လက်နှိပ်ဓာတ်မီးနှင့် အဆက်မပြတ် ထိုးပြလေရာ ကျွန်ုပ်လည်း ကျည်ကတ်အသစ်ထပ်လဲပြီး အဆက်မပြတ် ဖိ၍သွန်၍ ပစ်ခတ်လိုက်သည်။

မြွေဆိုးကြီး၏ လှုပ်ရှားမှုအရိပ်အယောင်ကို မတွေ့ရှိရတော့သဖြင့် ကျွန်ုပ်လည်း ပစ်ခတ်ခြင်းကို ရပ်တန့်လိုက်၏။

"ဒီမြွေကြီးက ငါ့အထင် လုံးပတ်ခုနစ်ပေထက်မအောက်ဘူးကွ၊ ငါ့တစ်သက် ဒီလောက်ကြီးတဲ့မြွေမျိုး တစ်ခါမှ မမြင်ဖူးဘူး"

ဟု စိုင်းဆဲထူးက လက်နှိပ်ဓာတ်မီးထိုးပြရင်း ပြော၏။ ကျွန်ုပ်ကလည်း . . .





"မြွေကြီးရဲ့ဦးခေါင်းပိုင်းကို တရစပ်ပစ်နေပေမယ့် ဒီကောင်ကြီး သိပ်မနာဘူး ဆဲထူး၊ ဆင်ပစ်သေနတ်နဲ့သာဆိုရင် အများဆုံးသုံးချက်ပဲ၊ မင်းတွေးမိရဲ့လား ဆဲထူး၊ စစ်သူကြီးသူရိယရဲ့ ကြေးလင်ပန်းပုရုပ်ထဲမှာ သူ့ရဲ့ဘော်တွေ မကြာခဏပျောက်ခဲ့ရတယ်ဆိုတာ ညအချိန် ဒီကောင်ကြီး အလစ်ဆွဲသွားတာဖြစ်မယ်၊ ပြီးတော့ ဦးစိုင်းလုံရဲ့ မိတ်ဆွေနှစ်ဦး သေဆုံးတာနဲ့ ချန်ခိုးပေါင်ရဲ့ညီ ဝမ်ခိုးပေါင်သေရတာလည်း ဒီကောင်ကြီးကြောင့်ဆိုတာ သေချာသွားပြီ"

ဟု ပြောပြလိုက်၏။

ကျွန်ုပ်တို့နှစ်ဦး ကျောက်လမ်းမကြီးအတွင်း စခန်းရှိရာသို့ လှည့်ပြန်လာသည့် လမ်းတစ်လျှောက်၌ သွေးစိမ်းများ စိုရွှဲနေသည်ကို တွေ့ရ၏။ ထိုအခါ စိုင်းဆဲထူးက . . .

"အကောင်ကြီး သိပ်နာနေပြီ သူငယ်ချင်း၊ ဒီသွေးတွေဟာ သူ့ခေါင်းကိုတော်မီဂန်းကျည်ဆံတွေထိလို့ ဒဏ်ရာရပြီး ကျတဲ့သွေးတွေ"

ဟု အားရဝမ်းသာပြောလေ၏။

ကျွန်ုပ်တို့စခန်းရောက်သောအခါ ကောင်စွာက



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့်ဖြစ်နေသော သူ၏လားများကို တည်ငြိမ်အောင် ပြန်လည်ထိန်းသိမ်းထားလေ၏။

ဦးစိုင်းလုံနှင့် ဒေါက်တာအဲမိုးတို့အဖွဲ့သားများက ကျွန်ုပ်တို့အနီးသို့ စိုးရိမ်သည့်အမူအရာများဖြင့် ရောက်ရှိလာကြသည်။

ကျွန်ုပ်က အခြေအနေကို ရှင်းပြလိုက်ရာ ဦးစိုင်းလုံက တအံ့တသြအမူအရာဖြင့် . . .

"ဗိုလ်ကြီးတို့ပြောမှ ကျွန်တော့်မိတ်ဆွေတွေ ကျရောက်ခဲ့တဲ့အန္တရာယ်ဟာ ဒီသတ္တဝါကြီးကြောင့်ဆိုတာ အခုမှပဲ ရှင်းရှင်းလင်းလင်း သိရတော့တယ်"

ဟု ပြောလေ၏။

ကျွန်ုပ်က ထိုသတ္တဝါကြီးမှာ ဒဏ်ရာအပြင်းအထန်ရပြီး အထိနာသွားပြီဖြစ်၍ နောက်တစ်ကြိမ် ရင်ဆိုင်ရသည့်အခါ လွန်စွာအန္တရာယ်ကြီးကြောင်း ကျွန်ုပ်တို့၏ လက်ရှိအခြေအနေမှာ တရုတ်ဖြူများနှင့် ရင်ဆိုင်ရမည်ဖြစ်သလို ၎င်းမြွေဆိုးကြီးနှင့်လည်း ရင်ဆိုင်ရမည်ဖြစ်သောကြောင့် ထိုအန္တရာယ်နှစ်ခု၏ကြား၌ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကျွန်ုပ်တို့အတွက် အနီးကပ်ဆုံး အန္တရာယ်မှာ တရုတ်ဖြူများနှင့်စာလျှင် လွန်စွာကြောက်မက်ဖွယ်





ကောင်းသည့် ထိုမြွေဆိုးကြီးပင်ဖြစ်ကြောင်း၊ ရရှိသည့်အချိန်မှာ အနည်းငယ်သာဖြစ်၍ ထိုအန္တရာယ်နှစ်ခုစလုံးကိုရင်ဆိုင်ရာ၌ ထိရောက်မှုရှိဖို့လိုကြောင်းပြောဆိုပြီး ထိုညတွင်းချင်းမှာပင် အနီးကပ်ဆုံးရန်သူဖြစ်သည့် ၎င်းမြွေဆိုးကြီးကို မတွေ့တွေ့အောင် ရှာပြီး သတ်ပစ်ရန် ဆုံးဖြတ်လိုက်၏။

ထိုတာဝန်ကို ကျွန်ုပ်၊ စိုင်းဆဲထူးနှင့် ဦးစိုင်းလုံတို့က ညတွင်းချင်းဆောင်ရွက်မည်ဖြစ်သည်။ စခန်းတွင် ကျော်စွာနှင့် ဒေါက်တာအဲမိုးကို ဦးဆောင်စေလျက် ရန်သူ၏အခြေအနေကို စောင့်ကြည့်ရန် တာဝန်ပေးလိုက်၏။

ထို့နောက် ကျွန်ုပ်တို့သည် ဒိုင်းနမိုက်များ၊ လက်ပစ်ဗုံးများနှင့် ဆင်ပစ်သေနတ်များကိုယူဆောင်ကာ လိုဏ်အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်ခဲ့ကြသည်။ ကျောက်သားလမ်းအတိုင်း ကိုက်ငါးရာခန့်တက်ခဲ့သည်တွင် လမ်းမကြီးမှာ ကျယ်ပြန့်လာ၏။ ဆက်လက်၍ ကိုက်သုံးရာခန့်အရောက်တွင် ကျောက်လမ်းကြီးသည် ညာဘက်သို့ကွေ့ဝင်သွားသဖြင့် ကျွန်ုပ်တို့လည်း ၎င်းလမ်းအတွင်း တစ်လှမ်းချင်း ဝင်ခဲ့ကြရာ ပြန့်ကြဲနေသောအရိုးများကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အလင်းအားကောင်းလှသည့် ဓာတ်မီးအလင်းဖြင့် လှေ့လာကြည့်ရှုရာ တိရစ္ဆာန်အရိုးနှင့် ဟောင်းနွမ်းနေသော လူရိုးများကိုတွေ့ရသည်။ ထို့နောက် နံစော်လှသည့် မည်းနက်နက်အပုံကြီးများကိုဖြတ်၍ တက်ခဲ့သည်တွင် ကျောက်လမ်းကြီးသည် တစ်ဆက်တည်း အောက်ပိုင်းသို့ နိမ့်ကျသွားသည်ကို တွေ့ရပြန်၏။

ကျွန်ုပ်က ထိုတွင်းကြီးထဲသို့ လက်နှိပ်ဓာတ်မီးဖြင့် လှမ်း၍တစ်ချက်ထိုးကြည့်လိုက်ရာ ရှူးခနဲ ပြင်းပြသော အသံကြီးဖြင့် ပါးပျဉ်းထောင်လာသည့် မြွေကြီး၏ဦးခေါင်းကို တွေ့လိုက်ရသည်။ ထိုဦးခေါင်းကြီးမှာ မိုးထိုးမတတ်မြင့်မားလေရာ ကျွန်ုပ်တို့သုံးဦးမှာ အံ့ဩလွန်းသည်ကြောင့် ရုတ်တရက် ငေးကြောင်လို့သွား၏။

ထိုတဒင်္ဂမှာပင် လွန်စွာဆိုးဝါးသည့် ကံကြမ္မာနှင့် ရင်ဆိုင်လိုက်ရလေ၏။

ကျွန်ုပ်က ဓာတ်မီးကို လျှပ်တစ်ပြက်ပိတ်လိုက်ပြီး တစ်ဖက်ကျောက်နံရံအကွယ်သို့ ပြေးကပ်လိုက်ပြီး ဦးစိုင်းလုံနှင့် စိုင်းဆဲထူးကိုလည်း ထိုသို့ပုန်းကွယ်နေရန် ပြောဆိုလိုက်သော်လည်း စိုင်းဆဲထူးသာလျှင် ကျွန်ုပ်ကဲ့သို့ ပုန်းကွယ်နိုင်ခဲ့ပြီး ဦးစိုင်းလုံကတော့ လက်ထဲမှဓာတ်မီးကို





မပိတ်မိဘဲ ထိုသတ္တဝါကြီးကို ငေးကြောင်ကြည့်နေလေ၏။

ဦးစိုင်းလုံ၏ သတိတစ်ချက်လစ်ဟာခြင်းက အန္တရာယ်ဆိုးကို ဖိတ်ခေါ်သလိုဖြစ်သွားတော့၏။ ကျွန်ုပ်သည် ထိုမီးအလင်းရောင်ဖြင့် မြွေကြီးဦးခေါင်း လျှင်မြန်စွာငိုက်ဆင်းလာပြီး ဦးစိုင်းလုံကို ကိုက်ချီရန်ဟန်ပြင်လိုက်သည်ကို တွေ့ရှိလိုက်၍ ဆင်ပစ်သေနတ်ဖြင့် ကပျာကယာထိုးချိန်ပြီး မောင်းကိုဖြုတ်ချလိုက်၏။

ကျယ်လောင်ပြင်းထန်သည့် ယမ်းပေါက်ကွဲသံက လိုက်ခေါင်းကြီးတစ်လျှောက် တသိမ့်သိမ့်လှုပ်ခါသွားပြီး မြွေဆိုးကြီးမှာ လွန်စွာအထိနာသွားပြီး နောက်သို့ရွေ့လျားသွားလျက် ၎င်း၏တွင်းထဲသို့ ပြန်လည်ငုပ်လျှိုးသွားလေ၏။

ကျည်ဆံထိမှန်၍ မြွေကြီး ဦးခေါင်းလှုပ်ခါယမ်းလိုက်သည့်အခါ မြွေဦးခေါင်းနှင့် နီးကပ်စွာရှိနေသည့် ဦးစိုင်းလုံမှာ ရှောင်တိမ်းနိုင်စွမ်းမရှိဘဲ ထိုဦးခေါင်းဖြင့် ရိုက်ပုတ်ခြင်းခံလိုက်ရသဖြင့် သူ၏ခန္ဓာကိုယ်မှာ လွင့်စဉ်သွားလေ၏။

ကျွန်ုပ်နှင့် စိုင်းဆဲထူးမှာ ဦးစိုင်းလုံအတွက် များစွာစိတ်မကောင်းဖြစ်ရလေ၏။ သူ၏ခန္ဓာကိုယ်မှာ အရှိန်ဖြင့်လွင့်စဉ်သွားပြီး ဂူနံရံနှင့် ဆောင့်ရိုက်လိုက်သလိုသို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားပြီး ရရှိခဲ့သည့်ဒဏ်ရာမှာ အသက်အန္တရာယ် ဖို
ရိမ်ဖွယ်ကောင်းလောက်အောင် ပြင်းထန်လွန်း၍ ညာမြေ
သလုံးရိုးမှာကျိုးသွားပြီး ရင်အုံတစ်ဝိုက်တွင် အတွင်းကြေ
သကဲ့သို့ ထိခိုက်သွားလေရာ ပါးစပ်မှသွေးများ မပြတ်
ထွက်ကျနေတော့၏။

ကျွန်ုပ်က ဦးစိုင်းလုံကို ပွေ့ထားပြီးမှ နှစ်သိမ့်အား
ပေးစကားပြောဆိုလျက် စိတ်မကောင်းဖြစ်နေမိသည်။

"ဦးစိုင်းလုံ . . . ဦးကြီး . . . စိတ်ကိုတင်းထားစမ်း
ပါ၊ ဦးကြီးဝေဒနာတွေကို စနစ်တကျဆေးဝါးကုသလိုက်
ရင် ပျောက်ကင်းသွားမှာပါ"

ထိုအခါ ဦးစိုင်းလုံက ဦးခေါင်းကို လေးပင်စွာ
ခါယမ်းလျက် . . .

"ဗိုလ်ကြီး သတိပေးလျက်သားနဲ့ ကျွန်တော်ပေါ့
လျော့မိလို့ ခုလိုဖြစ်သွားတာပါ၊ ကျွန်တော့်အတွက် မစိုးရိမ်
ပါနဲ့ ဗိုလ်ကြီးရယ်၊ ကျွန်တော်ဟာ သေလူဖြစ်နေပါပြီ၊
ဗိုလ်ကြီးတို့နှစ်ယောက် ကျုပ်မြေးမလေးအဲမိုးတို့ရှိတဲ့ စခန်း
ကို အမြန်ဆုံးသွားကြပါ၊ ဟိုခွေးတရုတ်ရဲ့ အန္တရာယ်တွေ
ကျရောက်လာရင် သူတို့ ဘယ်လိုမှခုခံနိုင်မှာမဟုတ်ဘူး"

ဟုပြောဆိုပြီး ၎င်းက တွင်းအောင်းငြိမ်သက်နေ





သည့် မြွေဆိုးကြီးကို တစ်ဦးတည်း အသေခံတိုက်ခိုက်ရန်
အတွက် ကျွန်ုပ်တို့ယူဆောင်လာသည့် လက်နက်များကို
သူ့အားပေးအပ်ခဲ့ရန် တောင်းလေ၏။

ထိုကိစ္စမှာ ဘယ်လိုမှမဖြစ်နိုင်ကြောင်း ကျွန်ုပ်က
ပြောဆိုပြီး ၎င်းသတ္တဝါကြီးကိုလည်း ကျွန်ုပ်ကိုယ်တိုင်
သုတ်သင်မည်ဟု ပြောလိုက်ပြီးနောက် စိုင်းဆဲထူးအား
ဦးစိုင်းလုံကို လေကောင်းလေသန့်ရရှိနိုင်မည့် နေရာတစ်
နေရာသို့ ခေါ်ဆောင်သွားရန် အမိန့်ပေးလိုက်သည်။

ဦးစိုင်းလုံမှာ ကျွန်ုပ်ဆန္ဒကိုငြင်းပယ်လိုသော်လည်း
ကောင်းစွာစကားပြောနိုင်ခြင်း မရှိတော့သည်ကြောင့် စိုင်း
ဆဲထူးပွေ့ချီခေါ်ဆောင်ရာသို့ လိုက်ပါသွားတော့၏။

ကျွန်ုပ်သည် စကားအဖြစ်သာ ပြောလိုက်ရသော်
လည်း ထိုသတ္တဝါကြီးကို အနီးကပ်သုတ်သင်ရမည့်ကိစ္စ
မှာ လွန်စွာအန္တရာယ်ကြီးလှပေ၏။ နာရီများစွာကြာမြင့်
သည်အထိ ကျွန်ုပ်သည် ရင်တထိတ်ထိတ်ဖြင့် ဆောင်
ရွက်ခဲ့ရာ နံနက်လင်းအရုဏ်မတိုင်မီအချိန်တွင် ချောမော
စွာပြီးစီးသွားလေ၏။

ထိုသို့ဆောင်ရွက်ခဲ့ရခြင်းမှာ ဒိုင်းနမိုက်ထုပ်ကြီး
များကို တွင်း၏နှုတ်ခမ်းတစ်လျှောက်တွင် တစ်ချင့်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆက်၍ သိုသိုသိပ်သိပ်မြှုပ်နှံခြင်း၊ လက်ပစ်ဗုံးငါးလုံးကို စနက်တံတစ်ချောင်းနှင့်တွဲချည်ကာ ဒိုင်းနမိုင်းကြိုးများနှင့် တစ်ဆက်တည်းတပ်၍ ပေ (၄၀) ခန့်နက်သောတွင်းထဲသို့ တဖြည်းဖြည်းလျှောချရခြင်း၊ ၎င်းကိစ္စများဆောင်ရွက်ပြီးသောအခါ မဏ္ဍိုင်စနက်တံကြိုးကိုဆွဲယူ၍ ကိုက် (၁၀၀) အရောက်တွင် ကြိုးစကို ခါးမြှောင်နှင့် ခပ်စွေစွေဖြတ်ခြင်းကိစ္စများကို စနစ်တကျပြီးဆုံးအောင် နာရီများစွာ ဆောင်ရွက်ခဲ့ရသည်။

အချိန်မှာ နံနက်လင်းအရုဏ်သန်းလာပြီဖြစ်၍ ကျွန်ုပ် တွေးထင်ထားသည့်အတိုင်း ချွန်ခိုးပေါင်ဦးဆောင်သည့် တရုတ်ဖြူများသည် ကျွန်ုပ်တို့အား အလဲထိုးတိုက်ခိုက်ရန် ချီတက်လာကြ၏။ ကျွန်ုပ်သိရှိလိုက်သည်မှာ ခပ်ဝေးဝေးမှ အစုလိုက်အပြုံလိုက် ပစ်ခတ်လိုက်သည့် သေနတ်သံများကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။ စိုင်းဆဲထူးမှာ ဦးစိုင်းလုံကို ပြုစုပေးလျက်က ကျွန်ုပ်ကိုမြင်သည်နှင့် စိုးရိမ်တကြီးကြည့်လေ၏။ ကျွန်ုပ်သည် စိတ်ထဲတွင်ရှိသည့်ဆန္ဒအတိုင်း ပြောလိုက်တော့သည်။

"သူငယ်ချင်း . . . အခြေအနေကတော့ ငါတို့တစ်တွေအတွက် ကောင်းကျိုးဆိုးကျိုး တစ်ခုခုပဲ၊ တို့ကို





ဝိုင်းထားတဲ့ တရုတ်ဖြူတွေရဲ့ အန္တရာယ်က လွတ်မြောက်ဖို့နဲ့ အဲဒီထက်ကြောက်စရာကောင်းတဲ့မြွေဆိုးကြီးအန္တရာယ်က လွတ်မြောက်ဖို့နည်းလမ်းက ဒီတစ်ခုပဲရှိတော့တယ်၊ ဒိုင်းနမိုက်ဒဏ်ချက်ကြောင့် တောင်ကြီးပြိုကျရင်လည်း ပြိုကျလိမ့်မယ်၊ မတတ်နိုင်ဘူး သူငယ်ချင်း . . . မျက်စိစုံမှိတ်ပြီး စွန့်ရတော့မှာပဲ"

ထိုအခိုက်မှာပဲ လွန်စွာကျယ်လောင်သည့် ရှီခနဲမြွေတွန်သံကြီးကို ချောက်ကြီးအတွင်းမှ ကြားလိုက်ရ၏။ ကျွန်ုပ်က စိုင်းဆဲထူးကို ဦးစိုင်းလုံအားပွေ့ချီ၍ အလျင်အမြန်ထွက်ခွာရန် ပြောဆိုပြီး မီးခြစ်ဆံသုံးချောင်းကို စနက်တံထိပ်တွင် ခေါင်းပိုင်းမှကပ်၍ မီးခြစ်ဘူးတစ်ဖက်ခေါင်းရှိ ယမ်းပြားဖြင့်ကပ်လျက် ခြစ်လိုက်သည်တွင် မီးတောက်များက စနစ်တံကြိုးကို မီးစွဲသွားတော့၏။

ထို့နောက် ကျွန်ုပ်သည် စိုင်းဆဲထူးထွက်ခွာသွားသည့် လမ်းကြောအတိုင်း အပြေးအလွှားထွက်ခွာသွားပြီး ကျောက်တံခါးကြီးအနီးသို့ ရောက်သောအခါ တံခါးရွက်နှင့်ကွယ်၍ နားနှစ်ဖက်ကိုပိတ်လျက် ပေါက်ကွဲသံကို နားစွင့်နေလိုက်သည်။ သုံးမိနစ်ခန့်အကြာတွင် ဝုန်းခနဲအသံကြီးက ကျောက်တောင်ကြီးတစ်ခုလုံးကို သွက်ခေါက်ခါတုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်သွားစေပြီး တစ်ဆက်တည်းမှာပင် ကြီးမားသော ပေါက်ကွဲသံကြီးများ ထွက်ပေါ်လာလေရာ ကျောက်တုံး ကျောက်စများသည် တဝေါဝေါဖြတ်သန်းလွင့်စဉ်လာတော့၏။

ထိုအသံများရပ်တန့်သွားသည်နှင့် ကျွန်ုပ်ပုန်းခိုနေရာမှ မြွေတွင်းကြီးရှိရာသို့ ကြည့်လိုက်ရာ နံနက်ခင်း အရုဏ်အရောင်များ စုပြုံကျရောက်နေသည်ကို တွေ့လိုက်ရ၏။ အထက်ကျောက်အမိုးကြီးမှာ ရောမအပေါက်ကြီးများအဖြစ်နှင့် အောက်သို့ပြုတ်ကျလာခြင်း ဖြစ်သည်။

တွင်း၏ညာဘက်ထောင့်၌မူကား ခေါင်းပြတ်ကာ လွင့်စဉ်ထွက်နေသော သွေးသံရဲရဲနှင့် မြွေကြီးဦးခေါင်းကို အထင်အရှား တွေ့လိုက်ရ၏။ ခေါင်းပြတ်ကြီးမှာ အကြောဆွဲလျက် တဆတ်ဆတ်နှင့် အရှိန်မသေသေးသည့်အဖြစ်ကို မြင်တွေ့ရသည်မှာ လွန်စွာအသည်းယားဖွယ် ကောင်းလှပေ၏။

✣ ✣ ✣

## အခန်း ( ၁၈ )

### အမည်မသိဘုန်းတော်ကြီးနှင့်တွေ့ဆုံခြင်း

ဒေါက်တာအဲမိုးသည် အဘိုးဖြစ်သူ၏ဝေနာကို ကု...လျက်က မချိတင်ကဲခံစားနေရ၏။ သူမသည် အနည်း...ယ်မျှ စိတ်ပျက်အားငယ်ခြင်းမရှိဘဲ အဘိုး၏ဝေဒနာကို ...သပေးနေလျက်က ရန်သူများကို ပစ်ခတ်တိုက်ခိုက်ရန် ...တွက်လည်း စိတ်အားထက်သန်လျက်ရှိနေသည်ကို ...တွေ့ရသည်မှာ ကြံ့ခိုင်မှု၊ သူမ၏ဇွဲသတ္တိ အဘယ်မျှကြီး...ကြောင်း ဖော်ပြနေတော့၏။

အရှေ့ဆီမှ ပိုးတဝါးရောင်နီကလေးများဖြာလျက် ...ိုးမှုန်ကြားမှ စတင်ထွက်ပေါ်လာလေပြီ။

မိုင်းပုံးများ ဝုန်းခနဲဒိုင်းခနဲ ပေါက်ကွဲသံများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူ ဂူဝဆီသို့ ပြုခနဲပစ်ခတ်လိုက်သည့် စက်သေန
သံများနှင့် ရိုင်ဖယ်သံများကို စတင်ရင်ဆိုင်လိုက်ရ
ချန်ခိုးပေါင်သည် သူ၏လက်နက်ကိုင်များကို သုံးဘ
မျက်နှာမှ မိုင်းပုံးများကို မရွံ့မဆုတ်ကြစတမ်း အတင်း
ဝင်ရောက်တိုက်ခိုက်ခြင်းပင်ဖြစ်သည်။

သူ၏ တရုတ်ဖြူတပ်များသည် မိုင်းပုံးဒဏ်ကြေ
မကြာခဏ ကျဆုံးသော်လည်း နောက်ပိုင်းမှကျန်ရှိသ
တရုတ်ဖြူတပ်များက အရဲစွန့်ကာ တက်လာကြပြန်
ထိုအခြေအနေကို ကျွန်ုပ်တွက်ဆပြီးဖြစ်၍ ပိုင်လော
သောနေရာသို့ရောက်သည်နှင့် ကျကျန်နချိန်ရွယ်
ကျွန်ုပ်တို့တစ်ဖွဲ့လုံးပစ်ခတ်ကြရာ ရန်သူများမှာ ပက်ပ
စက်စက်အထိနာပြီး နောက်ပိုင်းသို့ အရေးတကြီးဆုတ်
ပြေးကြလေ၏။

မိုးစင်စင်လင်းခဲ့ချေပြီ။ ကျွန်ုပ်တို့ဘက်မှ သေန
တစ်လှမ်းအတွင်း တရုတ်ဖြူများ လုံးဝမကပ်ဝံ့တော့
သွေးတိုးစမ်းသည့်သဘောဖြင့် တက်လာကြသူအချို့
လက်ရွေးစင် သေနတ်သမားကျော်စွာ၏ စက်ကွင်း
သလို လှလှပပ သုတ်သင်ပစ်ခတ်ခြင်းခံရသည့်အတွ
ခပ်ဝေးဝေးမှ အမျိုးမျိုး ဆဲဆိုကြိမ်းမောင်းနေကြသည်





ထိုအခြေအနေမှာ ကျွန်ုပ်တို့၏ အားသာချက်ဖြစ်သည်။

အန္တရာယ်နှစ်ခုအနက် အနီးကပ်အန္တရာယ်ဖြစ်သည့် ကြောက်မက်ဖွယ်မြွေဆိုးကြီးကို သတ်ဖြတ်နှိမ်နင်းခဲ့ပြီးဖြစ်သည်။ ထို့အတွက်ကြောင့် တောင်ကြီး၏ လိုဏ်ခေါင်းတစ်လျှောက်မှ တစ်ဖက်တောင်ကြောသို့ ဖြတ်သန်းသည့်အခါ အန္တရာယ်ကင်းစွာ သွားရောက်နိုင်ပြီဖြစ်သည်။

လူအင်အား လက်နက်အင်အား အဆမတန်များပြားသည့် တစ်ဖက်ရန်သူကို အချိန်ကြာမြင့်စွာ ခုခံရင်ဆိုင်နေပါက ရေရှည်တွင် ကျွန်ုပ်တို့အတွက် ကောင်းကျိုးထက် ဆိုးကျိုးနှင့်သာ ရင်ဆိုင်ရမည်ဖြစ်၍ ထိုနေရာမှ နည်းပရိယာယ်သုံးလျက် အလျင်အမြန်ဆုတ်ခွာရန် အားခြင်းစီစဉ်လိုက်တော့သည်။

ထိုသို့ဆုတ်ခွာရာမှာလည်း မိမိ၏လမ်းကြောင်းအတွင်းသို့ တစ်ဖက်ရန်သူ လိုက်ပါလာစေရန် နည်းပရိယာယ်ဖြင့် ဆုတ်ခွာရမည်ဖြစ်သည်။ စစ်ရေးဗျူဟာကောင်းစွာကျွမ်းကျင်သည့် ကျော်စွာကို ဦးဆောင်စေလျက် အဖွဲ့သားနှစ်ဦး တွဲဖက်ပေးပြီး ဗျူဟာဝန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရန် အမိန့်ပေးလိုက်၏။

ဒဏ်ရာအပြင်းအထန်ရရှိထားသည့် ဦးစိုင်းလုံကို ထမ်းစင်ဖြင့်ခေါ်ဆောင်သွားစေပြီး ဒေါက်တာအဲမိုးကိုလည်း တစ်ပါတည်း လိုက်ပါသွားစေ၏။ ကျွန်ုပ်နှင့် ဆဲထူးမှာ အချိန်တစ်ခဏ စောင့်ဆိုင်းပြီးနောက် လက်နက်ခဲယမ်းအပြည့်အစုံဖြင့် ထွက်ခွာခဲ့ကြ၏။ လိုဏ်ဂူအတွင်း လမ်းတစ်လျှောက် အချက်အချာကျသည့်နေရာများတွင် ဆောင်ရွက်ရမည့်ကိစ္စများကို ကျွန်ုပ်က ဆောင်ရွက်နေစဉ် စိုင်းဆဲထူးကို ဂူအတွင်း၌တွေ့ရှိထားသည့် ရတနာများကို အိတ်များဖြင့်ထုပ်ပိုး၍ လားများဖြင့် သယ်ဆောင်ရန် တာဝန်ပေးလိုက်၏။

သတ်မှတ်ချိန်အတွင်းပြီးစီးရန် အလျင်အမြန် ဆောင်ရွက်နေရ၏။ ကျွန်ုပ်တွက်ဆထားသကဲ့သို့ အချိန်ရောက်သောအခါ ကျော်စွာက တစ်ဖက်ရန်သူကို ပစ်ကွင်းအတွင်းဆွဲခေါ်လာခဲ့၏။ ထိုအချိန်တွင် ကျွန်ုပ်တို့မှာ လိုဏ်အတွင်း ခရီးအတော်ပေါက်ရောက်ခဲ့ပြီဖြစ်သည်။

မကြာမီ အထက်ကောင်းကင်မှ အလင်းရောင်ဖြာကျနေသည့် လိုဏ်ပေါက်ဝသို့ ကျွန်ုပ်နှင့် စိုင်းဆဲထူးတို့ ရောက်ရှိခဲ့ကြ၏။ ရှေ့မှရောက်နှင့်နေကြသည့် ဒေါက်တာ





အဲမိုးနှင့် ကချင်ရဲဘော်နှစ်ဦးက ကျွန်ုပ်တို့ကို ဖေးမတွဲခေါ်၏။ ကျွန်ုပ်တို့နှစ်ဦးမှာ များစွာပင်ပန်းနွမ်းနယ်နေကြပြီဖြစ်သော်လည်း ရပ်တန့်နေ၍မဖြစ်တာကြောင့် တောင်ကမ်းပါးယံမှ ကိုက်ငါးရာအကွာအဝေးသို့ သွားရောက်ရန် ဒေါက်တာအဲမိုးတို့ကို အမိန့်ပေးလိုက်၏။

ကျွန်ုပ်နှင့် စိုင်းဆဲထူးက ဂူပေါက်ဝတွင် ကျောက်တုံးကြီးများကို ပိတ်ဆို့ကာရံလျက် အခြေအနေကို စောင့်ကြည့်နေလေရာ အချိန်အနည်းငယ်အတွင်းမှာ လိုဏ်ခေါင်းတစ်လျှောက် ထွက်ပေါ်လာသည့် အသံများကို ကြားရလေ၏။ ထိုအသံများမှာ ချန်ခိုးပေါင်နှင့် ၎င်း၏လူဆိုးများ ဆဲဆိုကြိမ်းမောင်းရင်း အစုလိုက်အပြုံလိုက် ဝင်ရောက်လာသည့်အသံများ ဖြစ်သည်။

"ရဲဘော်ကျော်စွာတို့ သူတို့ပစ်ကွင်းက လွတ်နိုင်ပါ့မလား သူငယ်ချင်း"

စိုင်းဆဲထူးက စိုးရိမ်ကြီးစွာမေးလေရာ ကျွန်ုပ်က သူ၏ ပခုံးကို ပုတ်လိုက်ပြီး . . .

"စိတ်အေးအေးထားပါကွာ၊ ဒီလိုပွဲမျိုးက ကျော်စွာအတွက် အသေးအဖွဲ့ပါ"

ဟု နှစ်သိမ့်ပြောဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ဦးသည် တော်မီဂန်းကို ကျည်အသင့်ဖြည့်လျက် အသင့်စောင့်ဆိုင်းလျက်ရှိစဉ် သေနတ်သံများနှင့် အော်ဟစ်ဆဲဆိုသံများကို နီးကပ်စွာကြားရလေ၏။ ၎င်းအသံများနှင့်အတူ ကျော်စွာနှင့် ရဲဘော်နှစ်ဦး အပြေးအလွှားဆုတ်ခွာလာသည်ကို ဝမ်းမြောက်ဖွယ် တွေ့လိုက်ရ၏။

သူတို့နှင့် ကိုက်အနည်းငယ်အကွာတွင် တရုတ်ဖြူတပ်များသည် တရကြမ်းပစ်ခတ်လိုက်ပါလာကြ၏။ ကျွန်ုပ်က အသံကုန်ဟစ်၍ . . .

"ဟေ့ . . . ကျော်စွာနဲ့ ရဲဘော်နှစ်ဦး . . . ဂူအပြင်ကို အမြန်ဆုံး ရောက်အောင်ပြေး၊ အန္တရာယ်နီးကပ်နေပြီ"

ဟု အမိန့်ပေးလိုက်ပြီးသည်နှင့် ၎င်းတို့ပြေးလမ်းအခွင့်သာစေဖို့ ချန်ခိုးပေါင်၏တပည့် တရုတ်ဖြူများကို ကျကျနနချိန်ကာ ပစ်ခတ်လိုက်သည်တွင် စူးစူးဝါးဝါးအော်ဟစ်သံများနှင့်အတူ အတုံးအရုန်းကျဆုံးကုန်ကြ၏။ သူတို့လည်း အထိနာလှသဖြင့် ဒေါသတကြီး ခုခံပစ်ခတ်ကြရာ တစ်ဖက်နှင့်တစ်ဖက် တိုက်ပွဲမှာ ကိုက်သုံးရာမျှသာကွာဝေးလျက်ရှိ၏။

ထိုသို့ပစ်ခတ်နေစဉ်မှာပဲ လိုဏ်ခေါင်းအတွင်း၌





ဝုန်းခနဲ မီးပွင့်ကြီးများ ဖြာထွက်လာပြီး ပေါက်ကွဲသံများဆင့်ကာဆင့်ကာ ပေါ်ထွက်လာလေရာ ထိုအခြေအနေမှာ ကျွန်ုပ်တို့အတွက် ပွဲသိမ်းတိုက်ခိုက်ခြင်းပင် ဖြစ်တော့မတော့၏။

သဲမှုန်နှင့် ကျောက်လွှာချပ်ကြီးများ ပြိုကျလာသည့်ကြားမှ ကျော်စွာနှင့် ရဲဘော်နှစ်ဦးသည် ပွတ်ကာသီကာ လွတ်ရုံကလေး လွတ်မြောက်လာခဲ့၏။ ကျောက်ချပ်ကြီးများ၊ ကျောက်တုန်းကြီးများ တစ်ခဲနက်ပြိုကျသံများကြားမှာ ချန်ခိုးပေါင်တို့ တရုတ်ဖြူများ၏ သေနတ်သံများကို အချိန်တစ်ခဏအတွင်း လွှမ်းမိုးဝါးမျိုသွားတော့သည်။

ကျွန်ုပ်တို့သည် မောင်းပြန်သေနတ်များကို မနည်းဆုပ်ကိုင်ကာ ပြိုကျသံများမစဲသေးသည့် အမည်နှင့်လိုက်အောင် ကြောက်စရာကောင်းလှသည့် မိစ္ဆာတောင်ကြီးကို တုန်လှုပ်သည့်မျက်ဝန်းများဖြင့် ကြည့်နေမိကြသည်။

မစ္စတာချန်ခိုးပေါင်နှင့် ၎င်းအဖွဲ့သားများသည် ရွှေနှင့်ရတနာပစ္စည်းများကို လိုချင်အားကြီးသည့် ရမ္မက်ဆန္ဒဖြင့် အချင်းချင်း ယုတ်မာကောက်ကျစ်မှုများ၏ နောက်ဆုံးအဖြေလွှာအဖြစ် ခေါင်းပြတ်တောင်ကြီးအတွင်း၌ မြုပ်နှံသင်္ဂြိုဟ်ခံလိုက်ရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က လိုဏ်ဂူလမ်းကြောင်းတစ်လျှောက်တွ ချိန်ကိုက်မိုင်းများကို စနစ်တကျထောင်ထားခဲ့ပြီး လမ်း ကြောင်းပိတ်ဆို့ထားခဲ့၏။ ထိုမိုင်းဗုံးများ ပေါက်ကွဲသော အခါ မထင်မှတ်ဘဲ လိုဏ်လမ်းတစ်လျှောက် အပေါ် မျက်နှာကြက်မှ ကျောက်ချပ်ကြီးများ၊ ကျောက်တုံးကြီးများ ပြိုကျလာပြီး လမ်းဟူသမျှ ပိတ်ဆို့သွားတော့၏။

"ဗိုလ်ကြီး . . . ဒီကောင်တွေ တစ်ယောက်မှ အသက်ရှင်နိုင်စရာ အကြောင်းမရှိတော့ဘူး"

ဟု ကျော်စွာကပြောလေရာ ကျွန်ုပ်လည်း ရင် ထဲကဆန္ဒအမှန်ကို ဖွင့်ဟပြောလိုက်၏။

"ဒါပဲ ကောင်းပါတယ်ကွာ၊ ဒါမှ ချန်ခိုးပေါင်တို့လို လောဘရမ္မက်ကြီးတဲ့သူတွေ ရတနာသိုက်ရှာဖို့ လမ်းပိတ် ပြီး တို့မြန်မာသူရဲကောင်းဗိမာန်သချိုင်းတွေ အနှောင့် အယှက်ကင်းကင်းနဲ့ စိတ်ချရတော့မယ်"

ကျွန်ုပ်တို့အဖွဲ့သည် နေ့ညအိပ်စက်ခြင်းမပြုနိုင် ကြဘဲ တရုတ်ဖြူများနှင့် လွန်စွာကြောက်မက်ဖွယ်ကောင်း သည့် မြွေအန္တရာယ်ဆိုးကြီးကို အဆုံးတိုင် သုတ်သင်ရှင်း လင်းနိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့တွင် ကျည်ဆံအနည်းငယ် သာ ကျန်ရှိတော့၏။ သေနတ်များကို ကိုယ်စီကိုင်ဆောင်





ထားကြပေမယ့် ကျွန်ုပ်တို့၏ခန္ဓာကိုယ်မှာ မြေတွင်ရပ်တန့် ကိုပင် မစွမ်းနိုင်လောက်အောင် အားအင်ချည့်နဲ့နေတော့ သည်။

ကျွန်ုပ်တို့အသီးသီးမှာလည်း ထိခိုက်ပွန်းပဲ့သည့် ဒဏ်ရာများ အသီးသီးရရှိထားသ လည်း ၎င်းဒဏ်ရာ များမှာ အသက်အန္တရာယ် စိုးရိမ်ဖွယ်အခြေအနေမျိုး ရှိမနေခြင်းမှာ များစွာကံကောင်းလှပေ၏။ ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ဖေးမလျက် စခန်းချရပ်နားရန် သင့် လျော်သည့်နေရာဆီသို့ ရွှေ့ပြောင်းခဲ့ကြ၏။

ဒေါက်တာအဲမိုးမှာ အဘိုးဖြစ်သူ၏ မျှော်လင့်ချက် ကင်းမဲ့နေသည့် အခြေအနေကို သူမ၏ဆေးပညာဖြင့် အစွမ်းကုန်ပြုစုနေသည့်ကြားမှ အနည်းငယ်မျှ ညည်းတွား ပင်ပန်းဟန်မရှိဘဲ ဒဏ်ရာရရှိခဲ့ကြသည့် ကျွန်ုပ်တို့အဖွဲ့ သားများကိုလည်း လှည့်လည်၍ ဆေးဝါးကုသပေးလေ ၏။

နေ့ရက်အချို့လွန်မြောက်သွားသော်လည်း ကျွန်ုပ် တို့သည် အန္တရာယ်ဟူ၍ အနည်းငယ်မျှ ကြုံတွေ့ရခြင်း မရှိတော့ပေ။

ကျွန်ုပ်တို့သည် ထိုဒေသဝန်းကျင်တစ်ဝိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ရိက္ခာအတွက် တောကောင်ရှာဖွေသော်လည်း မည်မျှပင် ကြိုးစားစေကာမူ မည်သည့်တောကောင်ကိုမှ ပစ်ခတ်နိုင် စွမ်းမရှိ ဖြစ်ရလေ၏။ ထိုမျှနက်ရှိုင်းသည့် တောနက် ကြီးအတွင်း၌ တောကောင်ရှာဖွေ၍မရသည်မှာ ကျွန်ုပ်တို့ အတွက် အံ့သြမဆုံးဖြစ်နေတော့သည်။

ကျွန်ုပ်တို့သည် ရန်သူများကို အသက်နှင့်ရင်းပြီး အစွမ်းကုန် တိုက်ခိုက်သုတ်သင်ခဲ့ကြသည်။ ကျွန်ုပ်တို့ အားလုံး အသက်ရှင်လွတ်မြောက်လာခဲ့ကြသော်လည်း ကျွန်ုပ်တို့ဖြတ်သန်းရမည့် ရှေ့ခရီးမှာ မည်သို့သော အန္တရာယ်မျိုးနှင့် ကြုံတွေ့ရင်ဆိုင်ကြရမည်ကို မည်သူမျှ ကြိုမသိနိုင်ချေ။ လမ်းခရီးကို မှန်ကန်စွာ ဦးဆောင်နိုင် စွမ်းသည့် ဦးစိုင်းလုံမှာလည်း မျှော်လင့်ချက်ကင်းမဲ့နေ သည့် အခြေအနေမျိုးဖြစ်နေသည့်အတွက် မိမိတို့နေရပ် ကို ပြန်လည်ရောက်ရှိနိုင်ပါတော့မလားဟု စိုးရိမ်နေကြရ သည်။

ကျွန်ုပ်တို့နှင့်အတူ လွန်စွာအဖိုးတန်သည့် ရတနာ ပစ္စည်း အမြောက်အမြားရှိနေပါသည်။ ကျွန်ုပ်တို့သည် ထိုရတနာပစ္စည်းများအပေါ် အနည်းငယ်မျှ စိတ်ဝင်စားမှု မရှိကြတော့ပါ။ ကျွန်ုပ်တို့ ရင်ဆိုင်နေရသည့် အကျပ်





အတည်းများမှ လွတ်မြောက်မည်ဆိုပါက ကျွန်ုပ်တို့သည် ၎င်းရတနာများကို ကြည်ဖြူစွာ စွန့်လွှတ်ဝံ့ပါသည်။

နေ့ရက်အချို့ ကုန်လွန်ခဲ့ပြန်၏။ ကျွန်ုပ်တို့သည် ကျန်ရှိသည့် ရိက္ခာအနည်းငယ်ကို မျှဝေစားသောက်ရင်း လမ်းခရီးကို မှန်းဆ၍ ခရီးဆက်ခဲ့ကြရာ ငါးမိုင်ခရီးမျှ ရောက်ရှိခဲ့သော်လည်း မိမိဆက်ခဲ့သည့်ခရီးမှာ လမ်းအမှန် လား အမှားလားဟူ၍ ဝေခွဲနိုင်ခြင်းမရှိ ဖြစ်နေကြသည်။

ကျွန်ုပ်တို့သည် အတော်အတန်မြင့်မားသည့် တောင်ကုန်းမြင့်အပေါ်တွင် စခန်းချလျက်ရှိစဉ် လား သတ္တဝါများသည် တောင်ကုန်းဆင်ခြေလျော စားကျက် မြေတွင် သူတို့သဘာဝအတိုင်း လွတ်လပ်စွာ သွားလာနေ ကြသည်။ ကျော်စွာသည် ကုန်းအမြင့်ပိုင်းရှိ ကညင်ပင်ကြီး ၏ခြေရင်းတွင်ထိုင်လျက် မြူများ ဝေ့ဆိုင်းနေသည့် တောင် စွယ်တောင်ထွဋ်များကို ငေးကြည့်နေလေ၏။

သူ၏အကြည့်က စားကျက်မြေပေါ်ရှိ လားများထံ ကျရောက်သွားပြီ ထိုအခိုက်မှာပဲ လွန်စွာစိတ်မကောင်း ဖြစ်သွားလေ၏။ နောက်တစ်နေ့တွင် မိမိတို့အဖွဲ့သားများ ဆက်လက်အသက်ရှင်ရပ်တည်နိုင်ရေးအတွက် လားတစ် ကောင်ကိုသတ်ဖြတ်၍ ရိက္ခာအဖြစ် စားသောက်ရမည်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် ထိုသို့ခံစားလိုက်ရခြင်း ဖြစ်သည်။

သူသည် အတန်ငယ်ဝေးသော တောင်ကမူကုန်းမြင့်များဆီသို့ အကြည့်ကိုလွှဲလိုက်၏။ အချိန်မှာ ညနေ စောင်းပြီ ဖြစ်သည်။ မြူနှင်းများအိစင်းလျက် အောက်ခြေ အထိ ရစ်သိုင်းလာလေရာ ကုန်းမြင့်ထိပ်ပိုင်းမှာလည်း မြူငွေ့များ တဖြည်းဖြည်း လွှမ်းခြုံလာသည်မှာ လွန်စွာ လှပသည့် ပန်းချီကားတစ်ချပ်ကဲ့သို့ ကြည့်၍ကောင်းလှ ပေ၏။

"ဟာ . . ."

သူသည် အထိတ်တလန့်ဖြင့် နေရာမှထခုန်လိုက် ပြီး မျက်ဝန်းတွေကလည်း အဆမတန်ပြူးကျယ်သွား တော့သည်။ အကြည့်ကို စူးစိုက်ကြည့်နေရာမှ မြင်ကွင်း မှာ သိသာထင်ရှားလာသဖြင့် သူသည် တုံ့ဆိုင်းတွေဝေ မနေတော့ဘဲ ထိုနေရာမှ ပြေးထွက်ခဲ့တော့၏။

မျှော်လင့်ချက်မဲ့သည့် အခြေအနေနှင့် ရင်ဆိုင် နေကြရ၍ များစွာစိတ်ဓာတ်ကျဆင်းလျက်ရှိနေရာမှ ည ဦးယံအချိန်သို့ရောက်သည့်တိုင် ကျော်စွာပျောက်ဆုံးနေ သည့်အတွက် ကျွန်ုပ်တို့မှာ ဘယ်လိုမှ နေလို့ထိုင်လို့မရ လောက်အောင် ပူလောင်ခံစားနေကြသည်။ အနီးဝန်း





ကျင်တစ်ဝိုက် လှည့်လည်ရှာဖွေသော်လည်း ကျော်စွာ၏ အရိပ်အရောင်ကိုမျှ မတွေ့ရပေ။

ကျွန်ုပ်တို့၏စခန်းရှေ့တွင် ကြီးမားသောမီးဖိုကြီးကို မီးအရှိန်ကောင်းအောင် စီစဉ်ထားပြီး ဝါးဆစ်ပိတ်များကို လည်း မီးဖိုကြီးထံသို့ မပြတ်ထည့်ပေးထား၏။ ၎င်းဝါးဆစ် ပိတ်များ တဖျောင်းဖျောင်းပေါက်ကွဲသံကို အဝေးမှကြား သိနိုင်အောင် စီစဉ်ထားခြင်းဖြစ်သည်။

ကျွန်ုပ်တို့ရင်၌ ဖြစ်တည်ခံစားနေရသည့် ပရိဒေဝ သောကမီးတောက်များမှာ ကျွန်ုပ်တို့အနီးတွင် လောင် ကျွမ်းလျက်ရှိ သည့် မီးဖိုကြီး၏ မီးတောက်မီးလျှံများထက် အဆများစွာ ပူလောင်ပြင်းထန်ပါလိမ့်မည်။ ကျွန်ုပ်တို့ သည် ၎င်းမီးဖိုကြီးအနီး၌ တစ်စုတစ်စည်းတည်း ရှိနေကြ သည်။

မုဆိုးကြီးဦးစိုင်းလုံသည် နောက်ဆုံးထွက်သက် အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်၍ ကျွန်ုပ်တို့အားလုံး ဦးစိုင်းလုံ၏အနီးတွင် တစ်စုတစ်စည်းတည်း ရှိနေကြခြင်း ဖြစ်သည်။ ဦးစိုင်းလုံ၏ဘဝတွင် တစ်ခုတည်းသော အဲဒီ ယောဇဉ်မျိုးဆက်ဖြစ်သည့် သူ၏မြေးမလေးဒေါက်တာအဲမိုး မှာ သူ့ကိုပွေ့ပိုက်ထားလျက် ဝမ်းနည်းမဆုံး ခံစားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းသည့် တောနက်ကြီးနှင့် တောင်စွယ်တောင်တန်းများသည် ကျွန်ုပ်တို့အားလုံး၏ အသက်ရှင်ရပ်တည်မှုများကို ပိတ်ဆို့ကာဆီးထားသည့် အကျဉ်းထောင်ကြီးသဖွယ် ဖြစ်နေတော့သည်။ မီးဖိုအတွင်းမှ မီးတောက်များ တဖျစ်ဖျစ်လောင်ကျွမ်းသံနှင့်အတူ ပေ (၅၀) အကွာတွင်ရှိနေသည့် လားများ၏ လှုပ်ရှားသံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်ကဦးဆောင်၍ ရိုင်ဖယ်သေနတ်ကို ဆွဲကိုင်လျက် ထိုနေရာသို့ ချိန်ရွယ်လိုက်၏။

ကျွန်ုပ်နှင့်အတူ အဖွဲ့သားများအားလုံးသည် ထိုအခိုက်အတန့်အတွင်း လွန်စွာဝမ်းမြောက်ပျော်ရွှင်သွားကြသည်။ အကြောင်းကား ကျွန်ုပ်၏ချစ်တပည့် ကျော်စွာကို လားများချည်နှောင်ထားသည့်နေရာအနီးရှိ လျှိုမြောင်တစ်ခုအတွင်းမှ ထွက်လာသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ ကျော်စွာ့ကို အားရဝမ်းသာ ပွေ့ဖက်နှုတ်ဆက်လိုသော်လည်း ကျွန်ုပ်၏ခြေလှမ်းများက မြင်တွေ့လိုက်ရသည့်အခြေအနေကြောင့် ဘယ်လိုမှရှေ့ဆက်မရလောက်အောင် ဖြစ်နေတော့သည်။

ကျော်စွာသည် အတော်အတန်ကြီးမားသော ဝါးတောင်းတစ်လုံးကို ထမ်းလျက်ရှိပြီး သူ၏နောက်တွင် သစ်





ခေါက်ဆိုး သက်န်းခပ်နွမ်းနွမ်းဖြင့် လိုက်ပါလာသည့် ဘုန်းတော်ကြီးတစ်ပါးကို တွေ့လိုက်ရ၏။

ကျွန်ုပ်တို့အနီးသို့ ရောက်သောအခါ ကျော်စွာက ပခုံးထက်မှ ဝါးတောင်းကြီးကို အောက်သို့ချလိုက်ပြီး ဘုန်းတော်ကြီးအား လက်အုပ်ချီလျက် ဝတ်ပြုပြီးသည်နှင့် ဘုန်းတော်ကြီးအတွက် နေရာထိုင်ခင်းကို စီစဉ်ပေးလေ၏။ ကျွန်ုပ်အပါအဝင် အဖွဲ့သားအားလုံးမှာ မည်သည့်စကားကို ပြောရမှန်းမသိလောက်အောင် ၎င်းဘုန်းတော်ကြီးကို အံ့သြသည့်မျက်ဝန်းများဖြင့် ကြည့်နေမိကြသည်။

ကျော်စွာထမ်းယူလာသည့် ဝါးတောင်းအတွင်း၌ သစ်သီးသစ်ဥများ၊ ပျားရည်များကို အများအပြား တွေ့ရလေ၏။ မီးဖိုမှအလင်းဖြင့် ဘုန်းတော်ကြီးအသွင်သဏ္ဍာန်ကို ထင်ရှားစွာ တွေ့မြင်နေရ၏။ ခန္ဓာကိုယ်မှာသွယ်လျပြီး အသားအရေမှာလည်း ဝင်းဝါစိုပြေလျက်ရှိ၏။ အသက်အရွယ်များစွာကြီးရင့်နေပြီဖြစ်သော်လည်း ဘုန်းတော်ကြီး၏ သွားလာလှုပ်ရှားမှုများက အသက်အရွယ်နှင့်မလိုက်အောင် လျင်မြန်သွက်လက်လွန်းသည်မှာ အံ့သြဖွယ်ကောင်းလှပေ၏။

အထူးခြားဆုံးမှာ ဘုန်းတော်ကြီး၏ မျက်နှာတော်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အသက်အရွယ်ကြီးရင့်သူတို့၏ သဘာဝ အတိုင်း မျက်နှာအရေပြားပေါ်တွင် အရေးအကြောင်းများ ဖြစ်ပေါ်ကြသော်လည်း ဘုန်းတော်ကြီး၏မျက်နှာပေါ်မှ အရေးအကြောင်းများမှာ အခြားအသက်အရွယ်ကြီးရင့်သူ တို့ကဲ့သို့ မဟုတ်ဘဲ ရှုပ်ထွေးများပြားသည့်အပြင် နက်နက် ရှိုင်းရှိုင်း ဖြစ်ပေါ်နေလေ၏။

ဘုန်းတော်ကြီးကို မည်သည့်လူသားမှ ရောက်ရှိ နိုင်စွမ်းမရှိသော ထိုတောနက်ကြီးအတွင်း၌ တွေ့ရသည် မှာ ကျွန်ုပ်တို့အတွက် ကံကောင်းခြင်းလား သို့မဟုတ် ကံဆိုးခြင်းလားဆိုတာကို ကံကြမ္မာသာလျှင် သိပါလိမ့် မည်။

ကျော်စွာသည် ညနေစောင်းအချိန်တွင် စခန်း၏ တစ်နေရာမှ ၎င်းဘုန်းတော်ကြီးကို အမှတ်မထင် တွေ့မြင် လိုက်သဖြင့် ဘုန်းတော်ကြီးအပါးသို့ အလျင်အမြန်သွား ရောက်ပြီး မိမိတို့၏အခက်အခဲများကို လျှောက်ထားတင် ပြ၍ အကူအညီတောင်းခံခဲ့၏။ ထိုအခါ ဘုန်းတော်ကြီးက ရိုးချောင်းကမ်းနဖူးရှိ သူ၏ တောရကျောင်းသို့ ခေါ်ဆောင် သွားပြီး မိမိတို့အဖွဲ့သားများအတွက် သစ်သီးသစ်ဖု အများအပြားကို စွန့်ကြလိုက်ပြီး မိမိတို့စခန်းရှိရာသို့ လိုက်





ပါလာခြင်းဖြစ်သည်ဟု ကျော်စွာက ရှင်းပြလေ၏။

ဘုန်းတော်ကြီးကို ဝပ်တွားဦးချရန် မေ့လျော့နေစဉ် ဒေါက်တာအဲမိုးက ဘုန်းတော်ကြီးအနီး ချဉ်းကပ်လျက် ဝပ်တွားဦးချလိုက်လေ၏။ ထိုအခါမှ ကျွန်ုပ်နှင့် အဖွဲ့သား များလည်း ဝပ်တွားဦးချရန် သတိရသွား၏။

ဘုန်းတော်ကြီး၏ အကြည့်တွေက အကြိမ်ကြိမ် တွေ့မြင်သိရှိဖူးသူကဲ့သို့ စိမ်းမနေဘဲ တရင်းတနှီးရှိလွန်း လှ၏။ ကျွန်ုပ်တို့အား ပြောဆိုသည့် စကားအသုံးအနှုန်းမှာ လည်း ထူးခြားနေပြန်၏။ 'ဒကာ-ဒကာမ' ဟူ၍မသုံးနှုန်း ဘဲ ဒေါက်တာအဲမိုးကို 'ကလေးမ' ဟူ၍လည်းကောင်း၊ ကျွန်ုပ်တို့ကို 'လူလေးတို့' ဟူ၍လည်းကောင်း သုံးနှုန်း ပြောဆို၏။

"တောတောင်ကြီးထဲမှာ ဆင်းရဲဒုက္ခကြီးစွာ နေရ သူတွေအတွက် ဆက်လက်အသက်ရှင်ရပ်တည်ဖို့ဆိုတာ အာဟာရပြည့်ဝနေမှ ဖြစ်လိမ့်မယ်၊ ကျုပ်ယူလာတဲ့အစား အစာတွေကို လူလေးတို့အားလုံး မျှဝေစားလိုက်ကြ"

ဟုပြောသဖြင့် ကျွန်ုပ်တို့လည်း နေရက်များစွာ အစာရေစာချို့တဲ့ခဲ့ရသဖြင့် ဝါးခြင်းထဲမှ သစ်သီးအစုံများ နှင့် ပျားရည်ကို အားရပါးရစားသောက်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့စားသောက်နေစဉ်မှာပဲ ပင်ပန်းနွမ်းနယ်မှုများ လွင့်စဉ်သွားသကဲ့သို့ ခန္ဓာတစ်ခုလုံး ပေါ့ပါးလန်းဆန်းသွားတော့သည်။

ဘုန်းတော်ကြီးနှင့် စကားပြောနေသည့် စိုင်းဆဲထူး၏အမူအရာတွေကလည်း မိတ်ဟောင်းဆွေဟောင်းတစ်ဦးနှင့် ပြန်လည်တွေ့ဆုံရသကဲ့သို့ အားရဝမ်းသာရှိလွန်းလှ၏။

အဖြစ်အပျက်တစ်ခုလုံးမှာ ကျွန်ုပ်တို့အားလုံးအတွက် ပဥ္စလက်ဆန်လွန်းလှ၏။ ကျွန်ုပ်တို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဖြစ်ပျက်မှုများကိုပြောပြ၍ ဘုန်းတော်ကြီးသိရှိသောအခါ ဘုန်းတော်ကြီးက ကျွန်ုပ်တို့ကို တည်ငြိမ်စွာကြည့်နေရာမှ နောက်ဆုံးထွက်သက်အခြေအနေဆိုက်ရောက်နေသည့် ဦးစိုင်းလုံကို ကြည့်လိုက်လေ၏။

တစ်ခဏတာမျှ တိတ်ဆိတ်သွားပြီးနောက် ဘုန်းတော်ကြီးက . . .

"ဒီနေ့ ဒီအချိန် ဒီကာလမှာ ခုလိုအဖြစ်မျိုး လူလေးတို့အားလုံး ကြုံတွေ့ရမှာကိုသိနေလို့ ကျုပ် ဒီနေရာကို ရောက်ရှိလာတာပေါ့၊ မမြင်နိုင်တဲ့ကံကြမ္မာဆိုတာ လူသားတွေရဲ့ဘဝကို မိမိဖြစ်ချင်တိုင်း ဖြစ်ခွင့်မရအောင်၊





လုပ်ချင်တိုင်း လုပ်ခွင့်မရအောင် စီစဉ်ဖန်တီးနိုင်စွမ်းတာ၊ အခု လူလေးတို့အဖြစ်က သက်သေပြလိုက်တာပဲ၊ ဒီလိုအချိန်ကို ကျုပ်စောင့်ဆိုင်းနေတာ နှစ်ကာလများစွာ ကြာမြင့်ခဲ့ပြီပေါ့လေ"

ကျွန်ုပ်တို့သည် ထူးဆန်းလှသည့် ဘုန်းတော်ကြီး၏စကားကို မည်သို့နားလည်ရမှန်းမသိ ဖြစ်နေတော့၏။ ကျွန်ုပ်၏ အတွေးအာရုံ၌ ကောလိပ်ကျောင်းသားဘဝတုန်းက ကြုံတွေ့ခဲ့ရသည့် ကျူရိယိုဆိုင်ရှင် ဦးမိုးထိ၏ ဖြစ်ပျက်မှုများကို ပြန်လည်မြင်ယောင်နေမိသည်။

ဘုန်းတော်ကြီးက ကျွန်ုပ်တို့ရရှိခဲ့သည့် ရတနာပစ္စည်းများကို မည်သို့ဆောင်ရွက်မလဲဟု မေးလေရာ စိုင်းဆဲထူးက ကြေးလင်ပန်းပရပိုက်ပေါ်တွင်ရေးထိုးထားသည့်အတိုင်း ရတနာပစ္စည်းများ၏ တန်ဖိုးတစ်ဝက်ကို အမျိုးဘာသာ သာသနာအတွက် ရည်ရွယ်လှူဒါန်းမည်ဖြစ်ပြီး ကျန်ပစ္စည်းတစ်ဝက်ကို ကျွန်ုပ်တို့အဖွဲ့သားများ အညီအမျှ ခွဲဝေယူမည်ဖြစ်ကြောင်း လျှောက်ထားပြောဆိုလိုက်၏။

ဘုန်းတော်ကြီးသည် အားရကျေနပ်စွာဖြင့် လှိုက်လှဲစွာ သာဓုသုံးကြိမ်ခေါ်လေတော့၏။ အချိန်မှာ ညဥ့်နက်ပိုင်းသို့ ရောက်ရှိလာလေ၏။ အအေးဓာတ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



သိသိသာသာ ပြင်းထန်လာသဖြင့် ကျော်စွာက မီးဖို အတွင်းသို့ ထင်းများထပ်ထည့်ပြီး မီးအရှိန်တိုးမြှင့်လိုက်၏၊ ဘုန်းတော်ကြီးမှာ ညဉ့်သန်းခေါင်ယံကျော်လွန်သည်နှင့် မိမိနေထိုင်ရာ တောရကျောင်းသို့ ပြန်လည်ထွက်ခွာရန် ပြောပြီး မိမိမပြန်မီ ကျွန်ုပ်တို့အဖွဲ့သားများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောလေ၏။

ကျွန်ုပ်တို့ များစွာဆန္ဒစောလျက်ရှိနေရာမှ ညဉ့်သန်းခေါင်ယံအချိန် လွန်မြောက်သည်တွင် ကျွန်ုပ်တို့အားလုံး ရင်ဆိုင်နေရသည့် အခက်အခဲများ အမှန်ပင် ကျော်လွှားနိုင်ခဲ့ကြသည်။

ကျွန်ုပ်တို့တစ်သက် တစ်ကြိမ်တစ်ခါမျှ မကြုံခဲ့ရဖူးသည့်၊ နောင်တစ်ချိန်မှာလည်း ဘယ်လိုမှ ကြုံတွေ့နိုင်ဖွယ်မရှိသည့် လွန်စွာထူးဆန်းအံ့ဩဖွယ် ဖြစ်ပျက်မှုများကို ကျွန်ုပ်အနေဖြင့် မှတ်တမ်းတင်လိုက်ရပေ၏။

ဘုန်းတော်ကြီးက ရတနာပစ္စည်းတစ်ဝက်ကို အမျိုး ဘာသာ သာသနာအတွက် လှူဒါန်းမည်ဆိုပါက လှူဒါန်းမှုအစုစုတို့အတွက် ရည်စူး၍ အလှူရေစက်ချ အမျှဝေဖို့လိုကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်တို့လည်း ဘုန်း





တော်ကြီးဆန္ဒအတိုင်း အားချင်း ဆောင်ရွက်လိုက်ကြသည်။

ဘုန်းတော်ကြီးသည် ဝမ်းမြောက်ဝမ်းသာလက်ခံပြီးနောက် အချိန်တစ်နာရီနီးပါးခန့် ကြာသည်အထိ ရွတ်ဖတ်သရဇ္ဈာယ်လေရာ ၎င်းရွတ်နေသည့်မှာ မည်သည့်ဘာသာစကားဖြင့် ရွတ်ဖတ်နေကြောင်း ကျွန်ုပ်တို့ ခွဲခြားမသိနိုင်ခဲ့ပေ။ သို့သော်လည်း ဘုန်းတော်ကြီးရွတ်ဖတ်နေသည်ကို ကြားနေရသည့် အခိုက်အတန့်တွင် ကျွန်ုပ်တို့၏ ခံစားမှုနှလုံးအိမ်ဝယ် မိမိတို့ အလှူအတွက် ဂုဏ်ယူကျေနပ်ခံစားရသည့် ပျော်ရွှင်မှုများကို အတိုင်းထက်အလွန် ခံစားရလေ၏။

ဘုန်းတော်ကြီး၏ရွတ်ဖတ်သံ အဆုံးသတ်သွားသည်နှင့် တိတ်ဆိတ်ငြိမ်သက်သွားသည့် ဝန်းကျင်တွင် သိသိသာသာ ထွက်ပေါ်လာသည့် ညည်းတွားသံကို ကြားလိုက်ရ၏။ ထိုအသံမှာ သေအံ့ဆဲဆဲဖြင့် ဝေဒနာခံစားနေရသော မုဆိုးကြီးဦးစိုင်းလုံထံမှ ဖြစ်ကြောင်း သိလိုက်ရသဖြင့် ကျွန်ုပ်တို့အားလုံး ဦးစိုင်းလုံအနီးသို့ အလျင်အမြန် ရောက်ရှိသွားကြသည်။

ဘုန်းတော်ကြီးက ဦးစိုင်းလုံကို သေချာစွာကြည့်ရှု



www.burmeseclassic.com

www.burmeseclassic.com



ပြီး . . .

"လူလေးတို့ရဲ့ မှန်ကန်သောသစ္စာကြောင့် ဒီမုဆိုးကြီးရဲ့ဝေဒနာတွေ ပျောက်ကင်းသွားပါလိမ့်မယ်၊ သစ္စာတရားကို စောင့်ထိန်းသူဟာ သစ္စာတရားရဲ့ အကျိုးကျေးဇူးကို ခံစားရသလို သစ္စာပျက်ခဲ့ရင်လည်း သစ္စာရဲ့ဒဏ်ခတ်ခြင်းကို ခံရစမြဲဆိုတာ ဒီမုဆိုးကြီးအဖြစ်က အထင်အရှားပြလိုက်တာပဲလေ"

ဟု ပြောဆိုပြီးနောက် ဘုန်းတော်ကြီးသည် သင်္ကန်းဝတ်ရုံအတွင်းမှ လျော်ကြိုးဖြင့် ချည်နှောင်ထားသည့် အိတ်တစ်လုံးကို ထုတ်ယူလိုက်၏။ ကြိုးကို ဖြည်လျော့၍ အိတ်အတွင်းမှ ဘူးခါးခြောက်နှင့် လက်တစ်ဖဝါးခန့် အရွယ်အစားရှိသည့် မည်းနက်နေသော သစ်ဥတစ်လုံးကို ထုတ်ယူလိုက်၏။ ဘုန်းတော်ကြီးက ထိုသစ်ဥကို အနီးရှိကျောက်တုံးပေါ်တွင် ဘူးခါးခြောက်အတွင်းမှ အရည်များနှင့်ရော၍ သွေးစေပြီး ဝါးဆစ်ပိတ်ဘူးအပြည့်ရရှိအောင် ပြုလုပ်ပြီး ၎င်းအရည်များကို ဦးစိုင်းလုံ၏ပါးစပ်အတွင်း လောင်းထည့်လိုက်၏။

ငါးမိနစ်လျှင် တစ်ကြိမ်မျှတိုက်ကျွေးရာ တစ်ကြိမ်တိုက်ပြီးတိုင်း ဦးစိုင်းလုံ၏အသွင်အပြင်မှာ ထူးခြားလာပြီး သုံးကြိမ်ခန့် တိုက်ကျွေးပြီးသောအခါ သွေးဆုတ်ဖြူရော်သကဲ့သို့ဖြစ်နေသည့် ဦးစိုင်းလုံမှာ သွေးလှည့်ပတ်မှု ပုံမှန်အခြေအနေအတွင်း ပြန်၍ရောက်ရှိလာတော့၏။

ဘုန်းတော်ကြီးက မနက်လင်းသည်အထိ ၎င်းကဲ့သို့ ငါးမိနစ်တစ်ကြိမ် ဆက်လက်တိုက်ကျွေးရန်နှင့် အတွင်းကြေသကဲ့သို့ ရရှိခဲ့သည့် ရင်နှင့်ကျောတစ်ဝိုက်ရှိ ဒဏ်ရာများကိုလည်း ၎င်းအရည်များဖြင့် သုတ်လိမ်းပေးရန် မှာကြားပြောဆိုပြီးနောက်တွင် နံနက်မိုးသောက်အလင်းရောက်သည်နှင့် ကျွန်ုပ်တို့စခန်းမှ ထွက်ခွာနိုင်ပြီဖြစ်ကြောင်း၊ လမ်းခရီးတစ်လျှောက် အခက်အခဲမရှိ သွားလာနိုင်စေရန် ကျွန်ုပ်တို့နှင့် အကျွမ်းတဝင်ရှိသည့် အမှတ်အသားများကို လမ်းညွှန်အဖြစ်တွေ့ရှိလိမ့်မည်ဖြစ်ကြောင်း ပြောဆိုပြီး ပြန်လည်ထွက်ခွာသွားတော့၏။

တဖြည်းဖြည်း ကောင်းမွန်လာသည့် အခြေအနေကြောင့် ဦးစိုင်းလုံ၏မြေးမလေး ဒေါက်တာအဲမိုးသည် မျက်ရည်တသွင်သွင် စီးကျနေသည်အထိ ပျော်ရွှင်နေလေရာ ထိုအဖြစ်ကိုကြည့်၍ ကျွန်ုပ်တို့လည်း ဦးစိုင်းလုံအတွက် ဝမ်းသာမဆုံးဖြစ်ရလေ၏။

တစ်ချိန်လုံး ဦးစိုင်းလုံအပေါ် အာရုံစိုက်နေမိစဉ်မှာ







www.burmeseclassic.com

www.burmeseclassic.com



ပဲ လွန်စွာထူးဆန်းအံ့ဩဖွယ်ကောင်းလှသည့် ဖြစ်ပျက်မှု ကို မြင်တွေ့လိုက်ရ၏။

ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး စကားပင်မပြော နိုင်လောက်အောင် တအံ့တဩဖြစ်သွားကြ၏။ ကျွန်ုပ်တို့ သည် တောင်ကမူ၏ အမြင့်ဆုံးအပိုင်းသို့ အလျင်အမြန် ပြေးလွှားကြည့်ရှုလိုက်၏။ အထိတ်တလန့် ပြောဆိုလိုက် သူမှာ စိုင်းဆဲထူးဖြစ်သည်။

“ထင်အောင်ကျော် . . . သူငယ်ချင်း . . . တို့မြင် နေရတဲ့ အဲဒီအလင်းတန်းတွေဟာ ငါတို့တိုက်ပွဲဖြစ်ခဲ့တဲ့ မိစ္ဆာတောင်ကြီး အနီးတစ်ဝိုက်ကပဲ”

ကျော်စွာကလည်း စိုင်းဆဲထူး၏ထင်မြင်ချက်ကို ထောက်ခံပြောဆိုလိုက်ပြီး . . .

“ဗိုလ်ကြီးရေ . . . ကျုပ်ဘဝမှာ စွန့်စားမှုတွေ အများကြီး ကြုံတွေ့ခဲ့ဖူးတယ်၊ ဒီတစ်ခါကြုံတွေ့ရတဲ့ စွန့် စားမှုကတော့ တစ်သက်နဲ့တစ်ကိုယ် မမေ့နိုင်စရာကောင်း လိုက်တာ ဗိုလ်ကြီးရာ”

ဟု တနင့်တပိုးလေသံဖြင့် ပြောဆိုတော့၏။

မြင်နေရသည့် အလင်းတန်းများသည် ညဦး အမှောင်အတွင်း၌ ထိန်ထိန်လင်းရှိနေ၏။ အလင်းတန်း





များမှာ တောင်ကြောတစ်လျှောက် ရွေ့လျားပြီး တောင် တန်းကြီးများကို တစ်ခုပြီးတစ်ခု ဖြတ်သန်းလျက်ရှိရာ ကြည့်နေရင်းမှာပင် မြင်ကွင်းမှာ သိသာထင်ရှားလာလေ ၏။ လွန်စွာများပြားသည့် လူတန်းရှည်ကြီးဖြစ်ပြီး သွား လာပုံမှာ စနစ်တကျရှိလွန်းလှ၏။

ထိုအလင်းရောင်များမှာ လူများကိုင်ဆောင်ထား ကြသည့် မီးတုတ်များမှ ထွက်ပေါ်လာသည့် အလင်း ရောင်အစုအဝေးကြီး ဖြစ်သည်။ တစ်ခါတစ်ရံတွင် လေ သင့်၍ ကြားလိုက်ရသည့်အသံများမှာ လှည်းဘီးများပွတ် တိုက်၍ ထွက်ပေါ်လာသည့် အသံများ၊ ခြူသံများ၊ အော် ဟစ်အမိန့်ပေးသည့် အသံများ စသဖြင့် ရောထွေးလို့နေ ၏။

အဆုံးသတ် ကျွန်ုပ်တို့မြင်လိုက်ရသည်မှာ လွန်စွာ မြင့်မားသည့် တောင်တန်းကြီးကို ၎င်းအလင်းတန်းကြီး ဖြတ်ကျော်စဉ်တွင် ဖြစ်သည်။

ကျွန်ုပ်တို့အားလုံး အသက်ပင်မရှူဝံ့လောက် အောင် ဖြစ်သွားကြ၏။ အခြေအနေအားလုံးကို ပီပြင်စွာ မြင်လိုက်ရသောကြောင့် ဖြစ်သည်။ ရှေးဟောင်းစစ်သည် များ ဝတ်စားဆင်ယင်သကဲ့သို့ ဝတ်ဆင်ထားသည့် လူစု



www.burmeseclassic.com

www.burmeseclassic.com



လူဝေးအမြောက်အမြားကို တွေ့လိုက်ရပြီး ရှေးခေတ် မြင်းလှည်း၊ နွားလှည်း အမြောက်အမြားကို စနစ်တ မောင်းနှင်လျက် ၎င်းတို့ကိုင်ဆောင်ထားသည့် လက်န များမှာလည်း ဒိုင်း၊ လှံ၊ လေး၊ မြား၊ အဲမောင်းတို့အပြ တူးမီးသေနတ်များကိုလည်း ထင်ရှားစွာတွေ့မြင်လို ရ၏။

သူတို့၏အမူအရာများမှာ အချုပ်အနှောင်တစ် အတွင်းမှ လွတ်မြောက်သွားသကဲ့သို့ လွတ်လပ်ပျော်ရွှ နေကြသည်မှာ သိသာထင်ရှားလွန်းလှ၏။ ထိုမြင်ကွင်း ကြည့်နေလျက်က ကျွန်ုပ်တို့အားလုံး၏ တူညီသောခံစား မှာ လှိုက်လှိုက်လှဲလှဲ ကြည်နူးပျော်ရွှင်သည့် ခံစားမှု ဖြစ်သည်။ မျက်ဝန်းအိမ်၌ မျက်ရည်ကျဆင်းသည်အ ကျေနပ်ခံစားရလေ၏။

အလင်းတန်းကြီးမှာ တောင်တန်းကြီးတစ်ဖက် ရောက်ရှိသွားပြီးနောက်တွင် တဖြည်းဖြည်း မှိန်ဖျော့ ပျောက်ကွယ်သွားတော့၏။ ထိုညက ကျွန်ုပ်တို့သည် တစ် မေးမျှပင် အိပ်စက်ခြင်းမပြုနိုင်ခဲ့ကြပေ။ မနက် လင်း အရုဏ်တွင် မြင်လိုက်ရသည့် ဦးစိုင်းလုံ၏အခြေအနေမှ အံ့သြဖွယ်ကောင်းလောက်အောင် တိုးတက်ကောင်းမွန်





လာခဲ့၏။

ခရီးစဉ်အတွက် အစစအရာရာပြင်ဆင်ပြီးသည် နှင့် ကျွန်ုပ်တို့သည် စတင်ထွက်ခွာခဲ့ကြ၏။ အနီးဝန်း ကျင်တစ်ဝိုက် ဘုန်းတော်ကြီးကို ရှာဖွေသော်လည်း အရိပ် အရောင်ဟူ၍ အနည်းငယ်မျှ မတွေ့ရချေ။ အပြန်ခရီးမှာ တော့ ခရီးစဉ်ကို စိုင်းဆဲထူးသည် ပျော်ရွှင်စွာဦးဆောင် လေ၏။

အဘယ်ကြောင့်ဆိုသော် ဘုန်းတော်ကြီးမှာကြား သကဲ့သို့ လမ်းခရီးအမှတ်အသားများကို သင်္ကေတပြုခဲ့ သည်မှာ သူရိယဟူသော အမည်ဖြစ်သည်။

ထိုအမှတ်အသားအတွင်း ခရီးဆက်ခဲ့ရာ လမ်း ခရီးတွင် အန္တရာယ်ဟူ၍ အနည်းငယ်မျှမတွေ့ရှိရသည့် အပြင် ပုံမှန်အားဖြင့် ရက်ကာလများစွာ အချိန်ယူရမည့် ခရီးကို ရက်အနည်းငယ်အတွင်း ပြန်လည်ရောက်ရှိခဲ့ သောကြောင့် ဖြစ်သည်။

✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

### မုန်တိုင်းလွန်သော

ကျွန်ုပ်တို့သည် လူနေအိမ်ခြေစိပ်သော ရှမ်းရွာ ကချင်ရွာကြီးများကို ဖြတ်ကျော်၍ သိန္နီ-ကျူကုတ် ကားလမ်းမပေါ်ရှိ မိုင်းယုမြို့အနီးသို့ ဘေးမသီရန်မခဘဲ ချဉ်းကပ်ရောက်ရှိလာခဲ့ကြသည်။ ထိုမြို့မှတစ်ဆင့် ငွေလမ်းခင်း၍ ထရပ်ကားတစ်စီးကို ငှားရမ်းပြီး နမ့်ဟူးမြို့သို့ အားချင်းခရီးဆက်ခဲ့တော့၏။

ဦးစိုင်းလုံသည် စကားပြောဆိုနိုင်သည်အထိ ကျန်းမာလာခဲ့ပြီဖြစ်သည်။ ညာခြေသလုံးကျိုးသည့် ဒဏ်ရာကို ဒေါက်တာအဲမိုးက တိုက်နယ်ဆေးရုံသို့ အားချင်းပို့ဆောင်၍ ကုသလေ၏။





ဦးစိုင်းလုံအား ဘုန်းတော်ကြီးတိုက်ကျွေးသည့် ...န်စွာမည်းနက်သည့်သစ်ဥမှာ တန်ဖိုးဖြတ်မရနိုင် ...လာက်အောင် ရှားပါးလှသည့် ကင်ပလင်းနက်ဂမုန်းဥ ...စ်သည်ကို နောင်မှ ကျွန်ုပ်တို့ သိရှိခဲ့ရသည်။

နမ့်ဟူးမြို့တွင် တစ်ရက်တာမျှ ကောင်းစွာအနား ...ကြပြီး ကျွန်ုပ်တို့သည် အထက်တန်းစား အစားအစာ ...ားကို စားသောက်ပြီး ကောင်းစွာအနားယူလိုက်ကြ ...ည်။ နောက်တစ်နေ့မှာပဲ ကျွန်ုပ်တို့ရရှိလာသည့် ရွှေတုံး ...ားကို အဖွဲ့ဝင်များရှေ့တွင် ကျကျနန ချိန်တွယ်စစ်ဆေး ...၊ တစ်ဝက်ကိုခွဲယူပြီး ကျန်တစ်ဝက်ကို အချိုးကျခွဲဝေပေး ...ိုက်သည်။

တစ်ဝက်ခွဲထုတ်လိုက်သည့် ရတနာပစ္စည်းများကို ...နစ်တကျထုပ်ပိုးပြီး ဘုန်းတော်ကြီးအား ကတိပြုခဲ့သည့် ...တိုင်း အမျိုး ဘာသာ သာသနာအကျိုးအတွက် ရည် ...ွယ်ဆောင်ရွက်ရန် အဖွဲ့ဝင်အားလုံး၏ တရားဝင်သဘော ...ူညီချက်ကို တောင်းခံလေ၏။ အားလုံးကလည်း လှိုက် ...ဲ့စွာ သဘောတူကြ၏။

နောက်တစ်နေ့တွင် ရဲအဖွဲ့နှင့် စစ်တပ်မှပုဂ္ဂိုလ် ...ားသည် စိုင်းဆဲထူးဆီ အရေးတကြီးလာရောက်၍



www.burmeseclassic.com

မစွတာချန်ခိုးပေါင်ကို အလိုရှိကြောင်း အမိန့်စာကိုပြ၍ တောင်းခံလာသည်တွင် ကျွန်ုပ်နှင့် စိုင်းဆဲထူးတို့က ကျော်စွာနှင့်အဖွဲ့သား ကချင်အမျိုးသားများကို သက်သေထူကာ ချန်ခိုးပေါင်နှင့် ၎င်း၏လူတစ်စုတို့ လူ့အိုတောင်ကြီးတွင် မည်သို့မည်ပုံ ကိစ္စတုန်းခဲ့ကြကြောင်း စစ်ချက်ပေးလိုက်ရ၏။

ထိုအခါ တာဝန်ရှိ အရာထမ်းပုဂ္ဂိုလ်က . . .

"ကောင်းပါလေ့ ဗိုလ်ကြီးတို့ရာ၊ ဒီလိုအတ္တကြီးပြီး ကောက်ကျစ်ယုတ်မာတဲ့ တရုတ်ခေါင်းဆောင် ချန်ခိုးပေါင်ကို အစိုးရက ဘိန်းရောင်းချမှု၊ လက်နက်ခိုးသွင်းမှုနဲ့ အရေးတကြီး လိုအပ်နေတာ ကြာပြီပေါ့၊ အခုလို မပြန်လမ်းကိုရောက်သွားတာ ကျွန်တော်တို့ပြည်သူတွေအတွက် အဆိပ်ပင်တစ်ပင် ရှင်းသွားတာပေါ့"

ဟုပြောပြီး ကျေးဇူးတင်ကြောင်း နှုတ်ဆက်ကာ ပြန်သွားလေ၏။

ကျွန်ုပ်နှင့် စိုင်းဆဲထူး နှစ်ယောက်တည်းရှိသော အချိန်တွင် . . .

"သူငယ်ချင်းထင်ကျော် . . . မင်းက အသက်စွန့်ပြီး ရဲစွမ်းသတ္တိရှိတာကို ကိုယ့်ကိုယ်ကိုယ် အဟုတ်ကြီး





ထင်နေတယ်ပေါ့၊ အဲဒါဟာ သူ့ရဲဘောကြောင်သူတွေရဲ့ အလုပ်ကွ"

ဟု စိုင်းဆဲထူးကပြောလေရာ ကျွန်ုပ်လည်း သူ့စကားက ဘာကိုဆိုလိုမှန်းမသိ၍ အူအူကြောင်ကြောင် ဖြစ်နေရစဉ်မှာပဲ သူကဆက်၍ . . .

"တကယ်တော့ ငါတို့လို ဘဝကိုစွန့်နိုင်တဲ့သူကမှ သူ့ရဲကောင်းကွ၊ ဒီနေ့ ဒီအချိန်ကစပြီး မင်းဘဝကို သူ့ရဲကောင်းအဖြစ် ပြောင်းပေးရလိမ့်မယ်"

"ဘာတွေလဲ ဆဲထူးရာ . . . မင်းစကားက သူ့ရဲကောင်းတွေ, ဘဝစွန့်တာတွေနဲ့ ရှုပ်ယှက်ခတ်နေတာပဲ"

"ဟား . . . ဟား . . . ဟား . . . ကောင်းပြီ၊ အဲဒါတွေရှင်းသွားအောင် အိမ်ရှေ့လိမ္မော်ခြံဝန်းထဲက ဧည့်ခံစားပွဲဝိုင်းဆီကို သွားလိုက်ပါ၊ အသက်စွန့်နိုင်တဲ့အထိ ရဲစွမ်းသတ္တိရှိတဲ့ ငါ့သူငယ်ချင်းကို ဘဝစွန့်နိုင်ဖို့ ပြောင်းလဲပေးမယ့် ဧည့်သည်တစ်ဦး ရောက်နေပါတယ်"

ထိုသို့ပြောပြီး အားပါးတရရယ်မောလျက် သူက ကျွန်ုပ်၏လက်မောင်းကို ဆုပ်ကိုင်ဆွဲခေါ်လျက် အိမ်ရှေ့သို့ ပို့ဆောင်ပေးလေရာ လိမ္မော်ပင်များကြားမှ ခုံတန်းရှည်လေးပေါ်တွင် ကချင်ရိုးရာဝတ်စုံဖြင့် ကျောခိုင်းထိုင်

www.burmeseclassic.com



နေသော ဒေါက်တာအဲမိုးကို တွေ့လိုက်ရလေ၏။

ကျွန်ုပ် ဝန်ခံပါသည်။ ကျွန်ုပ်တစ်သက်တွင် လှပ
သောအမျိုးသမီးများနှင့် တွေ့ကြုံရင်းနှီးခဲ့ဖူးသော်လည်း
ဒေါက်တာအဲမိုးအပေါ် ခင်မင်သည့်သံယောဇဉ်မျိုး တစ်
ကြိမ်တစ်ခါမျှ ခံစားဖူးခြင်း မရှိခဲ့ပေ။ မတွေ့မမြင်ရသည့်
ရက်ကာလအတွင်း ကျွန်ုပ်သည် ဟန်ပင်မဆောင်နိုင်
လောက်အောင် သတိတရဖြစ်နေမိသည်။

ကျွန်ုပ်သည် စိုင်းဆဲထူးကို လှည့်ပင်မကြည့်တော့
ဘဲ သူမ,ရှိရာသို့ ထွက်လာခဲ့၏။

သူမက ကျွန်ုပ်ကိုမြင်သည်နှင့် နေရာမှထ၍ ပြုံး
ရွှင်စွာ နှုတ်ဆက်လေ၏။ ပြီးနောက် ညှိုးငယ်သောမျက်နှာ
ဖြင့် နေရာမှာ ပြန်ထိုင်လျက် . . .

"ဒီရက်ပိုင်းအတွင်း ဆရာပြန်တော့မယ်ဆို၊ ဆရာ
တပည့်ကိုကျော်စွာကပြောလို့ ဆရာ့ကို လာနှုတ်ဆက်တာ
ပါ၊ အဘလည်း ဆေးရုံက ဆင်းပြီလေ၊ အဲမိုးတို့လည်း
မနက်ဖြန် ရွာကိုပြန်ကြတော့မယ်"

သူမအသံက တိုးတိတ်တုန်ယင်နေတာ သိသာ
၏။ ကျွန်ုပ်က ဂိုးဒင်းဖလိပ်စီးကရက်ကို ထုတ်ယူဖွာရှိုက်ပြီး
. . .





"ကျွန်တော် မပြန်ပါဘူး အဲမိုး၊ ရှည်လျားတဲ့ခရီး
တစ်ခုအတွက် စီစဉ်နေတာပါ"

"အို . . . ရှည်လျားတဲ့ခရီး . . . ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လိုခရီးမျိုးလဲ ဆရာရယ်၊ သိပ်ပြီးအန္တရာယ်
များမှာပေါ့နော်"

"ဟင့်အင်း . . အန္တရာယ်ဆိုလို့ မြူတစ်မှုန်တောင်
မရှိဘူး၊ သိမ်မွေ့တဲ့အိပ်မက်ရှည်တွေနဲ့ လှပတဲ့ရင်ခုန်သံ
တွေ ပွေ့ပိုက်ပြီး မနားတမ်းသွားရမယ့် ဘဝခရီးရှည်ကြီး
တစ်ခုပေါ့"

BURMESE CLASSIC .com

"ရှင်"

"အံ့ဩသွားလား အဲမိုး၊ အဲဒီခရီး ဘယ်အရပ်
ဒေသမှာရှိလဲလို့ ကျွန်တော်ပြောပြမယ်လေ"

ကျွန်ုပ်ကို အထိတ်တလန့်ကြည့်နေသည့် သူမ၏
ပါးပြင်နှစ်ဖက်ပေါ်မှာ ပန်းနုရောင်ကလေးများ လျှပ်
တစ်ပြက် ယှက်သန်းသွားလေ၏။

ကျွန်ုပ်ပြောစရာမလိုအောင် ပြီးပြည့်စုံသွားလေပြီ။
သူမက ဦးခေါင်းကိုငုံ့လျက် ကချင်သံဝဲဝဲလေးဖြင့် . . .

"အဲမိုး အိပ်မက်များမက်နေတာလား ဆရာရယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆိုရင်လည်း အဲဒီအိပ်မက်ကို တစ်သက်လုံး သိမ်း ဆည်းသွားပါရစေ”

“အိပ်မက်ဟုတ်,မဟုတ် ကျွန်တော်စမ်းသပ်ပြမယ်လေ၊ ဒါဆို အဲမိုးယုံမယ်မဟုတ်လား”

“အို . . . ဆရာသိပ်ဆိုးတာပဲ”

ဟူသော စကားသံလေးနှင့်အတူ ကျွန်ုပ်အား မနာမကျင်ထုရိုက်လာသည့် သူမ၏လက်သီးဆုပ်ကလေးကို မလွတ်တမ်းဆွဲယူထားလိုက်ပြီးနောက်တွင် ကျွန်ုပ်ရေးသားသော ကျိန်စာသင့်ဝိညာဉ်အမည်ရှိ ဂမ္ဘီရဆန်းကြယ်မှတ်တမ်းကြီးမှာလည်း သည်နေရာတွင် နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သည်။


စာဖတ်ပရိတ်သတ်များ၏
မေတ္တာကို ခံယူလျက်

ဇာဂနာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com